မဂ်ဖိုလ်နိဗ္ဗာန်ရောက်လိုသူ၊ ဒါနအကြောင်းကို ဟောပြောလိုသူ

ဗဟုသုတလိုက်စားသူတို့အတွက်

ဦးဝရသာမိဘိဝံသ(ဓမ္မာစရိယ)

ရေးသားအပ်သော

# အလှူရှင်များအကြောင်း

## သိကောင်းစရာ

ကုဿာသယ ပိဋကတ်စာအုပ်ဆိုင်

အမှတ်(၂၇/၂၈)၊ ရွှေတိဂုံတောင်ဘက်မုခ်၊ ဈေးတော်ရှုံ

ဒဂုံစာတိုက်၊ ရန်ကုန်မြို့

မဂ်ဖိုလ်နိဗ္ဗာန် ရောက်လိုသူ
ဒါနအကြောင်းကို ဟောပြောလိုသူ

ဗဟုသုတ လိုက်စားသူတို့ အတွက်

ဦးဝရသာမိဘိဝံသ (ဓမ္မာစရိယ)

ရေးသားအပ်သော

# အလှူရှင်များအကြောင်း

## သိကောင်းစရာ

ကုဿာသယ ပိဋကတ်စာအုပ်ဆိုင်

အမှတ်(၂၇/၂၈) ရွှေတိဂုံ တောင်ဘက်မုခ်၊ ဈေးတော်ရှံ့

ဒဂုံစာတိုက်၊ ရန်ကုန်မြို့

စာမူခွင့်ပြုချက် အမှတ် (၆၂/ ၉၄) (၉)

မျက်နှာဖုံး ခွင့်ပြုချက် အမှတ် (၅၆/၉၅) (၁)

**ဒုတိယအကြိမ်**

ဇန်နဝါရီလ၊ ၁၉၉၅ ခုနှစ်၊

အုပ်ရေ-၁၀၀၀

တန်ဖိုး

( ကျပ်)

ရက်စွဲ ၂၃-၉-၂၀၁၃

**ထုတ်ဝေသူ။** ။ဦးမြသန်း။
(အသိုင်းအဝိုင်းစာပေ၊ မြဲ-၀၁၀၅၀)
အမှတ် ၃၅၊ သမာဓိလမ်း၊ ဇွဲစုံရပ်၊
ကမ္ဘာအေး၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ။** ။အတွင်းစာသားနှင့် မျက်နှာဖုံး
ဦးသန်းဝင်း (၀၄၆၈၂)
" **ကျော်** " ပုံနှိပ်တိုက်
အမှတ် ၂၃၉၊ ခေမာသီလမ်း၊
၄-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊
ရန်ကုန်မြို့။

**ကွန်ပျူတာစာစီဌာန။** ။ ဦးဥတ္တမသာရ (ပါဠိပါရဂူ)
ကျိုက်သီမွန် ပါဠိတက္ကသိုလ်ကျောင်းတိုက်
ကြားတောရလမ်း၊ ရန်ကုန်မြို့၊
ဖုံး-၀၁-၂၈၅၅၁၇

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **နိဒါန်း မိတ်ဆက်လွှာ** | |
| ၁။ | အလှူရှင်များအကြောင်းသိကောင်းစရာ ပဏ္ဏာမနှင့်တောင့်တချက် | ၁ |
| ၂။ | ဒါနဟူသည် | ၂ |
| ၃။ | နိမိကဏ္ဍသုတ် | ၁၁ |
| ၄။ | ဥစ္စာ လေးမျိုး | ၁၂ |
| ၅။ | သီဟစစ်သူကြီးနှင့် ဘုရားရှင် | ၁၉ |
| ၆။ | ကာလဒါန ငါးပါး | ၁၉ |
| ၇။ | ဆွမ်းအကျိုး ငါးပါး | ၂၀ |
| ၈။ | ဒါန ရှစ်မျိုး | ၂၂ |
| ၉။ | ဒါနဝတ္ထု ရှစ်ပါး | ၂၄ |
| ၁၀။ | လယ်ကောင်း ယာကောင်း | ၂၅ |
| ၁၁။ | ဒါန၏ ပြည့်စုံခြင်း | ၂၆ |
| ၁၂။ | သပ္ပုရိသဒါန ရှစ်ပါး | ၂၈ |
| | **(၁) ဆွမ်းအလှူရှင်များအကြောင်း သိကောင်းစရာ** | |
| ၁၃။ | မောင်ပုဏ္ဏတို့ အိမ်ထောင်စု | ၃၀ |
| ၁၄။ | သမီးဥတ္တရာ | ၃၃ |
| ၁၅။ | ကာကဝဠိယ ဇနီးမောင်နှံ | ၃၅ |
| ၁၆။ | မစ္ဆရိယကောသိယ သူဌေးကြီး | ၃၉ |
| ၁၇။ | အရှင်မောဂ္ဂလ္လာန် သွားပြီ | ၄၂ |
| ၁၈။ | သူတို့၏ ရှေးအတိတ် | ၄၃ |
| ၁၉။ | ပဉ္စဂ္ဂ ဒါယကာ | ၄၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | လူဆင်းရဲ မဟာဒုက် | ၄၇ |
| ၂၁။ | သာမဏေကျော် ရှင်ပဏ္ဍိတ | ၅၁ |
| ၂၂။ | သုခသာမဏေ | ၅၅ |
| ၂၃။ | အင်္ကုရနတ်သားနှင့် ဣန္ဒကနတ်သား | ၅၇ |
| ၂၄။ | ဘုရားလောင်း သူဆင်းရဲ | ၆၁ |
| ၂၅။ | မလှူဘဲ မစားသော ရဟန်း | ၆၃ |
| ၂၆။ | အာဒိတ္တဇာတ် | ၆၆ |
| ၂၇။ | သုဓာဘောဇနဇာတ် | ၇၀ |
| ၂၈။ | အရှင်ကစ္စည်းထေရ်၏ ဆွမ်းဒါယိကာမ | ၇၈ |
| ၂၉။ | ဗာရာဏသီသူဌေး | ၇၉ |
| ၃၀။ | ကုမ္မာသပိဏ္ဍဇာတ် | ၈၃ |
| ၃၁။ | ဒသဗြာဟ္မဏဇာတ် | ၈၄ |
| ၃၂။ | ဘိက္ခာပရမ္ပရဇာတ် | ၈၆ |


## (၂) သင်္ကန်းအလှူရှင်များအကြောင်း သိကောင်းစရာ


| | | |
|---|---|---|
| ၃၃။ | ကျောင်းအမ ဝိသာခါ | ၈၇ |
| ၃၄။ | ဝိသာခါ ဆုထူး ရှစ်ပါး | ၈၈ |
| ၃၅။ | ဆရာဇီဝက | ၉၆ |
| ၃၆။ | ဆရာဇီဝက၏ ရှေးအတိတ် | ၉၇ |
| ၃၇။ | သူဌေးကတော် | ၉၈ |
| ၃၈။ | ဗိမ္ဗိသာရမင်းကြီး | ၁၀၀ |
| ၃၉။ | ရာဇဂြိုဟ်သူဌေး | ၁၀၀ |
| ၄၀။ | သူဌေးသား | ၁၀၁ |
| ၄၁။ | ပဇ္ဇောတမင်း | ၁၀၂ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၂။ | သိဝိတိုင်းဖြစ် ပုဆိုးအစုံ | ၁၀၄ |
| ၄၃။ | တစ်နေ့ ယူဇနာများစွာ သွားနိုင်သူ | ၁၀၅ |
| ၄၄။ | အကြိမ်သုံးဆယ် ဝမ်းနုတ်ခြင်း | ၁၀၅ |
| ၄၅။ | ဆုတောင်းခြင်း | ၁၀၆ |
| ၄၆။ | ဝိသာခါ | ၁၀၇ |
| ၄၇။ | ဝိသာခါဆု ရှစ်ပါး | ၁၀၈ |
| ၄၈။ | ဆရာဇီဝက၏ ဆောင်ရွက်ချက်များ | ၁၁၁ |
| ၄၉။ | သက်နှီးအကြောင်း | ၁၁၃ |
| ၅၀။ | ဥမ္မာဒန္တီ | ၁၁၆ |


### (၃) ကျောင်းအလှူရှင်များအကြောင်း သိကောင်းစရာ


| | | |
|---|---|---|
| ၅၁။ | နငွာဂါရိကမထေရ် | ၁၂၀ |
| ၅၂။ | သုမင်္ဂလသူဌေးကြီး | ၁၂၁ |
| ၅၃။ | သူဌေးသား ကျောင်းဒကာ | ၁၂၃ |
| ၅၄။ | ဘဒ္ဒဇိမထေရ် | ၁၂၅ |
| ၅၅။ | ဘုရားရှင်နှင့် ဗိမ္ဗိသာရမင်းကြီး | ၁၃၀ |
| ၅၆။ | ဝေဠုဝန်ကျောင်းအလှူ အနုမောဒနာတရား | ၁၃၂ |


### (၄) အထွေထွေအလှူရှင်များအကြောင်းသိကောင်းစရာ


| | | |
|---|---|---|
| ၅၇။ | တိတ္တိရဇာတ် | ၁၃၈ |
| ၅၈။ | နန္ဒမာတာ ဥပါသိကာ | ၁၄၁ |
| ၅၉။ | အသဒ်သဒါန | ၁၄၇ |
| ၆၀။ | အရှင်သီဝလိ | ၁၅၀ |
| ၆၁။ | ဓမ္မိကဥပါသကာ | ၁၅၃ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆၂။ | သုမနပန်းသည် | ၁၅၇ |
| ၆၃။ | မဟာသုဒဿနသုတ် | ၁၆၄ |
| ၆၄။ | ဇောတိကသူဌေး | ၁၆၉ |
| ၆၅။ | ဇဋိလသူဌေး | ၁၇၃ |
| ၆၆။ | လောသကတိဿရဟန္တာ | ၁၇၆ |
| ၆၇။ | ဘုရားလောင်းယုန်မင်း | ၁၈၁ |
| ၆၈။ | ဥဂ္ဂသူကြွယ် | ၁၈၂ |
| ၆၉။ | ဝိသယှသူဌေး | ၁၈၅ |
| ၇၀။ | ကဆုန်ညောင်ရေသွန်းပွဲတော်ကြီး | ၁၈၇ |
| ၇၁။ | အရှင်အာနန္ဒာဗောဓိပင် | ၁၈၈ |
| ၇၂။ | ဗောဓိပင်ကို ညောင်ရေသွန်းလောင်းသူ ရဟန်း | ၁၉၃ |
| ၇၃။ | နန္ဒိယသူကြွယ်နှင့် ရေဝတီ | ၁၉၄ |
| ၇၄။ | သိဝိဇာတ် | ၁၉၆ |
| ၇၅။ | သင်္ခဇာတ် | ၁၉၈ |
| ၇၆။ | ဆွမ်းလှူအကျိုး | ၂၀၀ |
| ၇၇။ | သင်္ကန်းအလှူအကျိုး | ၂၀၄ |
| ၇၈။ | ကျောင်းအလှူအကျိုး | ၂၀၅ |
| ၇၉။ | ထီးအလှူအကျိုး | ၂၀၆ |
| ၈၀။ | ဖိနပ်အလှူအကျိုး | ၂၀၈ |
| ၈၁။ | အပ်အလှူအကျိုး | ၂၀၉ |
| ၈၂။ | ယပ်အလှူအကျိုး | ၂၁၀ |
| ၈၃။ | သပိတ်အလှူအကျိုး | ၂၁၁ |
| ၈၄။ | ဘုရား တရား သံဃာ ကိုးကွယ်ရာ | ၂၁၂ |
| ၈၅။ | ဩဘာမင်္ဂလာ ဆုတောင်းစာ | ၂၁၇ |

## မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၈၆။ | တင်မြှောက်စာတမ်း | ၂၂၀ |
| ၈၇။ | မင်္ဂလာ သြဘာစာတမ်း | ၂၂၂ |
| ၈၈။ | သာခုကိုင္ဒနသဘင် ပင့်လျှောက်လွှာပါဘုရား | ၂၂၆ |
| ၈၉။ | ထုတ်ထောမနဂါထာများ | ၂၂၈ |
| ၉၀။ | ရေဝတီ အမျိုးသမီး | ၂၃၂ |
| ၉၁။ | ကျမ်းပြီးနိဂုံး | ၂၃၄ |


အလှူရှင်များအကြောင်း သိကောင်းစရာ

မာတိကာ ပြီးပြီ။

# နိဒါန်း မိတ်ဆက်ပြော

ဗုဒ္ဓဘာသာ သူတော်ကောင်းတို့၏ ပန်းတိုင်သည်ကား နိဗ္ဗာန်တည်း။ နိဗ္ဗာန်ရောက်မှ ရုပ်နာမ်ပြတ်၍ ဒုက္ခခပ်သိမ်း ကင်းငြိမ်းကြမည်။ ဂေါ်ဝါဠ္မီ သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည်လည်း ဒါနပါရမီကို အစထား၍ ဘုရားရှင် ဖြစ်တော်မူကြသည်။ ထိုသို့ နိဗ္ဗာန်ရောက်ရာ၌လည်း ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ လေးပါးလုံးစုံမှ ဖြစ်မည်။

တစ်ချို့က နိဗ္ဗာန်ရောက်ရာ၌လည်း ဒါန မလို၊ သီလ မလို၊ သမထ မလိုဟု ပြောဆိုတတ်ကြ၏။ ဒါနကို သံသရာရှည်သည် ဟူ၍ပင် ပြောကြသေး၏။ ထိုး၊ ဖိနပ် မပါလျှင် နွေခါမှ သိလိမ့်မည်။ ဒါနနှင့် သီလ မပါလျှင် နောင်ခါမှ သိလိမ့်မည်။

ဥပမာ- ငှက်တစ်ကောင်သည် သစ်တစ်ပင်နှင့်တစ်ပင်ကို ကူးရာ၌ ခန္ဓာကိုယ်လည်း လိုသည်။ အတောင်လည်း လိုသည်။ ခြေထောက်လည်း လိုသည်။ ခေါင်းလည်း လိုသည်။ မျက်စိလည်း လိုသည်နှင့် တူသည်။

တစ်နည်း---- သင်္ဘောတစ်စင်းသည် ဟိုဖက်ကမ်းကို ကူးရာ၌ သင်္ဘောလည်း လိုသည်။ တက်ပဲ့ကိုင်လည်း လိုသည်။ စက်ဆရာလည်း လိုသည်။ ထင်း၊ ကျောက်မီးသွေးလည်း လို၏။ အားလုံးစုံမှ ဟိုဖက်ကမ်းကို ရောက်သည်နှင့် တူသည်ကို သတိထားသင့်ပါ၏။

## အလှူရှင်များအကြောင်း သိကောင်းစရာ

ဤစာအုပ်၌ကား ဒါနနှင့် ပတ်သက်သည့် ဝတ္ထုတို့ကို တိုတိုနှင့် တင်ပြထား၏။ ခုခေတ် ခုကာလကား ရှေးကကဲ့သို့ ဝတ္ထုကြောင်းတစ်ခုကို အစအဆုံး မဟောကြတော့ပေ။ ထိုးဇာတ် သဘော ထားကြ၏။ လေ့လာကြည့်ရှုက အကျိုးများပါလိမ့်မည်။ ဆွမ်းကျွေးစသည်တို့၌ တိုတို ဟောနိုင်၏။

ဤစာအုပ်၌ မောင်ပုဏ္ဏဝတ္ထု စသည်တို့ကို ထုတ်ဆောင် ထား၏။ လင်ဖြစ်သူ မောင်ပုဏ္ဏက လယ်ထွန်နေစဉ် အရှင်သာရိ ပုတ္တရာအား မျက်နှာသစ်ရေ၊ ဒန်ပူ ကပ်လှူ၏။ သူ၏ဇနီးက သူ့ယောကျ်ားအတွက် ထမင်းပို့လာစဉ် လင်ယောကျ်ား အရိုက် ခံချင် ခံရပါစေ၊ စေတနာသန့်သန့်ဖြင့် ၄င်းဆွမ်းကို ပေးလှူ၏။ ထို့ကြောင့် ချက်ချင်း သူဌေးဖြစ်၍ ပစ္စုပ္ပန်ဘဝကို သက်သာစေ၏။

ဆင်းရဲလှသော ကာကဝဠိယ ဇနီးမောင်နှံတို့သည် ဆန် ကွဲနှင့်ရောသော ဟင်းရွက်ပြုတ်ကို အရှင်မဟာကဿပ ကိုယ်တော် မြတ်ကြီးအား လှူဒါန်းပြီး သူဌေးဖြစ်၍ အောက်တန်းမကျ ဘဝ အဆင်အတန်း မြင့်မောက်ရသည်။

**ကမ္မဝိပါကော အစိန္တေယျော**-ဟု ဘုရားရှင်၏ ဓမ္မစကား အတိုင်း မဟာဒုက်ဘဝ၌ ငါးကြင်းသားဟင်းနှင့် ဆွမ်းကျွေး ဖူး၍ ရှင်ပဏ္ဍိတ သာမဏေဘဝ၌ အရှင်သာရိပုတ္တရာ ကိုယ်တော် မြတ်ကြီးတို့ပင် မတတ်နိုင်သော ငါးကြင်းသား ဆွမ်းဟင်း အလှူခံ ခဲ့ပါဟု ဆွမ်းခံကြွစဉ် အရှင်သာရိပုတ္တရာအား မှာသွားရာ ရချင်မှ ရမည်ဟု မိန့်တော်မူလေသော်---တပည့်တော်ကုသိုလ်ကြောင့် ရမည်ဟု လျှောက်ဖူးသည် မဟုတ်လော။

ဣန္ဒကနတ်သားကား သာသနာတော်အတွင်း၌ တစ် ယောက်မ မျှ စွန့်ကြဲပေးလှူဖူး၍ တာဝတိံသာနတ်ပြည်ဝယ်

## နိဒါန်း မိတ်ဆက်လွှာ

မယ်တော် မိနတ်သားကို အဘိဓမ္မာဒေသနာတော်ကို ဟောတော်မူရာ အနီးအနားက တရားနာရသည်။

အကုံရနတ်သားက သာသနာပ ထမင်းရည်ချောင်းစီးလှူဖူးသော်လည်း ဘုရားရှင်နှင့် ဝေးဝေး တရား နာရသည်။ ဤအချက်အလက်များကို သိစေရမည်။

ဒါနစသော ကုသိုလ်တရားဟူသည် လင်ပြု၍ မယား မရ။ မယားလုပ်၍ လင်အတွက် မပါသည်ကိုလည်း သင်ခန်းစာ ပေးတတ်သော နန္ဒိယသူကြွယ်ကား ကုသိုလ်ပြု၍ သေတောင် မသေသေးဘူး၊ နတ်ပြည်မှာ ထူးထူးဆန်းဆန်း ဘုံနန်းပေါက်နေပြီ၊ ဇနီးမယားကား ကုသိုလ်မပြု ရဟန်းသံဃာများကိုပင် ဆဲရေးတိုင်းထွာ၍ အရှင်လတ်လတ် နတ်ဘီလူးများက မယားရေဝတီအား ငရဲကို ပြစဉ်၊ ကြောက်လန့်၍ နတ်ပြည်ဝယ် နန္ဒိယ၏ဘုံနန်းကို ပြရာ အတူနေချင်ပါကြောင်း ပြောသော်လည်း မရ။ ငရဲကိုသာ ဆွဲချ ခံရသည်။ ဤသည့်အချက်များကို ဖော်ပြထားသည်။

ဤစာအုပ်၌ကား ကုသိုလ်ပြု၍ ရပုံကိုသာ ပြသည် မဟုတ်။ ကုသိုလ်ပြု၍ အပြစ်များပုံကိုလည်း လောသကတိဿရဟန်းသည် သူများကို ဝန်တိုဖူးသောကြောင့် ဤရဟန္တာဖြစ်မည့်ဘဝ ဤအရှင်သာရိပုတ္တရာ ကိုယ်တိုင် လက်နှင့်ကိုင်ပြီး ဆွမ်းကျွေးသောကြောင့် တစ်ဘဝမှ တစ်ခါသာ ဝအောင် ဆွမ်းဘုဉ်းပေးရင်း စသည်ဖြင့် သင့်ကို အသိဉာဏ် ပေးမည်။

ဤစာအုပ်၌ကား ဒါနနှင့် ပတ်သက်၍ ဆွမ်းအကျိုး၊ သင်္ကန်းအကျိုး၊ ကျောင်းအကျိုး စသည်ဖြင့် စုံစုံလင်လင် ဖော်ပြထားသဖြင့် ရဟန်း ရှင် လူတို့အား တရားဟော၊ တရားနာ၊ စာပေကို ဖတ်သဖြင့် ပစ္စုပ္ပန် သံသရာအတွက် အကျိုးများမည်။

အလှူရှင်များအကြောင်း သိကောင်းစရာ

ထို့ကြောင့် မိမိရော သူများပါ ပစ္စုပ္ပန် သံသရာ လောကီ လောကုတ္တရာ အကျိုးများကို လိုလားတောင့်တသော သူတို့သည် လက်မလွှတ်သင့်ကြောင်း တင်ပြအပ်ပါသည်။

ဤကျမ်းစာကို စီစဉ်သူ

ဦးဂရုသာမိဘိဝံသ(ဓမ္မာစရိယ)

တက္ကသိုလ်ပရိယတ္တိကျောင်း

ဧရာဝဏ်လမ်း၊ (၇)ရပ်ကွက်၊

သာကေတမြို့၊

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# အလှူရှင်များအကြောင်း သိကောင်းစရာ

## ပဌာန်း နှင့် ကောင်းကျိုး

ဒါနေန မဟတ္တံ ဗုဒ္ဓံ၊
နမာမိ ဩပနေယျိကံ။
ကန္တာရေ သုပ္ပဋိပ္ပန္နံ၊
ထာမော တိဋ္ဌတု သာသနေ။

[မ၊ ၀၊ ယ၊ ၀]

အဟံ-ဝရသာမိ မည်ဘိသမုတ် အကျွန်ုပ်သည်။ ဒါနေန-ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ပေးလှူရသဖြင့်။ မဟတ္တံ-ပဒေသရာဇ် ကေရာဇ်နှင့် မန္ဓာတ်စကြာမင်းမက သိကြားသုရာ သန္တုသိတ သုနိမ္မိတ နတ်မင်းဘဝ စသည်ဖြင့် မြင့်မြတ်သော။ ဗုဒ္ဓံ-သစ္စာသိမြင် ဘုရားရှင်ကိုလည်းကောင်း။ ဩပနေယျိကဥ္စ-ကပ်၍ ရှုစေအပ်သော မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားကိုလည်း ကောင်း။ ကန္တာရေ-ဘဝများစွာ သံသရာ၌။ သုပ္ပဋိပ္ပန္နဥ္စ-ဒါန, သီလ, သမထနှင့် ဝိပဿနာတရား အစားစားကို ကောင်းစွာကျင့်တတ် အရိယာသံဃာတော်မြတ်ကိုလည်းကောင်း။ နမာမိ-ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏။ အယံ ဂန္ထော-အလှူရှင်များအကြောင်း သိကောင်းစရာ သညာတင့်ဆန်း ဤသည့်ကျမ်း၏။

သာသနေ-ဘုရားရှင်တို့၏ ဆုံးမပေရာ သီလ, သမာဓိ, ပညာ သာသနာ၌။ ထာမော-နှစ်ပေါင်းငါးထောင် အရှည်ခန့်၍ တည်တံ့ခြင်းတည်းဟူသော အားအစွမ်းသည်။ တိဋ္ဌတု-အများအကျိုးသယ်ပိုးစေရန် တည်တံ့ပါစေသတည်း။ ။

## ဒါန ဟူသည်

ဂေါတမဘုရားရှင် အလောင်းတော် သုမေဓရသေ့သည် မြို့သူမြို့သားများ၏ ဒီပင်္ကရာဘုရား အမှူးရှိသော သံဃာတော်များကြွလာရန်လမ်းကို မြေဖို့ခြင်း၊ တံတားဆောက်ခြင်း စသည်ဖြင့် ပြုလုပ်ကြစဉ် တာဝန်မကျေ၍ ဘုရားရှင် ကြွတော်မူလာသောအခါ ဘုရားရှင်သည် ရွှံ့ညွှန်မပေကျံစေရန် ခန္ဓာကိုယ်ကို တံတားခင်းပေးဖူးသည်။

ဘုရားဖြစ်ရန် ဆုကိုတောင်း၍ ဒီပင်္ကရာဘုရားရှင်က ဂေါတမဘုရား ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ပေးတော်မူ၏။

သုမေဓရသေ့သည် ဘုရားဖြစ်ကြောင်းတရားများကို ရှာမှီးသည်ရှိသော် မှောက်ထားသောအိုးသည် ရေထွက်သည်၊ လှန်ထားသောအိုးသည် ရေမထွက်ခြင်း စသည့်ဥပမာဖြင့် ဒါနစသော ပါရမီဆယ်ပါးကို မြင်တော်မူသည်။

**ဝိစိနန္တော တဒါ ဒက္ခိံ၊ ပဌမံ ဒါနပါရမိံ။**
**ပုဗ္ဗကေဟိ မဟေသီဟိ၊ အနုစိဏ္ဏံ မဟာပထံ။**

(ဗုဒ္ဓဝံသပါဠိတော်၊ ၃၁၅)

တဒါ-ထိုဂေါတမဘုရားရှင် အလောင်း သုမေဓရသေ့ ဖြစ်သောအခါ၌၊ ဝိစိနန္တော-ဘုရားဖြစ်ကြောင်းတရားတို့သည် အဘယ်

တရားပါနည်းဟု စူးစမ်းဆင်ခြင်သည်ရှိသော်။ ပုဗ္ဗကေဟိ-ရှေးရှေး၌ ဖြစ်ကုန်သော။ မဟေသီဟိ-မြတ်သော သီလက္ခန္ဓစသည်ကို ရှာမှီးတတ်ကုန်သော ဘုရားရှင်တို့သည်။ အနုစိဏ္ဏံ-အမြဲမပြတ် လေ့ကျက်အပ်သော၊ မဟာပထံ-ဘုရားဖြစ်ကြောင်း လမ်းကောင်း လမ်းမြတ်ဖြစ်သော။ ဒါနပါရမီံ-နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဘက်ကို ရောက်စေတတ်သော ဒါနပါရမီကိုသာလျှင်။ ပဌမံ-ရှေးဦးစွာ။ အဒက္ခိံ-မြင်တော်မူသည်သာတည်း။

ဒီပင်္ကရာ မြတ်စွာဘုရားရှင်သည် ရမ္မာမြို့သူမြို့သားတို့အား အောက်ပါ ဒေသနာတော်ကို ဟောတော်မူသည်-

(သုဓမ္မဝတီမူ၊ ၁၄၄ မှ စသည်)

**ဒါနံ နာမ သုခါဒီနံ၊ နိဒါနံ ပရမံ မတံ။**
**ဒိဗ္ဗာနံ ပန ဘောဂါနံ၊ ပတိဋ္ဌာတိ ပဝုစ္စတိ။**

ဒါနံ နာမ- စေတနာသုံးတန် ထက်သန်စွာဖြင့် ပေးလှူခြင်း မည်သည်ကို။ သုခါဒီနံ-သူဌေးသူကြွယ်၊ ပဒေသရာဇ်၊ ကေရာဇ်၊ မန္ဓာတ်စသည်တို့၏။ ပရမံ-မြတ်သော။ နိဒါနံ-အကြောင်းဟူ၍။ မတံ-သိအပ်၏။ ဒိဗ္ဗာနံ ပန-စာတုမဟာရာဇ်၊ တာဝတိံသာ စသော နတ်တို့၏အားကား။ ဘောဂါနံ-သိကြားသုရာ သန္တုသိတ စသော နတ်မင်း နတ်မိဖုရား စည်းစိမ်ချမ်းသာတို့၏။ ပတိဋ္ဌာတိ-တည်ရာဟူ၍။ ပဝုစ္စတိ-ဆိုအပ်သည်သာတည်း။

**ဒါနံ တာဏံ မနုဿာနံ၊ ဒါနံ ဗန္ဓု ပရာယဏံ။**
**ဒါနံ ဒုက္ခာဓိပန္နာနံ၊ သတ္တာနံ ပရမာ ဂတိ။**

ဒါနံ-အလှူဒါန ဟူသမျှသည်။ မနုဿာနံ-ချမ်းသာလိုလားလူသတ္တဝါတို့ကား။ တာဏံ-စောင့်ရှောက်ရာလည်း မည်ပါပေ၏။ ဒါနံ-အလှူဒါန ဟူသမျှသည်။ ဗန္ဓု-အကျိုးဆောင်တတ် အဆွေခင်

ပွန်းမြတ်လည်း မည်ပါပေ၏။ ပရာယဏံ-မှီခိုလဲလျောင်းရာလည်း မည်ပါပေ၏။ ဒါနံ-အလှူဒါန ဟူသမျှသည်။ ဒုက္ခာဓိပန္နာနံ-အဝတ် အစားစသည် ဆင်းရဲနွမ်းပါးကုန်သော။ သတ္တာနံ-သတ္တဝါတို့၏။ ပရမာ-ထူးကဲလွန်မြတ်သော၊ ဂတိ-သွားရာလာရာ မည်ပါပေ၏ သတည်း။

**ဒုက္ခနိတ္ထရဏဋ္ဌေန၊ ဒါနံ နာဝါတိ ဒီပိတံ။**
**ဘယရက္ခဏတော ဒါနံ၊ နဂရန္တိ စ ဝဏ္ဏိတံ။**

ဒါနံ-အလှူဒါန ဟူသမျှကို။ ဒုက္ခနိတ္ထရဏဋ္ဌေန-ဒုက္ခမှ ထုတ်ဆောင်တတ်သောကြောင့်။ နာဝါတိ-လှေ သင်္ဘောပမာ တူလှပါ၏ဟူ၍။ ဒီပိတံ-ပြအပ်၏။ ဒါနံ-အလှူဒါန ဟူသမျှကို။ ဘယ-ရက္ခဏတော-ဘေးအတန်တန် ရန်အသွယ်သွယ်ကို စောင့်ရှောက်တတ်သောကြောင့်။ နဂရန္တိ စ-စစ်တပ်စသည် ပြည့်စုံသော မြို့နှင့်တူ၏ဟူ၍။ ဝဏ္ဏိတံ-ချီးမွမ်းအပ်သည်သာတည်း။

**ဒါနံ ဒုရာသဒဋ္ဌေန၊ ဝုတ္တမာသီဝိသောတိ စ။**
**ဒါနံ လောဘမလာဒီဟိ၊ ပဒုမံ အနုပလိတ္တတော။**

ဒါနံ-အလှူဒါန ဟူသမျှကို။ ဒုရာသဒဋ္ဌေန-ပစ္စည်းဥစ္စာ၌ သာယာခြင်းကင်းသော သဘောကြောင့်။ အာသီဝိသောတိ စ-မြွေဆိပ်နှင့် တူ၏ဟူ၍လည်း။ ဝုတ္တံ-ဆိုအပ်၏။ ဒါနံ-အလှူဒါန ဟူသမျှကို။ လောဘမလာဒီဟိ-လောဘစသော သံသရာ အညစ်အကြေးတို့မှ။ အနုပလိတ္တတော-မကပ်ငြိတတ်သောကြောင့်။ ပဒုမံ-ပဒုမ္မာကြာပန်းအလား ရှိ၏ဟူ၍။ ဝုတ္တံ-ဆိုအပ်သည်သာတည်း။

**နတ္ထိ ဒါနသမော လောကေ၊ ပုရိသဿ အဝဿယော။**
**ပဋိပဇ္ဇထ တသ္မာ တံ၊ ကိရိယဇ္ဈာသယေန စ။**

လောကေ-သတ္တလောက၌။ ပုရိသဿ-သတ္တဝါဟူသမျှ၏။ ဒါနသမော- ႑နှင့်တူသော။ အဝဿယော-မချွတ်ကေန် အမှန် ကိုးကွယ်ရာသည်။ နတ္ထိ-မရှိသည်သာတည်း။ တသ္မာ-ထို့ကြောင့်။ တံ-ထိုစွန့်ကြဲပေးချ အလှူဒါန ဟူသမျှကို။ ကိရိယဉ္စာသယေန စ-ပြုလုပ်ခြင်း အလိုအားဖြင့်လည်း။ ပဋိပဇ္ဇထ-မိမိအကျိုးသာဖြစ်၍ ကျင့်ကြံကြိုးစားကြကုန်ရာသတည်း။

**သဂ္ဂလောကနိဒါနာနိ၊**
**ဒါနာနိ မတိမာ ဣဓ။**
**ကော ဟိ နာမ နရော လောကေ၊**
**န ဒဒေယျ ဟိတေ ရတော။**

ဣဓ-ယခုပစ္စုပ္ပန်လောက၌။ မတိမာ-ပညာအဆင်အခြင် လက်ကိုင်ရှိသော။ သဂ္ဂလောကနိဒါနာနိ-နတ်ပြည်လောက၏ အကြောင်းဖြစ်ကုန်သော။ ဒါနာနိ-အလှူဒါန ဟူသမျှတို့ကို။ လောကေ-သတ္တလောက၌။ ဟိတေ-စည်းစိမ်ချမ်းသာ အစီးအပွား၌။ ရတော-မွေ့လျော်သော။ ကော ဟိ နာမ နရော-အဘယ်မည်သော လူသည်။ န ဒဒေယျ-မပေးလှူဘဲ ရှိနိုင်ရာအံ့နည်း။

**သုတွာ ဒေဝေသု သမ္ပတ္တိံ၊**
**ကော နရော ဒါနသမ္ဘဝံ။**
**န ဒဇ္ဇာ သုခသန္တာနံ၊**
**ဒါနံ စိတ္တပ္ပမောဒနံ။**

ဒေဝေသု-စာတုမဟာရာဇ်, တာဝတိံသာစသော နတ်ပြည်တို့၌။ သမ္ပတ္တိံ-ပဒေသာပင် ဗိမာန်စသော ချမ်းသာကို။ သုတွာ-ဘုရားစသော သူတော်ကောင်းတို့ထံမှ ကြားရ၍။ ကော နရော-အဘယ်မည်သောသူသည်။ ဒါနသမ္ဘဝံ-ဒါနအကြောင်းကိုလည်း

ကောင်း။ သုခသန္ဒာနံ-ချမ်းသာခြင်းအကြောင်းကိုလည်းကောင်း။ န ဒဇ္ဇာ-မပေးမလှူဘဲ ရှိပါချေအံ့နည်း။ ဒါနံ-အလှူဒါန ဟူသမျှသည်။ စိတ္တပ္ပမောဒနံ-စိတ်၏နှစ်သက်ခြင်းကို ဖြစ်စေတတ်သည်သာတည်း။

**ဒါနေန ပဋိပ္ပန္နေန၊ အစ္ဆရာပရိဝါရိတော။**
**ရမတေ သုစိရံ ကာလံ၊ နန္ဒနေ သူရနန္ဒနေ။**

ဒါနေန-အလှူပေးခြင်းတည်းဟူသော။ ပဋိပ္ပန္နေန-ကိုယ်ကျင့်တရားဖြင့်။ အစ္ဆရာပရိဝါရိတော-နတ်သမီးအပေါင်း ခြံရံလျက်။ သုစိရံ ကာလံ-ရှည်မြင့်စွာသော ကာလပတ်လုံး။ နန္ဒနေ-နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော။ သူရနန္ဒနေ ရဲရင့်သည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်ရာ နတ်ပြည်၌သာ။ ရမတေ-မွေ့လျော်ရတော့သည်သာတည်း။

**ပီတိမုဠာရံ ဝိန္ဒတိ ဒါတာ၊**
**ဂါရဝမသ္မိံ ဂစ္ဆတိ လောကေ။**
**ကိတ္တိမနန္တံ ယာတိ စ ဒါတာ။**
**ဝိဿာသနီယော ဟောတိ စ ဒါတာ။**

ဒါတာ-စွန့်ကြဲပေးကမ်း လှူဒါန်းတတ်သော သူသည်။ ပီတိမုဠာရံ-နှစ်သက်ခြင်း မွန်မြတ်ခြင်းကို။ ဝိန္ဒတိ-ရနိုင်၏။ အသ္မိံ လောကေ-ဤလောက၌။ ဂါရဝံ-ရိုသေလေးမြတ်ခြင်းသို့၊ ဂစ္ဆတိ-ရောက်၏။ ဒါတာ-စွန့်ကြဲပေးကမ်း လှူဒါန်းတတ်သောသူသည်။ အနန္တံ-အတိုင်းမသိသော၊ ကိတ္တိံ-ကျော်စောခြင်းသို့၊ ယာတိ စ-ရောက်လည်း ရောက်၏။ ဒါတာ-စွန့်ကြဲပေးကမ်း လှူဒါန်းတတ်သော သူသည်။ ဝိဿာသနီယော-အကျွမ်းဝင်ခြင်းသည်လည်း။ ဟောတိ စ-ဖြစ်လည်း ဖြစ်သည်သာတည်း။

**ဒတွာ ဒါနံ ယာတိ နရော သော၊**
**ဘောဂသမိဒ္ဓိ ဒီဃဍ္ဍာယုံ။**
**သုဿရတမ္ပိ စ ဝိန္ဒတိ ရူပံ၊**
**သဂ္ဂေ သဒ္ဓိံ ကီလ တိဒေဝေဟိ၊**
**ဝိမာနေသု ၄တွာ နာနာမတ္တမယူရာဘိရုတေသု။**

သော နရော-ထိုသူသည်။ ဒါနံ-အလှူဒါန ဟူသမျှကို။ ဒတွာ-ပေးလှူ၍။ ဘောဂသမိဒ္ဓိဥ္စ-စည်းစိမ်ဥစ္စာ၏ ပြည့်စုံခြင်းသို့လည်းကောင်း၊ ဒီဃဍ္ဍာယုံ-အသက်ရှည်ခြင်းသို့လည်းကောင်း။ ယာတိ-ရောက်၏။ သုဿရတမ္ပိ စ-ကောင်းသောအသံရှိသည်ကိုလည်းကောင်း။ ရူပဥ္စ-အဆင်း၏ပြည့်စုံခြင်းကိုလည်းကောင်း။ ဝိန္ဒတိ-ရ၏။ တိဒေဝေဟိ-နတ်တို့နှင့်။ သဂ္ဂေ-နတ်ပြည်၌။ သဒ္ဓိံ-တကွ။ နာနာမတ္တမယူရာဘိရုတေသု-အထူးထူးသော ရူပါရုံစသည်တို့ဖြင့် မူးယစ်ကုန်သည်ဖြစ်၍ ဥဒေါင်းတို့၏ တွန်ခြင်းရှိကုန်သော။ ဝိမာနေသု-နတ်ပြည့်တို့၌။ ဝိန္ဒတိ-ရနိုင်သည်သာတည်း။

**စောရာရိရာဇောဒကပါဝကာနံ၊**
**ခနံ အသာဓာရဏမေဝ ဒါနံ။**
**ဒဒါတိ တံ သာဝကဉာဏဘူမိံ၊**
**ပစ္စေကဘူမိံ ပန ဗုဒ္ဓဘူမိံ။**

ဒါနံ-အလှူဒါန ဟူသမျှကို။ စောရာရိရာဇောဒကပါဝကာနံ-ခိုးသူ, ရန်သူ, မင်း, ရေ, မီးတို့အား။ ခနံ-ဥစ္စာသည်။ အသာဓာရဏမေဝ-မဆက်ဆံသည်သာတည်း။ တံ-တိုသို့ပေးလှူခြင်းသည်။ သာဝကဉာဏဘူမိံ-သာဝကတို့၏ ဉာဏ်အရာကိုလည်းကောင်း။ ပစ္စေကဘူမိံ ပန-ပစ္စေကဗောဓိဉာဏ်အရာကိုလည်းကောင်း။ ဗုဒ္ဓ-

ဘူမိ-ဘုရားရှင်၏ဉာဏ်အရာကိုလည်းကောင်း။ ဒဒါတိ-ပေးခြင်းငှါ စွမ်းနိုင်သည်သာတည်း။

(ဤသည်တို့ကား ဗုဒ္ဓဝံသအဋ္ဌကထာ၌ လာသည်)

**ဣဒံ ဒါနံ နာမ သုခါနံ နိဒါနံ၊ သမ္ပတ္တီနံ မူလံ၊ ဘောဂါနံ ပတိဋ္ဌာ၊ ဝိသမဂတဿ တာဏံ လေဏံ ဂတိ ပရာယဏံ၊ ဣဓလောကပရလောကေသု ဒါနသဒိသော အဝဿယော ပတိဋ္ဌာ အာရမ္မဏံ တာဏံ လေဏံ ဂတိ ပရာယနံ နတ္ထိ။**

(သုတ်မဟာဝါ အဋ္ဌကထာ၊ မဟာပဒါနသုတ် ၆၂-မှ စသည်)

ဣဒံ ဒါနံ နာမ-ဤဒါနမည်သည်ကား။ သုခါနံ-လူ, နတ်, နိဗ္ဗာန် သုံးတန်သော ချမ်းသာတို့၏။ နိဒါနံ-အကြောင်းရင်းပေတည်း။ သမ္ပတ္တီနံ-လောကီ, လောကုတ္တရာ ချမ်းသာတို့၏။ မူလံ-အမြစ်ရင်းနှင့် တူပါပေ၏။ ဘောဂါနံ-ပစ္စည်းဥစ္စာ ရတနာတို့၏။ ပတိဋ္ဌာ-တည်ရာလည်း မည်၏။ ဝိသမဂတဿ-သံသရာမှာ ကျင်လည်သောပုဂ္ဂိုလ်အား။ တာဏံ-စောင့်ရှောက်ရာတည်း။ လေဏံ-ပုန်းအောင်းရာတည်း။ ဂတိ-သွားလာရာတည်း။ ပရာယဏံ-မှီခိုရာတည်း။ ဣဓ-လောကပရလောကေသု-ဤလောက, တမလွန်လောကတို့၌။ ဒါန-သဒိသော-ဒါနနှင့်တူသော။ အဝဿယော-မှီခိုရာသည်။ ပတိဋ္ဌာ-တည်ရာသည်။ အာရမ္မဏံ-ဆွဲကိုင်ရာသည်။ တာဏံ-စောင့်ရှောက်ရာသည်။ လေဏံ-ပုန်းအောင်းရာသည်။ ဂတိ-သွားလာရာသည်။ ပရာယနံ-မှီခိုရာသည်။ နတ္ထိ-မရှိသည်သာတည်း။

**ဣဒဉ္စိ အဝဿယဋ္ဌေန ရတနမယသီဟာသနသဒိသံ။**

ဟိ-သစ္စံ-မှန်၏။ ဣဒံ-ဤဒါနသည်။ အဝဿယဋ္ဌေန-မချွတ်မယွင်းခြင်း သဘောကြောင့်။ ရတနမယသီဟာသနသဒိသံ-ရတနာမျိုးစုံဖြင့် ပြီးသော ခြသေ့်ခံသော ပလ္လင်နှင့်လည်း တူပါပေ၏။

**ပတိဋ္ဌာနဋ္ဌေန မဟာပထဝီသဒိသံ။**

ပတိဋ္ဌာနဋ္ဌေန-တည်ရာဟူသော သဘောကြောင့်။ မဟာ-ပထဝီသဒိသံ-ကမ္ဘာမြေကြီးနှင့်လည်း တူလှပါပေ၏။

**အာရမ္မဏဋ္ဌေန အာလမ္ဗဏရဇ္ဇုသဒိသံ။**

အာရမ္မဏဋ္ဌေန-ဆွဲကိုင်ခြင်းသဘောကြောင့်။ အာလမ္ဗဏ-ရဇ္ဇုသဒိသံ-ဆွဲငင်ဖွယ်ရာ ကြိုးနှင့် တူ၏။

**ဣဒဥ္စ ဒုက္ခနိတ္ထရဏဋ္ဌေန နာဝါ။**

ဟိ-သစ္စံ-မှန်၏။ ဣဒံ-ဤဒါနသည်။ ဒုက္ခနိတ္ထရဏဋ္ဌေန-ဆင်းရဲဒုက္ခမှ ထုတ်ဆောင်ခြင်း သဘောကြောင့်။ နာဝါ-လှေသဘော်နှင့် တူ၏။

**သမဿာသနဋ္ဌေန သင်္ဂါမသူရော။**

သမဿာသနဋ္ဌေန-စိတ်၏သက်သာရာကို ရစေတတ်သော ကြောင့်။ သင်္ဂါမသူရော-စစ်ပွဲနိုင် ဗိုလ်ကြီးနှင့် တူ၏။

**ဘယပရိတ္တာဏဋ္ဌေန သုသင်္ခတနဂရံ။**

ဘယပရိတ္တာဏဋ္ဌေန-ဘေးကို စောင့်ရှောက်တတ်သော သဘောကြောင့်။ သုသင်္ခတနဂရံ-ပြုပြင်ထားသော မြို့နှင့် တူ၏။

**မစ္ဆေရမလာဒီဟိ အနုပလိတ္တဋ္ဌေန ပဒုမံ။**

မစ္ဆေရမလာဒီဟိ-မစ္ဆေရစသော အညစ်အကြေးတို့ဖြင့်။ အနုပလိတ္တဋ္ဌေန-မလိမ်းကျံတတ်သော အနက်သဘောကြောင့်။ ပဒုမံ-ပဒုမ္မာကြာနှင့် တူ၏။

**တေသံ နိဒဟနဋ္ဌေန အဂ္ဂိ။**

တေသံ-ထိုလောဘစသော အညစ်အကြေးတို့ကို။ နိဒဟန-ဋ္ဌေန-လောင်ကျွမ်းစေတတ်သော အနက်သဘောကြောင့်။ အဂ္ဂိ-မီးနှင့် တူ၏။

**ဒုရာသဒဋ္ဌေန အာသီဝိသော။**

ဒုရာသဒဋ္ဌေန-သာယာခြင်းကင်းသော သဘောကြောင့်၊ အာသီဝိသော-မြွေဟောက်၏ အဆိပ်နှင့် တူ၏။

**အသန္တာသနဋ္ဌေန သီဟော။**

အသန္တာသနဋ္ဌေန-မထိတ်လန့်တတ်သော အနက်ကြောင့်၊ သီဟော-ခြင်္သေ့နှင့် တူ၏။

**ဗလဝန္တဋ္ဌေန ဟတ္ထီ။**

ဗလဝန္တဋ္ဌေန-အားရှိသော အနက်သဘောကြောင့်။ ဟတ္ထီ-ဆင်နှင့် တူ၏။

**အဘိမင်္ဂလသမ္မတဋ္ဌေန သေတဥသဘော။**

အဘိမင်္ဂလသမ္မတဋ္ဌေန-မင်္ဂလာဟု သမုတ်အပ်သော အနက်ကြောင့်၊ သေတဥသဘော-ဖြူသော နွားလားဥသဘနှင့်တူ၏။

**ခေမန္တဘူမိသမ္ပာပနဋ္ဌေန ဝလာဟကအဿရာဇာ။**

ခေမန္တဘူမိသမ္ပာပနဋ္ဌေန-ဘေးကင်းရာသို့ ရောက်စေတတ်သောကြောင့်။ ဝလာဟကအဿရာဇာ-ဝလာဟကမြင်းနှင့် တူ၏။

**ဒါနဉ္စ လောကေ သဂ္ဂသမ္ပတ္တိ မာရသမ္ပတ္တိ ဗြဟ္မသမ္ပတ္တိ စက္ကဝတ္တိသမ္ပတ္တိ သာဝကပါရမီဉာဏံ ပစ္စေကဗောဓိဉာဏံ အဘိသမ္ဗောဓိဉာဏံ ဒေတီတိ ဝေမာဒိ ဒါနဂုဏပဋိသံယုတ္တံ ကထံ။**

ဟိ-သစ္စံ-မှန်၏။ လောကေ-လောက၌။ ဒါနံ-အလှူဒါန ဟူသမျှသည်။ သဂ္ဂသမ္ပတ္တိ-နတ်တို့၏ စည်းစိမ်ကိုလည်းကောင်း။ မာရသမ္ပတ္တိ-မာရ်နတ်မင်း၏ စည်းစိမ်ကိုလည်းကောင်း။ ဗြဟ္မသမ္ပတ္တိ-ဗြဟ္မာတို့၏ စည်းစိမ်ကိုလည်းကောင်း။ သာဝကပါရမီဉာဏံ-သာဝကတို့၏ ဉာဏ်ကိုလည်းကောင်း။ ပစ္စေကဗောဓိဉာဏံ-ပစ္စေကဗောဓိဉာဏ်ကိုလည်းကောင်း။ အဘိသမ္ဗောဓိဉာဏံ-ဘုရားရှင်၏ ဉာဏ်တော်ကိုလည်းကောင်း။ ဒေတိ-ပေးနိုင်သည် သာတည်း။ ဣတိ ဝေမာဒိ ဒါနဂုဏပဋိသံယုတ္တံ-ဤသို့စသော ဒါန၏ဂုဏ်ကျေးဇူးနှင့် စပ်သော။ ကထံ-စကားတော်ပင်တည်း။

(ဤသည်တို့ကား သုတ်မဟာဝါ အဋ္ဌကထာမှ လာသည်)

---

# နိဓိကဏ္ဍသုတ်

**နိဓိံ နိဓေတိ ပုရိသော၊ ဂမ္ဘီရေ ဩဒကန္တိကေ။**
**အတ္ထေ ကိစ္စေ သမုပ္ပန္နေ၊ အတ္ထာယ မေ ဘဝိဿတိ။**

(ခုဒ္ဒကပါဌပါဠိတော် ၉-မှ စသည်)

ပုရိသော-လူသည်။ အတ္ထေ ကိစ္စေ-အကြောင်းကိစ္စသည်။ သမုပ္ပန္နေ-ဖြစ်လတ်သည်ရှိသော်။ မေ-ငါ့အား။ အတ္ထာယ-အကျိုးငှါ။ ဘဝိဿတိ-ဖြစ်လတ္တံ့။ ဣတိ-ဤသို့နှလုံးပြု၍။ ဂမ္ဘီရေ၊ နက်စွာသော။

ဩဒကန္တိကေ-ရေ၏အဆုံး၌။ နိဓိ-ရွှေအိုးကြီးကို။ နိဓေတိ-သို
မှီး မြှုပ်ထားသည်သာလျှင်တည်း။

**ဥစ္စာလေးမျိုး–**

**ထာဝရဥစ္စာ**-ဟူသည် အမြဲတည်သော အိမ်၊ လယ်ယာ၊ ကိုင်းကျွန်းစသည်တည်း။

**ဇင်္ဂမဥစ္စာ**-ဟူသည် သွားတတ်သော ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်တည်း။

**အင်္ဂသမဥစ္စာ**-ဟူသည် ခြေလက်အင်္ဂါကြီးငယ်နှင့် တူသော နှုတ်မှုပညာ၊ လက်မှုပညာတည်း။

**အနုဂါမိကဥစ္စာ**-ဟူသည် ဘဝထိုထိုသို့ လိုက်တတ်သော ကုသိုလ်တရားပင်တည်း။

**ရာဇတော ဝါ ဒုရုတ္တဿ၊ စောရတော ပီဠိတဿ ဝါ။**
**ဣဏဿ ဝါ ပမောက္ခာယ၊ ဒုဗ္ဘိက္ခေ အာပဒါသု ဝါ။**
**ဧတဒတ္ထာယ လောကသ္မိံ၊ နိဓိ နာမ နိဓီယတိ။**

ရာဇတော ဝါ-မင်းဘေး၏လည်းကောင်း။ ဒုရုတ္တဿ-ကြမ်းတမ်းစွာ ပြောဆိုတတ်သော သူ၏လည်းကောင်း။ စောရတော ဝါ-ခိုးသူ၏လည်းကောင်း။ ပီဠိတဿ ဝါ-နှိပ်စက်တတ်သော သူ၏လည်းကောင်း။ ဣဏဿ-ကြွေးမြီ၏။ ပမောက္ခာယ ဝါ-လွတ်ခြင်း၏လည်းကောင်း။ ဒုဗ္ဘိက္ခေ-ငတ်မွတ်သောအခါ၌လည်းကောင်း။ အာပဒါသု ဝါ-ဘေးရန်တို့ကြောင့်လည်းကောင်း။ ဧတဒတ္ထာယ-ဤအကျိုးငှါ။ လောကသ္မိံ-လောက၌။ နိဓိနာမ-ရွှေအိုးမည်သည်ကို။ နိဓီယတိ-မြှုပ်နှံဝှက်ထားသည်သာတည်း။

**တာဝဿု နိဟိတော သန္တော၊ ဂမ္ဘီရေ သြဒကန္တိကေ။**
**န သဗ္ဗော သဗ္ဗဒါ ဝေ၊ တဿ တံ ဥပကပ္ပတိ။**

ဂမ္ဘီရေ-နက်စွာသော။ သြဒကန္တိကေ-ရေ၏အဆုံး၌။ တာဝ-ရှေးဦးစွာ။ သုနိဟိတော-ကောင်းစွာမြှုပ်ထားအပ်သည်။ သန္တော-ဖြစ်လတ်သည်ရှိသော်။ သဗ္ဗော-အလုံးစုံသောကိစ္စသည်။ သဗ္ဗဒါ-ဝေ-အခါခပ်သိမ်းသာလျှင်။ တံ-ထိုရွှေအိုးသည်။ န ဥပကပ္ပတိ-မကပ်ရောက်နိုင်။

**နိဓိ ဝါ ဌာနာ စဝတိ၊ သညာ ဝါဿ ဝိမုယှတိ။**
**နာဂါ ဝါ အပနာမေန္တိ၊ ယက္ခာ ဝါပိ ဟရန္တိ နံ။**

နိဓိ ဝါ-ရွှေအိုးသည်လည်း။ ဌာနာ- မြှုပ်ထားရာမှ။ စဝတိ-ရွေ့ချင်လည်း ရွေ့၏။ အဿ-ထိုမြှုပ်ထားသူအား။ သညာ ဝါ-အမှတ်အသားသည်လည်း။ ဝိမုယှတိ-မေ့လျော့၏။ နာဂါ ဝါ-နဂါးတို့သည်လည်း။ အပနာမေန္တိ-ဖဲသွားကုန်၏။ နံ-ထိုရွှေအိုးကို။ ယက္ခာ ဝါပိ-ဘီလူးတို့သည်လည်း။ ဟရန္တိ-ဆောင်ချင်လည်း ဆောင်ကုန်၏။

**အပ္ပိယာ ဝါပိ ဒါယာဒါ၊ ဥဒ္ဓရန္တိ အပဿတော။**
**ယဒါ ပုညက္ခယော ဟောတိ၊ သဗ္ဗမေတံ ဝိနဿတိ။**

ယဒါ-အကြင်အခါ၌။ ပုညက္ခယော-ကုသိုလ်ဘုန်းကံ ကုန်၏။ တဒါ-ထိုအခါ၌လည်း။ အပ္ပိယာ-မချစ်မနှစ်သက်ကုန်သော။ ဒါယာဒါပိ-အစေခံတို့သည်လည်း။ အပဿတော-မမြင်စဉ်။ ဥဒ္ဓရန္တိ-ထုတ်ဆောင်ကုန်၏။ ဧတံ သဗ္ဗံ-ထိုအလုံးစုံသော ရွှေအိုးသည်။ ဝိနဿတိ-ပျက်စီးဆုံးရှုံးရသည်သာတည်း။

**ယဿ ဒါနေန သီလေန၊ သံယမေန ဒမေန စ။**
**နိဓီ သုနိဟိတော ဟောတိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။**

ယဿာ ဣတ္ထိယာ ဝါ-အကြင်မိန်းမအားလည်းကောင်း။ ယဿ ပုရိသဿ ဝါ-အကြင်ယောကျ်ားအားလည်းကောင်း။ ဒါနေန-အလှူပေးသဖြင့်လည်းကောင်း။ သီလေန-သီလဆောက်တည်သဖြင့်လည်းကောင်း။ သံယမေန- ကိုယ် နှုတ် နှလုံးကို စောင့်စည်းခြင်းကြောင့်လည်းကောင်း။ ဒမေန စ-ကိုယ် နှုတ် နှလုံးကို ဆုံးမခြင်းကြောင့်လည်းကောင်း။ နိဓိ-ရွှေအိုးကြီးကို။ သုနိဟိတော-ကောင်းစွာ မြှုပ်နှံအပ်သည်။ ဟောတိ-ဖြစ်၏။

**စေတိယမှိ စ သံဃေ ဝါ၊ ပုဂ္ဂလေ အတိထီသု ဝါ။**
**မာတရိ ပိတရိစာပိ၊ အထော ဇေဋ္ဌမှိ ဘာတရိ။**

စေတိယမှိ စ-စေတီ၌လည်းကောင်း။ သံဃေ ဝါ-သံဃာ၌လည်းကောင်း။ ပုဂ္ဂလေ ဝါ-ပုဂ္ဂိုလ်၌လည်းကောင်း။ အတိထီသု ဝါ-ဧည့်သည်တို့၌လည်းကောင်း။ မာတရိစာပိ-အမိ၌လည်းကောင်း။ ပိတရိစာပိ-အဘ၌လည်းကောင်း။ အထော-ထိုမှတပါး။ ဇေဋ္ဌမှိ-အစ်ကိုကြီး၌လည်းကောင်း။ ဘာတရိ-မောင်၌လည်းကောင်း။ နိဓိ-ရွှေအိုးကြီးကို။ သုနိဟိတော-ကောင်းစွာ မြှုပ်နှံအပ်သည်။ ဟောတိ-ဖြစ်၏။

**ဧသော နိဓိ သုနိဟိတော၊ အဇေယျော အနုဂါမိကော။**
**ပဟာယ ဂမနီယေသု၊ ဧတံ အာဒါယ ဂစ္ဆတိ။**

သုနိဟိတော-ကောင်းစွာ မြှုပ်နှံအပ်သော။ ဧသော နိဓိ-ထိုရွှေအိုးသည်။ အဇေယျော-ရန်သူတို့သည် မအောင်အပ်ပေ။ အနုဂါမိကော-ဘယ်ဘဝသွားသွား အစဉ်တစိုက် လိုက်တတ်၏။ ပဟာယ-ထိုရွှေအိုးကို ထားခဲ့၍။ ဂမနီယေသု-တခြားသော ဘဝသို့ သွားသည်ရှိသော်။ ဧတံ-ထိုရွှေအိုးကို။ အာဒါယ-ယူ၍။ ဂစ္ဆတိ-သွားသည်နှင့် တူသည်သာတည်း။

**အသာဓာရဏ'မညေသံ၊ အစောရာဟရဏော နိဓိ။**
**ကယိရာထ ဓီရော ပုညာနိ၊ ယော နိဓီ အနုဂါမိကော။**

အနုဂါမိကော-အစဉ်လိုက်တတ်သော။ ယော နိဓိ-အကြင် ရွှေအိုးသည်။ အညေသံ-သူတစ်ပါးတို့အား။ အသာဓာရဏံ-မဆိုင် သည်ဖြစ်၍ ကိုယ်ပိုင်ဥစ္စာတည်း။ နိဓိ-ရွှေအိုးသည်။ အစောရာ-ဟရဏော-ခိုးသူ ခိုးယူ၍ မရ။ တသ္မာ-ထို့ကြောင့်။ ဓီရော-ပညာ အဆင်အခြင် အမြော်အမြင်ရှိသော ပညာရှိသည်။ ပုညာနိ-ကောင်းမှုဟူသမျှကို။ ကယိရာထ-နောင်သံသရာမှာ အားကိုးရန် အတွက် ပြုလုပ်ရာသတည်း။

**ဧသ ဒေဝမနုဿာနံ၊ သဗ္ဗကာမဒဒေါ နိဓိ။**
**ယံ ယဒေဝါဘိပတ္ထေန္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။**

ဧသ နိဓိ-ထိုရွှေအိုးသည်သာလျှင်။ ဒေဝမနုဿာနံ-နတ် လူတို့အား။ သဗ္ဗကာမဒဒေါ-အလိုရှိတိုင်း ပေးတတ်၏။ ယံယဒေဝ-အကြင်အကြင်အကျိုးကိုသာလျှင်။ ပတ္ထေန္တိ-တောင့်တကုန်၏။ သဗ္ဗံ-အလုံးစုံကို။ ဧတေန-ထိုဒါနတည်းဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ-ရနိုင်သည်သာတည်း။

**သုဝဏ္ဏတာ သုသရတာ၊ သုသဏ္ဌာနာ သုရူပတာ။**
**အာဓိပစ္စပရိဝါရာ၊ သဗ္ဗမေတေန လဗ္ဘတိ။**

သုဝဏ္ဏတာ-အဆင်းလှခြင်းသည်လည်းကောင်း။ သုသရ-တာ-အသံကောင်းခြင်းသည်လည်းကောင်း။ သုသဏ္ဌာနာ-ပုံပန်း အချိုးကျခြင်းသည်လည်းကောင်း။ သုရူပတာ-ရုပ်ရည်တင့်တယ် ခြင်းသည်လည်းကောင်း။ အာဓိပစ္စပရိဝါရာ-အကြီးအမှူးဖြစ်ခြင်း, အခြံအရံများခြင်းသည်လည်းကောင်း။ အတ္ထိ-ရှိ၏။ သဗ္ဗံ-အလုံး စုံကို။ ဧတေန-ထိုဒါနတည်းဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ-ရနိုင်သည် သာတည်း။

**ပဒေသရဇ္ဇံ ဣဿရိယံ၊ စက္ကဝတ္တိသုခံ ပိယံ။**
**ဒေဝရဇ္ဇမ္ပိ ဒိဗ္ဗေသု၊ သဗ္ဗံ’မေတေန လဗ္ဘတိ။**

ပဒေသရဇ္ဇံ-ပဒေသရာဇ်မင်း၏အဖြစ်သည်လည်းကောင်း။ ဣဿရိယံ-ကေရာဇ်မင်း၏အဖြစ်သည်လည်းကောင်း။ ပိယံ-ချစ်ခင်အပ်သော။ စက္ကဝတ္တိသုခံ-စကြဝတေမင်း၏အဖြစ်သည်လည်းကောင်း။ ဒိဗ္ဗေသု-နတ်တို့၌။ ဒေဝရဇ္ဇမ္ပိ-နတ်တို့၏စည်းစိမ်သည်လည်းကောင်း။ အတ္ထိ-ရှိ၏။ သဗ္ဗံ-အလုံးစုံသော ချမ်းသာကို။ ဧတေန-ထိုဒါနတည်းဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ-ရနိုင်သည်သာတည်း။

**မာနုဿိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။**
**ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗံ’မေတေန လဗ္ဘတိ။**

မာနုဿိကာ-လူ၌ဖြစ်သော။ ယာ စ သမ္ပတ္တိ-အကြင်စည်းစိမ်သည်လည်းကောင်း၊ ဒေဝလောကေ-နတ်ပြည်၌။ ယာ စ ရတိ-အကြင်မွေ့လျော်ခြင်းသည်လည်းကောင်း။ ယာ စ နိဗ္ဗာနသမ္ပတ္တိ-အကြင်နိဗ္ဗာန်ချမ်းသာသည်လည်းကောင်း။ အတ္ထိ-ရှိ၏။ သဗ္ဗံ-အလုံးစုံကို။ ဧတေန-ထိုဒါနတည်းဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ-ရနိုင်သည်သာတည်း။

**မိတ္တသမ္ပဒ’မာဂမ္မ၊ ယောနိသော ဝ ပယုဉ္ဇတော။**
**ဝိဇ္ဇာဝိမုတ္တိဝသီဘာဝေါ၊ သဗ္ဗံ’မေတေန လဗ္ဘတိ။**

မိတ္တသမ္ပဒံ-မိတ်ဆွေ၏ ပြည့်စုံခြင်းကို။ အာဂမ္မ-အကြောင်းပြု၍။ ယောနိသော ဝ-အသင့်သင့်သာလျှင်။ ပယုဉ္ဇတော-အားထုတ်သောသူအား။ ဝိဇ္ဇာဝိမုတ္တိဝသီဘာဝေါ-ဝိဇ္ဇာသုံးပါး၊ ကိလေသာမှ လွတ်ခြင်း၊ အာဝဇ္ဇနဝသီဘော်တို့၌ လေ့လာခြင်းသည်။ အတ္ထိ-ရှိ၏။ သဗ္ဗံ-အလုံးစုံကို။ ဧတေန-ထိုဒါနတည်းဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ-ရနိုင်သည်သာတည်း။

**ပဋိသမ္ဘိဒါ ဝိမောက္ခာ စ၊ ယာ စ သာဝကပါရမီ။**
**ပစ္စေကဗောဓိ ဗုဒ္ဓဘူမိ၊ သဗ္ဗမေတေန လဗ္ဘတိ။**

ပဋိသမ္ဘိဒါ စ-အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိဘာနခေါ် ပဋိသမ္ဘိဒါ လေးပါးသည်လည်းကောင်း။ ဝိမောက္ခာ စ-သုညတ, အနိမိတ္တ, အပ္ပဏိဟိတ ဝိမောက္ခသုံးပါးသည်လည်းကောင်း။ ယာ စ သာဝက-ပါရမီ-အကြင်သာဝက ပါရမီဉာဏ်သည်လည်းကောင်း။ ပစ္စေက-ဗောဓိ-ပစ္စေကဗောဓိဉာဏ်သည်လည်းကောင်း။ ဗုဒ္ဓဘူမိ-ဘုရားရှင်၏ ဉာဏ်တော်သည်လည်းကောင်း။ အတ္ထိ-ရှိ၏။ သဗ္ဗံ-အလုံးစုံကို။ ဧတေန-ထိုဒါနတည်းဟူသော ရွှေအိုးဖြင့်။ လဗ္ဘတိ-ရနိုင်သည်သာတည်း။

**ဧဝံ မဟိဒ္ဓိကာ ဧသာ၊ ယဒိဒံ ပုညသမ္ပဒါ။**
**တသ္မာ ဓီရာ ပသံသန္တိ၊ ပဏ္ဍိတာ ကတပုညတံ။**

ဧဝံ-ဤသို့။ ယဒိဒံ ပုညသမ္ပဒါ-အကြင်ကောင်းမှုကုသိုလ်၏ ပြည့်စုံခြင်းသည်။ အတ္ထိ-ရှိ၏။ ဧသာ-ဤကောင်းမှု၏ပြည့်စုံခြင်းသည်။ မဟိဒ္ဓိကာ-များမြတ်သော အကျိုးရှိ၏။ တသ္မာ-ထို့ကြောင့်။ ဓီရာ-ပညာရှိကုန်သော။ ပဏ္ဍိတာ-ကျိုးကြောင်းမြင်သိပညာရှိတို့သည်။ ကတပုညတံ-ပြုအပ်သော ကုသိုလ်ကောင်းမှုရှိသော သူကို။ ပသံသန္တိ-ချီးမွမ်းကြကုန်သည်သာတည်း။

(ဤသုတ်ကား ခုဒ္ဒကပါဌပါဠိတော်မှ လာသည်)

* * * * * * * * * * *

**ဒွေမာနိ ဘိက္ခဝေ ဒါနာနိ။ ကတမာနိ ဒွေ- အာမိသ-ဒါနဉ္စ ဓမ္မဒါနဉ္စ။ ဣမာနိ ခေါ ဘိက္ခဝေ ဒွေ ဒါနာနိ။ ဧတဒဂ္ဂံ ဘိက္ခဝေ ဣမေသံ ဒွိန္နံ ဒါနာနံ ယဒိဒံ ဓမ္မဒါနန္တိ**

(အင်္ဂုတ္တရပါဠိတော်၊ ဒုကနိပါတ်၊ ဒါနဝဂ်-၉၀)

ဘိက္ခဝေ-ရဟန်းတို့။ ဒါနာနိ-ဒါနတို့သည်။ ဣမာနိ ဒွေ-ဤနှစ်ပါးတို့သည်။ ကတမာနိ ဒွေ-အဘယ်နှစ်ပါးတို့ နည်းဟူမူကား။ အာမိသဒါနဉ္စ-ပစ္စည်းလေးပါးကို ပေးလှူခြင်းလည်းကောင်း။ ဓမ္မဒါနဉ္စ-တရားကို ပေးလှူခြင်းလည်းကောင်း။ ဘိက္ခဝေ-ရဟန်းတို့။ ဒါနာနိ-ဒါနတို့သည်။ ဣမာနိ ခေါ ဒွေ-ဤနှစ်ပါးတို့တည်း။ ဘိက္ခဝေ-ရဟန်းတို့။ ဣမေသံ ဒွိန္နံ ဒါနာနံ-ဤနှစ်ပါးကုန်သော ဒါနတို့တွင်။ ယဒိဒံ ဓမ္မဒါနံ-အကြင်ဓမ္မဒါနသည်။ အတ္ထိ-ရှိ၏။ ဧတံ-ဤဓမ္မဒါနသည်။ အဂ္ဂံ-အမြတ်ဆုံးပါပေတည်း။

| | | |
|---|---|---|
| အာမိသယာဂ | ဓမ္မယာဂ | ပူဇော်ခြင်း၊ |
| အာမိသစာဂ | ဓမ္မစာဂ | စွန့်ကြဲခြင်း၊ |
| အာမိသပရိစ္စာဂ | ဓမ္မပရိစ္စာ၊ | စွန့်ကြဲခြင်း၊ |
| အာမိသဘောဂ | ဓမ္မဘောဂ | ခံစားခြင်း၊ |
| အာမိသသမ္ဘောဂ | ဓမ္မသမ္ဘောဂ | ဆက်ဆံခြင်း၊ |
| အာမိသသံဝိဘာဂ | ဓမ္မသံဝိဘာဂ | ဝေဖန်ခြင်း၊ |
| အာမိသသင်္ဂဟ | ဓမ္မသင်္ဂဟ | ချီးမြှောက်ခြင်း၊ |
| အာမိသာနုဂ္ဂဟ | ဓမ္မာနုဂ္ဂဟ | ချီးမြှောက်ခြင်း၊ |
| အာမိသာနုကမ္ပ | ဓမ္မာနုကမ္ပ | သနားခြင်း- ဟူ၍ |

ဟောတော်မူသည်။

(အင်္ဂုတ္တရပဉ္စကနိပါတ် သုမနသုတ်ကို အဋ္ဌကထာပါ ရှု)

## သီဟစစ်သူကြီးနှင့် ဘုရားရှင်

ဘုရားရှင်သည် သီဟစစ်သူကြီးအား ဒါနအကျိုးကို အောက်ပါအတိုင်း ဟောတော်မူသည်-

၁။ လူများချစ်ခင်ခြင်း။
၂။ သူတော်ကောင်းများ ဆည်းကပ်ခြင်း။
၃။ ကျော်စောကိတ္တိရှိခြင်း။
၄။ ပရိသတ်အလယ် ရဲရင့်ခြင်း။
၅။ နတ်ပြည်ရောက်ခြင်းတို့တည်း။

(ပဉ္စင်္ဂုတ္တရပါဠိတော်၊ ၃၂)

### ကာလဒါနငါးပါး

**ပဉ္စိမာနိ ဘိက္ခဝေ ကာလဒါနာနိ။ ကတမာနိ ပဉ္စ- အာဂန္တုကဿ ဒါနံ ဒေတိ၊ ဂမိကဿ ဒါနံ ဒေတိ၊ ဂိလာနဿ ဒါနံ ဒေတိ၊ ဒုဗ္ဘိက္ခေ ဒါနံ ဒေတိ၊ ယာနိ တာနိ နဝသဿာနိ နဝဖလာနိ တာနိ ပဌမံ သီလဝန္တေသု ပတိဋ္ဌာပေတိ။ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ကာလဒါနာနိ။**

(ပဉ္စင်္ဂုတ္တရပါဠိတော်၊ ၃၅)

ဘိက္ခဝေ-ရဟန်းတို့။ကာလဒါနာနိ-ကာလအားလျော်စွာ ပေးလှူအပ်သော အလှူတို့သည်။ ဣမာနိ ပဉ္စ-ဤငါးပါးတို့တည်း။ ကတမာနိ ပဉ္စ-အဘယ်ငါးပါးတို့နည်း ဟူမူကား။ အာဂန္တုကဿ- ဧည့်သည်အား။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ဂမိကဿ- ခရီးသွားသူအား။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ဂိလာနဿ- နာသောသူအား၊ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ဒုဗ္ဘိက္ခေ- ငတ်မွတ်ခေါင်းပါးသောအခါ၌။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။

ယာနိ တာနိ နဝသဿာနိ-အကြွင်ကောက်သစ်တို့သည်လည်း ကောင်း။ ယာနိ တာနိ နဝဖလာနိ-အကြွင်သစ်သီးဦးတို့သည်လည်း ကောင်း။ သန္တိ-ရှိကုန်၏။ တာနိ-ထိုကောက်ဦး သစ်သီးဦးတို့ကို။ ပဌမံ-ရှေးဦးစွာ။ သီလဝန္တေသု-သီလရှိသောသူတို့၌။ ပတိဋ္ဌာပေတိ-တည်စေ၏။ ဘိက္ခဝေ-ရဟန်းတို့။ ဣမာနိ ခေါ ပဉ္စ-ဤငါးပါးတို့သည်။ ကာလဒါနာနိ-ကာလဒါနတို့တည်း။

**ဆွမ်းအကျိုးငါးပါး**

**ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂဟကာနံ ပဉ္စ ဌာနာနိ ဒေတိ။ ကတမာနိ ပဉ္စ- အာယုံ ဒေတိ၊ ဝဏ္ဏံ ဒေတိ၊ သုခံ ဒေတိ၊ ဗလံ ဒေတိ၊ ပဋိဘာနံ ဒေတိ။**

**အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။ ဝဏ္ဏံ ဒတွာ ဝဏ္ဏဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။ သုခံ ဒတွာ သုခဿ ဘာဂီဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။ ဗလံ ဒတွာ ဗလဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။ ပဋိဘာနံ ဒတွာ ပဋိဘာနဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ။ ဘောဇနံ ဘိက္ခဝေ ဒဒမာနော ဒါယကော ပဋိဂ္ဂဟကာနံ ဣမာနိ ပဉ္စ ဌာနာနိ ဒေတိ။** (ပဉ္စင်္ဂုတ္တရပါဠိတော်၊ ၃၅)

ဘိက္ခဝေ-ရဟန်းတို့။ ဘောဇနံ-ဆွမ်းကို။ ဒဒမာနော-ပေးလှူသော၊ ဒါယကော-အလှူရှင်သည်။ ပဋိဂ္ဂဟကာနံ-အလှူခံတို့အား။ ပဉ္စ ဌာနာနိ-ငါးပါးသောအရာတို့ကို။ ဒေတိ-ပေးလှူသည် မည်၏။ ကတမာနိ ပဉ္စ-အဘယ်ငါးပါးတို့ နည်းဟူမူကား။ အာယုံ-အသက်ကို။ ဒေတိ-ပေးလှူသည် မည်၏။ ဝဏ္ဏံ-

အဆင်းကို။ ဒေတိ-ပေးလှူသည် မည်၏။ သုခံ-ချမ်းသာကို။ ဒေတိ-ပေးလှူသည်မည်၏။ ဗလံ-ခွန်အားကို။ ဒေတိ-ပေးလှူသည် မည်၏။ ပဋိဘာနံ-ပညာကို။ ဒေတိ-ပေးလှူသည် မည်၏။

အာယုံ ခေါပန-အသက်ကိုကား။ ဒတွာ-ပေးလှူသည် မည်သောကြောင့်။ ဒိဗ္ဗဿ ဝါ-နတ်၌လည်းဖြစ်သော။ မာနုသဿ ဝါ-လူ၌လည်းဖြစ်သော။ အာယုဿ-အသက်ရှည်ခြင်း၏။ ဘာဂီ-အဖို့ရှိသည်။ ဟောတိ-ဖြစ်၏။

ဝဏ္ဏံ-အဆင်းကို။ ဒတွာ-ပေးလှူသည် မည်သောကြောင့်။ ဒိဗ္ဗဿ ဝါ-နတ်၌လည်းဖြစ်သော။ မာနုသဿ ဝါ-လူ၌လည်းဖြစ်သော။ ဝဏ္ဏဿ-အဆင်း၏။ ဘာဂီ-အဖို့ရှိသည်။ ဟောတိ-ဖြစ်၏။

သုခံ-ချမ်းသာကို။ ဒတွာ-ပေးလှူသည်မည်သောကြောင့်။ ဒိဗ္ဗဿ ဝါ-နတ်၌လည်းဖြစ်သော။ မာနုသဿ ဝါ-လူ၌လည်း ဖြစ်သော။ သုခဿ-ချမ်းသာ၏။ ဘာဂီ-အဖို့ရှိသည်။ ဟောတိ-ဖြစ်၏။

ဗလံ-ခွန်အားကို။ ဒတွာ-ပေးလှူသည်မည်သောကြောင့်။ ဒိဗ္ဗဿ ဝါ-နတ်၌လည်းဖြစ်သော။ မာနုသဿ ဝါ-လူ၌လည်း ဖြစ်သော။ ဗလဿ-ခွန်အား၏။ ဘာဂီ-အဖို့ရှိသည်။ ဟောတိ-ဖြစ်၏။

ပဋိဘာနံ-ပညာကို။ ဒတွာ-ပေးလှူသည်မည်သောကြောင့်။ ဒိဗ္ဗဿ ဝါ-နတ်၌လည်းဖြစ်သော။ မာနုသဿ ဝါ-လူ၌လည်း ဖြစ်သော။ ပဋိဘာနဿ-ပညာကြီးခြင်း၏။ ဘာဂီ-အဖို့ရှိသည်။ ဟောတိ-ဖြစ်၏။

ဘိက္ခဝေ-ရဟန်းတို့။ ဘောဇနံ-ဆွမ်းကို။ ဒဒမာနော-ပေးလှူသော။ ဒါယကော-ဒါယကာသည်။ ပဋိဂ္ဂဟကာနံ-အလှူခံတို့အား။ ဣမာနိ ပဉ္စ ဌာနာနိ-ဤငါးပါးသော အရာတို့ကို။ ဒေတိ-ပေးလှူသည် မည်၏။

၂၈၄၄၇
သုတေသနစာကြည့်တိုက်
ဘာသာပြန်စာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
စာမူဘဏ္ဍာ ရန်ကုန်

## ဒါနရှစ်မျိုး

**အဋ္ဌိမာနိ ဘိက္ခဝေ ဒါနာနိ။ ကတမာနိ အဋ္ဌ- အာသဇ္ဇ ဒါနံ ဒေတိ။ ဘယာ ဒါနံ ဒေတိ။ "အဒါသိ မေ"တိ ဒါနံ ဒေတိ။ "ဒဿတိ မေ"တိ ဒါနံ ဒေတိ။ "သာဟု ဒါန"န္တိ ဒါနံ ဒေတိ။ အဟံ ပစာမိ ဣမေ န ပစန္တိ၊ နာရဟာမိ ပစန္တော အပစန္တာနံ ဒါနံ အဒါတုန္တိ ဒါနံ ဒေတိ။ ဣမံ မေ ဒါနံ ဒဒတော ကလျာဏော ကိတ္တိသဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆတီတိ ဒါနံ ဒေတိ။ စိတ္တာလင်္ကာရ စိတ္တာပရိက္ခာရတ္ထံ ဒါနံ ဒေတိ။ ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌ ဒါနာနီတိ။**

(အင်္ဂုတ္တရပါဠိတော်၊ ၆၈)

ဘိက္ခဝေ-ရဟန်းတို့။ ဒါနာနိ-အလှူတို့သည်။ ဣမာနိ အဋ္ဌ-ဤရှစ်ပါးတို့တည်း။ ကတမာနိ အဋ္ဌ-အဘယ်ရှစ်ပါးတို့နည်း ဟူမူကား။

၁။ အာသဇ္ဇ-လာသည်ကို ထိုင်စေ၍ ရှိသေစွာ။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၂။ ဘယာ-မလှူတတ်သောသူဟူ၍ သူများကဲ့ရဲ့မည်ကို ကြောက်ခြင်းကြောင့်လည်းကောင်း, အပါယ်ဘေးမှ ကြောက်ခြင်းကြောင့်လည်းကောင်း။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၃။ မေ-ငါ့အား။ အဒါသိ-ရှေးက ပေးဖူး၏။ ဣတိ-ဤသို့။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၄။ မေ-ငါ့အား၊ ဒဿတိ-နောင် ပေးလတ္တံ့။ ဣတိ-ဤသို့။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၅။ ဒါနံ-အလှူကို။(သည်)။ သာဓု-ဘုရားစသော သူတော်ကောင်းတို့ ချီးမွမ်း၏။ ဣတိ-ဤသို့။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၆။ အဟံ-ငါသည်။ ပစာမိ-ချက်၏။ ဣမေ-ဤသူတို့သည်။ န ပစန္တိ-မချက်ကုန်။ ပစန္တော-ချက်သောသူသည်။ အပစန္တာနံ-မချက်သောသူတို့အား။ ဒါနံ-အလှူကို။ ဒါတုံ-ပေးလှူခြင်းငှါ။ နာရဟာမိ-မထိုက်။

ဣတိ-ဤသို့။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၇။ မေ-ငါ့အား။ ဣမံ ဒါနံ-ဤဒါနကို။ ဒဒတော-ပေးလှူသောကြောင့်။ ကလျာဏော-ကောင်းလှစွာသော။ ကိတ္တိသဒ္ဒေါ-ကျော်စောသောအသံသည်။ အဗ္ဘုဂ္ဂစ္ဆတိ-လွှမ်းမိုး၍ တက်၏။ ဣတိ-ဤသို့။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၈။ စိတ္တာလင်္ကာရစိတ္တပရိက္ခာရတ္ထံ-သမထဝိပဿနာစိတ်၏တန်ဆာ အဆောက်အဦအကျိုးငှါ။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။

ဘိက္ခဝေ-ရဟန်းတို့။ ဒါနာနိ-အလှူတို့သည်။ ဣမာနိ ခေါ အဋ္ဌ-ဤရှစ်ပါးတို့တည်း။

* ဒါန-ဟူသည် မိမိစိတ်ကိုလည်း နူးညံ့စေတတ်၏။ အလှူခံပုဂ္ဂိုလ်၏ စိတ်ကိုလည်း နူးညံ့စေတတ်၏။ ထို့ကြောင့် အဒန္တဒမနံ ဒါနံ စသည်ဆိုကြ၏။

**ဣမေသု ပန အဋ္ဌသု ဒါနေသု စိတ္တာလင်္ကာရဒါနမေဝ ဥတ္တမန္တိ။** (အဋ္ဌင်္ဂုတ္တရအဋ္ဌကထာပါဠိ၊ ၂၂၉)

ဣမေသု ပန အဋ္ဌသု ဒါနေသု-ဤရှစ်ပါးသော ဒါနတို့တွင်။ စိတ္တာလင်္ကာရဒါနမေဝ-သမထဝိပဿနာစိတ်၏တန်ဆာ အဆောက်အဦဖြစ်သော ဒါနသည်သာလျှင်။ ဥတ္တမံ-မြတ်၏။ ဣတိ-ဤသို့။ ဝေဒိတဗ္ဗံ-သိအပ်၏။

**သဒ္ဓါ ဟိရိယံ ကုသလဉ္စ ဒါနံ၊**
**ဓမ္မာ ဧတေ သပ္ပုရိသာနုယာတာ။**
**ဧတံ ဟိ မဂ္ဂံ ဒိဝိယံ ဝဒန္တိ၊**
**ဧတေန ဟိ ဂစ္ဆတိ ဒေဝလောကန္တိ**

(အဋ္ဌင်္ဂုတ္တရပါဠိတော်၊ ၆၈)

သဒ္ဓါ-သဒ္ဓါတရားလည်းကောင်း။ ဟိရိယံ-ဟိရိတရားလည်းကောင်း။ ကုသလံ-အပြစ်မရှိသော။ ဒါနံ စ-အလှူပေးခြင်းလည်းကောင်း။ ဧတေ ဓမ္မာ-ဤတရားတို့သည်။ သပ္ပုရိသာနုယာတာ-သူတော်ကောင်းသို့ အစဉ်လိုက်တတ်ကုန်၏။ (ဝါ) သူတော်ကောင်းတို့သည် အစဉ်လိုက်အပ်ကုန်၏။(နီ၊ ဋ္ဌ၊ နိသျ၊ ဒု၊ ၂၃၄)။ ဧတေ ဓမ္မာ-ဤတရားတို့သို့။ သပ္ပုရိသာ-သူတော်ကောင်းတို့သည်။ အနုယာတာ-အစဉ်လိုက်ကုန်၏။ (မူရင်းစာ-၂၈)။ ဟိ-သစ္စံ-မှန်၏။ ဧတံ မဂ္ဂံ-ဤလမ်းခရီးကို။ ဒိဝိယံ-နတ်ပြည်ဟူ၍။ ဝဒန္တိ-ဆိုကြကုန်၏။ တေနဟိ-ထိုလမ်းခရီးဖြင့်သာလျှင်။ ဒေဝလောကံ-နတ်ပြည်သို့။ ဂစ္ဆတိ-သွားရသည်သာတည်း။

## ဒါနဝတ္ထု ရှစ်ပါး

အဋ္ဌိမာနိ ဘိက္ခဝေ ဒါနဝတ္ထူနိ။ ကတမာနိ အဋ္ဌ - ၁။ ဆန္ဒာ ဒါနံ ဒေတိ။ ၂။ ဒေါသာ ဒါနံ ဒေတိ။ ၃။ မောဟာ ဒါနံ ဒေတိ။ ၄။ ဘယာ ဒါနံ ဒေတိ။ ၅။ ဒိန္နပုဗ္ဗံ ကတပုဗ္ဗံ ပိတုပိတာမဟေဟိ နာရဟာမိ, ပေါရာဏံ ကုလဝံသံ ဟာပေတုန္တိ ဒါနံ ဒေတိ။ ၆။ ဣမာဟံ ဒါနံ ဒတွာ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇိဿာမီတိ ဒါနံ ဒေတိ။ ၇။ ဣမံ မေ ဒါနံ ဒဒတော စိတ္တံ ပသီဒတိ, အတ္တမနတာ သောမနဿံ ဥပဇာယတီတိ ဒါနံ ဒေတိ။ ၈။ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒါနံ ဒေတိ။ ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌ ဒါနဝတ္ထူနိ။ (အင်္ဂုတ္တရပါဠိတော်၊ ၆၉)

ဘိက္ခဝေ-ရဟန်းတို့။ ဒါနဝတ္ထူနိ-ဒါနဝတ္ထုတို့သည်။ ဣမာနိ အဋ္ဌ-ဤရှစ်ပါးတို့တည်း။ ကတမာနိ အဋ္ဌ-အဘယ်ရှစ်ပါးတို့နည်း ဟူမူကား။ ၁။ ဆန္ဒာ-ချစ်ခြင်းကြောင့်။ ဒါနံ-အလှူကို။ ဒေတိ

ပေးလှူ၏။ ၂။ ဒေါသာ-အမျက်ထွက်ခြင်းကြောင့်။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၃။ မောဟာ-တွေဝေခြင်းကြောင့်၊ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၄။ ဘယာ-မပေးမလှူတတ်သောသူဟု သူတစ်ပါးကဲ့ရဲ့မှာ ကြောက်ခြင်း, အပါယ်ဘေးမှ ကြောက်ခြင်း, မပေးလှူကရန်ပြုတတ်မည်ကို ကြောက်သောကြောင့်။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၅။ ပိတုပိတာမဟေဟိ-အဘ, အဘိုးတို့သည်။ ဒိန္နပုဗ္ဗံ-ပေးလှူဖူး၏။ ကတပုဗ္ဗံ-ပြုလုပ်ဖူး၏။ ပေါရာဏံ-ရှေ့၌ဖြစ်သော။ ကုလဝံသံ-အမျိုးအနွယ်ကို။ ဟာပေတုံ-ဆုတ်ယုတ်ခြင်းငှါ။ နာရဟာမိ-မထိုက်။ ဣတိ-ဤသို့။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၆။ အဟံ-ငါသည်။ ဣမံ ဒါနံ-ဤအလှူကို။ ဒတွာ-ပေး၍။ ကာယဿ-ကိုယ်ခန္ဓာ၏။ ဘေဒါ-ပျက်စီးသည်မှ။ ပရံမရဏာ-သေသည်မှ နောက်ကာလ၌။ သုဂတိံ-ကောင်းသော အလားရှိသော။ သဂ္ဂံ လောကံ-နတ်ပြည်သို့။ ဥပပဇ္ဇိဿာမိ-ဖြစ်ပေအံ့။ ဣတိ-ဤသို့။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၇။ မေ-ငါ့အား။ ဣမံ ဒါနံ-ဤအလှူကို။ ဒဒတော-ပေးလှူခြင်းကြောင့်။ စိတ္တံ-စိတ်သည်။ ပသီဒတိ-ကြည်လင်၏။ အတ္တမနတာ-နှစ်သက်သော စိတ်ရှိသည်၏ အဖြစ်ကြောင့်။ သောမနဿံ-ဝမ်းမြောက်ခြင်းသည်။ ဥပဇာယတိ-ဖြစ်၏။ ဣတိ-ဤသို့။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။ ၈။ စိတ္တာလင်္ကာရစိတ္တပရိက္ခာရတ္ထံ-သမထ, ဝိပဿနာစိတ်၏ တန်ဆာ အဆောက်အဦအကျိုးငှါ။ ဒါနံ-အလှူကို။ ဒေတိ-ပေးလှူ၏။

ဘိက္ခဝေ-ရဟန်းတို့၊ ဒါနဝတ္ထူနိ-ဒါနဝတ္ထုတို့သည်။ ဣမာနိ အဋ္ဌ-ဤရှစ်ပါးတို့တည်း။

## လယ်ကောင်း ယာကောင်း

မြင့်လွန်း, နိမ့်လွန်းခြင်း၊ ကျောက်ခဲ, ကျောက်စရစ်ရှိခြင်း၊ ဆားငန်ရေရှိခြင်း၊ မြေကြမ်းဖြစ်ပြီး နိမ့်နေခြင်း၊ ရေမြောင်းမရှိခြင်း၊

ရေလွှတ်မြောင်း မရှိခြင်း၊ မြောင်းငယ်, မြောင်းကြီး မရှိခြင်း၊ ကန်သင်းမရှိခြင်း- ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော လယ်ယာသည် မကောင်း။ ၄င်းအင်္ဂါရှစ်ပါး မရှိက လယ်ကောင်း, ယာကောင်း ဖြစ်သကဲ့သို့ သမ္မာဒိဋ္ဌိစသော အင်္ဂါရှစ်ပါးရှိသော အလှူခံအား ပေးလှူက အကျိုးကြီး၏။ မိစ္ဆာဒိဋ္ဌိစသည် အင်္ဂါရှစ်ပါးနှင် ပြည့်စုံသော အလှူခံအား ပေးလှူက အကျိုးမကြီးပေ။

**ဩဓုနိတွာ မလံ သဗ္ဗံ၊ ပတွာ နိဗ္ဗာနသမ္ပဒံ။**
**မုစ္စတိ သဗ္ဗဒုက္ခေဟိ၊ သာ ဟောတိ သဗ္ဗသမ္ပဒါ။**

(အဋ္ဌဂုံတ္တရပါဠိတော်၊ ၇၀)

သဗ္ဗံ-အလုံးစုံသော။ မလံ-မိစ္ဆာဒိဋ္ဌိစသော အညစ်အကြေး ကို။ ဩဓုနိတွာ-ခါ၍။ နိဗ္ဗာနသမ္ပဒံ-နိဗ္ဗာန်နှင့် ပြည့်စုံခြင်းသို့။ ပတွာ-ရောက်၍။ သဗ္ဗဒုက္ခေဟိ-အလုံးစုံသော ဒုက္ခတို့မှ။ မုစ္စတိ-လွတ်၏။ သာ-ထိုဒါနသည်။ သဗ္ဗသမ္ပဒါ-အလုံးစုံ လူ, နတ်, နိဗ္ဗာန် သုံးတန် အကျိုးနှင့် ပြည့်စုံသည်။ ဟောတိ-ဖြစ်သည်သာတည်း။

## ဒါနဏ် ပြည့်စုံခြင်း

ဆွမ်းစသော အလှူဝတ္ထု ဆယ်ပါးကို ပေးလှူသောသူသည် ခတ္တိယမဟာသာလ၊ ဗြာဟ္မဏမဟာသာလ၊ ဂဟပတိမဟာသာလ ဘဝ၌ ကာမဂုဏ်ငါးပါးနှင့် ပြည့်စုံခြင်းကို ဆုတောင်းက ရနိုင်၏။

ထိုသူအား သီလရှိမှ ရနိုင်၏။

ဒါနလည်း ပြု၊ သီလလည်း ရှိသောသူအား စာတုမဟာရာဇ် နတ်ပြည်ကို ဆုတောင်းက ရနိုင်၏။

ဒါနလည်း ပြု၊ သီလလည်းရှိသောသူအား တာဝတိံသာ

ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိနတ်ပြည်ကို ဆုတောင်းက ရနိုင်၏။

**တဉ္စ ခေါ သီလဝတော ဝဒါမိ နော ဒုဿီလဿ၊ ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။**

(အင်္ဂုတ္တရပါဠိတော် ၇၁)

တဉ္စ ခေါ-ထိုသို့ဆုတောင်း၍ ပေးလှူခြင်းသည်လည်း၊ သီလဝတော-သီလရှိသောသူအား။ ဝဒါမိ-ဟောတော်မူ၏။ ဒုဿီလဿ-သီလမရှိသောသူအား။ နော ဝဒါမိ-ဟောတော်မမူ။ ဘိက္ခဝေ-ရဟန်းတို့။ သီလဝတော-သီလရှိသောသူအား။ စေတောပဏိဓိ-စိတ်က ဆုတောင်းခြင်းသည်။ ဝိသုဒ္ဓတ္တာ-စင်ကြယ်သည့်၏ အဖြစ်ကြောင့်။ ဣဇ္ဈတိ-ပြည့်စုံသည်သာတည်း။

နည်းတူ ဗြဟ္မာပြည်သို့ ရောက်နိုင်၏။ ထိုသို့ ရောက်နိုင်ခြင်းသည်လည်း သီလရှိသောသူအားသာ၊ ရာဂကင်းသော သူအားသာတည်း။

**ဒါနမတ္တေနေဝ ဟိ ဗြဟ္မလောကေ နိဗ္ဗတ္တိတုံ န သက္ကာ။ ဒါနံ ပန သမာဓိဝိပဿနာစိတ္တဿ အလင်္ကာရပရိဝါရံ ဟောတိ၊ တတော ဒါနေန မုဒုစိတ္တော ဗြဟ္မဝိဟာရေ ဘာဝေတွာ ဗြဟ္မလောကေ နိဗ္ဗတ္တတိ။ တေန ဝုတ္တံ " ဝီတရာဂဿ နော သရာဂဿာ"တိ။** (အင်္ဂုတ္တရအဋ္ဌကထာပါဠိ၊ ၂၃၀)

ဟိ-သစ္စံ-မှန်၏။ ဒါနမတ္တေနေဝ-ဒါနမျှဖြင့်။ ဗြဟ္မလောကေ-ဗြဟ္မာဘုံ၌။ နိဗ္ဗတ္တိတုံ-ဖြစ်ခြင်းငှါ။ န သက္ကာ-မတတ်ကောင်း။ ဒါနံ ပန-ဒါနသည်ကား။ သမာဓိဝိပဿနာစိတ္တဿ-သမာဓိဝိပဿနာ စိတ်၏။ အလင်္ကာရပရိဝါရံ-တန်ဆာအခြံအရံသည်။ ဟောတိ-ဖြစ်၏။ တတော ဒါနေန-ထိုဒါနကြောင့်။ မုဒုစိတ္တော-နူးညံ့သော

စိတ်ရှိသည်ဖြစ်၍။ ဗြဟ္မဝိဟာရေ-ဗြဟ္မဝိဟာရ တရားတို့ကို ဘာဝေတွာ-ပွားး၍။ ဗြဟ္မလောကေ-ဗြဟ္မာ့ဘုံ၌။ နိဗ္ဗတ္တတိ-ဖြစ်၏၊ တေန-ထို့ကြောင့်။ ဝီတရာဂဿ နော သရာဂဿာတိ-ဝီတရာဂဿ' နော သရာဂဿ ဟူ၍။ ဝုတ္တံ-ဟောတော်မူအပ်၏။

## သပ္ပုရိသဒါန ရှစ်ပါး

**အဋ္ဌိမာနိ ဘိက္ခဝေ သပ္ပုရိသဒါနာနိ။ ကတမာနိ အဋ္ဌ- ၁။ သုစိံ ဒေတိ။ ၂။ ပဏီတံ ဒေတိ။ ၃။ ကာလေန ဒေတိ။ ၄။ ကပ္ပိယံ ဒေတိ။ ၅။ ဝိစေယျ ဒေတိ။ ၆။ အဘိဏှံ ဒေတိ။ ၇။ ဒဒံ စိတ္တံ ပသာဒေတိ။ ၈။ ဒတွာ အတ္တမနော ဟောတိ။ ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌ သပ္ပုရိသဒါနာနိ။**

(အင်္ဂုတ္တရပါဠိတော်၊ ၇၄)

ဘိက္ခဝေ-ရဟန်းတို့။ သပ္ပုရိသဒါနာနိ-သူတော်ကောင်း အလှူတို့သည်။ ဣမာနိ အဋ္ဌ-ဤရှစ်ပါးတို့တည်း။ ကတမာနိ အဋ္ဌ- အဘယ်ရှစ်ပါးတို့နည်း ဟူမူကား။ သုစိံ-စင်ကြယ်သည်ကို။ ဒေတိ- ပေးလှူ၏။ ပဏီတံ-မွန်မြတ်သည်ကို။ ဒေတိ-ပေးလှူ၏။ ကာလေန- သင့်တင့်လျောက်ပတ်သောအခါ၌။ ဒေတိ-ပေးလှူ၏။ ကပ္ပိယံ- အပ်သည်ကို။ ဒေတိ-ပေးလှူ၏။ ဝိစေယျ-ရွေးချယ်စိစစ်၍။ ဒေတိ- ပေးလှူ၏။ အဘိဏှံ-မပြတ်။ ဒေတိ-ပေးလှူ၏။ ဒဒံ-ပေးလှူသော်။ စိတ္တံ-စိတ်ကို။ ပသာဒေတိ-ကြည်ညိုစေ၏။ ဒတွာ-ပေးလှူပြီး၍။ အတ္တမနော-ဝမ်းမြောက်ခြင်းရှိသည်။ ဟောတိ-ဖြစ်၏။

ဘိက္ခဝေ-ရဟန်းတို့။ သပ္ပုရိသဒါနာနိ-သူတော်ကောင်း အလှူတို့သည်။ ဣမာနိ ခေါ အဋ္ဌ-ဤရှစ်ပါးတို့တည်း။

**ဧဝံယဇိတွာ မေဓာဝီ။ သဒ္ဓေါ မုတ္တေန စေတသာ။**
**အဗျာပဇ္ဇံ သုခံ လောကံ၊ ပဏ္ဍိတော ဥပပဇ္ဇတိ။**
(အင်္ဂုတ္တရပါဠိတော်၊ ၇၄)

ဧဝံ-ဤသို့။ သဒ္ဓေါ-သဒ္ဓါတရားရှိသော။ မုတ္တေန-လွတ်သော။ စေတသာ-စိတ်ဖြင့်။ မေဓာဝီ-ပညာရှိသည်။ ယဇိတွာ-ပူဇော်ပြီး၍။ ပဏ္ဍိတော-ပညာရှိသည်။ အဗျာပဇ္ဇံ-ကြောင့်ကြခြင်းမရှိသော။ သုခံ-ချမ်းသာသော။ လောကံ-လောကသို့။ ဥပပဇ္ဇတိ-ရောက်ရသည်သာတည်း။

အမျိုး၌ သူတော်ကောင်းတစ်ယောက် ပေါ်ပေါက်လာက အမိ၊ အဖ၊ သားသမီး၊ သားမယား၊ ကျေးကျွန်၊ မိတ်ဆွေသင်္ဂဟ၊ အသိုး၊ အဘွား၊ မျိုးဆွေ၊ ပြိတ္တာ၊ မင်း၊ တိုင်းသူပြည်သား၊ နတ်၊ ရဟန်း၊ ပုဏ္ဏားတို့ အကျိုးရှိသည်။

ကောင်းစွာ ရွာသွန်းသောမိုးသည် စပါးသီးနှံများကို ပြည့်ဖြိုးစေသည်နှင့် တူ၏။

**သဗ္ဗေသံ သော ဟိတော ဟောတိ၊**
**သဒ္ဓမ္မေ သုပ္ပတိဋ္ဌိတော။**
**ဝိနေယျ မစ္ဆေရမလံ၊**
**သလောကံ ဘဇတေ သိဝံ။** (အင်္ဂုတ္တရပါဠိတော်၊ ၇၅)

သဒ္ဓမ္မေ-သူတော်ကောင်းတရား၌။ သုပ္ပတိဋ္ဌိတော-ကောင်းစွာတည်သော ထိုသူသည်။ သဗ္ဗေသံ-ခပ်သိမ်းသော သူတို့၏။ ဟိတော-အစီးအပွားသည်။ ဟောတိ-ဖြစ်၏။ မစ္ဆေရမလံ-ဝန်တိုခြင်း, အညစ်အကြေးကို။ ဝိနေယျ- ချေဖျက်၍။ လောကံ-လောကနှင့်တကွသော။ သိဝံ-နိဗ္ဗာန်သို့။ ဘဇတေ-ဆည်းကပ်ရသည်သာတည်း။

ဘုရား တရား သံဃာသို့ ဆည်းကပ်သူ၊ ပါဏာတိပါတစသည်မှ ကြဉ်ရှောင်သူသည် နတ်ပြည်အကျိုး၄ါ ဖြစ်၏။

---

## ၁။ ဆွမ်းအာလှူရှင်များ အကြောင်း သိကောင်းစရာ

### မောင်ပုဏ္ဏတို့ အိမ်ထောင်စု

ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဤဒေသနာတော်ကို ဥတ္တရဉပါသိကာ ဒါယိကာမကို အကြောင်းပြု၍ ဟောတော်မူသည်။

ရှေးအခါက ရာဇဂြိုဟ်ပြည်မှာ သုမနသူဌေးကို မှီနေသည့် မောင်ပုဏ္ဏတို့၏ ဇနီးမောင်နှံမှာ သမီးဥတ္တရာ တစ်ယောက်ရှိ၏။

တစ်နေ့သ၌ နက္ခတ်ပွဲသဘင် ကျင်းပမည် ကြွေးကြော်စဉ် နံနက်စောစော မောင်ပုဏ္ဏရောက်လာ၍ သုမနသူဌေးက သင်သည် အလုပ်မလုပ်ဘဲနှင့် နက္ခတ်ပွဲသဘင်မှာဆင်နွဲမည်လားဟု မေး၏။ မောင်ပုဏ္ဏက ပွဲလမ်းသဘင်ဟူသည် ချမ်းသာသောသူများအတွက်ပါ။ ကျွန်ုပ်ကဲ့သို့ ဆင်းရဲသားသူတို့အား မလျော်ပါ။ လယ်ထွန်သွားပါမည်ဟု ပြောပြီးသွား၏။

"ပျင်းရိသောသူသည် ကာမဂုဏ် ခံစားခြင်း၌ မကောင်း၊
"ကိုယ်နှုတ် မစောင့်စည်းသော ရဟန်းသည် မကောင်း၊
"မစူးစမ်း မဆင်ခြင်သော မင်းသည် မကောင်း၊
"အမျက်ထွက်တတ်သော ပညာရှိသည် မကောင်း။

**အလသော ဂိဟိ ကာမဘောဂီ န သာဓု။**
**အသညတော ပဗ္ဗဇိတော န သာဓု။**
**ရာဇာ န သာဓု အနိသမ္မကာရီ၊**
**ယော ပဏ္ဍိတော ကောဓနော တံ န သာဓု။**

(သောမနဿဇာတ်၊ ဝီသတိနိပါတ်ဇာတ်၊ ပါဠိတော်၊ ၃၃၆)

အလသော-အလုပ်ကို မလုပ်ချင်သော။ ကာမဘောဂီ-ကာမဂုဏ်ကို ခံစားလိုသော။ ဂိဟိ-မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်။ န သာဓု-မကောင်း။ အသညတော-ကိုယ်နှုတ်နှလုံး သုံးပါးကို မစောင့်စည်းသော။ ပဗ္ဗဇိတော-သာသနာ့ဝန်ထမ်း ရှင်ရဟန်းသည်။ န သာဓု-မကောင်း။ အနိသမ္မကာရီ-မစူးစမ်း မဆင်ခြင် ပြုလုပ်လိုသော။ ရာဇာ-တိုင်းပြည်အုပ်ချုပ် မင်းလုပ်သော သူသည်။ န သာဓု-မကောင်း။ ကောဓနော-အမျက်ထွက်တတ်သော။ ပဏ္ဍိတော-ပညာရှိသည်။ အတ္ထိ-ရှိ၏။ တံ-ထိုပညာရှိသည်။ န သာဓု-ပစ္စုပ္ပန် သံသရာအတွက် မကောင်းသည်သာတည်း။

ငှင်းနေ့မှာ ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စား၍ ထလာသော အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် ကြွလာတော်မူ၏။ မောင်ပုဏ္ဏတို့ လင်မယား ဒိဋ္ဌဓမ္မအကျိုး ရှိမည်ကိုလည်း မြင်တော်မူ၏။

မောင်ပုဏ္ဏသည် လယ်ထွန်ရာမှ အနီးအနားသို့ လာ၍ မျက်နှာသစ်ရေ, ဒန်ပူကို ကပ်လှူ၏။

အရှင်သာရိပုတ္တရာသည် မြို့ထဲသို့ ကြွလာတော်မူရာ မောင်ပုဏ္ဏ၏ဇနီးနှင့် တွေ့၏။ လင်အတွက် ချက်ယူလာသော ထမင်းကို လှူ၏။ ဤလောကအတွက် မချီးမြှောက်ပါနှင့်။ နောင်သံသရာ အတွက် ချီးမြှောက်ပါဟုလည်း ဆုတောင်း၏။

မယားသည် လင်အတွက် ထမင်းပြန်၍ ချက်ရသဖြင့် လင်သည် ထမင်းဆာလွန်းသောကြောင့် သစ်ပင်အောက်မှာ ထိုင်နေ၏။ မယားရောက်လာ၍ အရှင်သာရိပုတ္တရာကို လှူလိုက်ကြောင်း ပြောပြ၏။

လင်သည် မောပန်းလွန်းအားကြီး၍ မယားပေါင်ပေါ်မှာ တရေးအိပ်ပြီး နိုးလာရာ လယ်တစ်ကွင်းလုံး ထွန်တုံးထွန်ခဲများ ရဲရဲပြောင်ပြောင် ရွှေတုံးရွှေခဲများ ဖြစ်နေ၏။ ဒိဋ္ဌဓမ္မ အကျိုးပေး၏။

**မင်းထံ သွားခြင်း**

သူတို့လင်မယားသည် ရှင်ဘုရင်အား သွား၍ လျှောက်ကြ၏။ ရှင်ဘုရင်က မင်းအမတ်တို့အား သွား၍အယူခိုင်းရာ မြေတုံးမြေခဲ ဖြစ်နေ၏။ မောင်ပုဏ္ဏတို့ လင်မယားယူမှ ရွှေဖြစ်နေလေသည်။

မင်းသည် သူဌေးရာထူးကို ပေးသည်။ သူတို့သည် အိမ်ဆောက်ရန်အတွက် ရှင်းလင်းကြရာ ရွှေအိုးချင်း စပ်နေသည်ကို လည်း တွေ့ရ၏။

**သော တသ္မိံ ဌာနေ ကတိပါဟေနေဝ ဝတ္ထုံ သောဓေ-တွာ ယဋ္ဌေန ယဋံ နိဓိကုမ္ဘိံ ပဋိဟညိ။**

(ကင်္ခါသယမှူ၊ ဓမ္မပဒအဋ္ဌကထာပါဠ်၊ ၁၉၉)

သော-ထိုမောင်ပုဏ္ဏ သူဌေးသည်။ တသ္မိံ ဌာနေ-မြို့စွန်မြို့နား မြေနေရာများကို ရှင်းလင်းရာ၌။ ကတိပါဟေနေဝ-များများမကြာ တစ်ရက်နှစ်ရက်ဖြင့်သာလျှင်။ ဝတ္ထုံ-အိမ်ရာမြေကို။ သောဓေတွာ-သုတ်သင်ရှင်းလင်းသည်ရှိသော်။ ယဋ္ဌေန ယဋံ-အိုးချင်းမခြား။ နိဓိကုမ္ဘိံ-ရွှေအိုးကို။ ပဋိဟညိ-ထိစပ်နေသည်ကို တွေ့ရတော့သည်သာတည်း။

ထိုသူတို့သည် အိမ်သစ်တက်မင်္ဂလာ၊ ထိမ်းမြားဆောင်းမင်္ဂလာ တစ်ချိန်တစ်ခါတည်း ပြုလုပ်စဉ် ဘုရားအမှူးရှိသော သံဃာတော်များကို ဆွမ်းကျွေး၍ သမီးဥတ္တရာနှင့်တကွ ဘုရားရှင်၏ ဒါနကထာစသည်ကြောင့် သောတာပန် ဖြစ်ကြလေသည်။

**ဧဝံ ယဇိတွာ မေဓာဝီ၊ သဒ္ဓေါ မုတ္တေန စေတသာ။**
**အဗျာပဇ္ဈံ သုခံ လောကံ၊ ပဏ္ဍိတော ဥပပဇ္ဇတိ။**

(အင်္ဂုတ္တရပါဠိတော်၊ ၇၄)

ဧဝံ-ဤသို့။ သဒ္ဓေါ-ရတနာသုံးပါး၏ ဂုဏ်၊ ကံ၊ ကံ၏ အကြောင်းအကျိုးတို့ကို ယုံကြည်တတ်သော။ မေဓာဝီ-ပညာမျက်စိ အမြင်ရှိသောသူသည်။ မုတ္တေန-လွတ်လွတ်စွန့်ကြဲခြင်းရှိသော။ စေတသာ-အဖိုးအနဂ္ဃ ထိုက်တန်လှသည့်စိတ်ဖြင့်။ ယဇိတွာ-ပေးလှူဒါန်း၍။ အဗျာပဇ္ဈံ-ကြောင့်ကြခြင်းမရှိသော။ လောကံ-လူ့ဘုံလောက, နတ်ဗြဟ္မာလောကကို။ ပဏ္ဍိတော-ကျိုးကြောင်းမြင်သိ ပညာရှိသည်။ ဥပပဇ္ဇတိ-စင်ကြယ်သန့်ရှင်း အပြစ်ကင်း၍ ချမ်းသာစွာ ဖြစ်ရသည်သာတည်း။

## သမီးဥတ္တရာ

နောက်နှစ်ပေါင်း အတော်ကြာညောင်းသောအခါ သမီးဥတ္တရာကို ရာဇဂြိုဟ်သူဌေးသားနှင့် ထိမ်းမြားသည်။ ဥတ္တရာသည် မိစ္ဆာဒိဋ္ဌိအိမ်မှာ နေရသဖြင့် ကုသိုလ်မပြုရ၍ စိတ်ညစ်ကာ ဖခင်သို့ အကြောင်းကြား၏။

ဖခင်က ငွေပို့သဖြင့် ဥတ္တရာသည် သီရိမာပြည့်တန်ဆာမ အား တစ်နေ့ ငွေတစ်ထောင်ပေးကာ လင်အား အပ်ထားပြီး လွတ်ရာ ဌါတ်ရာ၌ ကုသိုလ်ပြု၏။ ဆွမ်းချက်ခြင်းစသည်ကြောင့် ညစ်ပေနေ

သည်ကို လင်က မြင်၍ ဤဥတ္တရာကား သူဌေးမသဏ္ဌာန် မနေလိုပါ တကားဟု ပြုံးရယ်၏။

သီရိမာသည် လင်ကို တခြားမှာ မိန်းမတစ်ယောက်ရှိနေသေးပါလားဟု ဥတ္တရာကို ရန်ငြိုး၍ ထောပတ်ပူပူဖြင့် လောင်း၍ သတ်မည်ဟု ယူလာ၏။

ဥတ္တရာသည် "ငါ့အပေါ်မှာ သီရိမာကား ကျေးဇူးကြီး၏။ စကြဝဠာတံတိုင်းကား ကျဉ်းချင် ကျဉ်းနေမည်။ ဗြဟ္မာပြည်ပင်လျှင် နိမ့်ချင်နိမ့်နေမည်။ ငါကား သူ့ကြောင့် ကုသိုလ်ပြုရ၏။ ငါသည် ဒေါသထွက်ငြားအံ့၊ ဤထောပတ်များ ပူလောင်ပါစေသတည်း။ ဒေါသမထွက်က အေးမြပါစေသတည်း"ဟု အာရုံပြုနေစဉ် ထောပတ်ပူသည် ရေခဲကဲ့သို့ အေးမြလေသည်။

နောက်ပါတို့ အပြန်အလှန် ရိုက်ပွဲဖြစ်ကြသည်။ နောက်မှ သီရိမာသည် အမြင်မှန်ရသည်။ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကျွေးကြ၍ ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏-

**အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။**
**ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။**

(ဓမ္မပဒ၊ ပါဠိတော်၊ ၄၆)

အက္ကောဓေန-အမျက်မထွက် မေတ္တာရေစက်ဖြင့်။ ကောဓံ-အမျက်ထွက်လာသည်ကို။ ဇိနေ-ဘေးရန်ဟူသမျှ အေးငြိမ်းပျောက်ကာ အောင်နိုင်ရာ၏။ အသာဓုံ-မကောင်းသောစိတ်ကို။ သာဓုနာ-ကောင်းမှုသဘော စိတ်မနောဖြင့်။ ဇိနေ-အသိတရား တကြွားကြွားဖြင့် ရှေ့သွားထားကာ အောင်နိုင်ရာ၏။ ကဒရိယံ-အမိုက်သဘော ကောက်ကျစ်သောသူကို။ ဒါနေန-ပြုလုပ်လှူဒါန်း ပေးကမ်းစွန့်ကြဲ

ခြင်းဖြင့်။ ဝိနေ-အောင်နိုင်ရာ၏။ အလိကဝါဒိနံ-ဝါသနာအလျောက် ဖောက်လွဲဖောက်ပြန် ပြောဆိုတတ်သောသူကို။ သစ္စေန-ကဌဝါဟန ထင်းခွေမကဲ့သို့ မှန်သောစကားဖြင့်။ ဝိနေ-သံသရာအတွက် အကျိုးထွက်စေရန် အောင်စေရာသတည်း။

---

## ကာကဝဋ္ဋိယ ဇနီးမောင်နှံ

**အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။**
**ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။**

(အဋ္ဌုပ္ပတ္တိရ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်၊ အဋ္ဌထကာ၊ ၂၂၉)

ဒါနံ-အလှူဒါန ဟူသမျှသည်။ အဒန္တဒမနံ-မယဉ်ကျေးသောသူတို့ကို ယဉ်ကျေးအောင် ဆုံးမတတ်ပါပေ၏။ ဒါနံ-အလှူဒါန ဟူသမျှသည်။ သဗ္ဗတ္ထသာဓကံ-အလုံးစုံသော လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်အကျိုးကို ပြည့်ဖြိုးစေတတ်၏။ ဒါနေန စ-အလှူပေးခြင်းကြောင့်လည်းကောင်း။ ပိယဝါစာယ စ-ချစ်ဖွယ်သော စကားကို ဆိုခြင်းကြောင့်လည်းကောင်း။ ဥန္နမန္တိ စ-မြင့်မောက်စေတတ်ကုန်၏။ နမန္တိ စ-သူတစ်ပါးများ မိမိအပေါ်ကို ညွတ်လည်း ညွတ်စေတတ်ကုန်သည်သာတည်း။

ရာဇဂြိုဟ်ပြည်မှာ အလွန်ဆင်းရဲသော ကာကဝဋ္ဋိယ ဇနီးမောင်နှံတို့ ရှိကုန်၏။

ဆင်းရဲ၊ ချမ်းသာ၊ ရုပ်ချော၊ မချောခြင်းစသည်သည် ဘုရားရှင်က သုဘပုဏ္ဏားအား ဟောတော်မူသည့်အတိုင်း အတိတ်ဘဝက ကုသိုလ်၊ အကုသိုလ်ကံ အကျိုးဖြစ်သည်။

သူတို့အား ချီးမြှောက်လို၍ နိရောဓသမာပတ်မှ ထလာသော အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် ဆန်ကွဲနှင့် ရော၍ ဟင်းရွက်ပြုတ်နေသည်ကို လာ၍ ဆွမ်းအလှူခံသည်။

"လူဒုက္ခိတ၊ မောင်ကာကတို့၊ ပျော်ကြသည့်ခန်းဝါ၊ အကာဆူးခက်၊ အင်ဖက်အမိုး၊ ကျူရိုးတိုင်ထူ၊ နေပူကျဲကျဲ၊ ဝက်သိုက်ထဲတွင်၊ အုတ်ခဲခေါင်းအုံး၊ အိုးတစ်လုံး ဖျာမရှိ၊ ဘုမ္မိကမ္ဗလာ၊ မြေမွေ့ရာနှင့်၊ ချူချာတော်မူလှသော ကာကဝဋ္ဋိယ မွဲပြာကျမောင်နှံ" ဟု ဦးပုည စပ်ဆိုခဲ့လေသည်။

သူတို့လင်မယားသည် စေတနာသဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် နည်းနည်းမှ ချန်မထားဘဲ လောင်းလှူလိုက်၏။

၎င်းဟင်းရွက်ပြုတ်ကို အရှင်မဟာကဿပ ကိုယ်တော်ကြီးသည် ဘုရားရှင်နှင့်တကွ ရဟန်းငါးရာတို့အား ဆက်ကပ်၍ ဘုဉ်းပေးကြရသည်။

ကာကဝဋ္ဋိယသည်လည်း ကျောင်းတော်ကို ရောက်လာ၍ နည်းနည်း အကြွင်းအကျန် စားရသေး၏။

အရှင်မဟာကဿပသည် ဘုရားရှင်အား သူတို့၏အလှူအကျိုးကို လျှောက်သည့်အခါ ၎င်းလင်မယားသည် ယခု ခုနစ်ရက်အတွင်း သူဌေးတို့ရအပ်သော ထီးဖြူကို ရလတ္တံ့ဟု မိန့်တော်မူ၏။

၎င်းစကားကို ကာကဝဋ္ဋိယသည် ကြား၍ အိမ်သို့ ပြေးလာကာ မယားအား ပြော၏။

ထိုအချိန်အခါ၌ မင်းသည် တိုင်းခန်းလှည့်လည်လာစဉ် သတ်ရန် ကားစင်မှာ တင်ထားသော လူတစ်ယောက်ကို တွေ့၏။

ထိုသူသည် မင်းကို မြင်၍ မင်း၏စားတော်ခွက်ကို လာပို့ပါ ဟု တအားအော်၏။

မင်းသည် နန်းတော်သို့ ရောက်၍ ငါ၏စားတော်ခွက်ကို ထိုသူအား ပို့မည်သူကို ငွေတစ်ထောင်ပေးမည်ဟု မောင်းခတ်သည်ကို ကာကဝဋ္ဋိယ၏ မယားသည် အာမဝဏ္ဏ ခံ၏။

သူမသည် ယောက်ျားသဏ္ဌာန်ဝတ်၍ သံလျက်အပါအဝင် မင်းမြောက်တန်ဆာ ငါးပါးကို ဆောင်ကာသွား၏။

လမ်းခရီး၌ ထန်းပင်ကြီးတစ်ပင်နေ ဒီဃတာလမည်သော ဘီလူးကြီးသည် သူ၏ထန်းပင်အောက်သို့ ရောက်လာသောသူတို့အား စား၏။

ဘီလူးကြီးက မေးရာ ငါကား မင်းခယောက်ျား ဖြစ်သည်။ သုသာန်မှာ ကားစင်တင်ထားသောသူအား မင်း၏စားတော်ခွက်ကို ပို့ရန် လာသည်ဟု ပြော၏။

ထိုအခါ ဒီဃတာလ ဘီလူးကြီးက သင့်အား ငါမစား တော့ပေ။ အကျိုးတစ်ခု ဆောင်ပေးပါ။ ဒီဃတာလ ဘီလူး၏မယား သုမနဘီလူးမင်းသမီးဖြစ်သော ကာဠီမည်သောသူမမှာ သားတစ် ယောက် ဖွားမြင်ကြောင်း သုမနနတ်ဘီလူးအား ပြောလိုက်ပါ။ ပြောသည့်အတွက် ဤထန်းပင်အောက်မှာရှိသော ရွှေအိုးခုနစ်လုံး တို့ကို ယူသွားပါဟု ပေးလိုက်သည်။

လမ်းခရီး၌ ကာကဝဋ္ဋိယ၏ဇနီးသည် ကာဠီမှာ သားတစ် ယောက်ဖွားမြင်ကြောင်း ကြွေးကြော်၍ သွားသည်ကို သုမန ဘီလူးသည် နတ်သဘင်မှ ကြား၍ ကျေးဇူးတင်ကာ သစ်ပင်ရိပ်မှာ ရှိသော ရွှေအိုးတို့ကိုလည်း ပေးလေသည်။

သူမသည် ကားစင်မှာ တင်ထားသောသူအား ထမင်းကို ကျွေးလေရာ လက်ဖြင့် ထိမိ၍ မိန်းမမှန်းသိသဖြင့် ကိလေသာ စိတ် ထွက်ကာ ဆံပင်ကို တအားကိုက်ထား၏။

ကိလေသာစိတ်ကား ကြီးကျယ်လှ၏။

တံငါတစ်ယောက် ဖမ်းမိသော ငါးတစ်ကောင်က ကျွန်ုပ်ကား သေရမှာ မကြောက်ပါ။ ကျန်ရစ်သော ငါးမသည် အခြားငါးနောက် လိုက်နေမည်ကို တွေး၍ စိတ်ဆင်းရဲပါ၏ဟု ပြောဖူး၏။

ပုစွန်လုံးကြီးတစ်ကောင်သည် ဆင်တစ်ကောင်ကို ကိုက်ထားထားရာ ဆင်က မ, သံပေးသဖြင့် ပုစွန်လုံးကြီးသည် တအားကိုက်ထားသည်ကို လျှော့၏။ ဆင်သည် လျှော့မှန်းသိ၍ ခြေထောက်ဖြင့် တအားနင်းရာ ပုစွန်လုံးကြီး သေလေသည်။

**ဝဓော ဗန္ဓော ပရိက္လေသော၊ ဇာနိ သောကပရိဒ္ဒဝေါ။**
**ကာမေသု အဓိပန္နာနံ၊ ဒိဿတေ ဗျသနံ ဗဟုံ။**

(ထေရီဂါထာပါဠိတော်၊ ၄၁၈)

ကာမေသု-ရူပသဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့၌။ အဓိပန္နာနံ-စိတ်ရောကိုယ်ပါ လိုက်ကုန်သောသူတို့အား။ ဗန္ဓော-လှည်းဘီးပမာ ထပ်ကာထပ်ကာ နှောင်ဖွဲ့တတ်ပါ၏။ ပရိက္လေသော-ကြီးကြီးကျယ်ကျယ် မီးလောင်သည့်အလား ရှိတတ်ပါပေ၏။ ဇာနိ-လောကီလောကုတ္တရာတရား ဆုံးရှုံးတတ်ပါ၏။ သောကပရိဒ္ဒဝေါ-စိုးရိမ်ပူဆွေးရှိတတ်ပေ၏။ ဗဟုံ-များစွာသော။ ဗျသနံ-ပျက်စီးဆုံးရှုံးခြင်းသည်။ ဒိဿတေ-အများမျက်မြင် အထင်အရှား ရှိသည်သာတည်း။

သူမသည် ဆံပင်ကို သံလျက်နှင့်ဖြတ်ကာ ပြန်လာ၍ ရှင်ဘုရင်အား ထင်ရှားအောင် လျှောက်၏။ နတ်ဘီလူးများ ရွှေအိုးများ ပေးလိုက်၍ ရလာကြောင်းကိုလည်း လျှောက်၏။

**ရာဇာ တဿာ ပတီ တဿိ နဂရေ ဓနသေဋ္ဌိ အကာသိ။**

(ဥပရိပဏ္ဏာသအဋ္ဌကထာပါဠိ၊ ၅)

ရာဇာ-မင်းသည်။ တဿာ-ထိုသူမ၏။ ပတိံ-လင်ယောကျ်ားကို။ တသ္မိံ နဂရေ-ထိုရာဇဂြိုဟ်မြို့၌။ မနုဿေသု-သူဌေးကြီး၏အဖြစ်ကို။ အကာသိ-ပြုပြီ။

---

## မစ္ဆရိယကောသိယသူဌေးကြီး

**မစ္ဆေရာ စ ပမာဒါ စ၊ ဧဝံ ဒါနံ န ဒီယတိ။**
**ပုညံ အာကင်္ခမာနေန၊ ဒေယျံ ဟောတိ ဝိဇာနတာ။**

(သဂါထာဝဂ္ဂ သံယုတ်ပါဠိတော်၊ ၁၇)

မစ္ဆေရာ စ-မပေးလှူလို ဝန်တိုခြင်းကြောင့်လည်းကောင်း။ ပမာဒါ စ-ကျော့ကျော့ကျော့ကျော့ တမော့မော့နှင့် မေ့လျော့ခြင်းကြောင့်လည်းကောင်း။ ဧဝံ-ဤသို့။ ဒါနံ-ရိက္ခာထုပ်ပမာ အလှူပေးခြင်းဒါနကို။ န ဒီယျတိ-ငါးဝအာရုံ ကာမဂုဏ်အရေးကြောင့် မပေးမလှူကြောအံ့။ ပုညံ-နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုတရားကို။ အာကင်္ခမာနေန-ဉာဏ်အမြင်ရှင်း ဝဋ်အတွင်းမှ လွတ်ကင်းခြင်းကို အလိုရှိသဖြင့်။ ဝိဇာနတာ-ပညာရှိသည်။ ဒေယျံ-သံသရာအရေး မျှော်ခေါ်တွေးလျက် ပေးလှူရာသတည်း။

ဂေါတမဘုရားရှင်လက်ထက်တော် ရာဇဂြိုဟ်ပြည်၏အနီး သက္ကာရမည်သော နိဂုံးတစ်ခုမှာ ကုဋေရှစ်ဆယ်ကြွယ်ဝသော မစ္ဆရိယကောသိယမည်သော သူဌေးကြီးတစ်ဦး ရှိ၏။ သူသည် မြက်ဖျားလောက် ဆီပေါက်၊ ရေပေါက်လောက်မျှ လှူဒါန်းပေးကမ်းလေ့မရှိ။ မိမိလည်း မစားရက် မသောက်ရက် နေ့ရက်သာ ကုန်ခဲ့၏။

ပုတ္တဒါရဿ သင်္ဂဟော၊ အနာကုလာ စ ကမ္မန္တာ- မင်္ဂလာ တရား ဝေးစွာ၏။

တစ်နေ့သ၌ ဘုရားရှင်သည် သူ၏ သောတာပန် ဖြစ် ကြောင်းကို မြင်တော်မူ၏။

၎င်းကောသိယသူဌေးသည် မင်းခစားရန် သွားရာလမ်း၌ မုန့်ကြော်၍ စားနေသော လူတစ်ယောက်ကို မြင်၍ အလွန် စားချင်၏။ ကုန်မှာလည်း ကြောက်၏။ မယားမှ စ၍ မပြောဝံ့။ တဖြည်း ဖြည်း ပိန်ချုံးလာ၏။

မယားက သင်သူဌေးသည်ကား ခါတိုင်းနှင့်မတူ။ ခန္ဓာကိုယ် ပိန်ချုံးလာ၏။ စိတ်ဆင်းရဲစရာ သဘောမကျစရာ အကြောင်းရှိက ပြောပါဟု အတန်တန် တောင်းပန်၍ မုန့်တစ်ခု ကြော်စားလို ကြောင်း သူများမကြားအောင် တိုးတိုးပြော၏။ သူများကြားက ပေးရမည်ကို ကြောက်၍ပေတည်း။

သူဌေးကတော်က ငါတို့သည် တစ်မြို့လုံးကို ကြော်၍ ပေး နိုင်သည်၊ ပေးမည်ဟု ပြောရာ ကုန်မှာကြောက်၍ သဘောမတူ။ စိတ်မကြည်ဖြူပေ။ သို့မဟုတ်ပါမူ တစ်ဆွေတစ်မျိုး ပေးမည်ဟု ပြော ရာ အလိုမရှိ။ သို့မဟုတ်ပါမူ တစ်အိမ်လုံးကို ပေးမည် ပြောရာလည်း သဘောမတူ။ သို့မဟုတ်ပါမူ ငါတို့ နှစ်ယောက်တည်း ကြော်စားမည် ဟု ပြောရာ သူဌေးမကိုပင် မပေးလို။

နောက်ဆုံး သူများမသိအောင် ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်ပေါ် တက်၍ မုန့်တစ်ခု ကြော်စားမည်ဟု ပြုလုပ်စီစဉ်၏။ ကုန်မှာ ကြောက်၍ မုန့်ကလည်း များများမကြော်၊ တစ်ခုတည်းသာ ဖြစ်၏။

* လောဘတဏှာကား ကြောက်စရာ ရန်သူထက် ဆိုးဝါး၏။

* **လောဘော အတ္ထံ န ဇာနာတိ**-အကြောင်းအကျိုး မသိ။

* **လောဘော ဓမ္မံ န ပဿတိ**-အကြောင်းဟုတ်သည် မဟုတ်သည်ကို မမြင်။

* **အန္ဓတမံ တဒါ ဟောတိ**- အမိုက်မှောင်ထက် ကြောက်စရာကောင်း၏။

* **ယံ လောဘော သဟတေ နရံ**-လောဘသည် သံသရာမှာ နှိပ်စက်၏။

* **အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ**-အဝိဇ္ဇာနှင့် တဏှာ ကား သံသရာရေသောက်မြစ်။

* လောဘကား မီးတစ်ဆယ့်တစ်ပါး အပါအဝင်။

* လောဘ ကွန်ရက် ဖုံးလွှမ်းထား၏။

* လောဘတဏှာသည် ကျားရဲခြသေ့်။

* လောဘစသည်ကြောင့် ကမ္ဘာပျက်ရသည်။

* လောဘစသည်ကြောင့် ကပ်သုံးပါး ဆိုက်ရသည်။

**ယေဘုယျေန ဟိ သတ္တာ တဏှာယ ပေတ္တိဝိသယံ ဥပ္ပဇ္ဇန္တိ။** (အင္ဂုတ္တရ အဋ္ဌကထာပါဠိ၊ ၁၇၂)

ဟိ-သစ္စံ-မှန်၏။ ယေဘုယျေန-များသောအားဖြင့်။ သတ္တာ-သတ္တဝါတို့သည်။ တဏှာယ-တဏှာလောဘကြောင့်။ ပေတ္တိဝိသယံ-ပြိတ္တာဘုံ၌။ ဥပ္ပဇ္ဇန္တိ-ဖြစ်ကုန်၏။

အာလုံးသောတရား အနိစ္စသဘောကို ဉာဏ်၌ မမြင်။

ဂင်္ဂါမာလဇာတ်၌ ရေသည်လင်မယားအား မင်းသည် ပွဲလမ်းသဘင် ကျင်းပနေစဉ် နေပူကျဲကျဲထဲမှာ ရေရောင်း၍ ရသော အသပြာနှစ်ပြားစီ တောင်တံတိုင်းမှာ တစ်ယောက်၊ မြောက်တံတိုင်းမှာ တစ်ယောက် ဝှက်ထားသည်။ ယူရန်သွားနေသည်ကို သနား၍

သွားမယူပါနှင့် တစ်ရာကျပ် ပေးမည်။ တစ်ထောင်ပေးမည်၊ တစ်သောင်းပေးမည်။ နောက်ပိတ်ဆုံး မင်းစည်းစိမ်ကို ပေးမည်ပြောလည်း မရပေး။ လောဘတဏှာကား သွား၍ ယူသည်သာတည်း။

**ကိံ ဓနေန ယံ ဒီယေထ၊ ကိံ ဘရိယာယ မရိယဿတိ။**
**ကိံ ယောဗ္ဗနေန ဇိဏ္ဏေန၊ ကိံ ဇရာယာဘိဘုယျတိ။**
(တေမိဇာတ် ပါဠိတော်၊ ၁၅၈)

ယံ-အကြင်ရွှေထီး ရွှေနန်းစသော စည်းစိမ်ကို။ ဓနေန-စိန်ရွှေရတနာ အဖြာဖြာနှင့်။ ကိံ ဒီယေထ- သေကွဲ ရှင်ကွဲ အဘယ်မှာ မကုန်နိုင်ဘဲ ရှိအံ့နည်း။ ဘရိယာယ-သား၊ မယားကြောင့်။ ကိံ ကရိဿတိ-အဘယ်မှာ မသေဘဲ ရှိအံ့နည်း။ ယောဗ္ဗနေန-ရင့်ရော်အိုမင်းသော။ ဇိဏ္ဏေန-ရုပ်တရား ဆွေးမြေ့ခြင်းကြောင့်။ ကိံ အဘိဘုယျတိ-အဘယ်မှာ မလွှမ်းမိုး မနှိပ်စက်ဘဲ ရှိအံ့နည်း။ ဇရာယ-အိမ်ဟောင်းပမာ အိုမင်းခြင်း အဖြာဖြာကြောင့်။ ကိံ အဘိဘုယျတိ-အဘယ်မှာ မလွှမ်းမိုး မနှိပ်စက်ဘဲ ရှိနိုင်ပါအံ့နည်း။

ဘုရားရှင်သည် တန်ခိုးအရာ ဧတဒဂ်ရသော အရှင်မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးအား ဤမှ လေးဆယ့်ငါး ယူဇနာဝေးသော သက္ကာရနိဂုံး နေသူများကို ဝန်တို၍ မုန့်ကြော်စားမည်ပြုနေသော မစ္ဆရိယကောသိယ သူဌေးကြီးအား ဆုံးမရန် လွှတ်လိုက်သည်။

## အရှင်မောဂ္ဂလ္လာန် သွားပြီး

အရှင်မောဂ္ဂလ္လာန်သည် သူဌေးကြီး၏ပြတင်းပေါက်နားမှာ သွား၍ ရပ်တော်မူရာ သူဌေးကြီးက ရဟန်း--- ကောင်းကင်မှ လာလာ၊ မြေလျှိုး၍ လာလာ မရပါဟု ပြောလိုက်၏။

နောက်ဆုံး အရှင်မောဂ္ဂလ္လာန်သည် အခိုးလွှတ်ရာ သူဌေးကြီး၏မျက်စိကို စူးဝင်၍ အိမ်ကို မီးလောင်မှာ ကြောက်သဖြင့် သူဌေးမအား မုန့်တစ်ခုပေးလိုက်ပါဟု ပြောပါ။

သူဌေးမသည် သေးငယ်သော မုန့်တစ်ခုကို ကြော်၍ ပေးရန် စိတ်ကူးနှင့်ကြော်ရာ မုန့်ကား ကြီးလာသည်။ သူဌေးကြီးက သေးသေးသာ ကြော်ပေးပါဟု ပြောရာ ကြီးကြီးကြော်ပေးရမလားဟု သူကိုယ်တိုင် ကြော်စဉ် ပို၍ကြီးလာသဖြင့် ဒုက္ခရောက်သောကြောင့် မုန့်တစ်ခုကို ပေးမည်ပြုရာ ခွာ၍ မရ။ ပင်ပန်းလှသဖြင့် စိတ်ပျက်ကာ မစားတော့ပါဟု တစ်တောင်းလုံးကို ပေးလှူလိုက်လေသည်။

အရှင်မောဂ္ဂလ္လာန်သည် တရားဟော၍ ကြည်ညိုလာသည်။ တန်ခိုးဖြင့် သူဌေးလင်မယားအား ဘုရားရှင်ထံသို့ ခေါ်သွားလေသည်။

သူဌေးလင်မယားတို့သည် ရဟန်းတော်တို့အား လှူရာ ကုန်သည် မရှိ၊ ပြည့်၍သာ နေ၏။

ဘုရားရှင်အား လျှောက်၍ ဘုရားရှင်က သွန်ပစ်ခိုင်းသဖြင့် သွန်ပစ်သော နေရာသည် ယခုတိုင် ထင်ရှားရှိ၏။

ဘုရားရှင်၏တရားတော်ကြောင့် သူတို့ သောတာပန်ဖြစ်ကြသည်။

လာဘမစ္ဆရိယစသည်ကြောင့် အပါယ်စသည် ရောက်တတ်သည်။ အဆင်းအရည် မလှခြင်း၊ ဆင်းရဲခြင်းစသည် ဖြစ်တတ်သည်။

**သူတို့၏ ရှေးအတိတ်**

ဘုရားရှင်သည် ရဟန်းတို့၏ အမေးကြောင့် အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါက ရာဇဂြိုဟ်ပြည်မှာ ဣလ္လိသသူဌေးသည် ကုဋေ ရှစ်ဆယ် ကြွယ်ဝသည်။ သဒ္ဓါတရား မရှိ။ မျက်စိစွေ၍ ခြေခွင်သည်။ သူများကို ပေးရာမှာ ကြောက်၍ အရက်တစ်ခွက်ကို တောမှာ ပုန်း၍ သောက်မည်ပြုစဉ် သူ၏ဖခင်သည် သိကြားမင်းဖြစ်နေ၍ ဖခင် သူဌေးပုံ ဖန်ဆင်း၍ လာပြီး တိုင်းပြည်ကို ကြေညာမောင်းခတ်လျက် လှူဒါန်းသည်။

အလှူခံ၍အပြန် လူတစ်ယောက်သည် နွားတစ်ရှဉ်းနှင့် သွားရာ သေသောက်ရာမှအပြန် ၎င်းလူကို တွေ့၍ မိမိ၏ဥစ္စာမှန်း သိသဖြင့် သင် ဘယ်မှ ရခဲ့သလဲဟု မေးရာ ဣလ္လိသသူဌေးအလှူမှ ရခဲ့သည်ဟု ပြော၏။

ဣလ္လိသသူဌေးသည် ငါ၏ဥစ္စာကို မင်းအား အားလုံး လှူ ပစ်သည်ဟု ထင်သည်။

ထိုနောက် မင်းအား သွား၍ မေးရာ ဇာတ်ကြောင်းပေါ်၏။ ဣလ္လိသသူဌေးသည် မေ့မြောသွား၏။ နောက် သိကြားမင်းသည် အလှူဒါနပြုရန် တရားဟော၍ သွားလေ၏။

**မစ္ဆေရာ စ ပမာဒါ စ၊ ဧဝံ ဒါနံ န ဒီယတိ။**
**ပုညံ အာကင်္ခမာနေန၊ ဒေယျံ ဟောတိ ဝိဇာနတာ။**

(ရှေးအတိုင်း အနက်ပေးလေ)

## ပဥ္စဂ္ဂဒါယကာ

**အာမောဒမာနော ပကိရေတိ၊**
**ဒေထ ဒေထာတိ ဘာသတိ။**
**တဉ္စ တဿ ဂဋ္ဌိတံ ဟောတိ၊**
**ဒေဝဿေဝ ပဝဿတော။**
**သာ ပုညာရော ဝိပုလာ၊**
**ဒါတာရံ အဘိဝဿတိ။**

(သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ ၁၀၀)

အာမောဒမာနော-သနားယိုဖိတ် မေတ္တာစိတ်ရှိလျက်။ ပကိရေတိ-ကိုယ်လျှင်ပြုကာ ပေးလှူပါ၏။ ဒေထ ဒေထာတိ-ပေးပါ မျှပါ စွန့်ချပါဟူ၍။ ဘာသတိ-သနားစဖွယ် စိတ်အားငယ်လျက် ပြောဆိုလာ၏။ တံဟိ- ထိုသို့ တောင်းခြင်းသည်သာလျှင်။ အဿ- စားရမဲ့, သောက်ရမဲ့, ချို့တဲ့သော ထိုသူအား။ ဂဋ္ဌိတံ-မိုးချုန်းသည့် အလား ကြိမ်းဝါးခြင်းမည်သည်။ ဟောတိ-ကုသိုလ်ပြုရန် သင့် အတွက် ပေါ်လာပြန်၏။ ပဝဿတော-ရွာသွန်းသော။ ဒေဝဿေဝ- မိုးကဲ့သို့သာလျှင်။ ဝိပုလာ-ပြန့်ပြောသော။ သာ ပုညာရော-ထိုမိုး အယဉ်သည်။ ဒါတာရံ-ပေးတတ်သော သူကို။ အဘိဝဿတိ-လူ, နတ်, နိဗ္ဗာန် သုံးတန်အကျိုး ရွာသွန်းဖြိုးသည်သာလျှင်တည်း။

ပဥ္စဂ္ဂမည်သော ထိုပုဏ္ဏားသည် လယ်ဦး၊ တလင်းဦး၊ နယ်ဦး၊ ထမင်းအိုးမှ ဆန်ဦး၊ ပန်းကန်ဦး ဆွမ်းကို ပေးလှူတတ်၏။ အလှူခံရောက်လာက မပေးလှူဘဲ မစားပေ။ ထို့ကြောင့် သူ့ကို **ပဥ္စဂ္ဂပုဏ္ဏား**ဟု ခေါ်ကြ၏။

အရှင်ကောဏ္ဍည အလောင်းတော်သည်လည်း အဖူးဦး၊ ကြိုးဆဲဦး၊ ကောက်ဦး၊ ရိတ်ဦး၊ စည်းဦး၊ အစုဦး၊ တလင်းဦး၊ နယ်ဦး၊ ကျီဦးဟူသော ကောက်ဦး ကိုးကြိမ်လှူဖူး၍ ဂေါတမဘုရားရှင်၏ ဓမ္မစကြာ တရားဦးကို နာရလျက် သောတာပန် ဖြစ်သည်။

ဘုရားရှင်သည် ပုဏ္ဏားလင်မယားတို့၏ ဖိုလ်သုံးဆင့်သို့ ရောက်မည်ကို မြင်၍ သူတို့၏ ထမင်းစားချိန်၌ ဆွမ်းသွားရပ်၏။ ပုဏ္ဏားကား အိမ်တွင်းဘက်သို့ ထိုင်ကာ ထမင်းစားနေ၍ ဘုရားရှင်ကို မမြင်လေ။

ပုဏ္ဏေးမသည် ဘုရားရှင် ပြန်ကြွရန် မျက်စိပစ်၍ ပြ၏။ သို့သော်လည်း ဘုရားရှင်ကာ မကြွပေ။ လင်အား ဘုရားရှင်ကို မမြင်ရန် လပြည့်ဝန်းကို လက်ဝါးဖြင့် ဖုံးကွယ်သကဲ့သို့လည်း ဖုံးကွယ်ထား၏။ ဘုရားရှင်သည် မကြွ၍ ပုဏ္ဏေးမသည် ရယ်၏။ ဘုရားရှင်သည် ရောက်ခြည်တော် လွှတ်၏။

ထိုအခါမှ ပုဏ္ဏား သိ၍ ပုဏ္ဏေးမအား အဘယ်ကြောင့် ဘုရားရှင် ကြွတော်မူလာသည်ကို မပြောသနည်းဟု အပြစ်တင်ပြီး ဘုရားရှင်အား အရှင်ဘုရား--- တပည့်တော်သည် အဦးငါးကြိမ် လှူတတ်သူပါ။ ယခုကား စားနေဆဲဖြစ်၍ တစ်ဝက်သာ ကျန်တော့၏။ အကြွင်းအကျန်ကို ဘုဉ်းပေးကောင်းပါသလားဟု လျှောက်၏။ ဘုရားရှင်က ငါကား သူတစ်ပါးပေးမှ အသက်ရှင်သော ပြိတ္တာနှင့် တူသည်ဖြစ်၍ ဘုဉ်းပေးသည်ဟု မိန့်တော်မူ၏။

မင်း၊ မင်းသားသည် သင်၏ စားကြွင်းကို အလိုမရှိဟု မပြောသည်နှင့် တူပေ၏ဟု ကြည်ညိုစွာ အရှင်ဘုရား, ဘိက္ခုဟူသည် အဘယ်နည်း ဟု လျှောက်၏။ ထိုအခါ ဘုရားရှင်က အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေသည်-

**သဗ္ဗသော နာမရူပသ္မိံ၊ ယဿ နတ္ထိ မမာယိတံ။**
**အသတာ စ န သောစတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။**

(ဓမ္မပဒပါဠိတော်၊ ၆၆)

သဗ္ဗသော-အချင်းခပ်သိမ်း။ နာမရူပသ္မိံ-နာမ်ရုပ်၌။ မမာယိတံ-ငါ့ဟာ, ငါ့ဉစ္စာဟု တဏှာ မာန ဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်းသည်။ နတ္ထိ-မရှိ။ အသတာ စ-မမြဲသည်ဖြစ်၍လည်း။ န သောစတိ-မစိုးရိမ်သသော ထိုသူကို။ ဝေ-စင်စစ်။ ဘိက္ခူတိ သာသနာ့ဝန်ထမ်းရဟန်းဟူ၍။ ဝုစ္စတိ-ဆိုအပ်သည်သာတည်း။

ဒေသနာတော်၏ အဆုံးအမ၌ ထိုပုဏ္ဏားလင်မယားတို့သည် အနာဂါမ်ဖြစ်ကြသည်။

သူတို့လင်မယားသည် ရှေးကဿပဘုရားရှင် လက်ထက်ကလည်း ရုပ်နာမ်တရားတို့ကို လေ့လာဖူးသည်။ ယခုဘဝမှာလည်း ဆွမ်းလှူခြင်း ပူဇော်ပြဿနာ မေး၍ အနာဂါမ်ဖြစ်ကြရသည်။
(အာမဟာဒမာနော ပက်ရေတိ စသော အစဂါထာကို ပါဠိအနက် ရွတ်ပြလေ)

---

## လူဆင်းရဲ မဟာဒုက်

ဘုရားရှင်သည် သာဝတ္ထိပြည်သို့ ကြွလာတော်မူစဉ် လူအပေါင်းသည် ငါးပါးသီလ စသည်ကို ဆောက်တည်ကြသည်။ အာဂန္တုကအလှူစသည် ပြုကြသည်။

ဘုရားရှင်သည် မိမိသာ လှူ၍ သူများအား မတိုက်တွန်းသူသည် ဖြစ်လေရာဘဝတို့၌ ဘောဂသမ္ပဒါခေါ် ချမ်းသာတရားနှင့်ပြည့်စုံသည်။ ပရိဝါရသမ္ပဒါခေါ် သားသမီးအခြွေအရံနှင့်ကားမပြည့်စုံပေ။

သူတစ်ပါးကိုသာ တိုက်တွန်း၍ မိမိမလှူသောသူသည် ပရိဝါရသမ္ပဒါကား ပြည့်စုံ၏။ ဘောဂသမ္ပဒါနှင့်ကား မပြည့်စုံပေ။'

မိမိလည်းပြု၊ သူတစ်ပါးကိုလည်း တိုက်တွန်းသော သူသည် နှစ်ပါးစုံနှင့် ပြည့်စုံသည်။ မိမိလည်းမပြု၊ သူတစ်ပါးကိုလည်း မတိုက်တွန်းသောသူသည် နှစ်ပါးစုံဖြင့် မပြည့်စုံပေဟု ဘုရားရှင် ဟောတော်မူ၏။

ဒါယကာများတို့သည် မဲစာရင်းပြုစဉ် မဟာဒုက်ကို " သံဃာ ဘယ်နှစ်ပါး ယူမလဲ "ဟု မေးကြရာ ကျွန်တော်က မနက်ကျိုစရာ ဆန်ကွဲပင် မရှိ၍ မယူနိုင်ကြောင်း ပြော၏။

သင်သည် ရှေးဘဝက ဒါနမရှိ၍ ဆင်းရဲသည်။ မရှိလို့ မလှူ, မလှူလို့ မရှိ၊ ဤမြို့မှာ သူဌေးများ ရှိပါ၏။ သင့်မှာ ဗလလည်း ရှိပါ၏။ စာရင်းငှါးလုပ်၍ ကျွေးနိုင်ပါသည်ဟု ပြောရာ သံဃာတစ်ပါး စာရင်းတင်စေ၏။ စာရင်းရေးသူက တစ်ပါးတည်းဖြစ်၍ အကြောင်း မထူး ဆိုပြီး စာရင်းမတင်ဘဲ နေ၏။ နောက် ပေး၏။

မဟာဒုက်သည် အိမ်ကို ရောက်၍ မယားအား ပြောပြီး စာရင်းငှါးလုပ်ရန် အိမ်မှ ထွက်ကြ၏။ သူတို့လင်မယားသည် သံဃာ တစ်ပါး ဆွမ်းကျွေးရန်အတွက် သူဌေးကြီးတစ်ဦးနှင့်တွေ့၍ ပြောရာ ဆန်ဖွတ် ထင်းခွဲ ခိုင်း၏။

သူဌေးကတော်သည် လုပ်ခ ဆန်လေးကွမ်းစား၊ အပို လေး ကွမ်းစား ပေးလိုက်၏။ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်စသည်လည်း ပေးလိုက်သေး၏။

မယားသည် ဟင်းလျာအတွက် ဈေးမှာ ဝယ်မရ၍ မြစ်နား မှာ သီချင်းဆိုကာ ဟင်းသီးဟင်းရွက် ခူးနေ၏။ လင်ကလည်း ဈေးမှာ ဝယ်မရဘဲ မိမိအတွက် သဲပုံမှာ မြှုပ်ထားသော တံငါသည် တစ် ယောက်ထံမှ ငါးကြင်းတစ်ကောင် ရလာသည်။

ဘုရားရှင်သည် မဟာဒုက်အား ချီးမြှောက်ရမည်ကို သိတော်မူ၏။

မဟာဒုက်၏ကိစ္စကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူပြင်းရကာ သိကြားမင်းသည် ပုဏ္ဏားအယောင်ဆောင်ကာ မဟာဒုက်ထံ လာ၍ ထမင်းဝင်ကာ ချက်၏။

မဟာဒုက်သည် သံဃာတစ်ပါး စာရင်းပေးထားသည်ကို သွား၍ တောင်းရာ စာရင်းရေးသူက သင့်အတွက် သတိမရ၍ မရေးမိဟု ပြော၏။

**မဟာဒုဂ္ဂတော တိခိဏာယ သတ္တိယာ ကုစ္ဆိယံ ပဟဋော ဝိယ သမ္ဗ ကဿာ မံ နာသေတိ။**

(ဓမ္မပဒ အဋ္ဌကထာပါဠိ၊ ဣစ္ဆာသယမူ၊ ၄၇၇)

မဟာဒုဂ္ဂတော-သူဆင်းရဲ မဟာဒုက်သည်။ တိခိဏာယ-ထက်လှစွာသော။ သတ္တိယာ-လှံမဖြင့်။ ကုစ္ဆိယံ-ဝမ်း၌။ ပဟဋော ဝိယ-ထိုးသကဲ့သို့။ သမ္ဗ-မိတ်ဆွေ။ ကဿာ-အဘယ်ကြောင့်။ မံ-ငါ့ကို။ နာသေတိ-ဖျက်ဆီးဘိသနည်းဟု ပြောကာ ငိုလေသည်သာတည်း။

စာရင်းရေးသူက သံဃာမရှိတော့ပေ။ ဘုရားသာ ကျန်တော့၏။ သွားပင့်ပါလားဟု လွှတ်လိုက်၍ သွားရာ ဘုရားရှင်၏ သပိတ်ကို ယူရန်စောင့်နေကြသော မင်း၊ သူဌေး၊ သူကြွယ်၊ အမတ်တို့က သူတောင်းစားထင်၍ ယခုအခါ ဘုရားရှင် ဆွမ်းစားချိန် မဟုတ်။ မလာနှင့်ဟု အော်ငေါက်လွှတ်ကြ၏။

မဟာဒုက်က ကျွန်တော်သည် ဘုရားရှင်အား ဖူးမြော်ရန် လာသည်။ ခွင့်ပြုပါ-ပြော၍ ခွင့်ပြုကြရာ ဘုရားရှင်အား တပည့်တော် ဤမြို့မှာ အဆင်းရဲဆုံးပါ။ တပည့်တော်အား ချီးမြှောက်ပါဟု လျှောက်လေလျှင် ဘုရားရှင်သည် မဟာဒုက်လက်ထဲသို့ သပိတ်ကို

ထည့်၏။ ဘုရားရှင် ထည့်သောကြောင့် ဘယ်သူမှ ယူ၍မရပေ။

သူဌေး၊ သူကြွယ်စသောသူတို့သည် ကြေးငွေပေး၍ ဝယ်ယူကြ၏။ မဟာဒုက်က ဘယ်လောက်ပေးပေး မရောင်းပေဟု ပြောလေ၏။

**မဟာဒုဂ္ဂတော န ကဿစိ ဒဿာမိ၊ န မေ ဓနေန အတ္ထော၊ သတ္ထာရံယေဝ ဘောဇေဿာမီတိ အာဟ။**

(ဓမ္မပဒ အဋ္ဌကထာပါဠိ၊ ဣစ္ဆာသယမူ၊ ၄၄၈)

မဟာဒုဂ္ဂတော-မဟာဒုက်သည်။ ကဿစိ-မင်းဖြစ်ဖြစ် သူဌေးဖြစ်ဖြစ် တစ်စုံတစ်ယောက်သောသူအား၊ န ဒဿာမိ-မပေး။ မေ-ငါ့အား။ ဓနေန-ဥစ္စာဖြင့်။ န အတ္ထော-အလိုမရှိ။ သတ္ထာရံယေဝ-ဘုရားရှင်အားသာလျှင်။ ဘောဇေဿာမိ-ဆွမ်းကျွေးပေအံ့။ ဣတိ-ဤသို့။ အာဟ-ပြောဆိုသည်သာတည်း။

မဟာဒုက်မှာ လှူစရာမရှိ။ သူလှူပြီးမှ နန်းတော်သို့ ပင့်၍ လှူမည်ဟု ရှင်ဘုရင်သည် ဘုရားရှင်နှင့်အတူ မဟာဒုက်အိမ်သို့ ပါလာ၏။ သိကြားမင်းသည် ပြင်ဆင်ထားရာ အိမ်နိမ့်သော်လည်း ဘုရားရှင်၏ တန်ခိုးတော်ကြောင့် အကြောင်းမထူး။ ငုံ့၍ ဝင်စရာ မလို။

မဟာဒုက်၏ဆွမ်းသည် တစ်မြို့လုံး မွှေးကြိုင်လေ၏။ ထိုအခါ ရှင်ဘုရင်က ဘုရားရှင်အား မဟာဒုက်လှူရန် တတ်နိုင်မည် မဟုတ်ဟု ယူဆခဲ့ပါ၏။ ယခုကား ဤဆွမ်းမျိုး တစ်ခါမှ မတွေ့ဖူးပါဟု ပြော၍ ပြန်သွားလေသည်။

မဟာဒုက်သည် ဆွမ်းကျွေးပြီး၍ ဘုရားရှင်ကို ကျောင်းတော်သို့ ပြန်ပို့လိုက်သည်။

ထိုခဏ သိကြားမင်းသည် ကောင်းကင်သို့ မျှော်ကြည့်သော် ရတနာမိုး ရွာသွန်းလေပြီ။

**တာဝဒေဝ အာကာသတော သတ္တရတနဝဿံ ဝဿိတွာ တဿ ဂေဟေ သဗ္ဗဘာဇနာနိ ပူရေတွာ သကလံ ဂေဟံ ပူရေသိ။**

(ဓမ္မပဒ အဋ္ဌကထာပါဠိ၊ ဣစ္ဆာသဃမ္မူ၊ ၄၄၉)

တာဝဒေဝ-ထိုခဏ၌သာလျှင်။ အာကာသတော-ကောင်းကင်မှ။ သတ္တရတနဝဿံ-ရတနာခုနစ်ပါးမိုးသည်။ ဝဿိတွာ-ရွာသွန်း၍။ တဿ-ထိုမဟာဒုက်၏။ ဂေဟေ-အိမ်၌။ သဗ္ဗ-ဘာဇနာနိ-အလုံးစုံသော ခွက်တို့ကို။ ပူရေတွာ-ပြည့်စေ၍။ သကလံ-အလုံးစုံသော။ ဂေဟံ-အိမ်ကို။ ပူရေသိ-ဆွမ်းကုသိုလ်အကြောင်းကြောင့်။ သိကြားမင်းက ရွာချစေ၍ ပြည့်စေသည်သာတည်း။

မဟာဒုက်မယားသည် အိမ်ပေါ်မှ ရတနာများ ပြည့်နေ၍ နေစရာ မရှိသောကြောင့် ကလေးကို လက်ဆွဲကာ အောက်မှာ ဆင်းနေရသည်။

မဟာဒုက် ရောက်လာ၍ ရတနာများ ပြည့်နေသည်ကို မြင်သောကြောင့် မင်းထံသွားကာ အကြောင်းကြားရသည်။ မင်းသည် သူဌေးရာထူးကို ပေးသည်။ အိမ်ဆောက်ရာ မြေကို ရှင်းလင်းစဉ် ဒွရွှေအိုးများရကာ ချမ်းသာစွာ သံဃာတော်တို့အား လှူဒါန်းလေသည်၊

---

## သာမဏေကျော် ရှင်ပဏ္ဍိတ

မဟာဒုက်သည် ထိုဘဝမှစုတေ၍ ကဿပဘုရားရှင်နှင့် ဂေါတမဘုရားရှင် ကြားကာလပတ်လုံး လူ့ပြည်နတ်ပြည်၌သာ ကျင်လည်ရ၍ ဂေါတမဘုရားရှင်လက်ထက် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီး၏အမျိုး သူဌေးသမီးဝမ်းမှာ ပဋိသန္ဓေနေလာ၏။

၄င်းအမျိုးသမီးသည် အရှင်သာရိပုတ္တရာစသော သံဃာတော်တို့အား ငါးကြင်းသားနှင့် ဆွမ်းကျွေး၍ သံဃာတော်တို့၏ စားကြွင်းကို စားလိုစိတ်ရှိကြောင်း မိဘတို့အား ပြောကြား၍ ထိုနည်းအတိုင်း စီစဉ်ကြ၏။ မဟာဒုက်ဘဝ၌ ငါးကြင်းသားနှင့် ဆွမ်းလှူဖူးသော ဝါသနာတည်း။

လူအများက ဤကလေးသည် အမိဝမ်းတွင်း၌ပင် ငါးကြင်းသားနှင့် ဆွမ်းလှူချင်သော စိတ်ရှိသည့် ပညာရှိသူဖြစ်၍ **ပဏ္ဍိတ** ခေါ်ကြ၏။

၄င်းကလေးသည် ခုနစ်နှစ်အရွယ် ရောက်လတ်သော် ရှင်ပြုလိုသဖြင့် အရှင်သာရိပုတ္တရာက ရှင်ပြုပေးသည်။ ကေသာ လောမာ နခါ ဒန္တာ တစော တည်းဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို ပေးသည်။

အရှင်သာရိပုတ္တရာသည် ရှင်ပဏ္ဍိတနှင့် ဆွမ်းခံကြွရာ ရေမြောင်းတစ်ခုကို တွေ့၍မေးရာ အရှင်သာရိပုတ္တရာက ရေမြောင်းခေါ်သည်ဟု မိန့်တော်မူ၏။ ၄င်းရေမြောင်းကို ဘယ်လို အသုံးချပါသလဲဟု မေးရာ ရေမြောင်းမှ ရေသွင်း၍ စပါးစိုက်ပျိုးရသည်ဟု မိန့်တော်မူရာ အသက်မရှိသော ရေမြောင်းသည်ပင် အသုံးချ၍ ရသည်။ အသက်ရှိသော ငါ၏ခန္ဓာကိုယ်ကား အဘယ်မှာ အသုံးချ၍ မရဘဲ ရှိပါအံ့နည်း၊ တရားအားထုတ်အံ့ဟု လျှောက်၏။

ထိုနောက် ဆက်လက်၍ သွားကြပြန်ရာ မြားဖြောင့်နေသော လူတစ်ယောက်ကို တွေ့၍ မေးမြန်း၏။ ဤသူကား ကောက်သော မြားကို ဖြောင့်နေသည်ဟု မိန့်တော်မူရာ အသက်မရှိသော မြားသည်ပင် ပြုပြင်၍ ရ၏။ အသက်ရှိသော လူ၏ ခန္ဓာကိုယ်ကား အဘယ်မှာလျှင် ပြုပြင်၍ မရဘဲ ရှိပါအံ့နည်း၊ တရားအားထုတ်အံ့ဟု လျှောက်၏။

ထို့နောက် ဆက်လက်၍ သွားကြပြန်ရာ သစ်ရွေသမား တစ်ယောက်ကို တွေ့၍မေး၏။ သစ်ရွေသမားဟု မိန့်တော်မူရာ အသက်မရှိသော သစ်ကိုပင်လျှင် ပြုပြင်၍ ရ၏။ အသက်ရှိသော လူ၏ခန္ဓာကိုယ်ကား အဘယ်မှာလျှင် ပြုပြင်၍ မရဘဲ ရှိအံ့နည်း၊ တရားအားထုတ်အံ့ဟု လျှောက်၏။

အရှင်သာရိပုတ္တရာအား တပည့်တော် ပြန်တော့မည်၊ တပည့်တော်အတွက် ငါးကြင်းသားနှင့် ဆွမ်းခံခဲ့ပါဟု လျှောက်ရာ ဘယ်က ရမလဲဟု မထေရ်က မေးတော်မူရာ တပည့်တော်ဘုန်းကံနှင့် ရမှာပဲဟု လျှောက်ခဲ့၏။

ပဏ္ဍိတသာမဏေသည် အခန်းထဲမှာ ခန္ဓာကိုယ်၌ ဉာဏ်ကို သက်ဝင်၍ ကိုယ်ကို သုံးသပ်ပြီး၊ တရားအားထုတ်နေစဉ် သိကြားမင်း၊ နတ်မင်းကြီးလေးယောက်၊ လနတ်သား၊ နေနတ်သားများ လာ၍ စောင့်ရှောက်ကြ၏။ နေ့လယ် ဆွမ်းမစားခင် အနာဂါမိဖိုလ်ကို ရလေသည်။

ဘုရားရှင်ကား ပဏ္ဍိတသာမဏေသည် နေ့လယ် ဆွမ်းမစားခင် ရဟန္တာဖြစ်အံ့သည်ကို မြင်၍ အရှင်သာရိပုတ္တရာ ကြွလာက ဓမ္မန္တရာယ် ဖြစ်မှာစိုးသဖြင့် တိုက်ခန်းဝက စောင့်ကာ အရှင်သာရိပုတ္တရာအား ပုစ္ဆာလေးရပ် မေးလေသည်။

မေး - ဘုရားရှင်။ ။ ဘာများ ရခဲ့သလဲ။

ဖြေ - အရှင်သာရိပုတ္တရာ။ ။ အာဟာရ ရခဲ့ပါသည်။

မေး - ဘုရားရှင်။ ။ အာဟာရသည် အဘယ်ကို ဆောင်သနည်း။

ဖြေ - အရှင်သာရိပုတ္တရာ။ ။ ဝေဒနာကို ဆောင်ပါသည်။

မေး - ဘုရားရှင်။ ။ ဝေဒနာသည် အဘယ်ကို ဆောင်သနည်း။

ဖြေ - အရှင်သာရိပုတ္တရာ။ ။ ရုပ်ကို ဆောင်ပါသည်။

မေး - ဘုရားရှင်။ ။ ရုပ်သည် အဘယ်ကို ဆောင်သနည်း။

ဖြေ - အရှင်သာရိပုတ္တရာ။ ။ ဖဿကို ဆောင်ပါသည်။

ဤအမေးအဖြေကို ရှင်ပဏ္ဍိတ ကြား၍ ပဋိသမ္ဘိဒါလေးပါးနှင့် တကွ ရဟန္တာဖြစ်လေပြီ။

ရှင်ပဏ္ဍိတသည် ဒါယကာများ လှူလိုက်သော ငါးကြင်းသားဟင်းနှင့် ဆွမ်းဘုဉ်းပေးလေသည်။ ထိုရှင်ပဏ္ဍိတကား ခုနစ်ရက်သာ ရှင်ပြု၍ ရှစ်ရက်မြောက်၌ လန်းဆန်းသော ပဒုမ္မာကြာပန်းပမာ အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။

ထိုအခါ နေနတ်သား၊ လနတ်သားတို့သည် ဆောင်ယူလာသော လ, နေတို့ကို လွှတ်လိုက်လေပြီ။ သိကြားမင်းတို့လည်း ပြန်ကြ၏။

ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေပြီ။

**ဥဒကဥ္စိနယန္တိ နေတ္တိကာ၊ ဥသုကာရာ ဒမယန္တိ တေဇနံ။**
**ဒါရုံ ဒမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ။**

(ဓမ္မပဒပါဠိတော်၊ ၂၅)

ဟိ-သစ္စ-မှန်၏။ နေတ္တိကာ-လယ်သမားတို့သည်။ ဥဒကံ-ရေကို။ နယန္တိ-ဆောင်ကုန်၏။ ဥသုကာရာ-မြားသမားတို့သည်။ တေဇနံ-ကောက်သောမြားကို။ ဒမယန္တိ-ဆုံးမကုန်၏။ တစ္ဆကာ-သစ်ရွေသမားတို့သည်။ ဒါရုံ-သစ်ကို။ ဒမယန္တိ-ဆုံးမကုန်၏။

ပဏ္ဍိတာ-ပညာရှိတို့သည်။ အတ္တာနံ-မိမိကိုယ်ကို။ ဒမယန္တိ-ဆုံးမကုန်သည်သာတည်း။

## သုခသာမဏော

ရှေးအခါက ဗာရာဏသီပြည်မှာ ဂန္ဓမည်သော သူဌေးတစ်ယောက် ရှိ၏။ သူ့ကို မင်းက သူဌေးရာထူး ပေးထား၏။

တစ်နေ့သ၌ ဘဏ္ဍာစိုးသည် ၎င်းသူဌေးအား မိဘဘိုးဘွားစသည်တို့မှ ဆင်းသက်လာသော ဥစ္စာတို့ကို ထုတ်၍ပြ၏။ ဘဏ္ဍာစိုးက ဥစ္စာများကို ဘယ်သူမှ ယူဆောင်သွားနိုင်သည့် ထုံးစံမရှိ။ ကုသိုလ် အကုသိုလ်သည်သာ နောက်ပါတတ်၏ဟု ပြော၏။

ထိုသူဌေးသည် ၎င်းဥစ္စာများကို ယူသွားအံ့ဟု အဖိုးများစွာထိုက်သော ပလ္လင်ခုံ မဏ္ဍပ်ထိုးကာ ကောင်းစွာ စီမံထားသော ထမင်းတို့ကို စားအံ့သောနေ့၌ လာချင်သူ လာကြည့်နိုင်သည်ဟု မောင်းခတ် ကြော်ညာ၏။

လူများတို့အထဲ ထင်းရောင်းသမား တောသားတစ်ယောက်လည်း ရောက်လာ၏။ ထိုတောသားသည် ထိုထမင်းကို စားချင်လွန်းအားကြီး၍ အဘယ်နည်းနှင့်မျှ မတတ်နိုင်သဖြင့် နောက်ပိတ်ဆုံးသူဌေးအား ပြောကြား၏။

သူဌေးက သုံးနှစ်ကျွန်ခံလျှင် တစ်သိန်းတန် စားတော်ခွက်နှင့်စားရမည်ဟု ပြော၍ သုံးနှစ်ကျွန်ခံပြီး စားမည်ပြုနေ၏။

ထိုခဏ၌ ဟိမဝန္တာမှ ပစ္စေကဗုဒ္ဓါ တစ်ပါးသည် နိရောဓ သမာပတ်မှ ထလာ၍ ဆွမ်းလာရပ်၏။

ထိုကျွန်သည် ငါကား ဤတစ်သိန်းတန်ထမင်းကို တစ်ထပ် စားရက တစ်ရက်သာခံမည်။ ငါသည် ရှေးဘဝမှ မလှူခဲ့၍ ဤကဲ့သို့ ဆင်းရဲရသည်။ သုံးနှစ်ကျွန်ခံရသည်။ ဤတစ်ထပ်စာကို လှူလိုက်က ဘဝပေါင်းများစွာ အကျိုးရှိမည်ဟု သဒ္ဓါပေါက်ကာ လှူလိုက်၏။

ထိုအကြောင်းကို ဂန္ဓသူဌေးအား သွား၍ပြောရာ ဤကျွန်ကား တတ်နိုင်၏။ ငါကား မတတ်နိုင်ဟု စည်းစိမ်အားလုံးကို တစ်ဝက် ခွဲပေး၏။ ရှင်ဘုရင်ကလည်း သူဌေးရာထူးကို ပေးလေသည်။

ဤကျွန်သူဌေးသည် ဂေါတမဘုရားရှင်လက်ထက်၌ အရှင် သာရိပုတ္တရာ၏ အလုပ်အကျွေးအမျိုးမှာ ဖြစ်သည်။

မိခင်က အရှင်သာရိပုတ္တရာအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကျွေးလို၏။ သင်္ကန်းရောင်ပုဆိုးကို ဝတ်လို၏။ ရွှေခွက်၌ ရဟန်းတို့၏စားကြွင်းကို စားလိုခြင်း ချင်ခြင်းဖြစ်၏။ ၎င်းအတိုင်း ပြုလုပ်၏။

ကလေးကို ကိုယ်ဝန်ဆောင်ရ၍ ဒုက္ခမရှိသဖြင့် သုခသတို့သား ဟု နာမည်ပေးကြ၏။ နောက် ရှင်ပြုပေး၏။ သုခသာမဏေတွင်၏။

ရှင်ပဏ္ဍိတကဲ့သို့ ရှစ်ရက်မြောက်၌ အရှင်သာရိပုတ္တရာနှင့်အတူ ဆွမ်းခံဝင်၏။ ရေမြောင်းစသည်ကြောင့် တရားထူးကို ရ၏။

(ပဏ္ဍိတသာမဏေကား ငါးကြင်းသားဆွမ်းဟင်း မှာသည်။ သုခသာမဏေကား သတရသဘောဇဉ်ခေါ် ထူးသောအရသာရှိသော ဆွမ်းကို မှာ၏။ ဤမျှသာ ထူး၏)

**ဥဒကဥ္စ နယန္တိ နေတ္တိကာ၊ ဥသုကာရာ ဒမယန္တိ တေဇနံ။**
**ဒါရုံ ဒမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။**

(ဓမ္မပဒပါဠိတော်၊ ဒဏ္ဍဝဂ်၊ ၃၅)

သုဗ္ဗတာ- ကောင်းသော အကျင့်ရှိကုန်သော သူတို့သည်။ အနက်ပေး ဤမျှသာ ထူး၏)

---

## အက်ုံရနတ်သားနှင့် ဣန္ဒကနတ်သား

**ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။**
**ဝိစေယျ ဒါနံ ဒတွာန၊ သဂ္ဂံ ဂစ္ဆန္တိ ဒါယကာ။**

(ပေတဝတ္ထုပါဠိတော်၊ ၁၆၁)

ဒါနံ-လှူကြဒါန်းကြ မြတ်ဒါနကို။ ဝိစေယျ-သာသနာတွင်းပ အလှူဝတ္ထု အလှူခံပုဂ္ဂိုလ်တို့၌ ရွေးချယ်၍။ ဒါတဗ္ဗံ-ပေးလှူအပ်၏။ ယတ္ထ-အကြင်အလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ-ပေးလှူခြင်းသည်။ မဟပ္ဖလံ-များသောကျေးဇူးရှိ၏။ ဝိစေယျ-ရွေးချယ်စိစစ်၍၊ ဒါနံ-ပေးလှူခြင်းကို။ ဒတွာန-ပေးလှူရ၍။ ဒါယကာ-အလှူပေးပုဂ္ဂိုလ်တို့သည်။ သဂ္ဂံ-နတ်ပြည်သို့။ ဂစ္ဆန္တိ-ကုသိုလ်ကံကြောင့် ကေန်သွားကြရကုန်သည်သာတည်း။

ရှေးအခါက ဥတ္တရာပထတိုင်း အသိတဥ္စနမြို့မှာ မဟာကံသ မင်း၏သမီး မိဖုရားတစ်ယောက်မှာ အဥ္စနဒေဝီ, ဝါသုဒေဝ, ဗလ ဒေဝ, စန္ဒဒေဝ, သူရိယဒေဝ, အဂ္ဂိဒေဝ, ဝရုဏဒေဝ, အဇ္ဇုန, ပဇ္ဇုန၊

ယင္ရပဏ္ဍိတ, အက်ုရ တည်းဟူသော မင်းသားညီနောင် တစ်ကျိပ်၊ မင်းသမီးတစ်ယောက် အပါအဝင် တစ်ကျိပ်တစ်ယောက် မွေးဖွား၏။

ဝါသုဒေဝမင်း စသည်တို့သည် အသိတဥ္စနမြို့ အပါအဝင် ဒွါရဝတီမြို့ထိအောင် အုပ်စိုးကာ ခွဲဝေနေကြ၏။ အက်ုရမင်းသား အဖို့ကို နှမအဥ္စနဒေဝီအား ပေးခဲ့၍ ကုန်ရောင်းကုန်ဝယ် ထွက်၏။

အက်ုရမင်းသား ကျွန်၏သားတစ်ယောက်သည် ရောရုဝမြို့မှာ အပ်ချုပ်သမားဘဝနှင့် အသက်မွေး၏။ သူသည် ၎င်းမြို့မှာ အသယှ သူဌေး အလှူပြုစဥ် အလှူခံတို့အား စိတ်ကောင်း စေဟနာကောင်း ဖြင့် သူဌေးအိမ်ကို လက်ညှိုးညွှန်ပြဖူး၍ သေပြီး ရုက္ခစိုးဖြစ်ကာ လက်ညှိုးမှ အလိုရှိသော အရာဝတ္ထုကို ထုတ်ပေးနိုင်၏။

အလှူခံတို့အား စိတ်ကောင်း စေတနာကောင်း မထားဘဲ သူဌေး အိမ်ကို လက်ညှိုးညွှန်ပြသော လူတစ်ယောက်သည် မျက်စိက စောင်း, လက်ကခွေ စသည်ဖြင့် ပြိတ္တာဖြစ်လေသည်။

အသယှသူဌေးသည် သေ၍ သိကြားမင်း၏ မိတ်ဆွေဖြစ်၏။

အက်ုရမင်းသားသည် လှည်းပေါင်းတစ်ထောင်ဖြင့် ကုန်ရောင်း သွားရာ လမ်း၌ အစာရေစာ ပြတ်၏။

အက်ုရမင်းသားတို့အား ၎င်းရုက္ခစိုးသည် အစာရေစာစသည် ပေး၏။ နောက်ခေါင်းဆောင် လှည်းကုန်သည်တစ်ယောက်က ဤရုက္ခစိုးကို အိမ်ကို ခေါ်သွားပါမူ မလုပ်မကိုင် စားရမည်ဖြစ်၍ ခေါ်ယူရန် ပြော၏။ အက်ုရမင်းသားက အရိပ်နေနေ အခက်ချိုးချိုး မလုပ်သင့်ကြောင်းကို ပြောပြ၏။

**ယော ပုဗ္ဗေ ကတကလျာဏော၊ ပစ္ဆာ ပါပေန ဟီသတိ။**
**အလ္လပါဏိဟတော ပေါသော၊ န သော ဘဒြာနိ ပဿတိ။**

(ပေတဝတ္ထုပါဠိတော်၊ ၁၅၅)

ယော-အကြင်သူသည်။ ပုဗ္ဗေ-ရှေးဘဝ၌။ ကတကလျာဏော-ပြုအပ်ပြီးသော ကောင်းမှုရှိ၏။ ပစ္ဆာ-နောက်မှ။ ပါပေန-မကောင်းမှုကြောင့်။ ဟီသတိ-ညှဉ်းဆဲ၏။ အလ္လပါဏိဟတော-စိုစွတ်သော လက်ဖြင့် ပုတ်ခတ်သော။ ပေါသော-သတ္တဝါသည်။ ဘဒြာနိ-ကောင်းသော အာရုံတို့ကို။ န ပဿတိ-မမြင်ရသည်သာတည်း။

နောက် အကုံရမင်းသားသည် မေး၍ သူ့အကြောင်းအကျိုးကို ပြောပြသည်။

**တေန ပါဏိ ကာမဒဒေါ။ တေန ပါဏိ မဓုဿဝေါ၊**
**တေန မေ ဗြဟ္မစရိယေန၊ ပုညံ ပါဏိမှိ ဣဇ္ဈတိ။**

(ပေတဝတ္ထုပါဠိတော်၊ ၁၅၆)

တေန-ထိုအပ်ချုပ်သမားဖြစ်စဉ် အသယှသူဌေး အလှူပေးရာ၌ စိတ်ကောင်း၊ စေတနာကောင်းဖြင့် လက်ညှိုးညွှန်ပြဖူးသော ကောင်းမှုကြောင့်။ ပါဏိ-လက်ညှိုးသည် ။ ကာမဒဒေါ-အလိုရှိတိုင်း ပေးစွမ်းနိုင်၏။ တေန-ထိုကောင်းမှုကြောင့်။ ပါဏိ-လက်သည်။ မဓုဿဝေါ-အချိုအချဉ်စသည်ကို ပေးတတ်၏။ မေ-ငါ့အား။ တေန ဗြဟ္မစရိယေန-ထိုမြတ်သော ကောင်းမှုကြောင့်။ ပုညံ-ကုသိုလ်၏ အကျိုးသည်။ ပါဏိမှိ-လက်ညှိုး၌။ ဣဇ္ဈတိ-ပြည့်စုံသည်သာတည်း။

အကုံရမင်းသားတို့ ပြန်လာရာ မျက်စိစောင်း၊ လက်ကောက်သော ပြိတ္တာကို တွေ့၍ မေးကြလေသည်။

**တေန မေ အင်္ဂုလိ ကုဏာ၊ မုခဉ္စ ကုဏာလိ ကတံ။**
**အင်္ဂီနိ မေ ပဋ္ဌရန္တိ၊ တံ ပါပံ ပကတံ မယာ။**

(ပေတဝတ္ထုပါဠိတော်၊ ၁၅၇)

တေန-ထိုအသယှသူဌေး အလှူပေးသောအခါ၌ စိတ်ကောင်းမရှိ လက်ညှိုးညွှန်ပြဖူးသော ကောင်းမှုကြောင့်။ မေ-ငါ၏။ အင်္ဂုလိ-လက်ချောင်းတို့သည်။ ကုဏာ-ကွေ့ကောက်ပါကုန်၏။ မုခဉ္စ-ပါးစပ်သည်လည်း။ ကုဏာလိ-လိမ်ဖယ်ရွှေ့စောင်းခြင်းကို။ ကတံ-ပြုအပ်ပြီ။ မေ-ငါ့အား။ အင်္ဂီနိ-မျက်စိတို့သည်။ ပဋ္ဌရန္တိ-ယိုစီးကုန်၏။ တံ ပါပံ-ထိုမကောင်းမှုကို။ မယာ-ငါသည်။ ကတံ-ပြုဖူးသည်သာတည်း။

တိုင်းပြည်သို့ ရောက်၍ အင်္ဂုရမင်းသားသည်---

ထမင်းချက်သူ သုံးထောင်၊ ထင်းခွဲသူယောကျ်ား ခြောက်သောင်း၊ ယောက်မကိုင်မိန်းမ တစ်သောင်း ခြောက်ထောင်၊ ငရုတ်ကြက်သွန်လှီးမိန်းမ တစ်သောင်း ခြောက်ထောင်၊ ဝေယျာဝစ္စပြုလုပ်သူ မရေတွက်နိုင်၊ မလှူသော အရာဝတ္ထု မရှိ။

တစ်တိုင်း တစ်ပြည်လုံး မီးခိုးတိတ်ကာ သူ့အလှူမှာ လာ၍စားရသည်။

အင်္ဂုရမင်းသားသည် သေ၍ တာဝတိံသာမှာ ဖြစ်လေသည်။ သာသနာပ ကုသိုလ်တည်း။

ဣန္ဒကသတို့သားသည် သာသနာတွင်း အရှင်အနုရုဒ္ဓါအား တစ်ယောက်ချို တစ်ဇွန်းလောက် ဆွမ်းလှူဖူး၍ တာဝတိံသာမှာ ဖြစ်ကာ အင်္ဂုရနတ်သားထက် ဘုန်းတန်ခိုး ကြီးသည်။

ဘုရားရှင်သည် ခုနစ်ဝါမြောက် မယ်တော်မိနတ်သားအား အဘိဓမ္မာတရားကို တာဝတိံသာသို့ ကြွတော်မူ၍ ဟောတော်မူ၏။ ဘုရားရှင် တရားဟောတော်မူစဉ် ဣန္ဒကနတ်သားသည် ဘုရားရှင်၏

အနားမှာ ထိုင်နေ၍ အရဲ့ရနတ်သားသည် တဆယ့်နှစ်ယူဇနာ အဝေးမှာ ထိုင်နေသဖြင့် မေးတော်မူရာ သာသနာတွင်းမှာ လျှုဖူး၍ ဘန်ခိုးကြီးခြင်း စသည်ကို လျှောက်လေသည်။

ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေ၏-

**ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပမ္ပိ ရောပိတံ။**
**သမ္မာဓာရံ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။**

(ပေတဝတ္ထုပါဠိတော်၊ ၁၆၀)

ယထာပိ-ဥပမာမည်သည်ကား။ ဘဒ္ဒကေ-ကောင်းသော။ ခေတ္တေ-လယ်၌။ အပ္ပမ္ပိ-အနည်းငယ်မျှလည်းဖြစ်သော။ ဗီဇံ-မျိုးစေ့ကို။ ရောပိတံ-စိုက်ပျိုးအပ်၏။ သမ္မာဓာရံ-ကောင်းသော မိုးရေ မိုးပေါက်ကို။ ပဝေစ္ဆန္တေ-ကောင်းစွာ ပြုလုပ်သည်ရှိသော်။ ဖလံ-အသီးသည်။ ကဿကံ-လယ်ထွန်သော ယောကျ်ားကို။ တောသေတိ-နှစ်သက်စေသည်သာတည်း။

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့ သောတာပန်စသည် ဖြစ်ကြသည်။ ။

---

## ဘုရားလောင်း သူဆင်းရဲ

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် မလ္လိကာ မိဖုရားသည် ပန်းသည်၏သမီးအကြီး ဖြစ်သည်။ ဘုန်းရှိသည်၊ ရုပ်အဆင်းအင်္ဂါနှင့် ပြည့်စုံသည်။ တစ်ဆယ့်ခြောက်နှစ်အရွယ် အဖော်

များနှင့် ဥယျာဉ်သို့ သွားသည်။ ဘုရားအမှူးရှိသော သံဃာတော်များကို မြို့ထဲသို့ ပြန်ကြွကြစဉ် ပေါက်ပေါက်ဆုပ်သုံးခုကို လှူဒါန်းသည်။ ဘုရားရှင်သည် နတ်မင်းကြီးလေးယောက် ပေးလှူအပ်သော သပိတ်ဖြင့် ခံယူသည်။ သူငယ်မသည် ရှိခိုး၍ ထိုင်နေကာ ပီတိဖြစ်သည်။ ဘုရားရှင်သည် သူငယ်မကို မြင်၍ ပြုံးတော်မူသည်ကို အရှင်အာနန္ဒာက လျှောက်ထား၍ ဤသူငယ်မသည် ဤပေါက်ပေါက်ဆုပ်လှူရသော ကောင်းမှုကြောင့် ယနေ့ပင်လျှင် ကောသလမင်း၏ အဂ္ဂမဟေသီ ဖြစ်လတ္တံ့ဟု မိန့်တော်မူ၏။

ကောသလမင်းသည် စစ်ရှုံး၍ မြင်းစီးကာ ပြေးလာစဉ် သူငယ်မ၏ သီချင်းသံကို ကြား၍ ခေါ်ယူကာ အဂ္ဂမဟေသီ မိဖုရားကြီးမြှောက်သည်။ မိဖုရားသည် မင်း၏ချစ်မြတ်နိုးခြင်းကို ခံရသည်။ လင်၏ရှေးဦးစွာ ထခြင်းစသော မယားကျင့်ဝတ် ပြည့်စုံသည်။ ဘုရားရှင်တို့အားလည်း အကျွမ်းဝင်သည်။ သူမ၏ ပေါက်ပေါက်ဆုပ်သုံးခု လှူရသော ကောင်းမှုကြောင့် တစ်မြို့လုံး ကောင်းသောသတင်း ပျံ့နှံ့သည်။

ထိုအခါ၌ ရဟန်းတို့သည် မလ္လိကာမိဖုရားသည် ဘုရားရှင်အား ပေါက်ပေါက်ဆုပ်သုံးခု လှူဒါန်းရ၍ ချက်ချင်းမိဖုရားကြီးဖြစ်သည်။ ဘုရားရှင်၏ဂုဏ်တော်ကား ကြီးကျယ်လှ၏ဟု ပြောဆိုနေကြသည်ဟု ဘုရားရှင် ရောက်လာခိုက် မေးတော်မူ၍ လျှောက်ကြသည်။ ရှေးအခါကလည်း ပညာရှိတို့သည် ပစ္စေကဗုဒ္ဓါတို့အား ဆားမရှိသော ပေါက်ပေါက်ဆုပ်ကို ပေးလှူဖူး၍ သုံးယူဇနာရှိသော ကာသိတိုင်း၌ နောက်ဘဝဝယ် မင်းစည်းစိမ်ကို ခံစားရကြောင်း- အောက်ပါဒေသနာတော်ကို ဟောတော်မူလေသည်-

ရှေးအခါက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုစဉ် ဘုရားလောင်းသည် ဆင်းရဲသားမျိုး၌ ဖြစ်သည်။ အရွယ်သို့ ရောက်

လတ်သော် မင်းကို မှီ၍ အသက်မွေးရသည်။ တစ်နေ့သ၌ ပေါက်ပေါက်ဆုပ်လေးခုကို ယူ၍ အလုပ်သွားစဉ် ပစ္စေကဗုဒ္ဓါ လေးပါးကို တွေ့၍ လှူလိုက်သည်။

ဘုရားလောင်းသည် ထိုကုသိုလ်ကြောင့် ဗာရာဏသီမင်း၏ မိဖုရားဝမ်း၌ ပဋိသန္ဓေနေ၏။ သူသည် ပစ္စေကဗုဒ္ဓါလေးပါးတို့အား ပေါက်ပေါက်ဆုပ် လှူဖူး၍ ဤကဲ့သို့ ဖြစ်ရသည်ဟု ဇာတိဿရ ဉာဏ်ကို ရသည်။ နောက် တက္ကသိုလ်ပြည်သို့ ပညာသွားသင်၍ တတ်မြောက်သောကြောင့် အိမ်ရှေ့မင်းရာထူးကို ရသည်။ ဖခင် သေ၍ မင်းဖြစ်ကာ ကောသလမင်း၏သမီးကို ယူ၍ မိဖုရား မြှောက်သည်။ ထီးဖြူဆောင်းသောနေ့၌ နတ်မြို့အလား တစ်မြို့လုံးကို တန်ဆာဆင်ထားသည်။ မှူးကြီးမတ်ရာ သေနာပတိများ ခြံရံလျက် မြို့ကို လှည့်လည်စဉ် ငှင်းပေါက်ပေါက်ဆုပ် လှူဖူးသော ကုသိုလ်ကြောင့် ရသည်ဟု သိ၍ ပီတိဖြစ်လေသည်။

**တဿ တံ အနုဿရန္တဿ သကလသရီရံ ပီတိယာ ပူရိ။**

(သတ္တနိပါတ်၊ ကုမ္မာသပိဏ္ဍိဇာတ်၊ အဋ္ဌကထာပါဠိ၊ ၃၈၆)

တံ-ထိုမင်း၏စည်းစိမ်ကို။ အနုဿရန္တဿ-အောက်မေ့သော။ တဿ-ထိုဘုရားလောင်းအား။ သကလသရီရံ-အလုံးစုံသော ကိုယ်ကို။ ပီတိယာ-နှစ်သက်ခြင်း ပီတိဖြင့်။ ပူရိ-မုချမသွေ ဖြည့်လေသည် သာတည်း။

---

## မလှူဘဲ မစားသော ရဟန်း

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အလှူဝါသနာပါသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟော

တော်မူ၏။ ထိုရဟန်းသည် ဘုရားရှင်၏ တရားဒေသနာတော်ကို ကြားနာရ၍ ရဟန်းပြုကာ အလှူပေး ဝါသနာပါသည်။ ဆွမ်းခံ၍ ရသောဆွမ်းကို မလှူဘဲ မစား၊ ရေကိုပင်လျှင် မလှူဘဲ မသောက်ပေ။ ထိုအကြောင်းကို ရဟန်းတို့ပြောနေကြသည်ကို ဘုရားရှင်က ကြားတော်မူ၍ ဤသူသည် ရှေးအခါ၌ သဒ္ဓါတရားမရှိ။ ရတနာ သုံးပါးကို မကြည်ညို။ မြက်ဖျားမျှ ရေပေါက်မျှလည်း မပေးလှူ။ ငါ ဘုရားရှင် ဆုံးမဖူး၍ နောက်အလှူ ပေးဖူးသည်ဟု အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေသည်-

ရှေးအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြု သည်ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ ဖြစ်သည်။ အရွယ် ရောက်လာ၍ သူဌေးဖြစ်သည်။ ရှေးအခါက မိဘဘိုးဘွားများ တို့သည် ဘယ်လောက်များ ချမ်းသာချမ်းသာ ဥစ္စာများကို ထားခဲ့ရ သည်။ ထို့ကြောင့် ဒါနကို ပြုသင့်သည်ဟု ဒါနပြုကာ သားများကို လည်း ဒါနပြုရန် မှာခဲ့ပြီး သေ၍ တာဝတိံသာနတ်ပြည်၌ သိကြား မင်း ဖြစ်သည်။ သားအဆက်ဆက်တို့သည် စန္ဒနတ်သား, သူရိယ နတ်သား, မာတလိနတ်သား, ပဉ္စသိခနတ်သားဟု ဒါနပြုကာ နတ်ပြည်ရောက်ကြသည်။ ခြောက်ယောက်မြောက် သားသည်ကား သဒ္ဓါတရားမရှိ။ လုပ်စဉ်လုပ်ဆက် အလှူမဏ္ဍပ်တို့ကို မီးရှို့၏။ မြက်ဖျား ရေပေါက်မျှလည်း အလှူမပေးပေ။

သိကြားမင်းသည် သိ၍ သားများကို ခေါ်ကာ ရောက်လာ၏။ ပထမသိကြားမင်းသည် အလှူခံ၏၊ မပေးပေ။ သိကြားမင်းက ရှေးအခါ သူတော်ကောင်းတို့သည် ဆွမ်းခံ၍ ရသည်ကိုပင် ပေးလှူ တတ်ကြ၏ ဟု ပြော၍ အိမ်မှာ အထိုင်ခိုင်းသည်။

စန္ဒနတ်သား လာ၍ အလှူခံရာ မလှူပေ၊ စန္ဒနတ်သားက သူဌေးကြီး မပေးမလှူသော သူတို့သည် ဒုတ္တိကုန္တရကပ်နှင့် တွေ့ကြုံ

ရတတ်သည်ဟု ပြောမှ အထိုင်ခိုင်းသည်။

သူရိယနတ်သားသည် လာ၍ အလှူခံရာ မပေးပေ။ သူရိယနတ်သားက သူဌေးကြီး မပေးမလှူသော သူတို့သည် ငရဲသို့ ရောက်တတ်သည်ဟု ပြောမှ အထိုင်ခိုင်းသည်။

မာတလိနတ်သားသည် လာ၍ အလှူခံရာ မပေးပေ။ မာတလိနတ်သားက သူဌေးကြီး, သူတော်ကောင်းတို့သည် အနည်းငယ်မျှကိုလည်း ပေးလှူကုန်၏။ တစ်ချို့ပုဂ္ဂိုလ်တို့သည် ပစ္စည်းရှိသော်လည်း မပေးလှူကြကုန်။ ကံ, ကံ၏အကျိုးကို ယုံကြည်၍ ပေးလှူကြကုန်သော သူတို့သည် တစ်ယောက်မျှ ပေးလှူသော်လည်း ထောင်ဖိုး, သောင်းဖိုး ပေးလှူရသည်နှင့် တူသည်ဟု ပြောမှ အထိုင်ခိုင်းသည်။

ပဉ္စသိခနတ်သား လာ၍ အလှူခံရာ မပေးပေ။ ထိုအခါ ပဉ္စသိခနတ်သားက သူဌေးကြီး, ဒုစရိုက်သုံးပါးမှ ကြဉ်ရှောင်သော သူသည်လည်းကောင်း၊ ဆွမ်းခံအကျင့်ဖြင့် အသက်မွေးခြင်းသည်လည်းကောင်း၊ သားမယားကို မွေးမြူခြင်းသည်လည်းကောင်း၊ အနည်းငယ် ပေးလှူခြင်းသည်လည်းကောင်း တရားကို ကျင့်သည်မည်၏။ သိန်းသန်းအကုန်ခံ၍ ယဇ်ပူဇော်ခြင်းသည် အဆိုပါ တရားကို ကျင့်သောဆင်းရဲသား တစ်ယောက်၏တန်ဖိုးကို တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်ကိုမျှ မမှီနိုင်ရာဟု ပြောမှ အထိုင်ခိုင်းသည်။

သူဌေးကြီးက အလှူခိုင်း၍ သူဌေးမသည် ပုဏ္ဏားပုံ ဖန်ဆင်းလာသောနတ်သားတို့အား ကြမ်းသောဆန်များကို ပေး၍ ဤဆန်ကို ငါတို့ မစား။ သင်တို့ ချက်၍ စားကြပါဟု ပေး၏။ နတ်သားတို့သည် ဆန်မကောင်းသည်ကို ချက်စား၍ လည်မျိုမှာ တင်နေ၍ သေကြရသည့်ပုံ နေကြ၏။ သူဌေးမိသားစုတို့သည် လူများမြင်ကကဲ့ရဲ့မှာ ကြောက်၍ ထမင်းကောင်း ကျွေးဟန်ပြု၍ ဤသူတို့သည်ကား အစားကြီး သေသည်ဟု လူများတို့အား ပြော၏။

နတ်သားတို့သည် အဖြစ်မှန်ကို ပြောပြ၍ တရားဟောလေသည်။ သူဌေးကြီးသည်လည်း အဖြစ်မှန်ကို သိပါပြီ။ အမြင်မှန် ရပါပြီ၊ ဒါနပြုပေအံ့ဟု ဝန်ခံပြီးနောက် နတ်သားတို့သည် ပြန်သွားလေသည်။

**သောပိ သေဋ္ဌိ ယာဝဇီဝံ ဒါနံ ဒတွာ တာဝတိံသဘဝနေ နိဗ္ဗတ္တိ။**

(ဒသနိပါတ်၊ ဗိလာရကောသိယဇာတ်၊ အဋ္ဌကထာပါဠိ၊ ၆၉)

သောပိ သေဋ္ဌိ-ထိုသူဌေးသည်လည်း။ ယာဝဇီဝံ-အသက်ထက်ဆုံး။ ဒါနံ-အလှူကို။ ဒတွာ-ပေးလှူ၍၊ တာဝတိံသဘဝနေ-တာဝတိံသာနတ်ပြည်၌။ နိဗ္ဗတ္တိ-ဖြစ်လေသည်သာတည်း။

---

## အာဒိတ္တဇာတ်

ရှေးအခါ သိဝိတိုင်း ရောရုဝမြို့တွင် ရောရုဝမင်းသည် အလှူကြီးပေး၏။ သီလရှိသော ပစ္စေကဗုဒ္ဓါတို့အား ပေးလှူလို၏။ သမုဒ္ဒဝိဇယာမိဖုရားသည် အရှင်မြတ်တို့ တပည့်တော်တို့အား သနားသောအားဖြင့် ဆွမ်းခံကြွတော်မူပါဟု အရှေ့အရပ်သို့ ပန်းစည်းတို့ကို ပစ်လွှင့်၏။ ဒုတိယနေ့ အနောက်အရပ်၊ တတိယနေ့ တောင်အရပ်သို့ ပစ်လွှင့်၏။ ပစ္စေကဗုဒ္ဓါတို့ မရှိ၍ မကြွလာပေ။ စတုတ္ထနေ့ မြောက်အရပ်သို့ ပစ်လွှင့်ရာ ကြွလာ၍ ပစ္စေကဗုဒ္ဓါခုနစ်ပါးတို့အား ဆွမ်းစသည်တို့ကို လှူလေသည်။

အကြီးဖြစ်သော ပစ္စေကဗုဒ္ဓါသည် အောက်ပါ ဒေသနာတော်ကို ဟော၍ ကြွသွားတော်မူ၏-

**အာဒိတ္တသ္မိံ အဂါရသ္မိံ၊ ယံ နီဟရတိ ဘာဇနံ။**
**တံ တဿ ဟောတိ အတ္ထာယ၊ နော စ ယံ တတ္ထ ဍယှတိ။**
**ဧဝံအာဒိတ္တကော လောကော၊ ဇရာယ မရဏေန စ။**
**နီဟရထေဝ ဒါနေန၊ ဒိန္နံ ဟောတိ သုနီဟတံ။**

(အဋ္ဌကနိပါတ်၊ အာဒိတ္တဇာတ်၊ ၂၉)

အဂါရသ္မိံ-အိမ်ကို။ အာဒိတ္တသ္မိံ-မီးလောင်သည်ရှိသော်။ ယံ ဘာဇနံ-အကြင်ခွက်စသည်ကို။ နီဟရတိ-ထုတ်ယူထားလိုက်၏။ တံ-ထိုသို့ထားခြင်းသည်။ အတ္ထာယ-အကျိုးငှါ။ ဟောတိ-ဖြစ်၏။ ယံ-အကြင်ခွက်စသည်သည်။ တတ္ထ-ထိုအိမ်၌။ နော စ ဍယှတိ-မီးမလောင်။

ဧဝံ-ဤအတူ။ လောကော-လောကသည်။ ဇရာယ စ-အိုခြင်းဖြင့်လည်းကောင်း။ မရဏေန စ-သေခြင်းဖြင့်လည်းကောင်း။ အာဒိတ္တကော-လောင်ကျွမ်းအပ်၏။ ဒါနေန-ပေးလှူခြင်းဖြင့်။ နီဟရထေဝ-ထုတ်ဆောင်အပ်သည်သာတည်း။ ဒိန္နံ-ပေးလှူခြင်းသည်။ သုနီဟတံ-ကောင်းစွာ ထုတ်ဆောင်အပ်သည်။ ဟောတိ-ဖြစ်၏။

ကျန်သောခြောက်ပါးတို့သည် အောက်ပါအတိုင်း ဟော၍ ကြွသွားကြလေသည်-

**ယော ဓမ္မလဒ္ဓဿ ဒဒါတိ ဒါနံ၊**
**ဥဋ္ဌာနဝီရိယာဓိဂတဿ ဇန္တု။**
**အတိက္ကမ္မ သော ဝေတရဏိံ ယမဿ၊**
**ဒိဗ္ဗာနိ ဌာနာနိ ဥပေတိ မစ္စော။**

ယော ဇန္တု-အကြင်သတ္တဝါသည်။ ဓမ္မလဒ္ဓဿ-တရားရပြီးသော သူအား။ ဥဋ္ဌာနဝီရိယာဓိဂတဿ-လုံ့လဝီရိယဖြင့် ရအပ်သော ဝတ္ထု၏။ ဒါနံ-အလှူကို။ ဒဒါတိ-ပေးလှူ၏။ သော မစ္စော-ထို သတ္တဝါသည်။ ယမဿ-ယမမင်း၏။ ဝေတ္တရဏီ-ကြိမ်ပိုက်ချောင်း ငရဲကို။ အတိက္ကမ္မ-လွန်၍။ ဒိဗ္ဗာနိ ဌာနာနိ-နတ်ရွာတို့သို့။ ဥပေတိ-ရောက်ရ၏။

**ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု၊**
**အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ။**
**အပ္ပံ စေ သဒ္ဓဟနော ဒဒါတိ၊**
**တေနေဝ သော ဟောတိ သုခီ ပရတ္ထ။**

ဒါနဉ္စ-အလှူပေးခြင်းကိုလည်းကောင်း။ ယုဒ္ဓဉ္စ-စစ်ထိုးခြင်းကို လည်းကောင်း။ သမာနံ-တူ၏ဟူ၍။ အာဟု-ဆိုကုန်၏။ အပ္ပါပိ-အနည်းငယ်လည်း ဖြစ်ကုန်သော။ သန္တာ-စစ်သည်တို့သည်။ ဗဟုကေ-များစွာသော စစ်သည်တို့ကို။ ဇိနန္တိ-အောင်ကုန်၏။ အပ္ပံပိ-အနည်းငယ်မျှကိုလည်း။ သဒ္ဓဟနော-ယုံကြည်လျက်။ ဒဒါတိ-ပေးလှူရ၏။ တေနေဝ-ထိုကြောင့်သာလျှင်။ သော-ထိုသူသည်။ ပရတ္ထ-တမလွန်ဘဝ၌။ သုခီ-ချမ်းသာခြင်းရှိသည်။ ဟောတိ-ဖြစ် သည်သာတည်း။

**ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊**
**ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။**
**ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊**
**ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။**

ဝိစေယျ-ရွေးချယ်၍။ ဒါနံ-အလှူကို။ သုဂတပ္ပသတ္ထံ-ဘုရား ရှင်တို့ ချီးမွမ်းအပ်၏။ ဣဓ ဇီဝလောကေ-ဤသတ္တလောက၌။ ယေ ဒက္ခိဏေယျာ-အကြင်အလှူခံတို့သည်။ သန္တိ-ရှိကုန်၏။ ဧတေသု-

ထိုအလှူခံတို့၌။ ဒိန္နာနိ-ပေးလှူခြင်းတို့သည်။ သုခေတ္တေ-ကောင်းသော လယ်ယာမြေ၌။ ဝုတ္တာနိ-စိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိ-မျိုးစေ့တို့သည်။ မဟပ္ဖလာနိ ယထာ-အကျိုးများကုန်သကဲ့သို့။ မဟပ္ဖလာနိ-အကျိုးများကုန်သည်သာတည်း။

**ယော ပါဏဘူတာနိ အဟေဌယံ စရံ၊**
**ပရူပဝါဒါ န ကရောတိ ပါပံ။**
**ဘီရုံ ပသံသန္တိ န တတ္ထ သူရံ၊**
**ဘယာ ဟိ သန္တော န ကရောန္တိ ပါပံ။**

ယော-အကြင်ပုဂ္ဂိုလ်သည်။ ပါဏဘူတာနိ-သတ္တဝါတို့ကို။ အဟေဌယံ-မညှဉ်းဆဲဘဲ။ စရံ-ကျင့်သောသူသည်။ ပရူပဝါဒါ-သူတစ်ပါး ကဲ့ရဲ့ခြင်းမှ ကြောက်သောကြောင့်။ ပါပံ-မကောင်းမှုကို။ န ကရောတိ-မပြု။ ဘီရုံ-ကဲ့ရဲ့ခြင်းမှ ကြောက်တတ်သောသူကို။ ပသံသန္တိ-ချီးမွမ်းကြကုန်၏။ တတ္ထ-ထိုစွပ်စွဲခြင်း၌။ သူရံ-ရဲရင့်သောသူကို။ န ပသံသန္တိ-မချီးမွမ်းကြကုန်။ ဟိ-မှန်၏။ ဘယာ-ကဲ့ရဲ့ခြင်းမှ ကြောက်သောကြောင့်။ သန္တော-သူတော်ကောင်းတို့သည်။ ပါပံ-မကောင်းမှုကို။ န ကရောန္တိ-မပြုကြကုန်သည်သာတည်း။

**ဟီနေန ဗြဟ္မစရိယေန၊ ခတ္တိယေ ဥပပဇ္ဇတိ။**
**မဇ္ဈိမေန ဒေဝတ္တံ၊ ဥတ္တမေန ဝိသုဇ္ဈတိ။**

ဟီနေန-ယုတ်ညံ့သော။ ဗြဟ္မစရိယေန-သီလအကျင့်ဖြင့်။ ခတ္တိယေ-မင်းမျိုး၌။ ဥပပဇ္ဇတိ-ရောက်ရ၏။ မဇ္ဈိမေန-အလတ်ဖြစ်သော သီလအကျင့်ဖြင့်။ ဒေဝတ္တံ-နတ်၏အဖြစ်သို့။ ဥပပဇ္ဇတိ-ရောက်ရ၏။ ဥတ္တမေန-မြတ်သောအကျင့်ဖြင့်။ ဝိသုဇ္ဈတိ-ကိလေသာမှ စင်ကြယ်ရသည်သာတည်း။

အဒ္ဓါ ဟိ ဒါနံ ဗဟုဓာ ပသတ္ထံ၊
ဒါနာ စ ခေါ ဓမ္မပဒံဝ သေယျော။
ပုဗ္ဗေဝ တေ ပုဗ္ဗတရေဝ သန္တော၊
နိဗ္ဗာနမေဝဇ္ဈဂမုံ သပညာ။

ဟိ-သစ္စံ-မှန်၏။ အဒ္ဓါ-ဧကန်စစ်။ ဒါနံ-အလှူကို။ ဗဟုဓာ-များသောအားဖြင့်။ ပသတ္ထံ-ချီးမွမ်းအပ်၏။ ဒါနာ စခေါ-ဒါနထက်သာလျှင်။ ဓမ္မပဒံဝ-ဝိပဿနာသည်သာလျှင်။ သေယျော-မြတ်၏။

ဟိ-သစ္စံ-မှန်၏။ ပုဗ္ဗေ စ-ရှေးဦး၌သာလျှင်။ ပုဗ္ဗတရေဝ-အလွန့်ရှေးကာလ၌သာလျှင်။ သန္တော-သူတော်ကောင်း ဖြစ်ကုန်သော။ သပညာစ-ပညာရှိတို့သည်လည်းကောင်း။ နိဗ္ဗာနမေဝ-နိဗ္ဗာန်သို့သာလျှင်။ အဇ္ဈဂမုံ-ရောက်ကုန်သည်သာတည်း။

(ပကိဏ္ဏကနိပါတ်၊ ဒသဗြာဟ္မဏဇာတ်၌လည်း ကောရဗျမင်းနှင့် ဝိဓုရပညာရှိအမတ်တို့သည် သီလရှိသောပုဂ္ဂိုလ်တို့ကို လှူဒါန်းလို၍ မုလေးပန်းစည်းတို့ဖြင့် ပစ္စေကဗုဒ္ဓါတို့အား ပင့်ဖိတ်လှူဒါန်းဖူးသည်)

---

## သုဓာဘောဇနဇာတ်

ဘုရားရှင်သည် ဤဇာတ်တော်ကို ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အလှူစသည်၌ ဝါသနာပါတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူသည်။

ရှေးအခါ ဗာရာဏသီပြည်၌ တစ်ယောက်သောသူကြွယ်သည် ကုဋေရှစ်ဆယ် ကြွယ်ဝသည်။ ဤသူကြွယ်သည် ငါကား ကုသိုလ်

ကောင်းမှုကြောင့်သာ ဤကဲ့သို့ ချမ်းသာ၏ဟု ၎င်းပစ္စည်းဥစ္စာ အားလုံးကို မင်းအား ပေး၏။ မင်းကလည်း သင်၏ဥစ္စာကို အလို မရှိ။ ငါ့မှာရှိသော ပစ္စည်းဥစ္စာကိုပင် သင် ယူလော့ဟု ဆို၏။ သူကြွယ်သည် အရပ်လေးမျက်နှာ မြို့လယ်နေအိမ်၌ မဏ္ဍပ် ခြောက်ခုထိုးကာ တစ်နေ့လျှင် ခြောက်သိန်းကုန် လှူဒါန်းသည်။ သူသည် သေလတ်သော် သိကြားမင်း ဖြစ်သည်။ သူ၏သားများ အဆက်ဆက် လှူဒါန်းကြ၍ စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သား၊ ပဉ္စသိခနတ်သား ဖြစ်ကြ၏။ ခြောက်ယောက် မြောက်သောသားကား ကုဋေရှစ်ဆယ် ကြွယ်ဝသော်လည်း မလှူ လို ဝန်တို၍ မစ္ဆရိယသူဌေး ခေါ်ကြသည်။

သူသည် မင်းခစားသွားရာ သူဌေးတစ်ယောက်အိမ်သို့ ဝင်၏။ နို့ယနာသုံးဆောင်ရန် ခေါ်သော်လည်း မိမိက ပြန်၍ကျွေးရက ကုန်မှာကြောက်သောကြောင့် မစားပေ။ ကာလအတန် ကြာညောင်း လတ်သော် နို့ယနာကို တပ်မက်မော၍ တညိုးညိုး တပိန်ပိန် ဖြစ်နေ၏။ မယားက မေးသော်လည်း ပေးရမှာ ကြောက်သော ကြောင့် မပြောပေ။ ထို့နောက် အကြောင်းစုံကို ပြောရာ မယားက တစ်ယောက်တည်း စားပါဟု ပြောလေလျှင် တစ်ယောက်စာ လူများမသိအောင် တောသို့ ဝင်၍ စားရန် ချက်၏။

ထိုခဏ၌ သိကြားမင်းသည် ယူဇနာတစ်ထောင်ရှိသော တန်ဆာဆင်ထားသည့် သုဒဿနနတ်မြို့ကိုလည်းကောင်း၊ ယူဇနာ ခြောက်ဆယ်ရှိ ရွှေဖြင့်ပြီးသော နတ်လမ်းမကိုလည်းကောင်း၊ ယူဇနာ တစ်ထောင်မြင့်သည့် ဝေဇယန္တာ နန်းပြာသာဒ်ကိုလည်းကောင်း၊ ယူဇနာငါးရာရှိသော သုဓမ္မာနတ်သဘင်ကိုလည်းကောင်း၊ ယူဇနာ ခြောက်ဆယ်ရှိသော ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကိုလည်းကောင်း၊ အဝန်း ငါးယူဇနာရှိသော ရွှေပန်း ထီးဖြူကိုလည်းကောင်း၊

နှစ်ကုဋေငါးသန်း အရေအတွက်ရှိသော နတ်သမီးအပေါင်းတို့ကိုလည်းကောင်း၊ တန်ဆာဆင်ထားသော မိမိ၏ ဘုန်းကျက်သရေကိုလည်းကောင်း ကြည့်၍ ဤအရာများသည် အလှူဒါနကြောင့် ရသည်။ စန္ဒမည်သော နတ်သားတို့သည်လည်း အလှူဒါနကြောင့် နတ်ပြည်၌ ဖြစ်ကြသည်။ ခြောက်ယောက်မြောက်သားသည်ကား အမျိုးစဉ်ဆက်အလှူကို ပြက်စေသည်ဟု သိ၍ စန္ဒမည်သော နတ်သားတို့ကို ခေါ်၍ တစ်ယောက်ပြီးတစ်ယောက် အလှူခံသွားကြသည်။

ပထမသိကြားမင်းသည် ပုဏ္ဏားပုံဖန်ဆင်း၍ သွားပြီး အလှူခံရာ နို့ဃနာကား နည်းသည်ဖြစ်၍ မပေးလှူနိုင်ကြောင်းကို ပြောရာ မစ္ဆရိယကောသိယသူဌေး--- နည်းလျှင် နည်းသလို တစ်ဝက်လှူပါ။ များလျှင် များသလို တစ်ဝက်လှူပါ။ အရိယာတို့၏လမ်းကို သွားပါ။ လှူလည်း လှူပါ။ စားလည်း စားပါ။ တစ်ယောက်တည်း စားနေ၍ကား ချမ်းသာကို မရနိုင်ရာဟု ပြောလေလျှင် သိကြားမင်း ပုဏ္ဏား၏ စကားကို သဘောကျ၍ အနည်းငယ်မျှ လှူမည်စောင့်နေပါဟု ပြော၏။

နောက် စန္ဒနတ်သား ပုဏ္ဏားပုံဖန်ဆင်းကာ ရောက်လာ၍ အလှူခိုင်းရာ မလှူလိုပါဟု ပြော၏။ စန္ဒနတ်သားက ကောသိယသူဌေး--- ဉစ္စာသည်ရှိလျက် တစ်ယောက်တည်း စားခြင်းသည် အကျိုးမရှိ။ သင့်မှာ စုထားအပ်သော ဉစ္စာသည် အဘယ်အကျိုး ရှိအံ့နည်းဟု ဆိုလေလျှင် နည်းနည်း ရမည်၊ စောင့်ပါဟု ဆို၏။

နောက် သူရိယနတ်သား ရောက်လာသောအခါလည်း မပေးနိုင်ကြောင်းကို ပြောလေလျှင် ဉစ္စာသည်ရှိသောသူသည် တစ်ယောက်တည်း မစားက အမှန်တရားကျသည်ဟု ပြောလေလျှင် အနည်းငယ် ရမည်၊ စောင့်ပါဟု ဆို၏။

နောက် မာတလိနတ်သား ရောက်လာသောအခါလည်း မပေးနိုင်ကြောင်းကို ပြောလေလျှင် ကောသိယသူဌေး--တစ်ချို့ကား ရေအိုင်များ၊ မြစ်များ၊ ဂယာရေကန်၊ ဒေါဏမြစ်ဆိပ်၊ တိမ္ဗရုမည်သော မြစ်ဆိပ်စသည်၌ ပူဇော်၏။ ၎င်းတရားသည် သဘာဝမကျ၊ ညဉ့်သည်ရှိလျက် တစ်ယောက်တည်း မစားခြင်းသည် သဘာဝကျ၏။ အရိယာတို့၏လမ်းအတိုင်း သွားပါဟု ပြောလေလျှင် နည်းနည်းရမည် စောင့်ပါဟု ပြော၏။

နောက် ပဉ္စသိခနတ်သား ရောက်လာသော အခါ၌လည်း မပေးနိုင်ကြောင်းကို ပြောလေလျှင် ကောသိယသူဌေး---ညဉ့်သည်ရှိလျက် တစ်ယောက်တည်း စားသောက်သူသည် ကြိုးရှည်ရှည်နှင့် ငါးများချိတ်ကို မျိုသည်နှင့် တူ၏ဟု ပြောလေလျှင် အနည်းငယ် ရမည်၊ စောင့်ပါဟု ဆို၏။

နို့ယနာကျက်၍ သင်တို့၏ ထည့်စရာခွက်ကို ပေးလော့ဟု ဆိုရာ အင်ဖက်ကို ပေးကြသဖြင့် ဤသစ်ရွက်ကား ကြီးသည်။ နို့ယနာက နည်းနေ၍ မပေးနိုင်။ ရှားရွက်ကို ပေးကြဟု ဆို၍ ရှားရွက်ကို ထုတ်ပေးကြရာ ရှားရွက်သည် ရထားပျဉ်ချပ်မျှ ရှိ၏။ နို့ယနာများကို ကော်၍ ပေးရာ အရာမျှသာ ထင်၏။

နောက် နို့ယနာအိုးကို ခွေးဖန်ဆင်း၍ သေးဖြင့် ပန်းကြ၏။ နောက် ကြောက်မက်ဖွယ်ကောင်းသော ခွေးသည် မစ္ဆရိယ ကောသိယသူဌေးကို လိုက်၏။ ကြောက်၍ ပုဏ္ဏားများသို့ ကပ်၏။ ပုဏ္ဏားတို့သည် တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်ကြ၏။ သူဌေးက မေးရာ ငါတို့နှင့်သင်သည် သားအဆက်ဆက်တို့တည်း။ ငါတို့ကား ပေးလှူခဲ့ကြ၍ နတ်သားဖြစ်နေကြ၏။ နတ်ပြည်သည် သာယာနာပျော်ဖွယ်သော နတ်စောင်းတူရိယာများ ရှိ၏။ မလှူလို ဝန်တိုသော သူတို့သည် ငရဲသို့ ရောက်ကြ၏။ ကုသိုလ်တရားရှိသူ, ကိုယ်နှုတ်

နှလုံးကို စောင့်စည်းသူ, ဝေဖန်၍ ပစ္စည်းကို သုံးစွဲတတ်သူတို့သည် ကောင်းရာသုဂတိသို့ ရောက်တတ်ကုန်၏။ ငါတို့သည် သင်၏ နို့ယနာကို လိုချင်၍ လာသည်မဟုတ်။ သတိ လာ၍ ပေးကြသည်ဟု ပြောကြ၏။ သူဌေးက---အကျွန်ုပ် နားလည်ပါပြီ၊ မလှူဘဲ မစား တော့ပေ။ အကုန်လှူပစ်မည်။ နောက် ရဟန်းပြုမည်ဟု ဝန်ခံ လေသည်။ သူဌေးသည် မြို့သို့ပြန်၍ အလှူကြီးပေးပြီး ရသေ့ ရဟန်းပြုကာ ဟိမဝန္တာ၌ နေ၏။

တစ်နေ့သ၌ နာရဒရသေ့သည် တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပန်းကို ထီးဆောင်းနေသည်ကို မြင်၍ သိကြားမင်း၏ သမီး- အာသာ၊ သဒ္ဓါ၊ သိရီ၊ ဟိရီ နတ်သမီးလေးယောက်တို့သည် တောင်းကြ၏။ နာရဒရသေ့က ဤပင်လယ်ကသစ်ပန်းကို ငါကား အလိုမရှိ၊ ဂုဏ်ရှိသူ, မြတ်သောသူတို့ကိုသာ ပေးအံ့ဟု ဆို၏။ နတ်သမီးလေးယောက်တို့က တပည့်တော်မ လေးယောက်တို့တွင် အဘယ်သူ မြတ်သနည်း မိန့်တော်မူပါဟု လျှောက်လေလျှင် သင် တို့၏ ဖခင်သိကြားမင်းကို မေးကြလေဟု လွှတ်လိုက်၍ ရောက် လာ၏။ သိကြားမင်းက သမီးတစ်ယောက်ကို မြတ်သည်ဟု ပြောလေလျှင် အများ စိတ်နှလုံးမသာယာ ဖြစ်မည်ဟု စိတ်အကြံ ပြုကာ ကောသိယရသေ့သည် သူတစ်ပါးအား မပေးလှူဘဲ မစား၊ ရွေးချယ်၍ အလှူကို ပြုတတ်၏။ ထိုသူသည် မြတ်သောသူတည်းဟု နတ်သုဓာဘုတ်ကို လှူရန် မာတလိနတ်သားအား လွှတ်လိုက်၏။ မာတလိနတ်သားက အရှင်ဘုရား-- ဤနတ်သုဓာဘုက်ကို သိကြား မင်းက အလှူခိုင်းပါ၏။ ဤနတ်သုဓာဘုတ်သည် ထမင်းဆာလောင် ခြင်းကိုလည်းကောင်း၊ ရေမွတ်သိပ်ခြင်းကိုလည်းကောင်း၊ မမွေ့ လျော်ခြင်းကိုလည်းကောင်း၊ ပူပန်ခြင်းကိုလည်းကောင်း၊ ပင်ပန်း ခြင်းကိုလည်းကောင်း၊ အမျက်ထွက်ခြင်းကိုလည်းကောင်း၊ ရန်ငြိုးဖွဲ့ ခြင်းကိုလည်းကောင်း၊ ငြင်းခုံခြင်းကိုလည်းကောင်း၊ ကုန်းတိုက်

ချောပစ်ခြင်းကိုလည်းကောင်း၊ အအေးကိုလည်းကောင်း၊ အပူကို လည်းကောင်း၊ ပျင်းရိခြင်းကိုလည်းကောင်း ဤဘစ်ဆယ့်နှစ်ပါးတို့ကို ပယ်ဖျောက်တတ်ကုန်၏ဟု လျှောက်၏။

ကောသိယရသေ့က မာတလိနတ်သားအား ငါသည် မလှူဘဲ မစား၊ တစ်ယောက်တည်း မစား။ မခွဲခြမ်း မဝေဖန်ဘဲ စားသော သူသည် လူနတ်နိဗ္ဗာန်ကို မရနိုင်ဟု ဆို၏။ မာတလိနတ်သား-- အကြင်သူတို့သည် မိန်းမတို့ကို ညှဉ်းဆဲတတ်ကုန်၏။ သူတစ်ပါး သားမယားတို့ကို ပြစ်မှားတတ်ကုန်၏။ အဆွေခင်ပွန်းကို ပြစ်မှား တတ်ကုန်၏။ ရသေ့ ရဟန်းတို့ကို ကျိန်ဆဲတတ်ကုန်၏။ ဝန်တို တတ်ကုန်၏။ ထိုသူတို့သည် သူယုတ်မာတို့တည်း။ အကြင်သူသည် ဘုရားရှင်တို့ ချီးမွမ်းအပ်သော ဒါနကို ပြု၏။ သဒ္ဓါတရားရှိ၏။ ကောင်းသောစကားကို သိတတ်ကုန်၏။ ဝန်တိုးခြင်း ကင်းကုန်၏။ ထိုသူတို့သည် စင်ကြယ်ကုန်၏။ သူမြတ်တို့တည်းဟု ဆို၏။ ထိုခဏ၌ ၄င်းနတ်သမီးလေးယောက်တို့သည် ရောက်လာ၍ နတ်သုဓာဘုတ်ကို တောင်းကြ၏။

ကောသိယရသေ့သည် ပထမသိရီနတ်သမီးအား နတ်သမီး, ဆင်မြင်းစသော အတတ်ဖြင့်လည်းကောင်း၊ ဗေဒင်အတတ်ပညာ ကြိုးစားမှုရှိသူအား ချမ်းသာကို ရတတ်၏။ သင့်အား ၄င်းအတတ် တို့သည်လည်း မရှိကုန်။ သင် ယခုလာ၍ တောင်းခြင်းသည် မကောင်း။ ပျင်းရိခြင်း၊ အစားကြီးခြင်း၊ အမျိုးယုတ်ခြင်း၊ အဆင်း မလှခြင်းစသည်ဖြင့် သတ္တဝါများ ရှိ၏။ သင်ကား စောင့်ရှောက်အပ် သော ကျက်သရေရှိ၏။ အမျိုးမြတ်၏။ စည်းစိမ်ဥစ္စာရှိ၏။ ထိုသင့် ကို ကျွန်ကဲ့သို့ ခိုင်းစေလိုက်၏။ ထို့ကြောင့် သစ္စာမစောင့်၊ ခွဲခြမ်း ဝေဖန်ခြင်း မရှိ၊ ပညာမရှိ၊ ပညာရှိကို ဆည်းကပ်တတ်သည်ကို ငါ သိ၏။ သင်ကား သုဓာဘုတ်ကို မဆိုထားဘိ၊ ရေကိုပင် မရထိုက် ဟု ဆိုလိုက်လေသည်။

ကောသိယရသေ့သည် အာသာနတ်သမီးအား ကုန်သည်တို့သည် ကုန်ရောင်းကုန်ဝယ်သွားရာ သဘော်နစ်၍ ဆုံးရှုံးကြ၏။ လယ်လုပ်သူတို့သည် မိုးစသည်ကြောင့် ဆုံးရှုံးကုန်၏။ မင်းမှုထမ်းတို့သည် ရန်သူနှိပ်စက်၍ ဆုံးရှုံးကုန်၏။ နိဗ္ဗာန်ကို လို၍ လောကီစည်းစိမ်များ စွန့်ကာ မှားသောမိစ္ဆာဒိဋ္ဌိအကျင့်ကို ကျင့်၍ အပါယ်ရောက်၏။ သတ္တဝါတို့သည် တဏှာအာသာကြောင့် အပါယ်ရောက်ကုန်၏။ သင့်ကို ချွတ်ယွင်းသောစကားကို ဆိုတတ်၏။ သမုတ်အပ်၏။ ထို့ကြောင့် သင်သည် နတ်သုဓာတ်ဘုတ်ကို ထားဘိဦး။ ရေကိုပင် မရထိုက်ဟု ဆိုလိုက်လေသည်။

ကောသိယရသေ့သည် သဒ္ဓါနတ်သမီးအား နတ်သမီး, အလှူပေးခြင်း၊ ကြွေ့ကို ဆုံးမခြင်း၊ စွန့်ကြဲခြင်း၊ သီလစောင့်ခြင်း၊ တစ်ချို့ကျင့်၏။ တစ်ချို့ကား ခိုးခြင်း၊ မုသားပြောခြင်း၊ ချိန်စဉ်းလဲအသပြာစဉ်းလဲကို ပြုခြင်း၊ ချောပစ်ကုန်းတိုက်ခြင်းကို ပြု၏။ တစ်ချို့ကား ကျင့်ဝတ်နှင့်ပြည့်စုံသော မယားကို ထား၍ ကျွန်မကိုယူ၏။ သင်ကား သူတစ်ပါးတို့ကို ပရဒါရကကံကို ပြုစေတတ်၏။ ထို့ကြောင့် သင်သည် နတ်သုဓာဘုတ်ကို ထားဘိဦး၊ ရေကိုပင် မရထိုက်ဟု ဆိုလိုက်လေသည်။

ကောသိယရသေ့သည် ဟိရီနတ်သမီးအား သင်သည် အဘယ်ကြောင့် လာသနည်းဟု မေး၏။ နတ်သမီးက---တပည့်တော်မကိုလူများ ပူဇော်ပါကုန်၏။ နတ်သုဓာဘုတ်ကို ရခြင်း, မရခြင်း အငြင်းအခုံကြောင့် အရှင်ဘုရားထံ ရောက်လာပါ၏။ တောင်းခြင်းငှါ မဝံ့ပါ။ မိန်းမတို့အား တောင်းခြင်းသည် အရှက်မရှိသည်နှင့် တူပါ၏ဟု လျှောက်၏။

ထိုအခါ ရသေ့က သင်ကား ရှက်ခြင်းတည်းဟူသော ကောင်းသော သဘောတရားရှိ၍ ပေးအံ့ဟု ဆို၏။ ဟိရီနတ်သမီးသည် နတ်သုဓာဘုတ်ကို ယူ၍ တာဝတိံသာသို့ ပြန်သွား၏။ တာဝတိံသာ

နတ်ပြည်၌ သိကြားမင်းတို့သည်လည်း ဟိရီနတ်သမီးအား ပင်လယ်ကသစ်ပန်းဖြင့် ပူဇော်ကြ၏။

သိကြားမင်းသည် မာတလိနတ်သားအား ရသေ့သည် ဟိရီနတ်သမီးအားသာ နတ်သုဓာဘုတ်ကို ပေးကြောင်း စူးစမ်းခိုင်းရာ မာတလိနတ်သားအား ရသေ့က သိရီနတ်သမီးသည် မိုက်၏။ သဒ္ဓါနတ်သမီးသည် အဖြစ်မမြဲ။ အာသာနတ်သမီးသည် ချွတ်ယွင်းသော စကားကို ဆိုတတ်၏။ ဟိရီနတ်သမီးကား မြတ်သော ကျေးဇူး၌ တည်၏။

ကောသိယရသေ့သည် မာတလိနတ်သားနှင့် စကားပြောစဉ် ပင်လျှင် အိုမင်းရင့်ရော်၍ မာတလိနတ်သားက သင်ကား သေခါနီးပါပြီ။ နတ်ပြည်သို့ ကြွပါဟု ဝေဇယန္တာရထားသို့ တင်ပို့စဉ်ပင် သေ၍ နတ်ဖြစ်လေသည်။ တာဝတိံသာနတ်ပြည်သို့ ရောက်သောအခါ သိကြားမင်းသည် ၎င်းကောသိယနတ်သားအား ဟိရီနတ်သမီးကို မိဖုရားပြုစေ၏။

ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေသည်-

**ဝေ ဝိသုဒ္ဓိကွိ အပါပကမ္မိနော၊**
**အထော သုစိက္ကာသ ဖလံ န နဿတိ။**
**ယေကေစိ မဒ္ဒက္ခု သုဓာယ ဘောဇနံ၊**
**သဗ္ဗေဝ တေ ဣန္ဒသဟာဗျတံ ဂတာ။**

(ဇာတ်ပါဠိတော်၊ ၃၊ သုဓာဘောဇနဇာတ်၊ ၁၁၂)

ဘိက္ခဝေ-သံသရာဘေးကို ရှုလေ့ရှိသော ရဟန်းတို့။ ဝေ-ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ အပါပကမ္မိနော-မကောင်းမှုကို မပြုကုန်သော သတ္တဝါတို့သည်။ ဝိသုဒ္ဓိကွိ-အထူးသဖြင့် စင်ကြယ်

ကုန်၏။ အထော-ထိုမှတစ်ပါး။ သုစိဏ္ဏာဿ-ကောင်းစွာ ကျင့်အပ်သော အမှု၏။ ဖလံ-အကျိုးသည်။ န နဿတိ-မပျက်။ ယေ ကေစိ-အလုံးစုံကုန်သော သူတို့သည်။ သုဓာယဘောဇနံ-နတ်သုဓာဘုတ်ကို။ အဒ္ဒကျုံ-မြင်ရကုန်ပြီ။ တေ သဗ္ဗေ စ-ထိုအလုံးစုံသော သူတို့သည်လည်း။ ဣန္ဒသဟဗျတံ-သိကြား နတ်မင်းအပေါင်းအဖော်၏ အဖြစ်သို့။ ဂတာ-စိတ်ကကြည်နူး အထူးသဖြင့် ဝမ်းမြောက်ဝမ်းသာ ရောက်ကြရကုန်သည်သာတည်း။

---

## အရှင်ကစ္စည်းထေရ်၏ ဆွမ်းဒါယိကာမ

အရှင်ကစ္စည်းထေရ်သည် ဥဇ္ဇေနီပြည်သို့ သွားသည်ရှိသော် တေလပနာဠိနိဂုံးသို့ ရောက်၏။ မိန်းမတစ်ယောက်သည် မိဘသေ၍ သူများအိမ်မှာ ကပ်နေရ၏။ ခန္ဓာကိုယ်လက်ကား ချောမော၏။ ဆံပင်ကောင်း၏။ သူဌေးသမီးတစ်ယောက်က ဆံပင် မကောင်းပေ။

ဆံပင်ကောင်းသော သူငယ်မသည် အရှင်မဟာကစ္စည်းထေရ် ဆွမ်းခံကြွတော်မူလာသည်ကို မြင်၍ အိမ်သို့ ပင့်ဖိတ်၏။ ဆွမ်းလောင်းစရာ ဘာမှမရှိ၍ ဆံပင်ကို ဓားနှင့်ဖြတ်ကာ အဖော်မိန်းမတစ်ယောက်ကို ဆံပင်မကောင်းသော သူဌေးသမီးအာ ရောင်းစေ၏။

အဖော်သည် ငိုယိုပြီး သွား၏။ ဆံပင်ကို သွားရောင်းရာ ဈေးအခါက ဝယ်စဉ် မရောင်းဘဲ ခုမှလာ၍ ရောင်းသည်ဟု ရှစ်အသပြာသာ ပေးလိုက်၏။ သူမသည် ငင်းငွေကြေးဖြင့် ပြုပြင်ကာ အရှင်မဟာကစ္စည်းထေရ်အား ဆွမ်းအလှူခိုင်း၏။ ဆံပင်မရှိ၍

သူမကား အိမ်ခန်းထဲမှာ ပုန်းနေ၏။ အရှင်မဟာကစ္စည်းထေရ် ခေါ်၍ ထွက်လာ၏။ ရှိခိုးစဉ်ပင်လျှင် ဆံပင်ဘည် ပကတိအတိုင်း ဖြစ်၏။ အရှင်မဟာကစ္စည်းထေရ်သည်လည်း ကောင်းကင်ခရီးဖြင့် ပြန်ကြွတော်မူ၏။

ကဥ္စနဝနဥယျာဉ်သို့ ရောက်တော်မူ၍ စန္ဒပဇ္ဇောတမင်း ရောက်လာစဉ် သူငယ်မအကြောင်းကို အရှင်မဟာကစ္စည်းထေရ် ပြောပြ၍ မင်းသည် ခေါ်ပြီး ခဲခဲယဉ်းယဉ်း ပြုနိုင်ပေသည်ဟု မိဖုရားမြှောက်၏။

**ဣမိဿာ ဣတ္ထိယာ ဒိဋ္ဌဓမ္မိကောဝ ယသပဋိလာဘော အဟောသိ။**

(အင်္ဂုတ္တရ၊ တေဒဂ္ဂအဋ္ဌကထာပါဠိ၊ ပထမ၊ ၁၆၃)

ဣမိဿာ ဣတ္ထိယာ-ဤမိန်းမအား။ ဒိဋ္ဌဓမ္မိကောဝ-ပစ္စုပ္ပန်၌သာလျှင်ဖြစ်သော။ ယသပဋိလာဘော-အခြံအရံကို ရခြင်းသည်။ အဟောသိ-ဖြစ်လေပြီ။
(ဓမ္မဒိန္နာလည်း ဤဒါယိကာမနည်းတူ ဆံပင်ကို ဖြတ်ရောင်းကာ ဆွမ်းလှူဖူး၍ ဂေါတမဘုရားရှင်လက်ထက်၌ အရိယာဖြစ်လွယ်သည်။)

---

## ဗာရာဏသီသူဌေး

ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် အာဂန္တုက သူဌေးသည် ချမ်းသာသည်။ ကိုယ်တိုင်လည်း မစားရက်၊ သူတစ်ပါးတို့အားလည်း မပေးကမ်း။ ကောင်းသောအစားကိုလည်း မစား။ ပုံးရည်ဆန်ကွဲချက်ကိုသာ စား၏။ ကောင်းသော အဝတ်

အစားများကို မဝတ်၊ မကောင်းသော အဝတ်များကို ဝတ်၏။ ကောင်းသော ရထားကို မစီး၊ မကောင်းသော ရထားကိုသာ စီး၏။ ရွှေထီး မဆောင်း၊ သစ်ရွက်ထီးကိုသာ ဆောင်း၏။ တစ်သက်လုံး ကုသိုလ်တစ်ခါမျှ မပြု သေသော် ရောရုဝရဲ၌ ဖြစ်၏။ သူသေသော် အမွေဆက်ခံမည့်သူ သားသမီး မရှိ၍ မင်းဘဏ္ဍာအတွက် ပစ္စည်းများကို ခုနစ်ရက် ခုနစ်ည သယ်ပို့ရသည်။

ဘုရားရှင်သည် မင်းအား ကျောင်းသို့ အရောက်နောက်ကျ၍ မေးတော်မူရာ ၎င်းအာဂန္တုက သူဌေးကိစ္စကြောင့် နောက်ကျသည် ဟု လျှောက်လေ၏။ ဘုရားရှင်က မင်းကြီး, ဥစ္စာကို ရခြင်းကိုလည်း ကောင်း၊ ဥစ္စာကို ရ၍ မသုံးဆောင်ခြင်းကိုလည်းကောင်း ထိုပုဂ္ဂိုလ် သည်သာလျှင် ပြုအပ်၏ဟု အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြု သည်ရှိသော် ဗာရာဏသီသူဌေးသည် သဒ္ဓါတရား မရှိ၊ ဝန်တို တတ်၏။ တစ်စုံတစ်ယောက်သောသူအား တစ်စုံတစ်ခုကိုမျှလည်း မပေး၊ မချီးမြှောက်။ သူသည် တစ်နေ့သ၌ မင်းခစားသွားရာ ဆွမ်းခံကြွသော တဂ္ဂရသိခီမည်သော ပစ္စေကဗုဒ္ဓါတစ်ပါးကို မြင်၍ အခိုင်းအစေတစ်ယောက်အား မိမိအိမ်သို့ ပင့်ကာ လှူစေ၏။

သူဌေးသည် ပြန်လာ၍ ပစ္စေကဗုဒ္ဓါနှင့်တွေ့ရာ အိမ်မှ ဆွမ်းလှူ လိုက်ကြောင်းကို သပိတ်ဖွင့်ပြ၏။ သူဌေးသည် သပိတ်မှဆွမ်းကို မြင်၍ ဤဆွမ်းသည် ကျွန်အမှုလုပ် စသည်တို့နှင့်စားက တစ်ထပ် စာ ရှိသည်။ အလကား လှူလိုက်သည်ဟု အပရစေတနာ ပျက်၏။ အလှူဒါနသည် ပုဗ္ဗ မုဥ္စ ပရ စေတနာသုံးတန် ပြည့်စုံက အကျိုးကြီး မားသည်။

ဘုရားရှင်က မင်းကြီး, ဤသို့ သူဌေးကြီးသည် တဂ္ဂရသိခီ မည်သော ပစ္စေကဗုဒ္ဓါကို လှူ၍ ပစ္စည်းဥစ္စာများကို ရသည်။ ပရ

စေတနာ ပျက်၍ မိမိပစ္စည်းများကို မသုံးစားရက် ဖြစ်သည်ဟု ဟောတော်မူ၏။ မင်းက သားသမီး အဘယ်ကြောင့် မရသနည်းဟု မေးလျှောက်၍ ဘုရားရှင်က သားသမီးမရခြင်းသည်လည်း သူပြု သည်သာလျှင်တည်းဟု အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါ၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရား လောင်းသည် ကုဋေရှစ်ဆယ်ကြွယ် သူဌေးမျိုးမှာ ဖြစ်သည်။ အရွယ်သို့ ရောက်လတ်သော် အိမ်တံခါး၌ မဏ္ဍပ်ထိုး၍ အလှူကြီး ပေးစေသည်။ ထိုအခါ ဘုရားလောင်း၌ သားတစ်ယောက် မွေးဖွား၍ ကြီးပြင်းလာစဉ် သားမယား ပစ္စည်းများတို့ကို ညီငယ်အား အပ်နှံ၍ ရသေ့ရဟန်းပြုကာ ဟိမဝန္တာ၌ နေ၏။

ညီသည် စီးပွားဥစ္စာ တိုးတက်လာ၍ ဤဥစ္စာများကို အစ်ကို သားအား ခွဲပေးရမည်ဟု အစ်ကိုသားကို ခေါ်ကာ မြစ်၌ မျှောစေ ကာ သတ်လေသည်။

အစ်ကိုသည် ဤကိစ္စ ထင်ရှားစေရန် ကောင်းကင်ခရီးဖြင့် ဗာရာဏသီပြည်သို့ လာရာ အလှူမဏ္ဍပ်လည်း မရှိတော့ပေ။ ညီ သည် အစ်ကိုရသေ့ လာ၍ ဆွမ်းဖြင့် လုပ်ကျွေး၏။ ဆွမ်းစားပြီး သည်၏အဆုံး၌ သားကို မေးရာ ရေချိုးစဉ် မြစ်၌ မျှော၍ သေ၏ ဟု လျှောက်၏။ အစ်ကိုရသေ့က သင့်ကိစ္စကို ငါသိသည်။ သင်သည် ငါ၏သားကိုလည်း ရေ၌မျှော သတ်၏။ ပစ္စည်းများကိုလည်း မစောင့်ရှောက်တတ်။ မယှကငှက်နှင့် သင်နှင့် အတူတူပဲဟု အောက် ပါ စကားကို ဟောတော်မူသည်-

ငါ၏ဥစ္စာ, ငါ၏ဥစ္စာဟု မြည်တတ်သော မယှကငှက်သည် သူများ သူတကာ မစားရအောင် ညောင်ချဉ်ပင်မှာရှိသော အသီး များကို ငါ၏ဥစ္စာ, ငါ၏ဥစ္စာဟု မြည်တတ်သကဲ့သို့ လောက၌

အချို့သောသူတို့သည် ပစ္စည်းဥစ္စာများကို စုဆောင်း၍ မိမိလည်း မသုံးစွဲရက်၊ ဆွေမျိုးဉာတိတို့ကိုလည်း မပေးရက်၊ ပစ္စည်းဥစ္စာ ဟူသည် မီး၊ မင်း၊ ရေ၊ ခိုးသူ၊ မချစ်မနှစ်သက်သူတို့ ဖျက်ဆီး တတ်၏။ အမွေဆိုင်သူတို့သည်လည်း မနှစ်သက်။ ပစ္စည်းဥစ္စာကို လှူဒါန်းပေးကမ်းသော သူသည်သာ လောက၌လည်း ကျော်စော ကိတ္တိရှိ၏။ တမလွန်၌လည်း နတ်ပြည်ရောက်ရသည်ဟု ဟော တော်မူကာ ပြန်သွားလေသည်။

**ဓီရော ဘောဂေ အဓိဂမ္မ၊ သင်္ဂဏှာတိ စ ဉာတကေ။**
**တေန သော ကိတ္တိံ ပပ္ပေါတိ၊ ပေစ္စ သဂ္ဂေ ပမောဒတိ။**

(ဆက္ကနိပါတ်၊ မယှကဇာတ်ပါဠိတော်၊ ၁၅၀)

ဓီရော-ရှေ့နောက်မြော်မြင် ပညာရှင်သည်။ ဘောဂေ-ပစ္စည်း ဥစ္စာ ရတနာတို့ကို။ အဓိဂမ္မ-စွဲ၍။ ဉာတကေစ-ဆွေမျိုးပေါက်ဖော် တော်စပ်သော သူတို့ကိုလည်း။ သင်္ဂဏှာတိ-ပစ္စုပ္ပန် တမလွန် အတွက် ချီးမြှောက်ထောက်ပံ့၏။ တေန-ထိုသို့ ပေးကမ်းစွန့်ကြဲ ချီးမြှောက်တတ်သော သူသည်။ ကိတ္တိံ-တော်ပါပေ၏, တော်ပါ ပေ၏ဟု ကျော်စောခြင်းသို့။ ပပ္ပေါတိ-အကြောင်းအလျောက် ရောက်ရပေ၏။ ပေစ္စ-နောင်တမလွန်ဘဝ၌။ သဂ္ဂေ-စာတုမဟာ ရာဇ်, တာဝတိံသာစသော နတ်ပြည်၌။ ပမောဒတိ-နတ်တို့ဖန် ဗိမာန်အသင့်, ဘုံအသင့်၊ ကုသိုလ်ဖန် ရေကန်အသင့်, ကြာအသင့် တကယ်ပင် ဝမ်းမြောက်ရတော့သည်သာတည်း။

## ကုမ္မာသပိဏ္ဍဇာတ်

မလ္လိကာမိဖုရားသည် ပန်းသည်မ သမီးဖြစ်၏။ အဆင်းလှ၏။ ပညာရှိ၏။ တစ်ဆယ့်ခြောက်နှစ်အရွယ်၌ ပန်းဥယျာဉ်သို့ သွားလတ်သော် သူမသည် မြို့ပြင်၌ ဘုရားရှင်ကို တွေ့၍ ၄င်းမုယောမုန့်သုံးဆုပ်ကို လှူ၏။ ထိုခဏ၌ ကောသလမင်းသည် အဇာတသတ်နှင့် စစ်ရှုံး၍ ပြေးလာရာ မလ္လိကာအား တွေ့၍ မိဖုရားကြီး မြှောက်၏။ ထိုအကြောင်းကို ရဟန်းတို့ပြောဆိုနေကြ၍ ဘုရားရှင်က ရှေးပညာရှိတို့သည်လည်း ပစ္စေကဗုဒ္ဓါတို့အား တင်လဲအစေးမရှိသော မုယောမုန့်ကို လှူ၍ နောက်ဘဝ၌ ယူဇနာသုံးရာရှိသော ကာသိတိုင်းမင်း၏စည်းစိမ်ကို ရဖူး၏ဟု အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါက ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်၏။ သူဌေးတစ်ဦးကို မှီ၍ အသက်မွေး၏။ မုယောဆုပ် လေးဆုပ်ကို ယူ၍ အလုပ်သွားရာ ပစ္စေကဗုဒ္ဓါလေးပါးအား လှူ၏။ ၄င်းကုသိုလ်ကို အမြဲတမ်း အောက်မေ့နေ၏။ သူသည် ထိုဘဝမှ စုတေ၍ တရာဏသီမင်း၏ မိဖုရားဝမ်း၌ ဖြစ်၏။ ငယ်စဉ်ကပင် မိမိ၏ ကုသိုလ်ကို ဇာတိဿရဉာဏ်ဖြင့် အောက်မေ့၏။ တက္ကသိုလ်ပြည်မှ ပညာတတ်ကာ ပြန်လာ၍ အဖကွယ်လွန်သဖြင့် မင်းပြု၏။ မင်း၏အဖြစ်ကို ရခြင်းသည် ၄င်းကုသိုလ်ကြောင့်ဟုလည်း သိ၏။ ၄င်းအတ္ထုပ္ပတ္တိကို မိဖုရားနှင့် တိုင်းသူပြည်သားတို့အား သီချင်းလုပ်ကာ ဆိုပြ၏။

မိဖုရားအားလည်း အဘယ်ကုသိုလ်ကြောင့် ဤမိဖုရားဘဝကို ရသနည်းဟု မေး၏။ မိဖုရားလည်း ဇာတိဿရဉာဏ်ကို ရ၍ အရှင်သခင်--- အကျွန်ုပ်မသည် ရှေးအခါက အမ္ဗဋ္ဌသူကြွယ်၏ ကျွန်မဖြစ်၏။ သီလစောင့်ဖူး၍ ဤသို့ လှပပါ၏။ မိမိအတွက်ရသော ထမင်းကို ရဟန်းတို့အား လှူဖူးပါ၏။

**ဥဒ္ဒမ္ဘတ္တံ အဟံ တဒါ စရမာနဿ အဒါသိံ ဘိက္ခုနော။**
**ဝိတ္တာ သုမနာ သယံ အဟံ တဿ ကမ္မဿ ဖလံ မမေ'ဒိသံ။**

(သတ္တကနိပါတ် ကုမ္မာသပိဏ္ဍဇာတ်)

ခတ္တိယ-မင်းမြတ်။ တဒါ-ထိုအခါ၌။ အဟံ-အကျွန်ုပ်သည်။ စရမာနဿ-ဆွမ်းခံသွားသော။ ဘိက္ခုနော-ပစ္စေကဗုဒ္ဓါအား။ ဥဒ္ဒမ္ဘတ္တံ-အဖို့ရအပ်သောထမင်းကို။ အဒါသိံ-လှူဖူး၏။ အဟံ-အကျွန်ုပ်သည်။ သယံ-ကိုယ်တိုင်။ ဝိတ္တာ-တုဋ္ဌာ-နှစ်သက်၏။ သုမနာ-ဝမ်းမြောက်သည်။ မမ-အကျွန်ုပ်၏။ ဤဒိသံ-ဤသို့သဘောရှိသော။ ဖလံ-အကျိုးသည်။ တဿ ကမ္မဿ-ထိုကောင်းမှုကံ၏။ ဖလံ-အကျိုးပါပေတည်း။

သူတို့သည် များစွာသော ကုသိုလ်ပြု၍ သေလျှင် နတ်ပြည်သို့ ရောက်ကြသည်။

---

## ဒသဗြာဟ္မဏဇာတ်

ရှေးအခါ၌ ကုရုတိုင်း၊ ဣန္ဒပတ္ထနဂိုရ်ပြည်၌ ကောရဗျမင်းသည် အလှူကြီး ပေး၏။ အကျိုးကြီးမြတ်စေရန်အတွက် သီလရှိသော ပုဂ္ဂိုလ်တို့ကို လှူလို၍ အမတ်ကြီး ဝိဓုရသုခမိန်အား စူးစမ်းခိုင်း၏။

(၁) ဆေးသမားနှင့် တူသော ပုဏ္ဏားတစ်ယောက်၊
(၂) ကျွန်အမှုလုပ်နှင့် တူသော ပုဏ္ဏားတစ်ယောက်၊

(၃) အခွန်တောင်းသောသူနှင့် တူသော ပုဏ္ဏားတစ်ယောက်၊
(၄) မပေးဘဲ မသွား၍ သစ်ငုတ်နှင့်တူသော ပုဏ္ဏားတစ်ယောက်၊
(၅) ကုန်သည်နှင့် တူသော ပုဏ္ဏားတစ်ယောက်၊
(၆) သူဌေးသူကြွယ်နှင့် တူသော ပုဏ္ဏားတစ်ယောက်၊
(၇) နွားသတ်နှင့် တူသော ပုဏ္ဏားတစ်ယောက်၊
(၈) ရှာဖျက်ဆီးသူနှင့် တူသော ပုဏ္ဏားတစ်ယောက်၊
(၉) မုဆိုးတံငါနှင့် တူသော ပုဏ္ဏားတစ်ယောက်၊
(၁၀) အညစ်အကြေး မကောင်းမှုကို ဆေးလျှော်တတ်သူနှင့် တူသော ပုဏ္ဏားတစ်ယောက်။

ဤပုဏ္ဏားတို့ကိုသာ လှူနေရ၍ အကုသိုလ်မှ ကင်းစင်သော ပရမတ္ထပုဏ္ဏားတို့ကို လှူလိုကြောင်း ပြောပြ၏။

ထိုအခါ ဝိဓုရသုခမိန်သည် နံနက်စောစော တိုင်းသူ ပြည်သားတို့အား လှူရန် ပြင်ဆင်စေ၏။ ဥပုသ်သီလ ဆောက်တည်စေ၏။ အရှင်ပစ္စေကဗုဒ္ဓါတို့၏ဂုဏ်ကို အောက်မေ့လျက် ပန်းစည်းများကို ကောင်းကင်သို့ စေလွှတ်၏။ မြောက်ဟိမဝန္တာ နန္ဒမူလိုဏ်မှ ပစ္စေကဗုဒ္ဓါတို့ကို ပင့်ဖိတ်၏။ ပန်းစည်းများသည် ပစ္စေကဗုဒ္ဓါတို့ထံ၌ ကျ၍ ဤအကြောင်းကို သိသဖြင့် ကြွလာတော်မူ၏။ မင်းနှင့်တကွ တိုင်းသူ ပြည်သားတို့သည် ခုနစ်ရက်ပတ်လုံး ဆွမ်းသက်န်းတို့ဖြင့် လှူဒါန်းကြကုန်၏။ ထို့နောက် ပစ္စေကဗုဒ္ဓါတို့သည်လည်း ပြန်ကြွသွားကြလေသည်။

## ဘိက္ခာပရမ္ပရဇာတ်

ရှေးအခါက ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် တရားနှင့်အညီ မင်းပြု၏။ တစ်စုံတစ်ယောက်မှ ကဲ့ရဲ့ခြင်း မရှိ။ တောရွာများသို့ သွား၍ စူးစမ်းရန် ဇရပ်ဟာစဲခု၌ နေ၏။ ထိုခဏ၌ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူကြွယ်တစ်ယောက်သည် မင်းအား ထမင်းစားစေ၏။ ထိုခဏ၌ နန္ဒမူလိုဏ်မှ ပစ္စေကဗုဒ္ဓါတစ်ပါးလည်း ရောက်လာ၏။ မင်းသည် ထိုထမင်းကို ပုရောဟိတ်အား ပေး၏။ ပုရောဟိတ်သည် ရသေ့အား လှူ၏။ ရသေ့သည် ပစ္စေကဗုဒ္ဓါအား လှူ၏။ ပစ္စေကဗုဒ္ဓသည် တစ်စုံတစ်ယောက်ကိုမျှ မပန်မူ၍ ဘုဉ်းပေး၏။ အကြောင်းအသို့နည်းဟု သူကြွယ်က မေး၏။

မင်းက ပုဏ္ဏားသည် ငါ၏ဆရာဖြစ်၍ ပေး၏ဟု ဆို၏။ ပုဏ္ဏားက ရသေ့သည် ကာမဂုဏ်ကို မခံစား၊ ငါကား ခံစား၍ ပေးထိုက်သောကြောင့် ပေး၏ဟု ဆို၏။ ရသေ့က ငါကား စားစရာ သောက်စရာ ရှာဖွေထုထောင်း ချက်ပြုတ်၍ စား၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကား တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းခြင်း မရှိ၍ မြတ်သောကြောင့် လှူ၏ဟု ဆို၏။ သူကြွယ်က ပစ္စေကဗုဒ္ဓါအား အဘယ်ကြောင့် တစ်ယောက်တည်း ဘုဉ်းပေးသနည်းဟု မေး၏။ ပစ္စေကဗုဒ္ဓါက ငါကား ချက်၍မစား၊ ပလိဗောဓ ကင်း၏။ တဏှာကင်း၏။ ရသေ့သည် ရေစက်ချ၍ ငါ့ကို လှူဒါန်း၏။ ငါသည် ပေးလှူသော အလှူရှိသူကို ဆန့်ကျင်သော အကျင့်ထင်၏ဟု ဆို၏။ ထိုအခါ သူကြွယ်သည် ငါ၏အလှူကား အကျိုးကြီးမြတ်၏ဟု ဆို၏။

**ရန္ဓေသု ဂိဒ္ဓါ ရာဇာနော၊ ကိစ္စာကိစ္စေသု ဗြာဟ္မဏာ။**
**ဣသီ မူလဖလေ ဂိဒ္ဓါ၊ ဝိပ္ပမုတ္တာ စ ဘိက္ခဝေါ။**

( ဇာတ်ဏ္ဍကနိပါတ်၊ ဘိက္ခာပရမ္ပရ[illegible] )

ရာဇာနော-မင်းတို့သည်။ ရဋ္ဌေသု-တိုင်းပြည်နိုင်ငံတို့၌။ ဂိဒ္ဓါ-တပ်မက်မောကုန်၏။ ဗြာဟ္မဏာ-ပုဏ္ဏားတို့သည်။ ကိစ္စာ-ကိစ္စေသု-အမှုကြီးငယ်တို့၌။ ဂိဒ္ဓါ-တပ်မက်မောကုန်၏။ ဣတ္ထိ-ရသေ့တို့သည်။ မူလဖလေ-သစ်မြစ်သစ်သီး၌။ ဂိဒ္ဓါ-တပ်မက်မောကုန်၏။ ဘိက္ခဝေါ စ-အရှင်ပစ္စေကဗုဒ္ဓါတို့သည်ကား။ ဝိပ္ပမုတ္တာ-တပ်မက်မောခြင်းမှ လွတ်ကုန်သည်သာတည်း။

---

## ၂။ သက်န်းအလှူရှင်များအကြောင်း သိကောင်းစရာ

## ကျောင်းအမ ဝိသာခါ

ဂေါတမဘုရားရှင်သည် သာဝတ္ထိပြည် ပုဗ္ဗာရုံကျောင်းအမနှင့် ပတ်သက်၍ ယထာပိ ပုပ္ဖရာသိမှာ စသည့်ဒေသနာတော်ကို ဟောတော်မူ၏။

ဝိသာခါဟူသည် အင်္ဂတိုင်း၊ ဘဒ္ဒိယမြို့၌ မေဏ္ဍကသူဌေးကြီး၏ သားဖြစ်သော ဓနဉ္စယသူဌေး၏ သုမနဒေဝီမှ ဖွားသော သမီးဖြစ်၏။

ဘုရားရှင်သည် ဘဒ္ဒိယမြို့သို့ ကြွလာတော်မူ၏။

ထိုအခါ ထိုမြို့၌ မေဏ္ဍကသူဌေး၊ သူ၏မယား စန္ဒပဒုမာ သူဌေးမ၊ သူတို့၏သား ဓနဉ္စယ၊ သူ၏မယား သုမနဒေဝီ၊ ကျွန်ပုဏ္ဏ ဟူ၍ ငါးယောက်ရှိ၏။

ဗိမ္ဗိသာရမင်း၏ တိုင်းနိုင်ငံမှာလည်း ဇောတိက၊ ဇဋိလ၊ မေဏ္ဍက၊ ပုဏ္ဏ၊ ကာကဝလိယ သူဌေးကြီး ငါးဦးရှိ၏။

ဘုရားရှင်သည် တရားဟောတော်မူရာ ဝိသာခါသည် နောက်ပါ သတို့သမီး ငါးရာတို့နှင့်တကွ သောတာပန် ဖြစ်သည်။

**ဝိသာခါ၏ ဂုဏ်ထူးရှစ်ပါး**

၁။ ခုနစ်နှစ်အရွယ် သောတာပန်ဖြစ်ခြင်း၊
၂။ လှူပြည် နတ်ပြည် ကျော်စောခြင်း၊
၃။ ဘုရားရှင်နှင့် အကျွမ်းဝင်ခြင်း၊
၄။ ဆင်ပြောင်ငါးစီး အားရှိခြင်း၊
၅။ မဟာလ္လတာ တန်ဆာကို ရခြင်း။
၆။ အသက် တစ်ရာ့နှစ်ဆယ် နေရခြင်း၊
၇။ သား နှစ်ကျိပ်၊ မြေး လေးရာ၊ မြစ် ရှစ်ထောင် ရှိခြင်း၊
၈။ ဆံပင်၊ အသား၊ အရေ၊ အရိုး၊ အရွယ်ကောင်းခြင်း တို့တည်။

ကောသလမင်းနှင့်ဗိမ္ဗိသာရမင်းတို့သည် အချင်းချင်း နှမ လင် ဖြစ်ကြ၏။ ကောသလမင်းက ဗိမ္ဗိသာရမင်းအား အမျိုးခိုင်မြဲ ရန် သူဌေးတစ်ယောက် တောင်း၍ မေဏ္ဍကသူဌေး၏သား ဓနဉ္စယ သူဌေးကို ထည့်လိုက်၏။

ပြန်လာကြရာ သာဝတ္ထိမြို့မှ ခုနစ်ယူဇနာ ဝေးသော နေ ရာ၌ ကိုယ်တိုင် နေရာယူ၍ တည်သောကြောင့် **သာကေတမြို့** တွင်သည်။

သာဝတ္ထိပြည်၌ မိဂါရသူဌေးသည် သားပုညဝမ္မနအတွက် ဆံပင်စသော ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို ပုရောဟိတ်တို့အား အရှာခိုင်းသည်။ တစ်သိန်းတန် ရွှေပန်းကုံးကိုလည်း ပေးလိုက်သည်။ ပုဏ္ဏားတို့သည် သာကေတမြို့သို့ ရောက်လာကြ၏။ မြစ်ဆိပ် ဇရပ်တစ်ခုမှာ ထိုင်ပြီး ကြည့်နေကြ၏။ မိုးရွာ၍ ဝိသာခါ၏ အခြံအရံငါးရာတို့သည် ဝင်ပြေးလာကြ၏။ ဝိသာခါကား လာမြဲတိုင်း လာ၏။ ပုဏ္ဏားတို့သည် ဤမိန်းမကား ကောင်းခြင်းလေးဖြာနှင့် ပြည့်စုံ၏။ သွား၏ကောင်းခြင်း သိလို၍ ဝိသာခါကြားလောက်ရုံ ဤမိန်းမကား ပျင်းရိ၏။ လင်ကား ပအုံးရည်နှင့်ပင် စားရမည် မဟုတ်ဟု ပြောသံကြား၍ ဝိသာခါသည် ကျွန်ုပ်မကို မေးသလောဟု ပြောရာ အသံကား ကြေးခွက်သံ ပေါ်လာ၏။

ပုရောဟိတ်တို့က ဇရပ်သို့ ပြေးမဝင်ကြောင်း မေးကြရာ -

* မင်းပြေးက ကြည့်၍ မကောင်း၊
* ဆင်ပြေးက ကြည့်၍ မကောင်း၊
* ရှင်/ရဟန်းပြေးက ကြည့်၍ မကောင်း၊
* မိန်မပျိုပြေးက ကြည့်၍ မကောင်း၊

ဤငါးဦးတို့ ပြေးက ကြည့်မကောင်းဟု ပြောလေသည်။

ထိုအခါ ပုရောဟိတ်တို့က အကြောင်းကို ပြော၍ ပန်းကုံး စွပ်ကြသည်။

ဝိသာခါသည် သာဝတ္ထိပြည်သို့ သွားခါနီး ဖခင်က ရွှေစင် နိက္ခတစ်ထောင် စသည်ပါသော မဟာလ္လတာ တန်ဆာကို စီရင်သည်။ ဥဒေါင်းရုပ်နှင့် တူသည်။ အဖိုး ကိုးကုဋေ ထိုက်တန်သည်၏။ ရွှေစင်လက်ခ တစ်သိန်း ပေးရ၏။ ဝိသာခါကို လာ၍ ကြိုသော သူတို့အတွက် ထင်းမလောက်၍ အိမ်ဟောင်း၊ ဇရပ်ဟောင်း၊ ကျီမှ

အဝတ်များကို ထုတ်၍ ဆီမှာနှစ်ပြီး ချက်ရသည်။ မဟာလ္လတာ တန်ဆာကား လေးလကြာမှ ပြီး၏။ ဝိသာခါသည် ကဿပဘုရားရှင် လက်ထက်က သံဃာတော် နှစ်သောင်းတို့အား သင်္ကန်းလျာပုဆိုး, အပ်, ဆိုးရည် လှူဖူး၍ မဟာလ္လတာတန်ဆာကို ရသည်။

မိန်းမတို့အား သင်္ကန်းအလှူသည် **မဟာလ္လတာ တန်ဆာ**ကို ရ၏။ ယောက်ျားတို့အား **ဧဟိဘိက္ခု**-ခေါ်နိုင်ကျိုး ရှိ၏။

ဖခင်သည် ဝိသာခါအတွက် ရွှေလှည်းအစီးပေါင်း ငါးရာ၊ ငွေလှည်း အစီးပေါင်း ငါးရာစသည်တို့ကို ပေးလိုက်သည်။

ဝိသာခါသည် ကဿပဘုရားရှင်လက်ထက်၌ ကိကီမင်းကြီး၏ သမီးခုနစ်ယောက်တို့တွင် အငယ်ဆုံး သံဃဒါသီ ဖြစ်ဖူးသည်။ သံဃာနှစ်သောင်းတို့အား နို့ဆွမ်းလောင်းရာ ရဟန်းတော်တို့က 'တော်ပြီ ဒါယိကာမကြီး' ဆိုသည်ကိုပင် မတော်ဘဲ စေတနာသဒ္ဓါကောင်းကောင်း ပေးလှူဖူး၍ လင်မြို့သို့ လိုက်စဉ် နို့စားနွားမများ ခြံခုန်၍ လိုက်သည်။

**ဖခင်မနဉ္စယသူဌေး ဩဝါဒပေးခြင်း**

* အတွင်းမီးကို အပြင် မထုတ်အပ်၊
* အပြင်မီးကို အတွင်းသို့ မသွင်းအပ်၊
* ပေးအပ်သောသူအား ပေးအပ်၏။
* မပေးအပ်သောသူအား မပေးအပ်။
* မပေးအပ်သောသူအားလည်းကောင်း၊ ပေးအပ်သော သူအားလည်းကောင်း ပေးအပ်၏-စသည်ဖြင့် မှာလိုက်သည်။

ယောက္ခမသည် တိတ္ထိတက္ကတွန်းတို့အား ဆွမ်းကျွေး၏။ ဝိသာခါက ကဲ့ရဲ့၏။ ဟိရီဩတ္တပ္ပစသည် မရှိပါတကားဟု ပြောသံကြား၍ တိတ္ထိတက္ကတွန်းတို့က ဂေါတမတပည့်မကို နှင်ထုတ်လိုက်ဟု ပြောကြ၏။

သံဃာတစ်ပါး ဆွမ်းခံကြွလာသည်ကို ယောက္ခမက မမြင်သလို လုပ်နေ၍ ဝိသာခါက တပည့်တော်မ၏ ယောက္ခမသည် အဟောင်းကိုသာ စားနေပါသည်ဟု လျှောက်၏။ ထိုအခါ သူဌေးကြီးသည် စိတ်ဆိုး၍ ဝိသာခါကို အိမ်မှ နှင်ထုတ်စေ၏။ ဝိသာခါက ကျွန်ုပ်မသည် ရေဆိပ်မှ ယူလာသော မယား မဟုတ်။ မိစုံဖစုံ ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ထားသော မယားဖြစ်ပါသည်ဟု ပြော၏။ ယောက္ခမက နင်သည် အချိန်မတော် ညအခါ နောက်ပါငါးရာတို့ဖြင့် သူတစ်ပါးအိမ် သွားသည်မဟုတ်လားဟု မေး၏။ မြေးမ ကိုယ်ဝန်ဖွား၍သာ အကူအညီပေးရန် သွားသည်ဟု ပြောလေသည်။

ယောက္ခမသည် ဝိသာခါအား သူ၏ဖခင် ပေးလိုက်သော ဩဝါဒကို ပေး၍ အောက်ပါအတိုင်း ဖြေလေသည်။

* အတွင်းမီးကို အပြင်မထုတ်အပ်ဟူသည် အိမ်တွင်းစကားကို အပြင်မှာ မပြောအပ်။
* အပြင်မီးကို အတွင်းသို့ မသွင်းအပ်ဟူသည် အပြင်မှ စကားကို အိမ်မှာ မပြောအပ်။
* ပေးအပ်သောသူအား ပေးအပ်၏ဟူသည် ချေးငှါး၍ ပြန်ဆပ်သောသူအားသာ ပေးအပ်၏။
* မပေးအပ်သောသူအား မပေးအပ်ဟူသည် ချေးငှါး၍ ပြန်မဆပ်သောသူအား မပေးအပ်။
* မပေးအပ်သောသူအားလည်းကောင်း၊ ပေးအပ်သော၊

* သူအားလည်းကောင်း ပေးအပ်၏ဟူသည် ဆွေမျိုးတို့အား ပြန်၍ ပေးပေး, မပေးပေး ပေးအပ်၏။
* ချမ်းသားစွာ နေအပ်၏ဟူသည် ယောက္ခမ လင်တို့အား ရိုသေအပ်၏။
* ချမ်းသာစွာ အိပ်အပ်၏ဟူသည် ယောက္ခမ လင်တို့ အိပ်ပြီးမှ အိပ်ရ၏။
* ချမ်းသာစွာ စားအပ်၏ဟူသည် ယောက္ခမ၊ လင်တို့ကို ကျွေးမွေးပြီးမှ စားအပ်၏။
* မီးကို လုပ်ကျွေးအပ်၏ဟူသည် ယောက္ခမ၊ လင်တို့ကို မီးကဲ့သို့ ရိုသေအပ်၏။
* အိမ်တွင်းနတ်ကို ရှိခိုးအပ်၏ဟူသည် ယောက္ခမ၊ လင်တို့ကို နတ်ကဲ့သို့ ရိုသေရမည်ဟု ရှင်းပြလေသည်။

ဝိသာခါသည် ယောက္ခမအား ရှင်းပြပြီးပြီ။ မိဘရပ်ဌာန် ပြန်လင့်ပြီဟု ရထားများ ပြင်၏။ ယောက္ခမက မသွားရန် တားမြစ်၏။ ကုသိုလ်ပြုချင်တိုင်း ပြုပါ ခွင့်ပြု၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကျွေး၏။ ယောက္ခမသည် ကန့်လန့်ကာတွင်းမှ တရားနာ၏။ ဘယ်မှာ ပုန်းနေနေ မိမိကို ကြည့်၍ တရားဟောနေသည်ဟု ထင်ခြင်းသည် ဘုရားရှင်အား စွန့်ကြီးငါးပါးကို စွန့်၍ လှူခြင်းအကျိုးတည်း။ သူဌေးကြီး သောတာပန်ဖြစ်၍ ဝိသာခါအား ကျေးဇူးတင်ခြင်းဖြင့် နို့ကို စို့၏။ ထိုအခါမှ ဝိသာခါသည် **မိဂါရမာတာ** တွင်၏။

**သောဟံ အဇ္ဇ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။**
**အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏှိသာ ဃရ'မာဂတာ။**

(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣတ္ထိသာသယမူ၊ ၃၃၃)

ဘန္တေ-အရှင်ဘုရား။ အဟံ-တပည့်တော်သည်။ ယာဝဇီဝံ-အသက်ထက်ဆုံး။ သံဃဿ-သံဃာတော်အား။ ဤကား ...

ဘန္တေ-အရှင်ဘုရား။ အဟံ-တပည့်တော်သည်။ ယတ္တ-အကြောင်းအလှူခံပုဂ္ဂိုလ်၌။ ဒိန္နံ-ပေးလှူခြင်းသည်။ မဟပ္ဖလံ-အကျိုးကြီး၏။ ဣတိ-ဤသို့။ ပဇာနာမိ-သိပါ၏။ ဘဒ္ဒါ-ကောင်းသော။ သုဏိသာ-ချွေးမသည်။ ဝတ-စင်စစ်။ မေ-တပည့်တော်၏။ အတ္တာယ-အကျိုးငှါ။ ယရံ-အိမ်သို့။ အာဂတာ-ရောက်လာပါသည်ဘုရား။

ယောက္ခမသည် ကျေးဇူးတင်သောအားဖြင့် တစ်သိန်းတန်တန်ဆာတစ်ခု လုပ်၍ ပေးသည်။ ဝိသာခါသည်လည်း ဘုရားရှင်မှ ဆုရှစ်ပါး ရသည်။

**ဝိသာခါ၏ ဆုထူးရှစ်ပါး**

* အာဂန္တုကရဟန်းအား မပြတ် ဆွမ်းလှူရခြင်း၊
* ခရီးသွားရဟန်းတို့အား မပြတ်ဆွမ်းလှူရခြင်း၊
* နာသောရဟန်းတို့အား မပြတ် ဆွမ်းလှူရခြင်း၊
* သူနာစောင့်ရဟန်းတို့အား မပြတ် ဆွမ်းလှူရခြင်း၊
* ယာဂုဆွမ်း အမြဲ လှူရခြင်း၊
* ဆေးကို အမြဲ လှူရခြင်း၊
* ရဟန်း မိန်းမတို့အား ရေသနုပ် အမြဲတမ်း လှူရခြင်း၊
* ရဟန်းယောကျ်ားတို့အား မိုးရေခံသင်္ကန်း အမြဲ လှူရခြင်း တို့တည်း။

ဝိသာခါ ဆင်ပြောင်ငါးစီး အားရှိသည်ကို ကောသလမင်းသည် စမ်းလို၍ ဆင်ပြောင်ကြီးကို လွှတ်ရာ တအားဖမ်းကာ သေမှာ စိုး၍ လက်ချောင်းနှင့် အသာအယာဖမ်းရာ ဆင်ပြောင်ကြီး လဲကျသွားလေသည်။

ဝိသာခါတို့အမျိုးမှာ အသက်အစဉ်အတိုင်းသာ သေသည်။

မဟာလ္လတာတန်ဆာကို ဝိသာခါ၏ကျွန်မသည် ထိန်းထား နိုင်ခြင်းသည်လည်း ဝိသာခါ၏ဘုန်းကံတည်း။

ဝိသာခါနှင့် သုပ္ပိယာသည် ဂိလာနရဟန်းတို့အား ပြုစုရန် လာကြသည်။

သုပ္ပိယာသည် ဂိလာနရဟန်းအတွက် အသားမရ၍ ပေါင် သားကို လှီးကာ ဆွမ်းချက်ကပ်သည်။

ဂေါတမဘုရားရှင်လက်ထက် မဟာလ္လတာ တန်ဆာကို ဆင်ဝတ်ရသူကား ဝိသာခါ၊ ဗန္ဓုလစစ်သူကြီး၏မယား မလ္လိကာ၊ ဗာရာဏသီ သူဌေးသမီး ဤသုံးယောက်သာ ရှိ၏။

ဝိသာခါသည် မဟာလ္လတာတန်ဆာ ကျောင်းမှာ မေ့ကျန်ရစ် သည်။ ပြန်မယူဘဲ ရောင်းရာ ဝယ်မည့်သူ မရှိ၍ မိမိဝယ်ယူပြီး ကျောင်းဆောက်လှူဒါန်းသည်။

ဝိသာခါ၏ သူငယ်ချင်းမတစ်ယောက်သည် တစ်သိန်းတန် ခြေသုတ်ပုဆိုးတစ်ခု လာလှူသည်ကို ထားစရာ မရှိ၊ လက်မခံနိုင် ဆို၍ ငိုနေသည်။ အရှင်အာနန္ဒာက ခေါ်၍ ခြေသုတ်ပုဆိုး ပြုစေ၏။

ဝိသာခါသည် နောက်ဆုံး နှစ်ဆယ့်ခုနစ်ကုဋေ အကုန်ခံ၍ ပုဗ္ဗာရုံကျောင်းကို ဆောက်ပြီး ပစ္စည်းလေးပါး လှူ၍ ဝမ်းမြောက် ရကား ဥဒါန်းကျူးလေသည်။

**ကဒါဟံ ပါသာဒံ ရမ္မံ၊ သုဓာမတ္တိကလေပနံ။**
**ဝိဟာရဒါနံ ဒဿာမိ၊ သင်္ကပ္ပေါ မယှံ ပူရိတော။**

(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣတ္ထိသဘယမ္မု၊ ၃၃၉)

ကဒါ-ဘယ်ခါကာလ၌။ ရမ္မံ-နှလုံးမွေ့လျော်ဖွယ် ကောင်းသော၊ သုခာမတ္တိကလေပနံ-အင်္ဂတေမြေညက် လိမ်းကျံသော။ ဝိဟာရဒါနံ-ကျောင်းအလှူကို။ ဒဿာမိ-ပေးလှူရအံ့နည်း။ ဣတိ-ဤသို့။ သင်္ကပ္ပေါ-အကြံအစည်သည်။ မယှံ-ငါ့အား။ ပူရိတော-ပြည့်စုံပြီးသည်သာတည်း။

ဝိသာခါ ဉဒါန်းကျူးသည်ကို ရဟန်းတို့ ရှူးသည်ထင်၍ ဘုရားရှင် အတိတ်ဆောင်တော်မူ၏။

ဤကမ္ဘာမှပြန်၍ ရေသည်ရှိသော် ကမ္ဘာတစ်သိန်းအထက်၌ ပဒုမုတ္တရ ဘုရားရှင်လက်ထက် ဘုရားရှင်၏ သက်တော်သည် တစ်သိန်းရှည်၏။ ရဟန္တာအပေါင်း တစ်သိန်းအခြံအရံရှိ၏။ မြို့တော်ကား ဟံသာဝတီမည်၏။ ခမည်းတော် သုနန္ဒ၊ မယ်တော် သုဇာတ ဖြစ်၏။ ဒါယိကာမတစ်ယောက်သည် ရှစ်ပါးသော ဆုကို တောင်း၍ အမိအရာ၌ ထားကာ ဘုရားရှင် ပူဇော်၏။ ထိုဆုကို တောင်းဖူး၍ ပြည့်စုံသည်။ ဝိသာခါ ဒါယိကာမသည် ကုသိုလ်တရားများကို ပန်းကုံးကဲ့သို့ ပြုသည်ဟု ဟောတော်မူသည်။

**ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ။**
**ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ။**

(ဓမ္မပဒပါဠိတော်၊ ၂)

ပုပ္ဖရာသိမှာ-ပန်းပွင့်အစုမှ။ ဗဟူ-များစွာကုန်သော။ မာလာဂုဏေ-ပန်းကုံးတို့ကို။ ကယိရာ ယထာ-ပြုကုန်သကဲ့သို့၊ ဧဝံ-ဤအတူ။ ဇာတေန-ဖြစ်သော။ မစ္စေန-သတ္တဝါသည်။ ဗဟုံ-များစွာသော။ ကုသလံ-ကုသိုလ်ကို။ ကတ္တဗ္ဗံ-ပြုအပ်သည်သာတည်း။

(ဓမ္မပဒအဋ္ဌကထာ လာ ကပ္ပိနမင်းနှင့် အနောဇာ မိဖုရားအကြောင်း " ဒါနအကြောင်း သိကောင်းစရာ " စာအုပ်၌ ပါပြီးပြီ)။

## ဆရာဇီဝက

ဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာ ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် ဝေသာလီပြည်သည် ပြည့်စုံကြွယ်ဝ၏။ စည်ပင်ဝပြော၏။ များသော လူဦးရေ ရှိ၏။ လူမျိုးစုံတို့ဖြင့် ပြွမ်း၏။ ပြာသာဒ်ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင်တို့သည်လည်းကောင်း၊ အထွတ်တပ်သောအိမ် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ဆောင်တို့သည်လည်းကောင်း၊ အရံ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ခုတို့သည်လည်းကောင်း၊ ရေကန် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ခုတို့သည်လည်းကောင်း ရှိကုန်၏။

ထို့ပြင် အမ္ဗပါလီ ပြည့်တန်ဆာမသည် အလွန်အဆင်းလှ၏။ စိတ်ကို ကြည်လင်စေနိုင်၏။ ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့၌ ကျွမ်းကျင်၏။ လူတို့သည် အသပြာငါးဆယ်ဖြင့်လည်း ညဉ့်အခါ သွားလာရ၏။ သူမကြောင့်လည်း ဝေသာလီပြည်သည် အလွန် တင့်တယ်၏။

ရာဇဂြိုဟ်ပြည်သား ကျေးရွာလူကြီးတစ်ယောက်သည် ရောက်လာ၍ ထိုအကြောင်းကို သိမြင်၏။ ထိုသူသည် မိမိတိုင်းပြည်သို့ ပြန်ရောက်လာသောအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား အကြောင်းအကျိုးကို ပြောပြ၍ ပြည့်တန်ဆာမ တစ်ယောက် ထားပါအံ့ဟု လျှောက်၏။

ထိုအမ္ဗပါလီ ပြည့်တန်ဆာမနည်းတူ သာလဝတီမည်သော မိန်းမပျိုတစ်ယောက်ကို ပြည့်တန်ဆာမ ပြုထား၏။ မကြာမီ ကိုယ်ဝန်ရှိလာ၍ ကလေးတစ်ယောက်ကို ဖွားမြင်၏။ လာဘ်သပ္ပကာမှ

ဆုတ်ယုတ်ခြင်းကို ကြောက်၍ ဖျားနာနေသည်ဟု တံခါးစောင့်ကို ပြောကြားထား၏။ ကျွန်မအား ၎င်းကလေးကို ဆန်ကောဟောင်း၌ ထည့်၍ အမှိုက်ပုံ၌ ပစ်စေ၏။

အဘယမင်းသားသည် မင်းခစားရန် သွားစဉ် ကျီးများဝန်းရံနေသည့် ကလေးကို တွေ့၍ မွေးစားထား၏။ ထိုသူငယ်ကား **'အသက်ရှိသေး၏လော'** ဟူသော အမေးကြောင့် ဇီဝက (**မောင်သက်ရှိ**) အမည်မှည့်ကြ၏။

ဇီဝကသည် သိကြားလိမ္မာသည့် အရွယ်သို့ ရောက်သောအခါ ကစားဖက်သူငယ်ချင်းများနှင့် ရန်ဖြစ်ရာ မိမရှိ၊ ဖမရှိဟု ဆဲရေးကြ၏။ တစ်ခါတစ်လေလည်း ပွဲလမ်းသဘင်ရှိစဉ် သူငယ်ချင်းတို့မှာ ဘထွေး ဘကြီးစသည်တို့မှ ကြေးငွေများ ပေးကြ၏။ သူ့မှာကား ပေးမည့်သူ မရှိပေ။

ဇီဝကသည် အဘယမင်းသားအား ကပ်၍ သူ၏မိဘတို့ကို မေးရာ ငါသည် သင်၏ အမိအမည်ကို မသိ။ ငါမွေးစားသည်ဟု ပြော၏။ ထိုအခါ ဇီဝကသည် အတတ်မရှိဘဲ မင်းမျိုး၌ အသက်မွေးခြင်းငှါ မလွယ်ကူ။ ငါသည် ဆေးအတတ်ကို သင်ရမှုကောင်း၏ဟု အကြံဖြစ်၏။

**ဇီဝက၏ ရှေးအတိတ်**

ဆင်အတတ်၊ မြင်းအတတ်စသည်တို့သည် သူတစ်ပါးကို သတ်ခြင်းနှင့် ပတ်သက်သည်။ ဆေးအတတ်သည် မေတ္တာရှေ့အဖို့ ရှိ၍ သတ္တဝါတို့အား အကျိုးရှိသည်။ ထို့ကြောင့် ဆေးအတတ်ကို သင်အံ့ဟု စိတ်ကူး၏။

ဆရာဇီဝကသည် ရာဇဂြိုဟ်ပြည်သို့ ပြန်ရောက်လာ၍ အဘယမင်းသားအား ကျေးဇူးဆပ်သည့်အနေဖြင့် ၄င်း တစ်သောင်း ခြောက်ထောင်သော အသပြာတို့ကို ပေး၏။ အဘယမင်းသည် ၄င်းအသပြာတို့ကို မယူသည်သာမက မိမိ၏ အိမ်တော်အတွင်း၌ ပင် နေစေ၏။

**ဗိမ္ဗိသာရမင်းကြီး**

ထိုအခါ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းအား ဘဂန္ဒိုလ်သွေးဒူလာရောဂါ ဖြစ်သည်။ မိဖုရားတို့က ဝတ်လဲတော်၌ သွေးအလိမ်းလိမ်း ကပ်နေသည်ကို မြင်၍ မင်းကြီးသည် ဥတုပန်း ပွင့်နေသည်။ ကလေးမွေးတော့မှာပဲဟု ပြက်ရက်ပြုကြ၏။ ဆရာ ဇီဝကသည် ဗိမ္ဗိသာရမင်း၏ ဘဂန္ဒိုလ် သွေးဒူလာရောဂါကိုလည်း တစ်ကြိမ်သာ ဆေးထည့်ရုံဖြင့် ပျောက်ကင်း၏။

ဗိမ္ဗိသာရမင်းသည် ငါးရာသော မောင်းမတို့ကို ခေါ်ကာ အလုံးစုံသော အဆင်တန်ဆာကို ဝတ်စေ၍ ပြန်ချွတ်စေပြီး ဆရာ ဇီဝကအား ၄င်းအားလုံးသော တန်ဆာကို ပေး၏။ ဆရာဇီဝကသည် မယူလို၍ မင်းက ငါ့အားလည်းကောင်း၊ ငါးရာသော မောင်းမတို့အား လည်းကောင်း၊ သံဃာတော်အပေါင်းကိုလည်းကောင်း လုပ်ကျွေး လော့ဟု ဆို၍ သဘောတူ၏။

**ရာဇဂြိုဟ်သူဌေး**

ဆေးဆရာများသည် ရာဇဂြိုဟ်သူဌေး၏ ဦးခေါင်းကိုက် နာကို မပျောက်ဘဲ ဆေးဖိုးဝါးခကိုသာ ယူ၍ သွားကြ၏။ မကြာမီ သေမည်ဟူ၍လည်း ပြောကာ သွားကြ၏။

ဗိမ္ဗိသာရမင်းကြီး စေခိုင်းချက်အရ သွား၍ ဆေးကု၏။ သူဌေးက ရောဂါပျောက်မူ ငါ့မှာ ရှိသမျှဥစ္စာကို ပေးမည်၊ ကျွန်လည်း ခံမည်ဟု ပြော၏။ ဆရာဇီဝကသည် ရာဇဂြိုဟ်သူဌေး၏ ဦးခေါင်းရေကို ခွာ၊ ဦးဆက်ကို ခွဲ၍ ဦးနှောက်စား ပိုးနှစ်ကောင်ကို ထုတ်ပြ၏။ ဆရာဇီဝကသည် ခုနစ်ရက်သုံးပတ်ဖြင့် ရောဂါပျောက်စေ၏။

နောက် သူဌေးသည် ဝန်ခံကတိရှိသည့်အတိုင်း ရှိသမျှပစ္စည်းဥစ္စာအားလုံးကို ပေး၏။ ကျွန်လည်း ခံ၏။ ဆရာဇီဝကသည် မယူဘဲ ရှင်ဘုရင်အတွက် တစ်သိန်း၊ မိမိအတွက် တစ်သိန်းသာ ယူ၏။

**သူဌေးသား**

တစ်ရံရောအခါက ကျွမ်းထိုးကစားသည့် ဗာရာဏသီ သူဌေးသားအား အူထုံးသောရောဂါ ဖြစ်၏။ ထို့ကြောင့် အစာမကြေဘဲ တညိုးညိုးတကြုံကြုံ ဖြစ်နေ၏။

ဖခင်သူဌေးသည် ရာဇဂြိုဟ်ပြည်သို့ သွား၍ ဗိမ္ဗိသာရမင်းအား ဆရာဇီဝကကို သားအတွက် ဆေးကုရန် တောင်း၏။ ဆရာဇီဝကသည် သွား၍ လူများအား ဖယ်ရှားစေပြီး တင်းတိမ်ကန့်လန့်ကာကို ကာစေ၏။ တိုင်၌ ဖွဲ့ချည်၍ မယားကို ရှေ့ကထား လျက် ဝမ်းရေကို ခွာပြီး ဆေးကု၏။ မယားအားလည်း အကြောင်းအကျိုးကို ပြောပြ၏။

အူထုံးကို ဖြေ၍ အူတို့ကို တစ်ဖန် သွင်းပြီး ဝမ်းရေကို ချုပ်၍ လိမ်းဆေးကို လိမ်းပေး၏။ သူဌေးသား အနာပျောက်၍ တစ်ဖြောင်း ချောက်ထောင်သော အသပြာတို့ကို ပေး၏။

**ပဇ္ဇောတမင်း**

တစ်ရံရောအခါက ပဇ္ဇောတမင်းအား ဖျော့တော့သော အနာသည် ဖြစ်၏။ ဒိသာပါမောက္ခ ဆေးဆရာကြီးများကို ခေါ်၍ ကုသပါသော်လည်း မတတ်နိုင်ကြ။ ဆေးဖိုး အခကြေးငွေများကိုသာ ယူ၍ သွားကြ၏။

ပဇ္ဇောတမင်းသည် ဆေးကုရန် ဆရာဇီဝကကို လွှတ်ခြင်းငှါ ဗိမ္ဗိသာရမင်းသို့ အကြောင်းကြား၏။ ဗိမ္ဗိသာရမင်းကလည်း ဆရာဇီဝကအား ဥဇ္ဇေနီပြည့်ရှင် ပဇ္ဇောတမင်းသို့ လွှတ်လိုက်၏။

ဆရာဇီဝကသည် ရောက်လာ၍ ဆေးကုရန် မင်းအား ထောပတ် တောင်း၏။ မင်းက ငါသည် ထောပတ်ကို စက်ဆုပ်သည်၊ တစ်ခြားသောဆေးဖြင့်သာ ကုပါဟု ပြော၏။ ဆရာဇီဝကသည် ဤရောဂါကား ထောပတ်နှင့်သာ ပျောက်မည်ဟု ထောပတ်ကို ဖန်သော အဆင်း၊ ဖန်သောအနံ့ ဖန်သောအရသာ ဖြစ်အောင် ချက်၏။

ဆရာဇီဝကသည် ဤမင်းကား ဤထောပတ်ကို သောက်က ကြို့ထိုးလတ္တံ့၊ ဤမင်းကား ကြမ်းဘမ်း၏။ ငါ့ကို သတ်ချင်လည်း သတ်မည်။ ငါသည် ဆေးမပေးမီ ပန်ကြားမှု ကောင်းလိမ့်မည်ဟု ကြံစည်၏။

ထို့ကြောင့် ဆရာဇီဝကသည် အရှင်မင်းကြီး၊ ဆေးဆရာတို့ မည်သည် ဝေးဝေးလံလံသော အရပ်သို့ သွား၍ ဆေးပင်ကို နှုတ်ရ၏။ ရှာရ၏။ သွားရ၏။ သို့အတွက် အလိုရှိသော ယာဉ်ဖြင့်လည်း ကောင်း၊ သွားချင်သော အချိန်အခါ၌လည်းကောင်း၊ ဝင်လိုသော အချိန်အခါ၌လည်းကောင်း၊ ထွက်ဝင်လိုသော တံခါးဖြင့်လည်း ကောင်း ထွက်ဝင်သွားလာခွင့် ပြုပါဟု လျှောက်၏။ မင်းလည်း ခွင့်ပြုသည်။

ဆရာဇီဝကသည် ပဇ္ဇောတမင်းအား ဖန်သောဆေးကို သောက်ပါဟု ထောပတ်ကို ပေး၏။ ချက်ချင်း ပဇ္ဇောမင်း၏ ဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာသည် နေ့ချင်း ယူဇနာ ငါးဆယ် ရောက်နိုင်၏။ ထိုယာဉ်ဖြင့် ဥဇ္ဇေနီပြည်မှ ထွက်ပြေး၏။

မင်းသည် ထိုထောပတ်ကို သောက်၍ ကြို့ထိုးလတ်သော် အချင်းတို့ ဆိုးသွမ်းသော ဇီဝကသည် ထောပတ်ကို တိုက်ခဲ့၏။ လိုက်၍ ရှာကြပါဟု ပြောရာ ထွက်ပြေးကြောင်းကို လျှောက်ကြ၏။

မင်းသည် နေ့ချင်း ယူဇနာခြောက်ဆယ် ရောက်နိုင်သော ကာကမည်သော ကျွန်ကို အရှာခိုင်း၏။ ဆေးသမားတို့သည် များသော မာယာရှိကုန်၏။ တစ်စုံတစ်ခုသော စားဖွယ်သောက်ဖွယ်ကို မယူလေလင့်ဟုလည်း မှာလိုက်၏။ ကျွန် ကာကသည် ကောသမ္ဗီပြည်၌ နံနက်စာ စားနေစဉ် ဆရာဇီဝကကို မှီ၏။ ကျွန် ကာကသည် ပြန်လိုက်ရန် မင်းက မှာလိုက်ကြောင်းကို ပြော၏။ ဆေးဆရာတို့မည်သည် များသော မာယာရှိကုန်၏။ တစ်စုံတစ်ခုသော စားစရာ သောက်စရာကိုလည်း ယူမစားနှင့်ဟု မှာလိုက်ကြောင်းကိုလည်း ပြော၏။

ထိုအခါ ဆရာဇီဝကသည် လက်သည်း၌ ဆေးကို ထည့်၍ သျှိသျှားသီးကို စား၏။ ရေသောက်၏။ ကျွန်ကာကကိုလည်း ပေး၏။ ကျွန်ကာကသည် ၎င်းသျှိသျှားသီးကို စား၍ ဇီဝကသည် တစ်စုံတစ်ခုမှ မဖြစ်သည်ကို မြင်၍ စားရာ ကျွန်ကာကသည် ဝမ်းလျှော၏။ ကျွန်ကာကသည် ဆရာ, ကျွန်ုပ် သေလိမ့်မည် ထင်၏ဟု ပြောရာ သင်ရော မင်းပါ ကိစ္စမရှိ၊ မသေပါ။ မင်းသည် ကြမ်းတမ်း၏။ ငါ့ကို သတ်စေရာ၏ဟု ပြောဆိုပြီး ဆင်မယာဉ်သာရထားကို ကျွန်ကာကအား ပေးလိုက်၍ ဆရာဇီဝကသည် ရာဇဂြိုဟ်ပြည်သို့ ပြန်ခဲ့၏။

ဗိမ္ဗိသာရမင်းအားလည်း အကြောင်းအကျိုးကို သံတော်ဦး တင်ပြ၏။ မင်းလည်း နှစ်သက်၏။ ထို့နောက် ပဇ္ဇောတမင်းသည် ရောဂါပျောက်၍ ဆရာဇီဝကအား ဆုပေးရန် တမန်လွှတ်၍ ခေါ်၏။ ဆရာဇီဝကသည် မလိုက်လိုပါ။ ကျေးဇူးကိုသာ အောက်မေ့ပါဟု ပြောပြီး တမန်ကို ပြန်လွှတ်လိုက်၏။

**သိဝိတိုင်းဖြစ် ပုဆိုးအစုံ**

တစ်နေ့သောအခါ ပဇ္ဇောတမင်းအား အတိုင်းမသိ အဖိုး ထိုက်တန်သော သိဝိတိုင်းဖြစ် ပုဆိုးအစုံကို ရ၏။ ၎င်းပုဆိုးအစုံကို မင်းသည် ဆရာဇီဝကသို့ ပို့လိုက်၏။ ဆရာဇီဝကသည် ဤပုဆိုး အစုံကား ဗိမ္ဗိသာရမင်းအားလည်းကောင်း၊ ဘုရားရှင်အားလည်း ကောင်း ထိုက်တန်၏။ တစ်ပါးသော သူတို့နှင့် မထိုက်တန်ဟု အောက်မေ့၏။

သိဝိတိုင်းဖြစ် ပုဆိုးအစုံဟူသည် ဥတ္တရကုရုတိုင်းတို့၌ မသာကို ထုတ်၍ သုသာန်သို့ ပို့သော အဝတ်တည်း။ ထိုအဝတ်ကို သားတစ် ထင်မှတ်ပြီး ဆင်နှာမောင်းကဲ့သို့ နှာမောင်းရှိသော ငှက်တို့ သည် ချီ၍ ဟိမဝန္တာတောင်ထွတ်၌ ချပြီး အဝတ်ကို ဖယ်ကာ စားကြ၏။ ထိုအခါ တောမုဆိုးတို့သည် အဝတ်ကို မြင်၍ မင်းအား ဆောင်ကြ၏။ ဤပုဆိုးသည် ပဇ္ဇောတမင်းသို့ ရောက်လာ၏။

သိဝိတိုင်း၌ ရက်ကန်းတတ်သော မိန်းမတို့သည် သုံးခုသော အစွမ်းတို့ဖြင့် ချည်ကို ငင်ကုန်၏။ ထိုချည်ဖြင့် ရက်အပ်သော ပုဆိုးဟုလည်း ဆိုကြ၏။

**တစ်နေ့ ယူဇနာများစွာ သွားနိုင်သူ**

ပဇ္ဇောတမင်း၏ ဘဒ္ဒဝတိကာ ဆင်မယာဉ်သာသည် တစ်နေ့၌ ယူဇနာငါးဆယ်၊ နာဠာဂိရိဆင်သည် တစ်နေ့၌ ယူဇနာတစ်ရာ၊ စေလကဏ္ဍမြင်းသည်လည်းကောင်း၊ မုဉ္စကေသမြင်းသည်လည်းကောင်း တစ်နေ့၌ ယူဇနာနှစ်ရာ၊ ကာကကျွန်သည် တစ်နေ့၌ ယူဇနာခြောက်ဆယ် သွားနိုင်၏။

ဘုရားမပွင့်မီ တစ်နေ့သ၌ အမျိုးသားတစ်ယောက်သည် ထမင်းစားရန် ထိုင်နေစဉ် ပစ္စေကဗုဒ္ဓါတစ်ပါး တံခါးနားက သွားသည်ကို မြင်၍ ပင့်ကာ ဆွမ်းလောင်း၏။ တပည့်တော်သည် ဤကောင်းမှုကြောင့် ဖြစ်လေရာဘဝတို့၌ ယာဉ်နှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်း၏။ ထိုအမျိုးသားသည် ပဇ္ဇောတမင်း ဖြစ်လာ၏။ ထို့ကြောင့် ဤဘဒ္ဒဝတိကာမည်သော ဆင်မယာဉ်သာနှင့် ပြည့်စုံသည်။

**အကြိမ်သုံးဆယ် ဝမ်းနုတ်ခြင်း**

တစ်နေ့သ၌ ဆရာဇီဝကသည် ဘုရားရှင်အား ဆေးဖြင့်ရောသော ကြာပွင့်သုံးပွင့်တို့ကို ရှူစေ၍ အကြိမ်သုံးဆယ် ဝမ်းလျှောစေ၏။

ထို့နောက် ဘုရားရှင်သည် ပကတိ နေကောင်းသည်ဖြစ်၍ ဆရာဇီဝကသည် လာလတ်ပြီး ဘုရားရှင်အားမြို့ထဲသို့ ဆွမ်းခံမကြွပါနှင့်၊ မြို့သူမြို့သားတို့သည် အလှူလာ၍ ပေးလိမ့်မည်ဟု လျှောက်၏။ ထိုစကားကို ကြား၍ 'အရှင်မောဂ္ဂလ္လာန်သည် ယနေ့ ဘုရားရှင်အား ရှေးဦးစွာ အဘယ်မှ ဆွမ်းကို ရအံ့နည်းဟု စိတ်ကူးမိ၏။

သောဏသူဌေးသားသည် လယ်ထွန်သည်မှစ၍ သူများနှင့် မတူ။ နို့ရည်စသည်ဖြင့် ကြီးပွားသော နံ့သာသလေး ထမင်းကို စား၏။ သူ့ထံမှ ဆွမ်းကို ဆောင်အံ့ဟု တန်ခိုးဖြင့် သွား၍ ဆွမ်းခံ၏။ သောဏသူဌေးသားသည် အရှင်မောဂ္ဂလ္လာန်အား ဆွမ်းကပ်၏။ ဘုရားရှင်အတွက်လည်း လှူလိုက်၏။ ထိုဆွမ်းကို အရှင်မောဂ္ဂလ္လာန်သည် ဘုရားရှင်အား ဆက်ကပ်၏။

ဗိမ္ဗိသာရမင်းသည် ကျောင်းတံခါးဝနားကပင် ဆွမ်းသည် မွှေးကြိုင်၍ စားချင်စိတ်ပေါက်၏။ ဘုရားရှင်၏ဆွမ်း၌ နတ်တို့သည် သြဇာထည့်၍ ပေး၏။ သုဇာတာဆွမ်း၌လည်းကောင်း၊ ပန်းထိမ် ဆရာသား စုန္ဒဆွမ်း၌လည်းကောင်း၊ တခြားသူ လှူသောဆွမ်းတို့၌ လည်းကောင်း နတ်တို့သည် သြဇာထည့်၍ ပေးကြ၏။

ဘုရားရှင်သည် နတ်တို့ သြဇာထည့်၍ မပေးသောဆွမ်းကို အနည်းငယ် ဗိမ္ဗိသာရမင်းအား ပေး၏။ စားပြီး၍ အရှင်ဘုရား, ဤဆွမ်းသည် မြောက်ကျွန်းမှ ဆွမ်းပါလားဟု လျှောက်၏။ သောဏသူဌေးသား၏ ဆွမ်းဖြစ်ကြောင်းကို မိန့်တော်မူ၍ မင်းသည် သောဏသူဌေးသားကို တွေ့မြင်လိုသဖြင့် ဘုရားရှင်သည် ရှစ် သောင်းသော အမျိုးသားတို့နှင့်တကွ သောဏသူဌေးသား၏ လာခြင်းကို ပြု၏။ ဘုရားရှင်၏တရားတော်ကို ကြားနာ၍ သောဏ သူဌေးသားသည် ရဟန်းပြုကာ ရဟန္တာဖြစ်သည်။ ကျန်သောသူများ သောတာပန် ဖြစ်ကြသည်။ (ထေရဂါထာ စသည်ရှု)

**ဆုတောင်းခြင်း**

ဆရာဇီဝကသည် ပဇ္ဇောတမင်းပေးသော ပုဆိုးအစုံကို ဘုရားရှင်အား လှူ၏။ ရဟန်းသံဃာတို့အားလည်း ဒါယကာတို့ လှူသော သင်္ကန်းကို ခွင့်ပြုပါဟု လျှောက်၏။

ထိုအခါမှစ၍ ဘုရားရှင်သည် ရဟန်းတို့အား သက်န်း အမျိုးမျိုးကို ခွင့်ပြုတော်မူသည်။

ရာဇဂြိုဟ်ပြည်နေ လူတို့သည် ဘုရားရှင်ကား ရဟန်းတို့အား ဒါယကာတို့ လှူသော သက်န်းကို ခွင့်ပြုတော်မူပြီဟု ကြား၍ ရွှင်လန်းဝမ်းမြောက်ကြကုန်၏။

**ဧကာဟေနေဝ ရာဇဂဟေ ဗဟူနိ စီဝရသဟဿာနိ ဥပ္ပဇ္ဇိံသု။** (ဝိနည်းမဟာဝါ ပါဠိတော်၊ ၃၉၂)

ဧကာဟေနေဝ-တစ်နေ့ချင်းဖြင့်သာလျှင်။ ရာဇဂဟေ-ရာဇ ဂြိုဟ်ပြည်၌။ ဗဟူနိ စီဝရာသဟဿာနိ-အထောင်မကသော သက်န်းတို့သည်။ ဥပ္ပဇ္ဇိံသု-ဖြစ်ကုန်၏။

**ဇနပဒေပိ ဧကာဟေနေဝ ဗဟူနိ စီဝရသဟဿာနိ ဥပ္ပဇ္ဇိံသု။** (ဝိနည်းမဟာဝါ ပါဠိတော်၊ ၃၉၃)

ဇနပဒေပိ-ဇနပုဒ်၌လည်း။ ဧကာဟေနေဝ-တစ်ရက်တည်း ဖြင့်သာလျှင်။ ဗဟူနိ စီဝရသဟဿာနိ-အထောင်မကသော သက်န်း တို့သည်။ ဥပ္ပဇ္ဇိံသု-ဖြစ်ကုန်ပြီ။

ဆရာဇီဝကသည် သူတစ်ပါးကြည်ညိုရာ၌ တေဒဂ်ရသည်။

## ဝိသာခါ

ထို့နောက် ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်၌ နေတော်မူသောအခါ ဝိသာခါ ဒါယိကာမသည် ကျောင်းသို့ သွား၍ ဘုရားအမှူးရှိသော သံဃာတော်များအား နက်ဖြန် အိမ်သို့ ဆွမ်းဘုဉ်းပေးရန် ပင့်လျှောက်လာခဲ့၏။

ထိုညဉ့်လွန်သော် လေးကျွန်းလုံးကို နှံ့သော မိုးကြီး ရွာ၏။ ကျွန်မအား သံဃာပင့်ရန် ကျောင်းသို့ လွှတ်ရာ ရဟန်းတို့သည် သက်နန်းကို ချ၍ မိုးရေခံနေကြ၏။ ကျွန်မသည် ရဟန်းတို့အား အာဇီဝကရဟန်းတို့ ထင်၍ မပင့်ဖိတ်ဘဲ အိမ်သို့ ပြန်လာပြီး ဝိသာခါအား ပြော၏။

ဝိသာခါကား အာဇီဝကရဟန်းတို့ မဟုတ်ဟု သိ၏။ နောက် ဘုရားအမှူးရှိသော သံဃာတော်တို့အား ပင့်ဖိတ်၍ ဆွမ်းကျွေး၏။ ထိုအခါ ဝိသာခါသည် ဘုရားရှင်အား အောက်ပါ ဆုရှစ်ပါးကို တောင်း၏-

**ဝိသာခါ ဆု(၈)ပါး**

၁။ သံဃာတော်အား အသက်ထက်ဆုံး မိုးရေခံသက်နန်း လှူဒါန်းလိုပါ၏။

၂။ အာဂန္တုကရဟန်းတို့အား ဆွမ်း လှူလိုပါ၏။

၃။ ခရီးသွားရဟန်းတို့အား ဆွမ်း လှူလိုပါ၏။

၄။ သူနာရဟန်းတို့အား ဆွမ်း လှူလိုပါ၏။

၅။ သူနာပြုရဟန်းတို့အား ဆွမ်း လှူလိုပါ၏။

၆။ သူနာရဟန်းတို့အား ဆေး လှူလိုပါ၏။

၇။ အမြဲ ယာဂု လှူလိုပါ၏။

၈။ ဘိက္ခုနီသံဃာအား ရေသနုပ် လှူလိုပါ၏ဟု လျှောက်၏။

ဘုရားရှင်က ဝိသာခါ ဒါယိကာမအား အဘယ်ကြောင့် ဤ ဆု(၈)ပါးကို တောင်းသနည်းဟု မိန့်တော်မူရာ ထိုသက်နန်းစသည်ကို

သုံးဆောင်ဖူးသော ရဟန်းတို့ကို အောက်မေ့သော တပည့်တော်အား---

* ပါမောဇ္ဇံ ဇာယိဿတိ-
ဝမ်းမြောက်ခြင်း ဖြစ်လတ္တံ့။
* ပမုဒိတာယ ပီတိ ဇာယိဿတိ-
ဝမ်းမြောက်သောသူအား ပီတိ ဖြစ်လတ္တံ့။
* ပီတိမနာယ ကာယော ပဿမ္ဘတိ-
ပီတိစိတ်ရှိသူအား ကိုယ်ငြိမ်းအေးလတ္တံ့။
* ပဿဒ္ဓကာယဥ္စ သုခံ ဝေဒယိဿာတိ-
ကိုယ်ငြိမ်းအေးသူအား ချမ်းသာသုခကို ခံစားရလတ္တံ့။
* သုခိနိယာ စိတ္တံ သမာဓိယိဿတိ-
ချမ်းသာသုခကို ခံစားသောသူ၏ စိတ်သည် တည်ကြည်လတ္တံ့။ (သမာဓိကို ရလတ္တံ့)
* သာ မေ ဘဝိဿတိ ဣန္ဒြိယဘာဝနာ ဗလဘာဝနာ ဗောဇ္ဈင်္ဂဘာဝနာ-
သမာဓိဖြစ်သော တပည့်တော်အား ဣန္ဒြိယဘာဝနာ၊ ဗလဘာဝနာ၊ ဗောဇ္ဈင်္ဂဘာဝနာ ဖြစ်လတ္တံ့။

ဤအကျိုးတို့ကို ရည်ရွယ်၍ တပည့်တော် ဤဆု(၈)ပါးကို တောင်းပါသည်ဟု လျှောက်၏။

ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူသည်-

**ယာ အန္နပါနံ ဒဒါတိ ပမောဒိတာ၊**
**သီလူပပန္နာ သုဂတဿ သာဝိကာ။**

ဒဒါတိ ဒါနံ အဘိယျ မစ္ဆရံ၊
သောဝဂ္ဂကံ သောကနုဒံ သုခါဝဟံ။

ဒိဗ္ဗံ သာ လဘတေ အာယုံ၊
အာဂမ္မ မဂ္ဂံ ဝိရဇံ အနင်္ဂဏံ။
သာ ပုညကာမာ သုခိနီ အနာမယာ၊
သဂ္ဂမှိ ကာယမှိ စိရံ ပမောဒတီတိ

(ဝိနည်းမဟာဝါ ပါဠိတော်၊ ၄၀၈)

သုဂတဿ-ဘုရားရှင်၏။ ယာ သာဝိကာ-အကြင်တပည့်မ သည်။ အန္နပါနံ-ထမင်းအဖျော်ကို။ ဒဒါတိ-ပေးလှူ၏။ ပမောဒိတာ-အလွန် ဝမ်းမြောက်၏။ သီလူပပန္နာ-အကျင့်သီလနှင့် ပြည့်စုံ၏။ မစ္ဆရံ-ဝန်တိုခြင်းကို။ အဘိဘုယျ-နှိပ်စက်၍။ သောဝဂ္ဂကံ-နတ် ပြည်၏အကြောင်းဖြစ်သော။ သောကနုဒံ-စိုးရိမ်ခြင်းကို ပယ်တတ် သော။ သုခါဝဟံ-ချမ်းသာကို ဆောင်တတ်သော။ ဒါနံ-အလှူကို။ ဒဒါတိ-ပေးလှူတတ်၏။

သာ-ထိုတပည့်မသည်။ ဝိရဇံ-ကိလေသာမြူကင်းသော။ အနင်္ဂဏံ-အပါယ်သို့ လားစေတတ်သော ကိလေသာမြူ မရှိသော။ မဂ္ဂံ-အရိယာမဂ်တရားကို။ အာဂမ္မ-စွဲ၍။ ဒိဗ္ဗံ-နတ်၌ ဖြစ်သော။ အာယုံ-အသက်ရှည်ခြင်းကို။ လဘတေ-ရ၏။ ပုညကာမာ-ကောင်းမှုကို အလိုရှိသော။ သုခိနီ-ချမ်းသာခြင်းနှင့် ပြည့်စုံသော။ အနာမယာ-နာဖျားခြင်းမရှိသော။ သာ-ထိုတပည့်တော်မသည်။ သဂ္ဂမှိ-နတ်ပြည်၌ ဖြစ်သော။ ကာယမှိ-ကိုယ်၌။ စိရံ-ကြာမြင့်စွာ။ ပမောဒတိ-မွေ့လျော်ရတော့ည်သာတည်း။

**ဆရာဇီဝက၏ ဆောင်ရွက်ချက်**

ဆရာဒေဝဒတ်ရဟန်းသည် အဇာတသတ်မင်းသားကို ပေါင်း၍ ငါသည် ဘုရားကို သတ်၍ ဘုရားလုပ်မည်။ သင်သည်လည်း ဖခင်ဗိမ္ဗိသာရမင်းကို သတ်၍ မင်းပြုစေရန် အမျိုးမျိုး မြှောက်ပင့်ခြင်း စသည်တို့ဖြင့် တန်ခိုးဣဒ္ဓိပါဒ် ရှိသယောင်ယောင် မိမိကို ကြည်ညိုစေရန်လည်း ပြုသည်။

ဂိဇ္ဈကုဋ်တောင်မှ ကျောက်တုံးများကိုလည်း လှိမ့်ချဖူးသည်။ သံဃာကို သင်းခွဲဖူးသော သံဃဘေဒကံကြောင့် အဝီစိငရဲသို့ ရောက်ရသည်။

အဇာတသတ်မင်းသားသည်လည်း ဖခင်ဘုရင် ဗိမ္ဗိသာရမင်းကို သတ်ခြင်းတည်းဟူသော ပိတုဃာတကကံ ထိုက်သည်။

တစ်နေ့သ၌ တန်ဆောင်မုန်းလပြည့် ကြာမျိုးငါးပါး ပွင့်သော နေ့လည်း ဖြစ်၏။ ကောင်းကင်မှာ နေ၊ လ၊ နက္ခတ်တာရာများ မြူတိမ်ကင်းကာ စင်ကြယ်သော နေ့လည်း ဖြစ်၏။ ညဉ့်အခါ၌ နက္ခတ်ပွဲသဘင် ဆင်ယင်သော အခါလည်း ဖြစ်၏။

လူများတို့သည် လ, သာသာဖြင့် နက္ခတ်ပွဲသဘင်ကို သွားသူသွား၊ မိမိကြိုက်နှစ်သက်ရာ ဆရာသမား၊ မိဘဘိုးဘွားများနေရာသို့ သွားသူ သွားနှင့် အလွန်ပျော်မွေ့ဖွယ်လည်း ကောင်းပေသည်၊ လသာခန်း နန်းတော်ပေါ်မှာ နေသော အဇာတသတ်မင်းသားသည် လူများသွားလာနေသည်ကို မြင်၍ ငါသည် ဘယ်သူ၏တရားကို နာရအံ့နည်းဟု စိတ်ကူးကာ မှူးမတ်တို့အား တိုင်ပင်၏။

မက္ခလိဂေါသာလ၊ ပူရာဏကဿပစသော တိတ္ထိတက္က တွန်းဆရာကြီးတို့၏ တပည့်များက သူတို့၏ ဆရာဖြစ်သော မက္ခလိ

ဂေါသာလ၊ ပုရဏကဿပစသော သူတို့ကို ညွှန်ပြကြ၏။ ညွှန်ပြသည့်အတိုင်းလည်း သွား၍ တရားနာသူ သူတို့၏ဝါဒကို မကြိုက်ပေ။

ထိုအခါ ဆရာဇီဝကသည် အဇာတသတ်မင်းသားအား ဘုရားရှင်၏တရားကို နာရန် ခေါ်သွား၍ ဘုရားရှင်သည် သာမညဖလသုတ်ကို ဟောတော်မူ၏။

သာမညဖလသုတ် အကျဉ်းချုပ်မှာ သီလရှိသော သူသည် တရားကို အားထုတ်သော် စျာန်တရားကို ရတတ်သည်။ နောက် မဂ်လေးပါး၊ ဖိုလ်လေးပါးကို ရတတ်သည်။ ၎င်းတရားတို့သည် ရဟန်း၏ အကျိုးတည်းဟု ဥပမာ ဥပမေယျ စသည်ဖြင့် အကျယ်ချဲ့ကာ ဟောတော်မူသော တရားတော် ဖြစ်သည်။

အကယ်၍သာ အဇာတသတ်မင်းသားသည် ပိတုဃာတကကံ မရှိအံ့၊ ဘုရားရှင်၏ သာမညဖလသုတ် ဒေသနာတော်အဆုံး၌ သောတာပန် ဖြစ်နိုင်သည်။

သို့သော်လည်း အဇာတသတ်မင်းသားသည် ၎င်း ပိတုဃာတကကံကြောင့် အဝီစိငရဲမှာ မခံရဘဲ အဝီစိငရဲ၏ အခြံအရံဖြစ်သော လောဟကုမ္ဘိငရဲမှာ လူတို့၏ အရေအတွက်အားဖြင့် အနှစ်ခြောက်သောင်း၊ အောက်သို့ သုံးသောင်း ဆင်း၍ အထက်သို့ သုံးသောင်း တက်ကာ ငရဲမှ လွတ်လာ၍ **ဝိဇိတာဝီ**-မည်သော ပစ္စေကဗုဒ္ဓါပင် ဖြစ်လတ္တံ့။

ဤသို့ ဆရာဇီဝကသည် သူတစ်ပါး၏ အကျိုးလည်း ဆောင်ရွက်သည်။

(သုတ်သီလက္ခန် အဋ္ဌကထာ သာမညဖလသုတ်ကို ရှု)

# သက်န်းအကြောင်း

စီဝရခေါ် သက်န်းသည် အဝတ်အားလုံးတို့တွင် အမြတ်ဆုံး ဖြစ်သည်။ လူ့ဘဝဖြင့် ရဟန္တာဖြစ်သူသည် ယုတ်ညံ့သော လူအသွင် ဖြင့် မြင့်မြတ်သော အရဟတ္တဖိုလ်ကို မဆောင်နိုင်၊ မရနိုင်။ ရဟန္တာ ဖြစ်သောနေ့မှာပင် ရဟန်းမူလည်း ပြုရ၏။ ရဟန်း မပြုလျှင်ကား ပရိနိဗ္ဗာန်စံရ၏။ နတ်ဘဝဖြင့် အနာဂါမ်ရဟန္တာဖြစ်သော ကာမာဝစရ နတ်တို့လည်း တောတောင်စသော ဆိတ်ငြိမ်ရာအရပ် မရှိသော ကြောင့် တခဏမျှ မတည်တံ့နိုင်။ ဘုမ္မစိုးနတ်တို့ကား တောတောင် စသော ဆိတ်ငြိမ်ရာအရပ် ရှိသောကြောင့် ရဟန္တာအဖြစ်ဖြင့် တည် တံ့နိုင်၏။

(ဒီ၊ ဋ္ဌ၊ ၃၊ ၉၇။ မ၊ ဋ္ဌ၊ ၃၊ ၁၃၆-၇။ ဒီ၊ ဋီ၊ ၃၊ ၉၃။ မ၊ ဋီ၊ ၃၊ ၉၁။ အံ၊ ဋီ၊ ၃၊ ၂၈၅)

ရှေးဦးစွာ သောတာပန် ဖြစ်သောသူအား နောက်မှ သောတာပန်ဖြစ်သော ရဟန်းက အရိုအသေစသည်တို့ကို ပြုသင့် သည်ဟု ပြောကြားသော သာကီနွယ် ဆွေတော်မျိုးတော်တို့ ပြော သောစကားကို မြတ်စွာဘုရားရှင် သိတော်မူ၍ ဘုရားရှင်သည် အမျိုးဇာတ်ပူဇော်ထိုက်သောအကြောင်း အသွင်ပုံဟန် တခြားစီ ဖြစ်သည်။ အကျင့်အားဖြင့် အဆင့်အတန်း မြင့်သော်လည်း အနာ ဂါမ်လူပုဂ္ဂိုလ်က သက်န်းတန်ခိုးကြောင့် ယနေ့ဖြစ်စ ပုထုဇဉ် ရှင်သာမဏေကိုပင် အရိုအသေ ပြုရသည်။ လူသောတာပန်နှင့် ရဟန်းသောတာပန် နှိုင်းမရ။ ရဟန်းသောတာပန်က အရဟတ္တဒ္ဓဇ သက်န်းကြောင့် လူသောတာပန်ထက် သာလွန်၍ မြင့်မြတ်လှတော့ သည်ဟု မိန့်တော်မူသည်။ (သုတ္တနိ၊ ဋ္ဌ၊ ၁၊ ၂၆၁-၂)

လမ်းခရီး၌ စွန့်ပစ်ထားသော မစင်လိမ်းကျံသော သင်္ကန်းကိုပင် လက်အုပ်ချီမိုး ရှိခိုးအပ်၏။ ပွင့်ပြီး၊ ပွင့်ဆဲ၊ ပွင့်လတ္တံ့သော ဘုရားရှင်တို့သည် ဤသင်္ကန်းဖြင့် ကိလေသာ စင်ကြယ်သောကြောင့် ဖြစ်သည်။ (အပ၊ ၁၊ ၅၂။ အပ၊ ဋ္ဌ၊ ၁၊ ၃၃၁-၂)

သင်္ကန်းသည် သာသနာကွယ်ခြင်း၊ မကွယ်ခြင်း မှတ်တိုင် သဖွယ်ဖြစ်သည်။ ဤသင်္ကန်းဖြင့် ငါတို့အား အကျိုးမများဟု နှလုံးပြု၍ သင်္ကန်းကို မစွန့်ပစ်သမျှ လိင်္ဂသာသနာ မကွယ်ပနိုင်၊ သင်္ကန်းကို စွန့်ပစ်သောအခါမှသာ လိင်္ဂသာသနာ ကွယ်ပသည်။ (အံ၊ ဋ္ဌ၊ ၁၊ ၇၀)

သင်္ကန်းလှူခြင်းကြောင့် ရွှေအဆင်း ဝါဝင်းလှပခြင်း၊ အညစ်အကြေးကင်းခြင်း၊ ပြိုးပြိုးပြက်ပြက် အရောင်ထွက်ခြင်း၊ တန်ခိုးရှိန်စော် အာနုဘော်ကြီးခြင်း၊ ကိုယ်လုံးကိုယ်နေ ပြေပြစ် ချောမောခြင်း၊ အဆင်းလှသော ပုဆိုးအဝတ်အထည် တစ်သိန်း ရနိုင်ခြင်း၊ ခေါမတိုင်းဖြစ် အထည်, ဝါချည်အထည်, ပိုးထည် သက္ကလတ်တို့ကို ရနိုင်ခြင်း ရှစ်ပါးတို့တည်း။

**ရွှေသို့အဆင်း, မြူကြေးကင်း၍, ရောင်ဝင်းစုံဝ, ထွန်းလင်းပ၏, နုလှကာယ, မကသိန်းဖိုး, ပုဆိုးရလိမ့်, ဝါရွှေဖြူနီ, ဤရှစ်လီသည်, ကျမ်းညီသင်္ကန်း လှူကျိုးတည်း။**

(အပ၊ ၁၊ ၃၅၈၊ ၃၈၉)

**တစ်ဖော်ဆင်မြင်း, ဝတ်သင်္ကန်းကို, လှူဒါန်းသည့်သူ, အဆင်းလှူတည့်၊ နတ်လူတို့ဘောင်, ဖြစ်တိုင်းနောင်ဝယ်, အခေါင်ဦးစွန်း, ကိုယ်ရောင်ထွန်း၍, တုကျွန်းလွတ်ကွာ၊ မယ်ဥမ္မာနှင့် , ပဘာဝတီ, နတ်တစ်ပြည်သို့, အညီနှိုင်းရှိ, လှခေါင်ထိလိမ့်။** (သံ၊ ၁၊ ၂၉။ သံ၊ ဋ္ဌ၊ ၁၊ ၇၈။ မဃဒေဝ၊ ၅၀၇)

အရှင်ကဿပအလောင်း သူကြွယ်တစ်ဦးသည် သက်န်း လှူခဲ့ဖူးသော ကောင်းမှုကြောင့် ဗာရာဏသီပြည်တွင် နန္ဒမင်း ဖြစ်ရသည်။ အရပ်လေးမျက်နှာမှ တစ်ထည်လျှင် တစ်သိန်းမက တန်သော အဝတ်တန်ဆာ လိုရာစုံလင်သော ပဒေသာပင် သုံးဆယ့် ခြောက်ပင် ကေစိဝါဒအားဖြင့် ခြောက်ဆယ့်လေးပင် ပေါ်ပေါက် ပေးရသည်။ မိမိစိုးမိုး အုပ်ချုပ်သောနိုင်ငံတွင် ချည်ငင်, ဗိုင်းငင်, ရက်ကန်းစင်ပင် မရှိစေရ။ အနှစ်တစ်ထောင် ကာလပတ်လုံး ပဒေသာပင်မှ အဝတ်အထည်ကို ဝေငှ မြောက်ကျွန်းတမျှ ပြည့်ဝ စုံလင်သော အကျိုးကို ရရှိခံစားရသည်။ (ပေတ၊ ဋ္ဌ၊ ၇၈-၉-၇၀)

သက်န်းလှူခြင်းကြောင့် မိန်းမတို့အား မဟာလ္လတာတန်ဆာ၊ ယောကျ်ားတို့အား တန်ခိုးကြောင့် ဖြစ်သော သက်န်းကို ရနိုင်၊ ဧဟိဘိက္ခု ဖြစ်နိုင်သည်။ မိန်းမ ဧဟိဘိက္ခုနီ မရှိနိုင်။

(ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ ၂၄၉။ ဝဇီရ၊ ၃၅၁)

ပရိက္ခာရာရှစ်ပါးတို့တွင် တစ်ပါးပါး မလှူခဲ့ဖူးလျှင် တန်ခိုး ကြောင့်ဖြစ်သော သပိတ်သက်န်း မရနိုင်။ ဧဟိဘိက္ခု မဖြစ်နိုင်။ ပရိက္ခာရာရှစ်ပါးတွင် တစ်ပါးပါး လှူခဲ့ဖူးမှ တန်ခိုးကြောင့်ဖြစ်သော သပိတ်သက်န်း ရနိုင်။ ဧဟိဘိက္ခု ဖြစ်နိုင်သည်။

(မ၊ ဋ္ဌ၊ ၄၊ ၂၁၅။ မ၊ ဋီ၊ ၃၊ ၄၀၄)

တစ်နည်းအားဖြင့် သပိတ်သက်န်း လှူခဲ့ဖူးမှ တန်ခိုးကြောင့် ဖြစ်သော သပိတ်သက်န်း ရနိုင်၊ ဧဟိဘိက္ခု ဖြစ်နိုင်သည်။ မလှူခဲ့ ဖူးက မရနိုင်၊ မဖြစ်နိုင်။

(ဓမ္မ၊ ဋ္ဌ၊ ၁၊ ၄၁၁-၂။ ဥဒါန၊ ဋ္ဌ၊ ၈၅။ အံ၊ ဋီ၊ ၁၊ ၁၈၁)

တစ်နည်းအားဖြင့် ငါ၏ ဤပရိက္ခာရာရှစ်ပါး၊ ဤသပိတ် သက်န်းအလှူသည် တန်ခိုးဖြင့် ဖြစ်သော ပရိက္ခာရာရခြင်း၏

အကြောင်း အထောက်အပံ့ ဖြစ်ပေစေဟု ဆုတောင်း၍ ပရိက္ခရာ ရှစ်ပါး ဖြစ်စေ၊ သပိတ်သက်န်း ဖြစ်စေ လှူခဲ့ဖူးမှ တန်ခိုးကြောင့် ဖြစ်သော သပိတ်, သင်္ကန်း ရနိုင်၊ ဧဟိဘိက္ခု ဖြစ်နိုင်သည်၊ ဆုတောင်း၍ မလှူခဲ့ဖူးက မရနိုင်၊ မဖြစ်နိုင်။

(သာရတ္ထ၊ ၂၊ ၅၁။ သာရတ္ထ၊ ၄၊ ၁၉၇။ ဒီ၊ ဋီ၊ ၂၊ ၇၁။ မ၊ ဋီ။ ၃၊ ၄၀၄)

ဤသို့ စသည်ဖြင့် များလှပေသည်။

(အကျယ်ရှုလိုသော သူများအတွက် ကျမ်းညွှန်းထည့်ထားသည်)

---

## ဥမ္မာဒန္တီ

ရှေးအခါက ဗာရာဏသီပြည်ဝယ် ဤဥမ္မာဒန္တီ အမျိုးသမီးသည် သူဆင်းရဲမျိုး၌ ဖြစ်ဖူးသည်။ တစ်နေ့သ၌ နက္ခတ်ပွဲသဘင်ကျင်းပစဉ် သူများ ဝတ်ဆင်နေကြသော ဝတ်ပန်းပုဆိုးကို အလွန်ဝတ်ချင်သည်။ မိဘတို့အား တောင်းရာ မိဘတို့ကလည်း မတတ်နိုင်ပေ။

နောက် မိဘတို့က ဤမြို့မှာ သူကြွယ်တစ်ယောက် ရှိသည်။ သူ့ထံ၌ စာရင်းငှါး သွားလုပ်က ဤအဝတ်မျိုးကို ဝတ်ရမှာပဲဟု လွှတ်လိုက်၍ သုံးနှစ် ကျွန်ခံစေသည်။ သုံးနှစ်ပင်လျှင် မပြည့်ပေ။ သူကြွယ်က ဝတ်ပန်းပုဆိုးပေး၍ ဝတ်ရန် ရေချိုးသွားခိုင်းသည်။ သူဆင်းရဲမသည် ရေချိုးမည်ပြုနေစဉ် ခိုးသူ လုယက်ခံရသော

ရဟန်းက သစ်ခက်များကို ဝတ်၍ လာသည်ကို မြင်လျှင် ငါကား ရှေးအခါက မလှူ၍ ဆင်းရဲသည်ဟု ဤဝတ်ပန်းပုဆိုးကို သက်န်းအတွက် လှူသည်။ တပည့်တော်မသည် ဤကောင်းမှုကြောင့် ယောကျ်ားများမြင်က မူးအောင်၊ ရူးအောင် လှပါစေသတည်းဟု ဆုတောင်း၏။

သူမသည် သေလွန်၍ တာဝတိံသာနတ်ပြည်မှာ သွား၍ ဖြစ်သည်။ နောက်တစ်ဖန် အရိဋ္ဌပုရမြို့၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော တိရိဋ္ဌဝစ္ဆသူဌေးသမီး ဖြစ်လေသည်။ အဆင်းလှ၍ ဥမ္မာဒန္တီ တွင်၏။

သူ၏ဖခင် သူဌေးသည် ကျွန်တော်မျိုးမှာ အဆင်းအင်္ဂါ လက္ခဏာနှင့် ပြည့်စုံသော သမီးတစ်ယောက် ရှိပါသည်။ သိမ်းယူတော်မူပါဟု လာ၍ လျှောက်၏။ ပုရောဟိတ်တို့သည် လာ၍ လေ့လာကြရာ ဥမ္မာဒန္တီကို မြင်၍ စားမည့်ထမင်းလုတ်သည် ပါးစပ်ကို မရောက်ဘဲ ချိုင်းကြားကို ထိုးသူ ထိုးမိကြသည်။ ပါးကို ချော်၍ ထိုးသူ ထိုးမိကြသည်။ တစ်ချို့ စားဖို့ကို သတိမရဘဲ ငေးမှိုင်နေကြသည်။

ဥမ္မာဒန္တီသည် ပုရောဟိတ်တို့အား အရူးတွေပါတကားဟု အခန်းထဲမှ ဆွဲထုတ်သည်။ ပုရောဟိတ်တို့သည် စိတ်ဆိုးမာန်ပါနှင့် ဤမိန်းမသည် အရှင်သခင်နှင့် မထိုက်တန်ပါ။ သူယုတ်မ-ပါဟု လျှောက်တင်ကြ၏။

ဥမ္မာဒန္တီသည် သိ၍ သူယုတ်မ မဟုတ်ကြောင်းကို မင်းအား သိစေအံ့ဟု ကြံစည် အောက်မေ့ထားသည်။

တစ်နေ့သ၌ နက္ခတ်ပွဲသဘင် ကျင်းပ၍ သိဝိမင်းကြီး လှည့်လည်လာသည်ကို မြင်၍ ပြတင်းပေါက်မှ ကိုယ်ဟန်ထွက်ပြသည်။

မင်းကြီးသည် မြင်၍ မူးရူးကာ ဆင်ပေါ်မှ လိမ့်ကျလုလုဖြစ်သည်။ နောက် မင်းကြီးသည် ဥမ္မာဒန္တီကို မရက သေရအံ့ဟု အမောဆိုက် နေစဉ် ဥမ္မာဒန္တီ၏ယောကျ်ား အဘိပါရက စစ်သူကြီးက တောင်း ပန်မှ သက်သာရာ ရသွားသည်။

သူမသည် ပဒုမဒေဝီ မိဖုရားဘဝ၌လည်း ကြာပန်း၊ ပေါက် ပေါက် လှူ၍ ခြေဖဝါးမှ ပဒုမ္မာကြာပန်းများသည် သွားတိုင်း ပေါက် သည်။

ဂေါတမဘုရားရှင် လက်ထက်၌ သာဝတ္ထိပြည်ဝယ် သူဌေး သမီး ဖြစ်လာသည်။ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည်။ ဥပ္ပလဝဏ် တွင်သည်။ ဘိက္ခုနီမ ပြုသည်။ ဥပုသ်အိမ်၌ ဆီမီးကို တေဇော ကသိုဏ်း ပြု၍ ဈာန်ရသည်။ ဈာန်ကို အခြေခံပြု၍ ဝိပဿနာ ပွားကာ ရဟန္တာမ ဖြစ်သည်။ တောရ ဆောက်တည်သည်။

ဆွမ်းခံလာစဉ် ဦးရီးသားနန္ဒ မုဒိမ်းကျင့်၍ ငရဲရောက်သည်။ ထိုအခါမှ စ၍ ဘုရားရှင်သည် ဘိက္ခုနီမတို့အား အာရညိကဓုတင် ဆောက်တည်သည်ကို တားမြစ်တော်မူသည်။ ဘုရားရှင်က ပိန်းကြာ ဖက်တွင် ရေမတင်သကဲ့သို့ ဥပ္ပလဝဏ်အား ကိလေသာစိတ် မရှိဟု ဟောတော်မူပြီး၍ အောက်ပါ ဒေသနာတော်ကိုလည်း ဟော တော်မူသည်-

**မဓုဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။**
**ယဒါ စ ပစ္စတိ ပါပံ၊ ဗာလော ဒုက္ခံ နိဂစ္ဆတိ။**

(ဓမ္မပဒပါဠိတော်၊ ၂၃)

ဗာလော-လူမိုက်သည်။ ယာဝ-အကြင်မျှလောက်။ ပါပံ- မကောင်းမှုသည်။ န ပစ္စတိ-အကျိုးမပေးသေး။ တာဝ-ထိုမျှလောက်။ မဓုဝါ-ပျားသကာကဲ့သို့။ မညတိ-မှတ်ထင်ရ၏။ ယဒါ စ-အကြင်

အခါ၌ကား၊ ပါပံ-မကောင်းမှုသည်။ ပစ္စတိ-အကျိုးပေး၏။ တဒါ-ထိုအခါ၌။ ဗာလော-သူမိုက်သည်။ ဒုက္ခံ-ဆင်းရဲခြင်းသို့။ နိဂစ္ဆတိ-ရောက်ရသည်သာတည်း။

ဤဥမ္မာဒန္တီဇာတ်တော်ကို ဘုရားရှင်သည် သာဝတ္ထိပြည်၌ ဆွမ်းခံကြွလာစဉ် လှပသော မိန်းကလေးတစ်ယောက်ကို မြင်လာ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

အောက်ပါ ဒေသနာတော်ကို နှုတ်ငုံးသွင်းအပ်၏။

**သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။**
**မိထိလာယ ဒယှမာနာယ၊ န မေ ကိဉ္စိ အဒယှထ။**

(ဇနကဇာတ်ပါဠိတော်၊ ၁၇၀)

ယေသံ နော-အကြင်ငါတို့အား။ ကိဉ္စနံ-ဥစ္စာရတနာစသည်၌ ကြောင့်ကြခြင်းသည်။ နတ္ထိ-မရှိ။ သုသုခံ-ချမ်းသာစွာ။ ဝတ-စင်စစ်။ ဇီဝါမ-အသက်မွေးကြကုန်အံ့။ မိထိလာယ-မိထိလာတိုင်းပြည်သည်။ ဒယှမာနာယ-မီးလောင်သည်ရှိသော်။ မေ-ငါ့အား။ ကိဉ္စိ-တစ်စုံတစ်ခုသော စိတ်သည်။ န အဒယှထ-မီးမလောင်ကုန်သည်သာတည်း။

(ပရိက္ခာရာလှူကျိုးကို ပုဏ္ဏသာတိမင်းကြီးဝတ္ထု၊ ကေသာဠိကာ ပုဏ္ဏားဝတ္ထု၊ ကပ္ပိနအနောဇာဝတ္ထု စသည်တို့ကို ရှုပါလေ။ ဤဝတ္ထုတို့ကား "ဒါနအကြောင်း သိကောင်းစရာ" စာအုပ်၌ ပါပြီးပြီ။ ဗာဟိယဒါရုစိရိက ဝတ္ထုကား "မဟာသတိပဋ္ဌာန် အကြောင်း သိ ကောင်းစရာ" စာအုပ်၌ ပါပြီးပြီ)။

## ၃။ ကျောင်းအလှူရှင်များ အကြောင်း သိကောင်းစရာ

### နင္ဂါဂါရိကမထေရ်

ဤနင္ဂါဂါရိက မထေရ်အလောင်းသည် သစ်ပင်ရင်းမှာ သီတင်းသုံးနေတော်မူသော နာရဒဘုရားရှင်အား ဟိမဝန္တာတောင်၏ အနီး ဟာရိတတောင်ဝယ် ကျူထရံကျောင်း ဆောက်လုပ်လှူဒါန်းဖူး၏။ မြက်သစ်ရွက် စသည်ကို ရှင်းလင်းပေးဖူး၏။ စင်္ကြံကျောင်း လှူဒါန်းဖူး၏။

ထို့ကြောင့် တစ်ဆယ့်လေးကမ္ဘာပတ်လုံး နတ်ပြည်၌ ဖြစ်ရ၏။ ခုနစ်ဆယ့်လေးကြိမ် စကြာမင်း ဖြစ်ရ၏။ ပဒေသရာဇ်မင်း၏အဖြစ်ကား မရေတွက်နိုင်ပေ။

**စတုဒ္ဒသသု ကပ္ပေသု။ ဒေဝလောကေ ရမိံ အဟံ။**
**စတုသတ္တတိက္ခတ္တုဉ္စ၊ ဒေဝရဇ္ဇံ အကာရယိံ။**

(ထေရအပဒါန် ပါဠိတော်၊ ၃၂၁)

အဟံ-နင္ဂါဂါရိကတွင်မည် ငါမထေရ်သည်။ စတုဒ္ဒသသု ကပ္ပေသု-တစ်ဆယ့်လေးကမ္ဘာတို့၌။ ဒေဝလောကေ-နတ်ပြည်၌။ ရမိံ-မွေ့လျော်ခြင်း ဖြစ်ရ၏။ စတုသတ္တတိက္ခတ္တုဉ္စ-ခုနစ်ဆယ်လေးကြိမ်ပတ်လုံး။ အဟံ-ငါသည်။ ဒေဝရဇ္ဇံ-မင်းအဖြစ်ကို။ အကာရယိံ-ပြုဖူးသည်သာတည်း။

**ဒွေ သမ္ပတ္တီ အနုဘောတွာ၊ သုက္ကမူလေန စောဒိတော။**
**ဂေါတမဿ ဘဂဝတော၊ သာသနေ ပဗ္ဗဇိံ အဟံ။**

(ထေရအပဒါန် ပါဠိတော်၊ ၃၂၁

ဒွေ-နှစ်ပါးကုန်သော။ သမ္ပတ္တိ-လူ၊ နတ်စည်းစိမ်တို့ကို။ အနုဘောတွာ-ခံစားပြီး၍။ သုက္ကမူလေန-ကုသိုလ်အကြောင်းရင်းသည်။ စောဒိတော-တိုက်တွန်းအပ်သည်ဖြစ်၍။ ဂေါတမဿ-ဂေါတမမည်သော။ ဘဂဝတော-ဘုရားရှင်၏။ သာသနေ-သာသနာတော်၌။ အဟံ-ငါသည်။ ပဗ္ဗဇိံ-ရဟန်းဖြစ်ပြီ။

**ပမာနပဟိတတ္တောမှိ၊ ဥပသန္တော နိရူပဓိ။**
**နာဂေါဝ ဗန္ဓနံ ဆေတွာ၊ ဝိဟရာမိ အနာသဝေါ။**

(ထေရအပဒါန်ပါဠိတော်၊ ၃၂၁)

ပမာနပဟိတတ္တော-ကမ္မဋ္ဌာန်းသို့ စေလွှတ်သော စိတ်ရှိသည်။ အမှိ-ဖြစ်၏။ ဥပသန္တော-ကိလေသာ ငြိမ်းအေးသည်ဖြစ်၍။ နိရူပဓိ-ခန္ဓာငါးပါး အကြွင်းမရှိသည်။ အမှိ-ဖြစ်၏။ ဗန္ဓနံ-နှောင်ဖွဲ့ခြင်းကို။ ဆေတွာ-ဖြတ်၍။ နာဂေါဝ-ဆင်ပြောင်ကြီးကဲ့သို့။ အနာသဝေါ-အာသဝတရား မရှိသည်ဖြစ်၍။ ဝိဟရာမိ-နေရသည်သာတည်း။

---

## သုမင်္ဂလသူဌေးကြီး

အခါတစ်ပါး၌ အရှင်မောဂ္ဂလ္လာန်နှင့် အရှင်လက္ခဏ ထေရ်တို့သည် ဂိဇ္ဈကုဋ်တောင်ပေါ်မှ ဆင်းလာရာ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် နှစ်ဆယ့်ငါး ယူဇနာရှိ၍ အလျှံပြောင်ပြောင် တောက်လောင်နေသော စပါးကြီးမြွေပြိတ္တာကို မြင်ခဲ့၍ ဘုရားရှင်အား လျှောက်ကြသည်။

ဂေါတမဘုရားရှင်က ရှေးကဿပဘုရားရှင်လက်ထက်၌ သုမင်္ဂလ သူဌေးကြီးတစ်ယောက် ရှိ၏။ ရွှေအုတ်များ ခင်းပြီး နှစ်ဆယ် ဥသဘရှိသော မြေ၌ ကျောင်းကြီးဆောက်၍ ပူဇော်ပွဲ ကျင်းပ၏။

၎င်းသူဌေးကြီးသည် နံနက်စောစော ဘုရားရှင်ရှိရာ ကျောင်းသို့ သွားစဉ် လမ်းမှာ ဇရပ်တစ်ခု၌ ဝင်၍ နား၏။ ၎င်းဇရပ်ပေါ်၌ အိပ်နေသော လူကို ဤလူကား ရွှံ့ညွှန်လည်း ပေနေ၏။ သူခိုးနှင့် တူပါရဲ့ဟု ပြောမိ၏။

ဤသူသည် သူဌေးကြီးအား ရန်ငြိုးထား၍ သူဌေးကြီး၏ လယ်ကို ခုနစ်ကြိမ် မီးရှို့၏။ နွားများကို ခုနစ်ကြိမ် ခြေထောက် ဖြတ်၏။ အိမ်ကို ခုနစ်ကြိမ် မီးရှို့၏။ ထိုသူသည် သူဌေးကြီး၏ အစေခံမတစ်ယောက်နှင့် ပေါင်း၍ သူဌေးကြီး ဆောက်ထားသော ကျောင်းကိုလည်း မီးရှို့၏။

သူဌေးကြီးသည် ပြာများကို ကြည့်၍ လက်ပန်းပေါက် ခတ်၏။ လူများက အကြောင်းကို မေးရာ ကျောင်းပြန်ဆောက်ရ တော့မည်ဖြစ်၍ ဝမ်းသာကြောင်းကို ပြောပြ၏။ သူဌေးကြီးသည် ကျောင်းကို ပြန်ဆောက်၍ ဘုရားအမှူးရှိသော သံဃာနှစ်သောင်း တို့ဖြင့် ကျောင်းပူဇော်ပွဲ ကျင်းပ၏။ ၎င်းသူခိုးကား သူဌေးကြီးအပြန်ကို သတ်မည်ဟု ခုနစ်ရက်ပတ်လုံး စောင့်နေ၏။ သူဌေးကြီးသည် ထိုသူခိုးအားလည်း အမျှအတန်း ပေးဝေ၏။

၎င်းအမျှအတန်းပေးဝေသံကို ကြားမှ သူခိုးသည် မှားလေ စွဟု ဝန်ချတောင်းပန်၏။ ကျွန်ခံ၏။ သို့သော်လည်း သူဌေးကြီးကား ကျွန်အဖြစ်မှ လွှတ်၏။ သူခိုးသည် သေ၍ အဝီစိငရဲမှာ ခံရပြီး၊ ၎င်းနောက် ထိုစပါးကြီးပြေ ဖြစ်သည်ဟု ဟောတော်မူပြီး၍ အောက်ပါ ဒေသနာတော်ကို ဟောတော်မူသည်-

**အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။**
**သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဒဍ္ဎောဝ တပတိ။**

(ဓမ္မပဒပါဠိတော်၊ ၃၃)

အထ-ထိုအခါ၌။ ပါပါနိ-မကောင်းမှုတို့ကို။ ကရံ-ပြုသော။ ဗာလော-သူမိုက်သည်။ န ဗုဇ္ဈတိ-မသိတတ်။ သေဟိ-မိမိဥစ္စာဖြစ်ကြကုန်သော။ ကမ္မေဟိ-ကံတို့ဖြင့်။ ဒုမ္မေဓော-လူမိုက်သည်။ အဂ္ဂိ-ဒဍ္ဎောဝ-မီးလောင်သကဲ့သို့။ တပတိ-ပူပန်ရတော့သည်သာတည်း။

---

## သူဌေးသား ကျောင်းဒကာ

**သုခံ အကတပုညာနံ၊ ဣဓ နတ္ထိ ပရတ္ထ စ။**
**သုခဉ္စ ကတပုညာနံ၊ ဣဓ စေဝ ပရတ္ထ စ။**

(ဝိမာနဝတ္ထုပါဠိတော်၊ ၂၃)

သုခံ-လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာသည်။ အကတပုညာနံ-မပြုအပ်သော ကုသိုလ်ရှိကုန်သော သူတို့အား။ ဣဓ စ-ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း။ ပရတ္ထ စ-နောင်သံသရာ၌လည်းကောင်း။ နတ္ထိ-မရှိသည်သာတည်း။ သုခဉ္စ-လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာသည်လည်း။ ကတပုညာနံ-ပြုအပ်သော ကုသိုလ်ရှိသော သူတို့အား။ ဣဓ စေဝ-ဤပစ္စက္ခဘဝ၌လည်းကောင်း။ ပရတ္ထ စ-နောင်သံသရာ၌လည်းကောင်း။ နတ္ထိ-မရှိသည်သာတည်း။

ဂေါတမ ဘုရားရှင်သည် အန္ဓကဝိန္ဒမြို့၌ နေတော်မူစဉ် တစ်ယောက်သော သူသည် ကံ၊ ကံ၏အကျိုးကို ယုံကြည်၏။ ရတနာ သုံးပါးကို ဆည်းကပ်တတ်၏။ စည်းစိမ်ဥစ္စာ ရှိ၏။ ၎င်းသူဌေးသား သည် မဏ္ဍကတောင်၌ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကျောင်းဆောက်၍ ပစ္စည်းလေးပါးတို့ဖြင့် ကိုးကွယ်၏။

၎င်းသူဌေးသားသည် သေ၍ တာဝတိံသာမှာ ဖြစ်သည်။ အရှင်မောဂ္ဂလ္လာန်နှင့် တွေ့၍ အကြောင်းအကျိုးကို လျှောက်ပြသည်။

**ဝိဟာရံ သတ္ထု အဒါသိံ၊ ဝိပ္ပသန္နေန စေတသာ။**
**တေန မယှံ ဣဒံ လဒ္ဓံ၊ ဝသံ ဝတ္တေမိ နန္ဒနေ။**

(ဝိမာနဝတ္ထုပါဠိတော်၊ ၁၀၆)

သတ္ထု-မြတ်စွာဘုရားအား၊ ဝိပ္ပသန္နေန-ကြည်ညိုလှစွာ သော။ စေတသာ-စိတ်ဖြင့်။ ဝိဟာရံ-ကျောင်းကို။ အဒါသိံ-ပေး လှူဖူးပြီ၊ တေန-ထို့ကြောင့်။ မယှံ-ငါ့အား။ ဣဒံ-ဤတာဝတိံသာ နတ်ပြည်၌ ဖြစ်ရခြင်းကို။ လဒ္ဓံ-ကံအားလျော်စွာ ရအပ်ပါပြီ။ နန္ဒနေ-နှစ်သက်ဖွယ်ရာ တာဝတိံသာ၌။ ဝသံ-အလိုကို။ ဝတ္တေမိ-ဖြစ်စေ သည်သာတည်း။

(ဝိနည်းပါဠိတော်လာ အနာထပိဏ်သူဌေး၏ ကျောင်းအလှူဝတ္ထုကို လည်း ရှု။ " ဒါနအကြောင်း သိကောင်းစရာ" ၌ ပါပြီးပြီ)

## ဘဒ္ဒဝိမထေရ်

**နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပကာ နာမ ဒက္ခိဏာ။**
**တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။**

(ဝိမာနဝတ္ထုပါဠိတော်၊ ၆၆)

စိတ္တေ-စိတ်သည်။ ပသန္နမှိ-ကြည်လင်သည်ရှိသော်။ တထာ-ဂတေ-ရှေးဘုရားကဲ့သို့ လာခြင်းကောင်းတော်မူသော။ သမ္ဗုဒ္ဓေ ဝါ-ဘုရားရှင်၌လည်းကောင်း။ အထဝါ-ထိုမှတစ်ပါး။ တဿ-ထို ဘုရားရှင်၏။ သာဝကေ ဝါ-တပည့်သား သံဃာ၌လည်းကောင်း။ ဒက္ခိဏာ-အလှူသည်။ အပ္ပကာ နာမ-နည်းသည်မည်သည်။ နတ္ထိ-မရှိသည်သာတည်း။

ရေသောက်မြစ်သည် သစ်ပင်ကို ကြီးထွားရှင်သန် စေသကဲ့သို့ စေတနာသည် အလှူ၏အကျိုးကို ကြီးပွားစေနိုင်၏။

ရှေးအခါ၌ မိထိလာပြည်မှာ သုရုစိမင်း၌ သုရုစိမည်သောသားတစ်ယောက် ရှိ၏။ဗာရာဏသီမင်းသားနှင့် တက္ကသိုလ်ပြည်မှာ တွေ့ကြ၍ မိတ်ဆွေ ဖြစ်ကြ၏။ သားသမီးများရက ထိမ်းမြားလက်ထပ် ပြုကြရန် ကတိကဝတ်ပြုကြ၏။ နောက် ဗာရာဏသီမင်းမှာ သမီးတစ်ယောက်၊ သုရုစိမှာ သားတစ်ယောက် ရ၍ ထိမ်မြားလက်ထပ် ပြုကြရန် သဘောတူကြသည်။ ဗာရာဏသီမင်းသမီးကား သုမေဓာ မည်၏။ သားသမီးတစ်ယောက်မှ မထွန်းကားချေ။

နောက် မင်းသမီးကညာ တစ်ထောင်၊ အမတ်သမီးကညာ ကစ်ထောင်၊ သူဌေးသမီးကညာ တစ်ထောင်၊ ကချေသည် တစ်

ထောင်ကို သုရုစိမင်း ထိမ်းမြား၏။ သားသမီးတစ်ယောက်မှ မထွန်းကား။ နောက်ထပ် လေးထောင်စီ သုံးကြိမ် မိဖုရားပြုထား၏။ သားသမီးတယောက်မှ မထွန်းကားပေ။ နောက်ဆုံး နတ်တို့အား သားဆုတောင်းလည်း မရပေ။

နောက် သုရုစိမင်းက သုမေဓာမိဖုရားအား ဥပုသ်သီလ ဆောက်တည်သောအခါ သူတို့၏ သားသမီးဖြစ်ရန် သိကြားမင်းသည် ကျူထရံသည် နတ်သားကို မြင်၏။ သူသည် ဗာရာဏသီပြည်မှာ နေလျက် လယ်တောသို့ သွားစဉ် ပစ္စေကဗုဒ္ဓါတစ်ပါးကို ကျူထရံ ကျောင်းဆောက်၍ ပစ္စည်းလေးပါးဖြင့် ကိုးကွယ်ဖူးသည်။ တာဝတိံ သာစသော နတ်ပြည်မှာ သွား၍ ဖြစ်သည်။ သူ့ကို လူ့ပြည်မှာ ပဋိသန္ဓေနေရန် တိုက်တွန်းသည်။

သိကြားမင်းသည် သုမေဓာ မိဖုရားစသော တစ်သောင်း ခြောက်ထောင်သော မိဖုရားများ ဉာဉ်ယျာဉ်သို့ လာ၍ သားဆု တောင်းရာတွင် သီလရှိသော မိဖုရားကို ပေးမည်ဟု ပြောသည်။ မိမိ၏ သိကြားမင်းဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့၏။

**အယဉ္စ တေ ရာဇပုတ္တိ၊ဥဘယတ္ထ ကဋဂ္ဂဟော။**
**ဒေဝလောကူပပတ္တီ စ ၊ ကိတ္တီ စ္စ ဇီဝိတေ။**

(ပကိဏ္ဏကနိပါတ်၊ ၁၊ သုရုစိဇာတ်ပါဠိတော်၊ ၂၉၀)

ရာဇပုတ္တိ-သုမေဓာမိဖုရား။ တေ-သင့်အား။ အယဉ္စ-ဤသို့ ကျင့်ဝတ်တရား မြဲရခြင်းသည်။ ဥဘယတ္ထ-ခုရော နောင်ကာလတို့၌။ ကဋဂ္ဂဟော-အောင်ခြင်းအတိတ် အောင်နိမိတ်ဖြင့် အောင်ဘိသိက် သွန်းခြင်းလည်း မည်ပါပေ၏။ ဒေဝလောကူပပတ္တီ စ-နတ်ပြည် ရောက်ကြောင်းတည်းသာတည်း။ ကိတ္တီ စ္စ ဇီဝိတေ-ယခု မိဖုရားဘဝ၌၊ ကိတ္တိဇ-ကျော်စောခြင်းသည်လည်း။ ဟောတိ-ဖြစ်သည်သာတည်း။

ကျူထရံနတ်သားသည် သုမေဓာမိဖုရားဝမ်းမှာ ပဋိသန္ဓေ နေလာ၏။ မဟာပနာဒ မည်၏။ လက်ဆောင်ပဏ္ဏာ လာ၍ပို့ကြ၏။

ပညာတတ်၍ အရွယ်ရောက်စဉ် မိဘတို့က ထီးနန်းစိုးစံစေ ချင်၏။ သိကြားမင်းက မာတလိနတ်သားအား စေခိုင်း၍ အလျား ကိုးယူဇနာ၊ အနံ ရှစ်ယူဇနာ၊ စောက် နှစ်ဆယ့်ငါး ယူဇနာရှိသော နန်းပြာသာဒ် ပေါ်လာ၏။ မဟာပနာဒ မင်းအားအား ပြာသာဒ် မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ ပြုလုပ်ကြ၏။ ခုနစ်နှစ်ကျော် ကြာသည်။

ပွဲလမ်းသဘင် ကျင်းပပေးသော လူများအား ငါ၏သား သည် တစ်ခါမှ မပြုံးပေ၊ ပြုံးသောနေ့ ပြန်ကြလော့ဟု မိန့်တော် မူ၏။ ကချေသည်များ အမျိုးမျိုးလုပ်၍ ပြုံးအောင် ပြက်ရယ်ပြု ကြ၏။ နတ်ပြည်မှ ပွဲလမ်းသဘင်များကို မြင်လာ၍ မပြုံးပေ။

နောက် ကချေသည်တစ်ယောက်သည် မဟာပနာဒမင်း ရယ်အောင် နန်းတော်တံခါးနားမှာ သရက်ပင်ကြီး ဖန်ဆင်းသည်။ အပ်ချည်လုံး ပစ်တင်ကာ ၎င်းအပ်ချည်လုံးအတိုင်း တက်၍ ပြ၏။ သရက်ပင်မှ ဝေဿဝဏ်နတ်မင်း၏ ကျွန်တို့သည် သဘင်သည်အား အင်္ဂါကြီးငယ် ဖြုတ်ချကြ၏။ ကြွင်းသော သဘင်သည်တို့သည် ရေဖြင့် သွန်းလောင်းကြ၏။ ထိုသဘင်သည်သည် ထ၍ က၏။ ထို အကြောင်းအရာကို မြင်၍လည်း မရယ်ပေ။

ကချေသည်မ ခြောက်ထောင်တို့ ခုနစ်စုခွဲ၍ ကကြကုန်၏။ နောက် သဘင်သည်တစ်ယောက်သည် ထင်းမီးပုံထဲသို့ ဝင်၏။ သူ၏ပရိသတ်များပါ ဝင်၏။ ကျန်လူများ ၎င်းမီးပုံကို ရေဖြင့် သွန်းလောင်းကြ၏။ ထိုသဘင်သည်သည် ထ၍ က၏။ မဟာပနာဒ မင်းကား မရယ်ပေ။

သိကြားမင်းသည် နတ်ကချေသည်တစ်ယောက်ကို ခိုင်း၍ ကောင်းကင်မှ ကိုယ်တစ်ပိုင်းကို ပြသည်။ လက်တစ်ဖက်၊ ခြေတစ်ဖက်၊ မျက်စိတစ်လုံး၊ အစွယ်တစ်ချောင်းတည်းထား၍ က၏။ ကိုယ်တစ်ဝက် လှုပ်၏။ ထိုအခါ မဟာပနာဒမင်းသည် အနည်းငယ် ပြုံး၏။ လူများကား ရယ်လွန်းအားကြီး၍ လဲကျကြ၏။

နောက် မဟာပနာဒမင်းသည် နတ်ပြည်ရောက်သည်။

ဤဘဒ္ဒဇိထေရ် အလောင်းသည် ပဒုမုတ္တရ ဘုရားရှင်လက်ထက်၌ ပုဏ္ဏားမျိုးမှာ ဖြစ်၏။ အဠာရသ တတ်၏။ တောမှာ ရသေ့ ရဟန်းပြုလုပ်၏။

တစ်နေ့သ၌ ဘုရားရှင် ကြွတော်မူလာ၍ ပျား၊ ကြာရိုး၊ ကြာစွယ်၊ ထောပတ် လှူဒါန်း၏။ ထို့ကြောင့် တုသိတာမှာ ဖြစ်၏။ နောက် ဝိပဿီဘုရားရှင်လက်ထက်၌ သူဌေးကြီး ဖြစ်၏။ ရှစ်သောင်းခြောက်ထောင်သော ရဟန်းတော်တို့အား ပစ္စည်းလေးပါး လှူဖူး၏။

ဘဝပေါင်းများစွာ လူ့ပြည်၊ နတ်ပြည်တို့၌ ကျင်လည်ပြီး၍ ဂေါတမဘုရားရှင်လက်ထက်၌ ဘဒ္ဒိယမြို့မှာ ကုဋေရှစ်ဆယ် ကြွယ်ဝသော ဘဒ္ဒိယသူဌေးသား ဖြစ်လာ၏။ ဘဒ္ဒဇိ နာမည်တွင်၏။

ဂေါတမဘုရားရှင်သည် ဘဒ္ဒဇိသူဌေးသား၏ ဉာဏ်ရင့်ခြင်းကို ငုံ့တော်မူလျက် ၄င်းမြို့မှာ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးတော်မူ၏။ ဘဒ္ဒဇိသူဌေးသားမှာ ဥတုသုံးပါးနှင့် လျော်သော ပြာသာဒ် ရှိ၏။ နောက်ပိတ်ဆုံးနေ့ ဘုရားရှင်ပြန်ကြွခါနီး တစ်မြို့လုံး ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူအတန်း ပြုကြ၏။ ထိုအခါ ခါတိုင်းလို သူ၏ နန်းစည်းစိမ်စသည်ကို လာ၍ ကြည့်သူ မရှိ၍ အကြောင်းကို မေး၏။ အကြောင်းကို ပြောပြ၍ ဘဒ္ဒဇိ သူဌေးသားလည်း သွား၍ တရားနာရာ ရဟန္တာဖြစ်သည်။

ဖခင်သူဌေးကြီး၏ တောင်းပန်ချက်အရ- ဘဒ္ဒိယသူဌေးသားကို ရဟန်းပြု၍ ၎င်းရဟန်းအပါအဝင် ဖခင်သူဌေးသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းလုပ်ကျွေး၏။ နောက် ဘုရားအမှူးရှိသော သံဃာတော်တို့သည် ကောဋိရွာသို့ ရောက်၍ အလှူအတန်းပြုကြ၏။ ဘဒ္ဒိယထေရ်ကား ဂင်္ဂါမြစ်နားမှာ ဈာန်ဝင်စားနေ၍ ရဟန်းကြီးများ ကြွလာသည်ကိုပင် မထ၍ တစ်ချို့ရဟန်းများ အပြစ်ပြောချင်ကြသည်။

ဘုရားရှင်က ဘဒ္ဒိယမထေရ်အား သံဃာများ သံသယကင်းအောင် ဂင်္ဂါမြစ်ကို ကူးခါနီး ဘဒ္ဒိယ, သင်၏ မဟာပနာဒမင်းဖြစ်စဉ် နေခဲ့ဖူးသော ပြာသာဒ်ကို ပြပါဟု မိန့်တော်မူ၍ ဘဒ္ဒိယမထေရ် ဘုရားရှင်အား ရှိခိုး၍ နှစ်ဆယ်ငါး ယူဇနာရှိသော ပြာသာဒ်ကို ခြေဖြင့် ညှပ်၍ မြစ်ထဲမှ ယူကာ ကောင်းကင်သို့ ပျံတက်၏။ သူ၏ ဆွေမျိုးတို့သည် ပြာသာဒ်ကို တပ်နှစ်သက်၍ တစ်ချို့ပြာသာဒ်မှာ ငါး၊ လိပ်စသည် ဖြစ်နေကြ၏။

သူ့အကြောင်း ထင်ရှားအောင် ဘုရားရှင်သည် မဟာပနာဒဇာတ်ကို ဟောတော်မူလေသည်။

**နတ္ထိ စိတ္တေ ပသန္နမှိ၊ အပ္ပကာ နာမ ဒက္ခိဏာ။**
**တထာဂတေ ဝါ သမ္ဗုဒ္ဓေ၊ အထ ဝါ တဿ သာဝကေ။**

(ရှေးအတိုင်း အနက်ပေးလေ)

## ဘုရားရှင်နှင့် ဗိမ္ဗိသာရမင်းကြီး

ဂေါတမဘုရားရှင်သည် ဘုရားဖြစ်ခါစ ဂယာသီသအရပ်၌ နေပြီး၍ ဥရုဝေဠကဿပ ရှင်တစ်ထောင်တို့နှင့် ရာဇဂြိုဟ်ပြည် ထန်းတောစေတီ၌ သီတင်းသုံးနေတော်မူ၏။ ဗိမ္ဗိသာရမင်းသည် ဘုရားရှင်၏ အရဟံစသော ဂုဏ်တော်တို့ကို ကြားသိတော်မူ၏။ နတ် ဗြဟ္မာ လူ ရဟန်း ပုဏ္ဏားတို့ကို ကိုယ်တိုင် သိတော်မူသော သစ္စာ လေးပါးတရားတို့ကို ဟောကြားတော်မူ၏။ ထို့ကြောင့် ဘုရားရှင်ကို ဖူးမြော်လိုကုန်၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးသည် မဂဓရာဇ် တိုင်းသူပြည်သား တစ်သိန်းနှစ်သောင်းတို့နှင့် ဘုရားရှင်ထံမှောက် ရောက်လာ၏။

တစ်ချို့က ဘုရားအား ကန်တော့သူ ကန်တော့၊ ဝမ်း မြောက်ဝမ်းသာ ပြောဟောသူ ပြောဟော။ အမျိုးအနွယ်ကို လျှောက် သူ လျှောက်။ ဆိတ်ဆိတ်နေသူ နေကြ၏။ ထိုအခါ လူများက ဘုရားရှင်နှင့် ဥရုဝေဠကဿပသည် မည်သူဆရာ, မည်သူ တပည့် နည်းဟု စိတ်အကြံအစည် ဖြစ်နေကြသည်ကို သိတော်မူ၍ ဥရုဝေဠ ကဿပ, သင်သည် ရသေ့တို့၏ ဆရာဖြစ်လျက် မီးပူဇော်ခြင်းကို အဘယ်ကြောင့် စွန့်သနည်းဟု မေး၏။ အရှင်ဘုရား, ရူပါရုံစသော လောကီအာရုံ ကာမဂုဏ်တို့ ယဇ်ပူဇော်ခြင်းကြောင့် ဖြစ်သည်ဟု ဆိုကြကုန်၏။ ထိုတရားတို့သည် အညစ်အကြေးသာ ဖြစ်၍ မမွေ့ မလျော်တော့ပါဟု လျှောက်၏။ ထိုသို့ မမွေ့မလျော်ပါမူ လူ့ပြည် နတ်ပြည်တို့၌ကား မွေ့လျော်ပါသလောဟု မိန့်တော်မူပြန်၏။

အရှင်ဘုရား၊ နိဗ္ဗာန်သည် ငြိမ်သက်၏။ ခန္ဓာစသော ဥပဓိလည်း မရှိ။ ရာဂစသည်ဖြင့် ကြောင့်ကြခြင်း မရှိ။ ကာမဘုံ၌ မကပ်ငြိ။ ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ သေခြင်းလည်း မရှိ။ မင်္

ဒ့်လိမ်မှတပါးသော ဥစ္စာဖြင့်လည်း မရောက်အပ်။ ထိုနိဗ္ဗာန်ကို ဘပည့်တော် မြင်၏။ ထို့ကြောင့် တပည့်တော်သည် ယဇ်ပူဇော်ခြင်း၌ မမွေ့မလျော်တော့ပါဟု လျှောက်၏။ တပည့်တော်သည် အရှင်ဘုရား၏ တပည့်တော်ပါ-ဘုရားဟုလည်း လျှောက်၏။

ထိုအခါ ဘုရားရှင်သည် ပရိသတ်တို့အား ဒါနကထာစသည် ဟောတော်မူ၏။ လျှော်ဖွပ်သော အဝတ်သည် ဖြူစင်သကဲ့သို့ ဘစ်သိန်းတစ်သောင်းသော သူတို့သည် အကြင်တရားသည် ဖြစ်ခြင်းရှိ၏၊ ထိုတရားသည် ချုပ်ခြင်း ရှိ၏ဟု (ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မန္တိ)။ ထိုနေရာ၌ပင် ဝိရဇံ-ရာဂကင်း၏။ ဝီတမလံ-ကိလေသာ အညစ်အကြေးကင်း၏။ ဓမ္မစက္ခု-မဂ်ဉာဏ်စက္ခုသည်။ ဥဒပါဒိ-ထင်ရှားဖြစ်ပြီ။ ပရိသတ်တစ်သောင်းသည် ဥပါသကာဖြစ်သည်။

ထိုအခါ သောတာပန်ဖြစ်သော ဗိမ္ဗိသာရမင်းကြီးက အရှင်ဘုရား ရှေးအခါက တပည့်တော်သည်--

* မင်းဖြစ်ပါမူကား ကောင်းလေစွ၊
* ဘုရားရှင် ကြွလာတော်မူပါမူကား ကောင်းလေစွ၊
* ဘုရားရှင်သို့ ဆည်းကပ်ရပါမူကား ကောင်းလေစွ၊
* ဘုရားရှင် တရားဟောပါမူကား ကောင်းလေစွ၊

ဘုရားရှင်၏ တရားတော်ကို သိပါမူကာ ကောင်းလေစွ-ဟု တောင့်တခဲ့ဖူးပါသည်။ ယခုအခါ ထိုတောင့်တခြင်း ငါးပါးတို့သည် ပြည့်စုံပါပြီဘုရားဟု လျှောက်၏။ ထိုအခါ ဗိမ္ဗိသာရမင်းကြီးက အရှင်ဘုရား၏ တရားတော်သည် မှောက်၍ထားသော အိုးကို လှန်၍ပြသကဲ့သို့လည်းကောင်း၊ ဖုံးလွှမ်းထားသော ဝတ္ထုကို ဖွင့်၍ပြသည်။ လမ်းမှားသူအား ခရီးညွှန်ပြသည်။ အမှောင်တိုက်၌ မီးထွန်းပြသည်။

မျက်စိမြင်သူသည် အားလုံးကို မြင်နိုင်သူနှင့် တူပါ၏ဟု လျှောက်၏။ တပည့်တော်သည် ရတနာသုံးပါးကို ကိုးကွယ်ပါ၏။ ဥပါသကာဟူ၍ မှတ်တော်မူပါ။ နက်ဖြန်ဆွမ်းခံကြွတော်မူပါဟု လျှောက်၏။

ဘုရားရှင်သည် နံနက်အခါ၌ ဥရုဝေဠကဿပ ရှင်တစ်ထောင်တို့နှင့် ဆွမ်းခံကြွတော်မူ၏။ ရှေ့က သိကြားမင်းသည် လူယောင်ဆောင်၍ ကြေးစည်တီးကာ လိုက်၏။ နောက် ဘုရားရှင်အား ဆွမ်းကပ်ပြီး၍ ကျောင်းဆောက်ရန် ဝေဠုဝန်ဥယျာဉ်ကို ဘုရားအမှူးရှိသော သံဃာတော်တို့အား ရွှေကရားနှင့် ရေစက်ချကာ ပေးလှူတော်မူ၏။ ထိုအခါမှစ၍ ဘုရားရှင်သည် ရဟန်းတို့အား အာရာမ်အလှူခံခြင်းကို ခွင့်ပြုတော်မူသည်။

**ဝေဠုဝန်ကျောင်းအလှူ အနုမောဒနာတရား**

ဘုရားရှင်သည် ဗိမ္ဗိသာရမင်းကြီးအား ဝေဠုဝန်ကျောင်းကို လှူဒါန်းရာ၌ ဤဒေသနာတော်ကို ဟောတော်မူလေသည်။

(၁) **အာဝါသဒါနဿ ပနာနိသံသံ၊**
**ကော နာမ ဝတ္တုံ ပုရိသော သမတ္ထော။**
**အညတြ ဗုဒ္ဓါ ပန လောကနာထာ၊**
**ယုတ္တော မုခါနံ နဟုတေန စာပိ။**

လောကနာထာ-လူသုံးပါးတို့၏ ကိုးကွယ်ရာဖြစ်ကုန်သော။ ဗုဒ္ဓါ-ဘုရားရှင်တို့ကို။ အညတြ-ကြဉ်၍။ အာဝါသဒါနဿ-အာဝါသအလှူ၏။ အာနိသံသံ-အကျိုးကို။ မုခါနံ-ခံတွင်းတို့၏။ နဟုတေန-တစ်သောင်းဖြင့်။ ယုတ္တော စာပိ-ယှဉ်သည်လည်း ဖြစ်သော။ ကော နာမ ပုရိသော-အဘယ်မည်သော ယောကျ်ားသည်။ ဝတ္တုံ-ဆိုခြင်းငှါ။ သမတ္ထော-စွမ်းနိုင်သည်မည်နည်း။ န သမတ္ထော ဝေ-မစွမ်းနိုင်သည် သာတည်း။

(၂) အာယုဉ္စ ဝဏ္ဏဉ္စ သုခဗလဉ္စ၊
ဝရံ ပသတ္ထံ ပဋိဘာနမေဝ။
ဒဒါတိ နာမာတိ ပဝုစ္စတေ သော၊
ယော ဒေတိ သံဃဿ နရော ဝိဟာရံ။

ယော နရော-အကြင်သူသည်။ သံဃဿ-သံဃာအား။ ဝိဟာရံ-ကျောင်းကို။ ဒေတိ-ပေးလှူ၏။ သော နရော-ထိုသူသည်။ အာယုဉ္စ-အသက်ကိုလည်းကောင်း။ ဝဏ္ဏဉ္စ-အဆင်းကိုလည်းကောင်း။ သုခဉ္စ-ချမ်းသာကိုလည်းကောင်း။ ဗလဉ္စ-ခွန်အားကိုလည်းကောင်း။ ဝရံ ပသတ္ထံ-မြတ်၍ ချီးမွမ်းအပ်သော။ ပဋိဘာနမေဝစ-ပညာကိုလည်းကောင်း။ ဒဒါတိ နာမာတိ-ပေးလှူသည်မည်၏ဟူ၍။ ပဝုစ္စတိ-ဆိုအပ်သည်သာတည်း။

(၃) ဒါတာ နိဝါသဿ နိဝါရဏဿ၊
သီတာဒိနော ဇီဝိတုပ္ပဒ္ဒဝဿ။
ပါလေတိ အာယုံ ပန တဿ ယသ္မာ၊
အာယုပ္ပဒေါ ဟောတိ တမာဟု သန္တော။

သီတာဒိနော-အချမ်းအစရှိသော။ ဇီဝိတုပ္ပဒ္ဒဝဿ-အသက်အန္တရာယ်ကို။ နိဝါရဏဿ-တားမြစ်နိုင်သော။ နိဝါသဿ-ကျောင်းကို။ ဒါတာ-ပေးတတ်သော။ ယော-အကြင်သူသည်။ ယသ္မာ-အကြင်ကြောင့်။ တဿ-ထိုကျောင်းနေ ရဟန်း၏။ အာယုံ-အသက်ကို။ ပါလေတိ-စောင့်ရှောက်သည် မည်၏။ တံ-ထိုသူကို။ အာယုပ္ပဒေါ-အသက်ပေးလှူသောသူသည်။ ဟောတိ-ဖြစ်၏ဟူ၍။ သန္တော-သူတော်ကောင်းတို့သည်။ အာဟု-ဆိုကုန်ပြီ။

(၄) **အစ္စုဏှသီတေ ဝသတော နိဝါသေ။**
**ဗလဉ္စ ဝဏ္ဏော ပဋိဘာ န ဟောတိ။**
**တသ္မာ ဟိ သော ဒေတိ ဝိဟာရဒါတာ၊**
**ဗလဉ္စ ဝဏ္ဏံ ပဋိဘာနမေဝ။**

အစ္စုဏှသီတေ-အလွန်ပူ အလွန်အေးသော။ နိဝါသေ နေရာ၌။ ဝသတော-နေသောရဟန်း၏။ ဗလဉ္စ-ခွန်အားသည်လည်း ကောင်း။ ဝဏ္ဏောစ-အဆင်းသည်လည်းကောင်း။ ပဋိဘာ စ-ပညာ သည်လည်းကောင်း။ န ဟောတိ-မဖြစ်။ တသ္မာ ဟိ-ထို့ကြောင့်သာ လျှင်။ ဝိဟာရဒါတာ-ကျောင်းလှူသော။ သော-ထိုသူသည်။ ဗလဉ္စ ခွန်အားကိုလည်းကောင်း။ ဝဏ္ဏဉ္စ-အဆင်းကိုလည်းကောင်း၊ ပဋိဘာနမေဝစ-ပညာကိုလည်းကောင်း။ ဒေတိ-ပေးလှူသည် မည်သည်သာတည်း။

(၅) **ဒုက္ခဿ သီတုဏှသရီသပါ စ၊**
**ဝါတာတပါဒိပ္ပအဝဿလောကေ။**
**နိဝါရဏောကဝိဓဿ နိစ္စံ၊**
**သုခပ္ပဒေါ ဟောတိ ဝိဟာရဒါတာ။**

ဝိဟာရဒါတာ-ကျောင်းလှူသော သူသည်။ လောကေ- လောက၌။ သီတုဏှသရီသပါ-အချမ်း အပူ မြွေ ကင်း သန်းတည်း ဟူသော ရန်သူကြောင့်။ ဥပ္ပန္နဿ-ဖြစ်သော။ ဒုက္ခဿ စ-ဆင်းရဲ၏ လည်းကောင်း။ ဝါတာတပါဒိပ္ပဘဝဿ-လေကြမ်း နေကြမ်းစသည် ကြောင့် ဖြစ်သော။ အနေကဝိဓဿ-များလှသော။ ဒုက္ခဿ- ဆင်းရဲ၏ လည်းကောင်း။ နိစ္စံ-အမြဲ။ နိဝါရဏာ-တားမြစ်ခြင်းကြောင့်။ သုခပ္ပဒေါ-ချမ်းသာသော အလှူကို ပေးလှူသည် မည်သည်၊ ဟောတိ-ဖြစ်သည်သာတည်း။

(၆) **သီတုဏှာဝိတာတာပဒုံသဝုဋ္ဌိ၊**
**သရီသပဝါဋမိဂါဒိဒုက္ခံ။**
**ယသ္မာ နိဝါရေတိ ဝိဟာရဒါတာ၊**
**တသ္မာ သုခံ ဝိန္ဒတိ သော ပရတ္ထ။**

ဝိဟာရဒါတာ-ကျောင်းလှူသော သူသည်။ ယသ္မာ-အကြင်ကြောင့်။ သီတုဏှာဝိတာတာပဒုံသဝုဋ္ဌိသရီသပဝါဋမိဂါဒိဒုက္ခံ-အချမ်း အပူ လေ နေပူ မှက် ခြင် အခါမဲ့မိုး မြွေဆိုး ကင်းသန်း ကြမ်းသော သားကောင် စသည်ကြောင့် ဖြစ်သော ဆင်းရဲကို။ နိဝါရေတိ-တားမြစ်၏။ တသ္မာ-ထို့ကြောင့်။ သော-ထိုသူသည်။ ပရတ္ထ-တမလွန်ဘဝ၌။ သုခံ-ချမ်းသာကို။ ဝိန္ဒတိ-ရနိုင်သည်သာတည်း။

(၇) **ပသန္နစိတ္တော ဘဝဘောဂဟေတုံ၊**
**မနောဘိရာမံ မုဒိတော ဝိဟာရံ။**
**ယော ဒေတိ သီလာဒိဂုဏောဒိတာနံ၊**
**သဗ္ဗဒဒေါ နာမ ပဝုစ္စတေ သော။**

ယော-အကြင်သူသည်။ပသန္နစိတ္တော-ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ မုဒိတော-ဝမ်းမြောက်ဝမ်းသာ။ ဘဝဘောဂဟေတုံ-ဘဝဘောဂ သမ္ပတ္တိ၏ အကြောင်းဖြစ်သော။ မနောဘိရာမံ-စိတ်နှလုံးကို မွေ့လျော်စေတတ်သော။ ဝိဟာရံ-ကျောင်းကို။ သီလာဒိဂုဏောဒိတာနံ-သီလစသော ဂုဏ်တို့ဖြင့် ပွားကုန်သော သံဃာတော် အရှင်မြတ်တို့အား။ ဒေတိ-ပေးလှူ၏။ သော-ထိုသူကို။ သဗ္ဗဒဒေါ နာမ-စက္ခု ဝဏ္ဏ သုခ ဗလတို့ကို ပေးလှူသော သူမည်၏ဟူ၍။ ပဝုစ္စတေ-ဆိုအပ်သည်သာတည်း။

(၈) ပဟာယ မစ္ဆေရမလံ သလောဘံ၊
ဂုဏာလယာနံ နိလယံ ဒဒါတိ။
ခိတ္တော၀ သော တတ္ထ ပရေဟိ သဂ္ဂေ၊
ယထာဘတံ ဇာယတိ ဝီတသောကော။

ယော-အကြင်သူသည်။ သလောဘံ-လောဘနှင့်တကွသော။ မစ္ဆေရမလံ-ဝန်တိုခြင်း အညစ်အကြေးကို။ ပဟာယ-ပယ်စွန့်၍။ ဂုဏာလယာနံ-သီလစသော ဂုဏ်တို့ဖြင့် တည်သော ရဟန်းတော်တို့အား။ နိလယံ-ကျောင်းကို။ ဒဒါတိ-ပေးလှူ၏။ ပရေဟိ-သူတစ်ပါးတို့သည်။ အာဘတံ-ဆောင်အပ်သော ဝန်ထုပ်ကို။ ခိတ္တံ ယထာ-ပစ်ချအပ်သကဲ့သို့။ တထာ-ထိုအတူ။ သော-ထိုသူသည်။ ပရေဟိ-သူတစ်ပါးတို့သည်။ ခိတ္တော၀-သုဂတိဘုံသို့ ကံတရား ပစ်ချသည်၏အဖြစ်ကြောင့်သာလျှင်။ တတ္ထ သဂ္ဂေ-ထိုနတ်ပြည်၌။ ဝီတသောကော-စိုးရိမ်ခြင်း ကင်းသည်ဖြစ်၍။ ဇာယတိ-ပဋိသန္ဓေ နေရသည်သာတည်း။

(၉) ဝရေ စာရုရူပေ ဝိဟာရေ ဥဠာရေ၊
နရော ကာရယေ ဝါသယေ တတ္ထ ဘိက္ခူ။
ဒဒေယျန္နပါနဉ္စ ဝတ္ထဉ္စ နေသံ၊
ပသန္နေန စိတ္တေန သက္ကစ္စ နိစ္စံ။

တသ္မာ-ထို့ကြောင့်။ နရော-လူသည်။ ဝရေ-မြတ်ကုန်သော၊ စာရုရူပေ-တင့်တယ်ကုန်သော။ ဥဠာရေ-ပြန့်ပြောသော။ ဝိဟာရေ-ကျောင်းတို့ကို။ ကာရယေ-ပြုစေရာ၏။ တတ္ထ-ထို ကျောင်း၌။ ဘိက္ခူ-ရဟန်းတို့ကို။ ဝါသယေ-နေစေရာ၏။ နေသံ-ထိုပုဂ္ဂိုလ်တို့အား၊ ပသန္နေန-ကြည်ညိုလှစွာသော။ စိတ္တေန-စိတ်ဖြင့်။ နိစ္စံ-အမြဲ။

သက္ကစ္စ-အရိုအသေပြု၍။ အန္နပါနဉ္စ-ထမင်း အဖျော်ကိုလည်းကောင်း။ ဝတ္ထဉ္စ-အဝတ်ကိုလည်းကောင်း။ ဒဒေယျ-ပေးလှူရာသတည်း။

(၁၀) **တသ္မာ မဟာရာဇ ဘဝေသု ဘောဂေ၊**
**မနောရမေ ပစ္စနုဘုယျ ဘိယျော။**
**ဝိဟာရဒါနဿ ဖလေန သန္တံ၊**
**သုခံ အသောကံ အဓိဂစ္ဆေ ပစ္ဆာ။**

တသ္မာ-ထို့ကြောင့်။ ဝိဟာရဒါနဿ-ကျောင်းအလှူ၏။ ဖလေန-အကျိုးအားဖြင့်။ ဘဝေသု-ဘဝတို့၌။ မနောရမေ-နှလုံးမွေ့လျော်ဖွယ်ရှိကုန်သော။ ဘောဂေ-စည်းစိမ်တို့ကို။ ဘိယျော-လွန်စွာ။ ပစ္စနုဘုယျ-ခံစားပြီး၍။ ပစ္ဆာ-နောက်၌။ အသောကံ-စိုးရိမ်ခြင်း မရှိသော။ သုခံ-နိဗ္ဗာန်သို့။ အဓိဂစ္ဆေ-ရောက်ရလိမ့်သတည်း။

နောက် ဘုရားရှင်သည် အနုဇာနာမိ ဘိက္ခဝေ အာရာမံ စသည်ဖြင့် ရဟန်းတို့အား အာရာမ်ဥယျာဉ်ကို ခံယူရန် ခွင့်ပြုပြီး၍ ဗိမ္ဗိသာရမင်း၏ ဆွေမျိုးပြိတ္တာအကြောင်း တိရောကုဍ္ဍသုတ်ကို ဟောတော်မူလေသည်။

(ဗုဒ္ဓဝံသအဋ္ဌကထာကို မှီး၏)

## အထွေထွေ အလှူရှင်များ အကြောင်း သိကောင်းစရာ

### တိတ္တိရဇာတ်

ဤတိတ္တိရဇာတ်ကို ဘုရားရှင်သည် သာဝတ္ထိမြို့သို့ သွားသည်ရှိသော် အရှင်သာရိပုတ္တရာထေရ်အား နေရာမပေးခြင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ်သူဌေးသည် ကျောင်းကို ဆောက်လုပ်ပြီး၍ လူစားလွှတ်ပြီး ပင့်လျှောက်ခြင်းကြောင့် ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်မှ ထွက်၍ ဝေသာလီပြည်သို့ ရောက်ပြီး ထိုဝေသာလီပြည်၌ မွေ့လျော်သလောက် သီတင်းသုံး နေတော်မူပြီးနောက် သာဝတ္ထိပြည်သို့ ကြွတော်မူလာသည်။ ထိုအခါ ဆဗ္ဗဂ္ဂီရဟန်းတို့၏ တပည့်တို့သည် ရှေ့မှ သွားပြီး သူများ မယူရသေးသော နေရာများကို ဤနေရာကား ငါတို့ ဥပဇ္ဈာယ်ဆရာ၏ နေရာ၊ ဤနေရာကား ငါတို့ဆရာသမားနေရာ၊ ဤနေရာကား ငါတို့နေရာတည်းဟု အိပ်ရာခင်းကြကုန်၏။ နောက်နောက် ကြွလာကြကုန်သော မထေရ်ကြီးတို့သည် သူတို့နှင့် ထိုက်တန်သော နေရာကို မရကြကုန်။

အရှင်သာရိပုတ္တရာ၏ တပည့်တော်တို့သည် မထေရ်ကြီး အရှင်သာရိပုတ္တရာအတွက် မထေရ်ကြီးနေရာကို မရကြကုန်။ အရှင်သာရိပုတ္တရာသည် နေရာမရသည့်အတွက် ဘုရားရှင်နှင့် မနီးမဝေးသော သစ်ပင်အောက်မှာ ထိုင်လိုက် စင်္ကြံလျှောက်လိုက်နှင့် မိုးစင်စင် လင်းလေ၏။

ဘုရားရှင်သည် စောစော နိုးလာ၍ ချောင်းဟန့်၏။ အရှင်သာရိပုတ္တရာသည်လည်း ချောင်းဟန့်၏။ ဘုရားရှင်က အရှင်သာရိပုတ္တရာအား အချိန်မတော် အခါမသင့် ဤနေရာ၌ အဘယ့်ကြောင့် နေသနည်းဟု မိန့်တော်မူ၏။ အရှင်သာရိပုတ္တရာသည် အကြောင်းကို လျှောက်လေရာ ဘုရားရှင်က ငါ သက်တော်ထင်ရှား ရှိစဉ်ပင်လျှင် ဤရဟန်းများသည် အချင်းချင်း ရိုသေကိုင်းညွတ်ခြင်း မရှိကြကုန်။ ငါဘုရား ပရိနိဗ္ဗာန်ပြုခဲ့သည်ရှိသော် ခက်ရချေရဲ့ဟု ဘုရားရှင်သည် စဉ်းစားပြီးကာ တရားသံဝေဂ ရတော်မူသည်။

ဘုရားရှင်သည် နံနက်မိုးသောက် အလင်းရောက်လတ်သော် အကြောင်းကို မိန့်တော်မူ၍ ဝန်ခံကြ၏။ ဘုရားရှင်သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့အား ကဲ့ရဲ့၍ တရားဟောတော်မူလိုရကား--ချစ်သား ရဟန်းများတို့ ငါဘုရားသာသနာတော်၌ တစ်ချို့ရဟန်းကား မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးမျိုး၊ သူကြွယ်မျိုးမှ ဖြစ်ကုန်၏။ တစ်ချို့ကား ဝိနည်းဓိုရ်၊ သုတ္တန်ဆောင်၊ အဘိဓမ္မာဆောင်၊ ဓမ္မကထိက၊ ပထမ ဒုတိယ တတိယ စတုတ္ထစျာန်ရ၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်ကြကုန်၏။ ထိုထိုပုဂ္ဂိုလ်တို့သည် လိုရင်းမဟုတ်။ သိက္ခာဝါကြီးကုန်သော ပုဂ္ဂိုလ်တို့အား ရှိခိုးခြင်းစသော အရိုအသေကို ပေးထိုက်ကုန်၏။ နေရာဦး၊ ရေဦး၊ ဆွမ်းဦးစသည်တို့ ဦးစား ပေးထိုက်ကုန်၏။ ရှေးအခါက တိရစ္ဆာန်တို့သည်ပင်လျှင် တစ်ဦးနှင့်တစ်ဦး ရိုသေခြင်းကို ပြုကြကုန်၍ နတ်ပြည်ရောက်ကြသည် မဟုတ်တုံလောဟု အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါက ဟိမဝန္တာတော အရပ်ဝယ် တစ်ခုသော ပညောင်ပင်ကြီးကို အမှီပြု၍ ဆင် မျောက် ခါ သတ္တဝါသုံးဦးတို့သည် နေထိုင်ကြကုန်၏။ ထိုသတ္တဝါ သုံးဦးတို့သည် အချင်းချင်း မတည့် ဖြစ်လာကြသည်။ ထိုအခါ သူတို့ သုံးဦးတို့သည် ငါတို့ကား ဤကဲ့သို့

နေ၍ မဖြစ်။ ကြီးသောပုဂ္ဂိုလ်ကို အရိုအသေပြုကာ နေထိုင်ကြမှ တော်မည်ဟု တိုင်ပင်မေးမြန်းကြရာ ဆင်အား သင်သည် ဤ ပညောင်ပင်ကြီး ဘယ်အရွယ်က စ, ရောက်လာသနည်းဟု မေးကြ ၏။ ဆင်က ငါသည် ဤသစ်ပင်ကို ကျော်သွားက ငါ၏ချက်ကို ထိရှ ရှိသေး၏ဟု ဆို၏။

မျောက်က ငါသည် ခေါင်းကို မမော့ဘဲ ဤပညောင်ပင်၏ အရွက်ကို စားနိုင်သော အရွယ်မှ စ၍ ငါ ရောက်လာသည်ဟု ပြောဆိုလေသည်။ ခါက ငါသည် တခြားပညောင်ပင်မှ အသီးကို စား၍ ဤနေရာ၌ မစင်စွန့်သဖြင့် ဤပညောင်ပင် ဖြစ်လာရသည်ဟု ပြော၏။

ထို့ကြောင့် ငါတို့သုံးဦးတွင် သင်ခါသည် အကြီးဆုံး ဖြစ်၏။ ထို့ကြောင့် ၎င်းသတ္တဝါတို့သည် ၎င်းခါ၏အဆုံးအမ၌ တည်ကာ နေကြ၏။ အရိုအသေ ပေးကြ၏။ ငါးပါးသီလ ဆောက်တည်ကြ၏။ ထို့ကြောင့် ထိုသတ္တဝါတို့သည် နတ်ပြည်ရောက်ကြ၏။

ထို့ကြောင့် ဘုရားရှင်သည် သိက္ခာဝါကြီးသော ပုဂ္ဂိုလ်တို့အား နေရာစသည်ဖြင့် တားမြစ်ငြားအံ့။ ထိုရဟန်းသည် ဒုက္ကဋ်အာပတ် သင့်စေဟု ပညတ်တော်မူပြီး အောက်ပါ ဒေသနာတော်ကို ဟော တော်မူလေသည်-

**ယေ ဝုဍ္ဍမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။**
**ဒိဋ္ဌေဝ ဓမ္မေ ပါသံသာ။ သမ္ပရာယေ စ သုဂ္ဂတိ။**

(ပါဠိဇာတ်ပါဠိတော်၊ ပ၊ ၉)

ဓမ္မဿ-တရားတော်၌။ ကောဝိဒါ-လိမ္မာကြကုန်သော။ ယေ နရာ-အကြင်သတ္တဝါတို့သည်။ ဝုဍ္ဍံ-အသက်အရွယ် ဂုဏ်သိက္ခာ သီလစသည်ဖြင့် ကြီးကုန်သောသူကို။ အပစာယန္တိ-ရိုသေသမှု

ပြုကြကုန်၏။ တေ-ထိုသူတို့ကို။ ဒိဋ္ဌေဝ ဓမ္မေ-ယခုမျက်မှောက် ဘဝ၌ပင်လျှင်။ ပါသံသာ-ချီးမွမ်းထိုက်ကုန်၏။ သမ္ပရာယေ စ-နောင်တမလွန်ဘဝ၌လည်း။ သုဂ္ဂတိ-ကောင်းသော ဘုံ၌ာနသည်။ ဟောတိ-ဖြစ်နိုင်သည်သာတည်း။

(ဤဝတ္ထုကို သက်ကြီးပူဇော်ပွဲ၌ ဟောနိုင်၏)

## နန္ဒမာတာ ဥပါသိကာမ

**ဧဝံ မေ သုတံ၊ ဧကံ သမယံ အာယသ္မာ စ သာရိပုတ္တော အာယသ္မာ စ မဟာမောဂ္ဂလ္လာနော ဒက္ခိဏာဂိရိသ္မိံ စာရိကံ စရန္တိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ။ တေန ခေါ ပန သမယေန ဝေဠုကဏ္ဍကီ နန္ဒမာတာ ဥပါသိကာ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌာယ ပါရာယနံ သရေန ဘာသတိ။**

(သတ္တက်ံုတ္တရပါဠိတော်၊ ၄၄၄)

ဧဝံ-ဤသို့။ မေ-မယာ-အာနန္ဒထေရေန-အကျွန်ုပ် အာနန္ဒာမထေရ်သည်။ ဘဂဝတော-မြတ်စွာဘုရား၏။ သမ္မုခါ-မျက်မှောက်တော်မှ။ သုတံ-ကြားလိုက်ရ၏။ ဥပလက္ခိတံ-မှတ်လိုက်ရ၏။

ဧကံ-တစ်ပါးသော။ သမယံ-အခါ၌။ အာယသ္မာ စ သာရိပုတ္တော-အရှင်သာရိပုတ္တရာသည်လည်းကောင်း။ အာယသ္မာ စ မဟာမောဂ္ဂလ္လာနော-အရှင်မောဂ္ဂလ္လာန်သည်လည်းကောင်း။ မဟတာ-များစွာသော။ ဘိက္ခုသံဃေန-ရဟန်းအပေါင်းနှင့်။ သဒ္ဓိံ-

တကွ။ ဒက္ခိဏာဂိရိသ္မိံ-ဒက္ခိဏာဂိရိဇနပုဒ်၌။ စာရိကံ-ဒေသ စာရီ လှည့်လည်တော်မူခြင်းကို။ စရန္တိ-သွားကုန်၏။ တေန ခေါ ပန သမယေန-ထိုအခါ၌။ ဝေဠုကဏ္ဍကီ-ဝေဠုကဏ္ဍကီမြို့၌ နေသော။ နန္ဒမာတာ ဥပါသိကာ-နန္ဒ၏ မိခင်ဥပါသိကာမသည်။ ရတ္တိယာ-ညဉ့်၏။ ပစ္စူသသမယံ-မိုးသောက်ထအခါ၌။ ပစ္စုဋ္ဌာယ-နံနက် စောစော ထ၍။ ပါရာယနံ-ပါရာယနသုတ်ကို။ သရေန-အသံဖြင့်။ ဘာသတိ-ရွတ်ဆိုတော့သည်သာတည်း။

(ပါရာယနသုတ်ကား သုတ္တနိပါတ်၌ လာ၏)

ထိုအခါ ဝေဿဝဏ် နတ်မင်းသည် မြောက်အရပ်မှ တောင် အရပ်သို့ တစ်စုံတစ်ခုသော ပြုဖွယ်ကိစ္စဖြင့် သွား၏။ ဝေဿ ဝဏ်မင်းသည် နန္ဒမာတာ ဥပါသိကာမ၏ ပါရာယနသုတ်ကို အသံဖြင့် ရွတ်ဆိုသည်ကို ကြားလေ၍ ဆုံးအောင် နားထောင်နေ၏။ ရွတ်ပြီးသည်၏အဆုံး၌ ဝေဿဝဏ်နတ်မင်းသည် နှမ---- သာဓု- သာဓု--သာဓုဟု ခေါ်၏။

နန္ဒမာတာက တံခါးကို ဖွင့်၍ နဂါးလော၊ ဂဠုန်လော၊ နတ်လော၊ မာရ်နတ်လော၊ ပြဟ္မာလောဟု ဝေဿဝဏ်နတ်မင်းကို မေး၏။

နှမ---- ငါကား သင်နှင့် မောင်နှမတော်ခဲ့ဖူးသော ဝေဿ ဝဏ်နတ်မင်းတည်းဟု ဆိုင်း။

ကျွန်ုပ်ရွတ်ဆိုသော တရားဒေသနာတော်သည် သင်နတ် မင်းကြီးအား ပေးကမ်းဖွယ် ပဏ္ဏာလက်ဆောင် ဖြစ်ပါစေသ တည်းဟု ဆို၏။

နက်ဖြန်၌ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန် အမှူး ရှိသော သံဃာတော်တို့သည် ဝေဠုကဏ္ဍကီမြို့သို့ ကြွရောက်

လိမ့်မယ်။ ထိုရဟန်း သံဃာတော်တို့အား ဆွမ်းကျွေးပြီးလျှင် ငါ့အား အလှူ၏အဖို့ကို အမျှပေးဝေပါလော့၊ ငါ့ကား လက်ဆောင်ပဏ္ဏာ ဖြစ်ပါလိမ့်မည်ဟု ဆို၏။

ဤနေရာ၌ အဋ္ဌကထာက ဤသို့ လာသေးသည်။ ဘုရားရှင် သည် သီတင်းဝါလ ကျွတ်ပြီးလျှင် အဂ္ဂသာဝက နှစ်ပါးတို့ကို စွန့်ပြီး လျှင် ဒက္ခိဏာဂိရိသို့ သွားအံ့ဟု ထွက်လာ၏။

ပဿေနဒီ ကောသလမင်း၊ အနာထပိဏ်သူဌေး၊ ဝိသာခါ ဒါယိကာမနှင့် တခြားသော သူတို့သည် ဘုရားရှင်အား တားမြစ် ခြင်းငှါ မတတ်နိုင်ကုန်။ ထို့ကြောင့် အနာထပိဏ်သူဌေးသည် ငေးမှိုင်နေ၏။ ထိုအခါ ပုဏ္ဏာမည်သော ကျွန်မက ငေးမှိုင်ရ ကြောင်းကို မေး၍ အကြောင်းကို ပြောပြ၏။ ကျွန်မက အကျွန်ုပ်မ တားပေးပါမည်။ တား၍ရက အကျွန်ုပ်မအား အဘယ်ဆုကို ပေး အံ့နည်းဟု မေး၏။

ဘုဇိဿံ တံ ကရိဿာမိ- ကျွန်အဖြစ်မှ လွတ်မည်ဟု ပြော၏။

အကျွန်ုပ်မသည် ဘုရားရှင်ကို မကြွသွားရန် တားမြစ်၍ ရက သူဌေးတို့ အဘယ်သို့ ပြုအံ့နည်းဟု မေး၏။ သရဏဂုံ၊ သီလ ဆောက်တည်မည်ဟု ပြော၏။ ပုဏ္ဏာကျွန်မသည် ဘုရားရှင်အား ဤအတိုင်း လျှောက်၏။ ဘုရားရှင်သည် တရားတော်ကို အလေး အမြတ်ပြုသူ ဖြစ်ရကား ချက်ချင်း ပြန်လှည့်၏။

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်သို့ ပြန်၍ ကြွ တော်မူ၏။ လူများအပေါင်းသည် ပုဏ္ဏာကျွန်မအား ကောင်းချီး ပေးကြသည်။ ဘုရားရှင်သည် တရားရေအေး အမြိုက်ဆေးကို

တိုက်ကျွေး၍ ရှစ်သောင်းလေးထောင်သော သူတို့ တရားထူး ရကြသည်။ ပုဏ္ဏာကျွန်မသည် ဘိက္ခုနီမကျောင်းသို့ သွား၍ ဘိက္ခုနီမ ပြုလုပ်သည်။

ထိုခဏ၌ ဘုရားရှင်သည် ဝေဠုကဏ္ဍကီမြို့သို့ အရှင် သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့ကို လွှတ်လိုက်သည်။

ပါရာယနသုတ်ဟူသည် နိဗ္ဗာန်တည်းဟူသော ကမ်းတစ် ဘက်သို့ ဆောင်တတ်သောကြောင့် ခေါ်သည်။

အသံဖြင့် ရွတ်သည်ဟူသည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ် အထက် အစောင့်အရှောက်ရှိသော အရပ်၌ နေ၍ သမာပတ်၏ အားအစွမ်းဖြင့် မိုးလင်းစေ၍ သမာပတ်မှ ထကာ မိုးလင်းအောင် တရားနှင့် မွေ့လျော်မည်ဟု ဆုံးဖြတ်ပြီး ဖိုလ်သုံးပါးသို့ ရောက်သော အရိယာ တပည့်မသည် တစ်ရာ့ငါးဆယ် ဂါထာရှိသော ပါရာယန သုတ်ကို အသံနေ အသံထားဖြင့် ရွတ်ဆိုသည်။

ဝေဿဝဏ်နတ်မင်းက ပါသာဏကစေတီ၌ နေ၍ တစ် ဆယ့်ခြောက်ယောက်သော ပါရာယနသုတ်ကို ရွတ်ဆောင်ထား သော ပုဏ္ဏားတို့အား ဘုရားရှင်သည် ဟောတော်မူသော နေ့၌ လည်းကောင်း၊ ဤနန္ဒမာတာ ယခု ရွတ်ဆိုခြင်း၌လည်းကောင်း မထူး ထင်၏။ အလယ်၌ ပြတ်သော ရွှေကဲ့သို့ တူသည်ဟု သာဓုကာရ ကောင်းချီးပေးခြင်း ဖြစ်သည်။

ဝေဿဝဏ်နတ်မင်းကား သောတာပန်တည်း။

နံနက်မိုးလင်းက နန္ဒမာတာသည် ဒကာတစ်ယောက်အား အပင့်ခိုင်း၍ ဆွမ်းကပ်၏။

အရှင်သာရိပုတ္တရာက နန္ဒမာတာအား သံဃာများ ကြွလာ မည့်အကြောင်းကို မည်သူ ပြောသနည်းဟု မေး၏။ ဝေဿဝဏ်

နတ်မင်းကြီး လာ၍ ပြောသည်ဟု လျှောက်၏။

အရှင်ဘုရားကို လျှဒါန်းရာ၌ ပုဗ္ဗစေတနာကုသိုလ်နှင့် အပရစေတနာကုသိုလ်သည် ဝေဿဝဏ်နတ်မင်းကြီးအား ချမ်းသာခြင်းငှါ ဖြစ်ပါစေသတည်းဟု လျှောက်၏။

**အစ္ဆရိယံ နန္ဒမာတေ၊ အဗ္ဘုတံ နန္ဒမာတေ၊ ယတြ ဟိ နာမ ဝေဿဝဏေန မဟာရာဇေန ဧဝံ မဟိဒ္ဓိကေန ဧဝံ မဟေသက္ခေန ဒေဝပုတ္တေန သမ္မုခါ သလ္လပိဿတီတိ။**

(သတ္တင်္ဂုတ္တရပါဠိတော်၊ ၄၄၆)

နန္ဒမာတေ-နန္ဒမာတာ။ အစ္ဆရိယံ-လက်ဖျစ်တီးကာ အံ့ဩဖွယ် ရှိလှပါ၏။ နန္ဒမာတေ-နန္ဒမာတာ။ အဗ္ဘုတံ-ရှေးအခါက မဖြစ်ဖူးမြဲ ဖြစ်လှပါ၏။ ယတြ ဟိ နာမ-အကြင်သင်ကဲ့သို့ သာမည လူစား ဖြစ်ပါလျက်။ ဧဝံ မဟိဒ္ဓိကေန-ဤသို့ တန်ခိုးကြီးမားသော။ ဧဝံ မဟေသက္ခေန-ဤသို့ အာနုဘော်ကြီးမားသော။ ဒေဝပုတ္တေန-နတ်သားဖြစ်သော။ ဝေဿဝဏေန-အများက ဝေဿဝဏ်ဟု ခေါ်ဝေါ်သော။ မဟာရာဇေန-နတ်တို့သနင်း ထိုနတ်မင်းနှင့်။ သမ္မုခါ-မျက်မှောက်၌။ သလ္လပိဿတိ-စကားပြောဆိုရဘိ၏။ ဣတိ-ဤသို့။ အဝေါစ-မိန့်မြွက်တော်မူလေသည်သာတည်း။

အရှင်ဘုရား၊ တပည့်တော်မအား ဤမျှဖြင့် အံ့ဩဖွယ် မရှိသော တပည့်တော်မှာ ချစ်မြတ်နိုးဖွယ်သော သားတစ်ယောက် ရှိပါ၏။ နန္ဒ မည်ပါ၏။ ထိုသားကို မင်းတို့သည် ဆွဲငင်ဖမ်းဆီး၍ သတ်ကြပါ၏။ ထိုအခါ၌လည်း စိတ်ဖောက်ပြန်နေသည်၏အဖြစ်ကို မသိပါဟု လျှောက်၏။

တပည့်တော်မအား တခြားသော အံ့ဖွယ်လည်း ရှိပါသေး၏။ တပည့်တော်မ၏ လင်ယောကျာ်းသည် သေဆုံး၍ ဘုမ္မစိုးနတ် ဖြစ်၏။ တပည့်တော်မအား လူ၏ကိုယ်ဖြင့် ထင်ရှားပြလာ၏။ ထိုအခါလည်း

စိတ်၏ဖောက်ပြန်သည်၏အဖြစ်ကို မသိပါ ဘုရားဟု လျှောက်၏။

တပည့်တော်မအား တခြားသော အံ့ဖွယ်လည်း ရှိပါသေး၏။ တပည့်တော်မသည် ငယ်ရွယ်စဉ်က အိမ်ထောင်ပြုပါ၏။ တပည့်တော်မသည် လင်ယောကျ်ားကို စိတ်မျှဖြင့်လည်း လွန်ကျူး၍ ကျင့်ခြင်းကို မသိပါ။ ကိုယ်ဖြင့် လွန်ကျူး၍ ကျင့်ခြင်းကိုကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်းဟု လျှောက်၏။

တပည့်တော်မအား တခြားသော အံ့ဖွယ်လည်း ရှိပါသေး၏။ တစ်စုံတစ်ခုသော သိက္ခာပုဒ်ကို လွန်ကျူးသော စေတနာဖြင့် လွန်ကျူးသည်ကို မသိစဖူးပါဟု လျှောက်၏။

တပည့်တော်မအား တခြားသော အံ့ဖွယ်လည်း ရှိပါသေး၏။ ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့လည်း ရောက်နေပါ၏ ဘုရားဟု လျှောက်၏။

တပည့်တော်မအား တခြားသော အံ့ဖွယ်လည်း ရှိပါသေး၏။ အောက်ပိုင်း သံယောဇဉ်မျှကိုလည်း မတွေ့မမြင်ဖူးပါဟု လျှောက်၏။

နောက် အရှင်သာရိပုတ္တရာသည် နန္ဒမာတာ ဥပါသိကာမအား တရားတော်ကို ဟောကြားလျက် ပြန်ကြွတော်မူလေသည်။

**အထ ခေါ အာယသ္မာ သာရိပုတ္တော နန္ဒမာတရံ ဥပါသိကံ ဓမ္မိယာ ကထာယ သန္ဒဿေတွာ သမာဒပေတွာ သမုတ္တေဇေတွာ သမ္ပဟံသေတွာ ဥဋ္ဌာယာသနာ ပက္ကာမိ။**

(သတ္တင်္ဂုတ္တရပါဠိတော်၊ ၄၄၇)

အထ ခေါ-အရှင်သာရိပုတ္တရာနှင့် နန္ဒမာတာတို့ တွေ့ကြစဉ်အခါ၌။ အာယသ္မာ သာရိပုတ္တော-တရားစစ်သူကြီးသခင် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးသည်။ နန္ဒမာတရံ-နန္ဒ၏ကျေးဇူး

အရှင် မိခင်ဖြစ်သော။ ဥပါသိကံ-ရတနာသုံးပါးသို့ ဆည်းကပ်တတ်သော ဒါယိကာမကို။ ဓမ္မိယာ-သစ္စာလေးပါးနှင့် စပ်သော။ ကထာယ-အကျိုးသာရှိသော စကားဖြင့်။ သန္ဒဿေတွာ-ရှင်းရှင်းလင်းလင်း ထင်စွာ ပြ၍။ သမာဒပေတွာ-တရားတော်နှင့်အညီ ကျင့်ကြံအားထုတ်စေ၍။ သမုတ္တေဇေတွာ-တရားတော်နှင့်အညီ စိတ်အားထက်သန်စေ၍။ သမ္ပဟံသေတွာ-ရာဂစသည် မနှောင့်ယှက်ဘဲ တရားတော်၌ စိတ်ကို ရွှင်စေ၍။ အာသနာ-နန္ဒမာတာ၏ အိမ်မှ။ ဥဋ္ဌာယ-ထလတ်၍။ ပက္ကာမိ-အလိုရှိရာ ကြွသွားတော်မူလေသည် သာတည်း။

---

## အသဒိသဒါန

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေထိုင်တော်မူစဉ် ကောသလမင်းနှင့် မြို့သူမြို့သားတို့ တစ်ဘက်နှင့်တစ်ဘက် သာလွန်အောင် အလှူပြိုင်ကြသည်။ မင်းသည် အကြံအိုက်နေ၍ မလ္လိကာမိဖုရား အစီအစဉ်အတိုင်း လုပ်ရသည်။ မဏ္ဍပ်ကြီးဆောက်ကာ သံဃာငါးရာ ပင့်၍ ရဟန်းတစ်ပါးစီ ဆင်တစ်ကောင်စီ ထီးဖြူမိုးစေသည်။ ရဟန်းသံဃာတို့အား မင်းသမီးများကို ယပ်ခတ်စေသည်။ ယဉ်ကျေးသော ဆင်တစ်ကောင်လိုသော် မရ၍ ကြမ်းသော ဆင်တစ်ကောင်ကို အင်္ဂုလိမာလ ရဟန်းအနား၌ ထားရသည်။ မြို့သူမြို့သားများ အလှူထက်သာအောင် စီစဉ်ခြင်းပေတည်း။ တစ်နေ့လျှင် တစ်ဆယ့်လေးကုဋေ ကြေးငွေများ ကုန်သည်။ ဘုရားတစ်ဆူလျှင် ကစ်ကြိမ်သာ လှူရသော ထီးဖြူပလ္လင်၊ သပိတ်ခြေ၊

ခြေဆေးအင်းပျဉ် တည်းဟူသော အဖိုးအနဂ္ဃ ထိုက်တန်သည်တို့ကို လည်း လှူသည်။ ယောကျ်ားမပါ၊ မိန်းကလေးသက်သက်သာ ဝေယျာဝစ္စ လုပ်ကြရသည်။

မင်းအား ကာလအမတ်၊ ဇုဏှအမတ် နှစ်ယောက်ရှိသည်။ ကာလအမတ်သည် မင်း၏ တစ်နေ့ တစ်ဆယ့်လေးကုဋေ အကုန်ခံ၍ လှူသည်ကို နှမြောတွန့်တိုနေသည်။ ရဟန်းသံဃာများ ဘုဉ်းပေးပြီး အိပ်နေကြမှာပဲဟု စိတ်ကူးနေသည်။ ဇုဏှအမတ်ကား မင်းကြီး အလှူကို ဝမ်းမြောက်နေသည်။ အမျှအတန်း ပေးဝေသော ခဏ၌ အနုမောဒနာ ခေါ်ရမှာပဲဟု ကြံစည်နေသည်။

ဆွမ်းဘုဉ်းပေးပြီးနောက် ကောသလမင်းသည် ဘုရား ရှင်အား တရားဟောတော်မူရန် သပိတ်ကို ယူသည်။ ဘုရားရှင်သည် မင်းကြီးကား ထမင်းရေချောင်းစီး လှူသည်။ လူများအပေါင်းကား ဝမ်းမြောက်ဝမ်းသာ ရှိသလားဟု ကြည့်တော်မူရာ ကာလအမတ်၏ မစ္ဆေရစိတ်ကို မြင်တော်မူ၏။ အကယ်၍ အလှူနှင့်လျော်သော တရားကို ဟောအံ့။ ကာလအမတ်၏ ဦးခေါင်းသည် ခုနစ်စိတ် ကွဲလတ္တံ့။ ဇုဏှအမတ်သည် သောတာပန် ဖြစ်လတ္တံ့သည်ကို မြင် တော်မူ၍ လေးပါးမျှကိုသာ ဟောတော်မူ၍ ပြန်ကြွတော်မူသည်။

ရဟန်းတို့သည် အင်္ဂုလိမာလမထေရ်အား ဆင်ကြမ်းတစ် ကောင် အရှင်ဘုရားအနားမှာ ထားသည်။ အရှင်ဘုရား မကြောက်ဖူး လားဟု မေးကြရာ မကြောက်ပါဟု လျှောက်၍ ရဟန်းတို့က ဘုရားရှင်အား- အရှင်အင်္ဂုလိမာလသည် ရဟန္တာဖြစ်ကြောင်းကို ပြောကြားသည်ဟု လျှောက်ကြ၍ ဘုရားရှင်လည်း ရဟန္တာဖြစ်၍ မကြောက်ကြောင်းကို မိန့်တော်မူ၏။

မင်းကြီးသည် ဘုရားရှင်ကား ငါ၏အလှူနှင့် တန်အောင် တရားဟောတော်မမူ။ အလှူ၌ မအပ်သော အရာဝတ္ထုများ ပါ၍

စိတ်ဆိုးကာ ပြန်ကြွသွားသည် ထင်ပြီး အကြောင်းကို သွား၍ လျှောက်၏။ ဘုရားရှင်သည် အကြောင်းစုံကို မိန့်တော်မူသဖြင့် မင်းသည် ကာလအမတ်အား တိုင်းပြည်မှ နှင်ထုတ်သည်။ ဇုဏှ အမတ်အား မင်း၏စည်းစိမ်ကို ခုနစ်ရက် ပေး၍ အလှူကြီး ပေး စေသည်။

နောက် ဘုရားရှင်သည် သူတော်ကောင်း၊ သူယုတ်မာတို့၏ အကျိုးထူးခြားပုံကို အောက်ပါအတိုင်း ဟောတော်မူ၏-

**န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊**
**ဗာလာ ဟဝေ န ပသံသန္တိ ဒါနံ။**
**ဓီရောစ ဒါနံ အနုမောဒမာနော၊**
**တေနေဝ သော ဟောတိ သုခီ ပရတ္ထ။**

(ဣစ္ဆာသယမူ၊ ဓမ္မပဒအဋ္ဌကထာ၊ ၁၂၃)

ကဒရိယာ-ဝန်တိုကောက်ကျစ်သော သူတို့သည်။ ဒေဝ-လောကံ-နတ်ပြည်သို့။ န ဝဇန္တိ-မသွားရကုန်။ ဟဝေ-စင်စစ်။ ဗာလာ-သူမိုက်တို့သည်။ ဒါနံ-အလှူကို။ န ပသံသန္တိ-မချီးမွမ်းကြကုန်။ ဓီရောစ-ပညာရှိသော သူသည်သာလျှင်။ ဒါနံ-အလှူကို။ အနုမောဒမာနော-ဝမ်းမြောက်သည်။ ဟောတိ-ဖြစ်၏။ သော-ထိုသူသည်။ တေနေဝ-ထို့ကြောင့်သာလျှင်။ ပရတ္ထ-တမလွန်ဘဝ၌။ သုခီ-ချမ်းသာခြင်းရှိသည်။ ဟောတိ-မုချဧကန် အမှန်စင်စစ် ဖြစ်သည်သာတည်း။

ဒေသနာတော်၏အဆုံး၌ ဇုဏှအမတ်သည် သောတာပန် ဖြစ်လေသည်။

## အရှင်သီဝလိ

အရှင်သီဝလိ အလောင်းတော်သည် ပဒုမုတ္တရဘုရားရှင် လက်ထက်တော်၌ ဘုရားရှင်၏ တရားတော်ကို နာနေစဉ် လာဘ်ပေါများရာ၌ ဧတဒဂ် ပေးခံရသော ရဟန်းတစ်ပါးကို မြင်၍ သူလည်း ၎င်းနေရာကို လိုချင်၍ ခုနစ်ရက်ပတ်လုံး အလှူကြီးပေးသည်။ ဆုတောင်းသည်။ ဘုရားရှင်ကလည်း ဂေါတမဘုရားရှင်လက်ထက်၌ ဖြစ်လိမ့်မည်ဟု ဗျာဒိတ်ကြားတော်မူသည်။

နောက် သူသည် လူ့ပြည် နတ်ပြည် ကျင်လည်ပြီး၍ ဝိပဿီဘုရားရှင်လက်ထက်၌ ဗန္ဓုမတီမြို့၏ မနီးမဝေး ရွာတစ်ရွာ၌ ဖြစ်သည်။ မင်းနှင့် မြို့သူမြို့သားများ အလှူပြိုင်ကြသည်။ အလှူဝတ္ထုကား လိုလေသေးသည် မရှိ။ ပျားရည်၊ တင်လဲ၊ နို့ဓမ်းသာ လိုနေသည်။

ထိုခဏ၌ အရှင်သီဝလိ အလောင်းသည် တင်လဲ၊ နို့ဓမ်းတို့ကို တစ်စုံတစ်ခု အရာဝတ္ထုတို့ဖြင့် လဲလှယ်ရန် ယူလာသည်။ ပျားကောင်များ မရှိသော ပျားရည်ကိုလည်း လမ်းခရီး၌ ရလာသည်။ လူများ တစ်ထောင်ပေး၍ ဝယ်ကြသည်။ သူကား မရောင်းဘဲ တန်ဖိုးပေး လွန်းအားကြီး၍ စဉ်းစားသည်။ နောက် လူများတို့အား မေးကြည့်ရာ ဤအရာဝတ္ထုများကို ရလျှင် မင်း၏ အလှူထက် သာလွန်လိမ့်မည်ဖြစ်ကြောင်း ပြောကြားကြသဖြင့် ဤသို့ ဖြစ်ပါမူ သူကော မလှူရဘူးလားဟု မေး၏။ လှူကောင်းပါသည်ဟု ပြောကြပြီး သင်သည်သာလျှင် ငါတို့၏အလှူ၌ အကြီးအမှူး ပြုပါဟု ပြော၍ အလှူထဲမှာ ပါဝင်၏။ အရှင်သီဝလိအလောင်းသည် ၎င်းပျားရည်ဖြင့် ပျားမုန့်ဆုပ် ပြုလုပ်ကာ လှူ၏။ ဘုရားရှင်သည် နတ်မင်းကြီး လေးယောက်တို့ လှူသော ကျောက်သပိတ်ဖြင့် ခံယူတော်မူ၏။

ငှင်းမုန့်ကို ခြောက်ဆယ်ရှစ်သိန်းသော သံဃာ တော်များ ဘုဉ်းပေး၍ မကုန်နိုင်ပေ။ လာဘ်ပေါ်များရာ၌ တေဒဂ်ဘွဲ့ထူး၊ ဂုဏ်ထူးရလို ကြောင်းကိုလည်း လျှောက်၏။ ဘုရားရှင်ကလည်း ရပါစေဟု မိန့် တော်မူသွား၏။

သူသည် လူ့ပြည် နတ်ပြည်တို့၌သာ ကျင်လည်ပြီး၍ ဂေါတမ ဘုရားရှင်လက်ထက် သုပ္ပဝါသာ မင်းသမီး၏ဝမ်း၌ ပဋိသန္ဓေနေ၏။ မနက်ညနေ အသပြာတစ်ရာစီ လာပေးကြ၍ သုပ္ပဝါသာကား ချမ်းသာသည်။ ဘုန်းကံကို စူးစမ်းလို၍ မျိုးစေ့ကောင်းကို ကိုင်သည် ရှိသော် တစ်ခုခုသော မျိုးစေ့မှ အနှံပေါင်း တစ်ရာတစ်ထောင် ထွက်သည်။ တစ်ကရီသလယ်မှ လှည်းအစီးပေါင်း ငါးဆယ် ခြောက် ဆယ် တိုက်ရသည်။ ကျီမှ မျိုးစေ့ကို ဘယ်လောက်ပင် ထုတ်၍ ယူ စေကာမူ လျော့သည် မရှိ။ ထမင်းအိုးမှ ထမင်းကို ဘယ် လောက်ပင် ခူးယူစေကာမူ လျော့သည် မရှိပေ။ အရှင်သီဝလိ အလောင်းတော် ကိုယ်ဝန်သည် ခုနစ်နှစ် ကျော်လေပြီ။

သုပ္ပဝါသာ မင်းသမီးက လင်အား ဤကိုယ်ဝန်ဆောင် ဒုက္ခကြောင့် သေရပါလိမ့်မည်။ မသေမီ အလှူပြုချင်ပါသည်။ ဘုရားရှင်အား သွား၍ ပင့်ပေးပါဟု ပြော၍ ဘုရားရှင်အား အကြောင်းအကျိုးကို လာ၍ လျှောက်၏။ ဘုရားရှင်က ကောလိယ မင်း၏သမီး သုပ္ပဝါသာ မင်းသမီးသည် ကောင်းမွန်စွာ မွေးဖွားပါစေ သတည်းဟု မိန့်တော်မူ၏။ လင်လည်း ပြန်လာ၏။ သုပ္ပဝါသာသည် ရေစစ်မှ ရေထွက်သကဲ့သို့ အရှင်သီဝလိ အလောင်းတော်ကို မွေး ဖွား၍ လာရောက် နားစွင့်သူတို့သည် မျက်ရည်သုတ်ကာ ပြုံးကြ ရသည်။ မင်းအားလည်း သားယောက်ျားမွေးကြောင်း သတင်း ပို့ကြသည်။ ဘုရားအမှူးရှိသော သံဃာတော်တို့အား ဆွမ်းကျွေးကြ သည်။ အလောင်းတော်ကိုလည်း ဆွေမျိုးဉာတိတို့၏ ပူပန်သော

စိတ်ကို ငြိမ်းအေးစေတတ်၍ သီဝလိ ခေါ်တွင်စေသည်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့နှင့် မွေးခါစ ခုနစ်ရက်မြောက်၍ အာလာပ သလ္လာပစကား ပြောနိုင်သည်။

အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလ္လာန်တို့က အမိဝမ်းတွင်းမှာ ပဋိသန္ဓေနေခြင်းဒုက္ခကို သင် သိသည်။ ဤဒုက္ခမျိုး လွတ်ကြောင်း ရှင်ပြုပါဟု ပြော၍ ရှင်ပြုရာ ခေါင်းပထမရိတ်စဉ် သောတာပန်၊ ဒုတိယရိတ်စဉ် သကဒါဂါမ်၊ တတိယရိတ်စဉ် အနာဂါမ်၊ အပြီးသတ်၌ ရဟန္တာဖြစ်သည်။ သီဝလိ ရှင်ပြုသည့်နေ့မှ စ၍ သံဃာတော်တို့အား ပစ္စည်းလေးပါး မပြတ်ပေ။

ဘုရားရှင်သည် နောက် သာဝတ္ထိပြည်သို့ ကြွလာတော်မူ၍ တပည့်တော်သည် ဘုန်းကံကို စမ်းသပ်လိုပါသည်။ သံဃာငါးရာ ပေးပါဟု လျှောက်ပြီး သွားလေရာ ဟိမဝန္တာတောအနီး ပြည်ညောင်ပင်စောင့်နတ်က ခုနစ်ရက် အလှူကြီးပေးသည်။ နည်းတူ ခုနစ်ဌာန ခုနစ်ရက်စီ အလှူကြီး ပေးကြသည်။ နောက် ဂန္ဓမာဒန တောင်နေ နာဂဒတ္တနတ်မင်းသည် နို့ဃနာဖြင့် ခုနစ်ရက် လုပ်ကျွေးသည်။ နောက်တစ်ရက် ထောပတ်ဆွမ်း လှူသည်။ ရဟန်းတော်တို့က အရှင်သီဝလိအား---အရှင်ဘုရား၊ ဤနတ်မင်း၌ နွားမလည်း မရှိ၊ နို့ဃနာထောပတ် ဘယ်က ရသလဲဟု လျှောက်ကြရာ နတ်မင်းက အရှင်ဘုရားတို့၊ တပည့်တော်သည် ကဿပဘုရားရှင် လက်ထက်တော်၌ နို့ဃနာလှူဖူးသော အကျိုးတည်းဟု လျှောက်လေသည်။ ဘုရားရှင်သည် သီဝလိထေရ်အား နောက်ကာလ၌ လာဘ်အရာ တေဒဂ် ပေးတော်မူသည်။

**ထေရံ အတ္တနော သာသနေ လာဘဂ္ဂယသဂ္ဂပတ္တာနံ အဂ္ဂဋ္ဌာနေ ဌပေသိ။**

(ကေဂုံတ္တရအဋ္ဌကထာ၊ ပ၊ ၁၉၄)

ထေရ်-အရှင်သီဝလိထေရ်ကို။ အတ္တနော-မိမိ၏။ သာသ-နေ-သာသနာတော်၌။ လာဘဂ္ဂယသဂ္ဂပတ္တာနံ-လာဘ်များသူ၊ အခြံအရံများသူတို့ဘွင်။ အဂ္ဂဋ္ဌာနေ-အထွဋ်အမြတ်အရာ၌။ ဌပေသိ-ထားတော်မူသည်သာတည်း။

---

## ခမ္မိက ဥပါသကာ

ဂေါတမဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် သာဝတ္ထိပြည်၌ ငါးရာကုန်သော ဥပါသကာတို့သည် ခမ္မိက ဥပါသကာ မည်ကုန်၏။ တစ်ယောက် တစ်ယောက်၌ ငါးရာစီ အခြံအရံရှိကုန်၏။

အကြီးဆုံး မဟာခမ္မိက ဥပါသကာမှာ သားခုနနစ်ယောက်၊ သမီး ခုနစ်ယောက် ရှိသည်။

ထိုသားသမီးတို့တွင် တစ်ယောက်ယောက်အား စာရေးတံ၊ ယာဂု၊ စာရေးတံဆွမ်း၊ လခွဲဆွမ်း၊ ပင့်ဖိတ်ဆွမ်း၊ ဥပုသ်ဆွမ်း၊ အာဂန္တုကဆွမ်း၊ သံဃိကဆွမ်း၊ ဝါတွင်းဆွမ်းကို ပေးလှူကြသည်။ ထိုအလုံးစုံသော သားသမီးတို့သည် မိဘ၏စကားကို နားထောင်ကြသော အနုဇာတ သားသမီးတို့တည်း။

မဟာခမ္မိက ဥပါသကာသည် ရောဂါဖြစ်သည်။ အာယုသင်္ခါရ ဆုတ်ယုတ်လာသည်။ သူသည် တရားနာလို၍ ဘုရားရှင်ထံမှ ရဟန်းရှစ်ပါး၊ တစ်ဆယ့်ခြောက်ပါးတို့ကို လွှတ်ပါဟု စေ၏။ ဘုရားရှင်လည်း လွှတ်၏။ ရဟန်းတို့သည် သူ၏အိပ်ရာ ညောင်စောင်းတို့ကို ဝိုင်း၍ ထိုင်ကြကုန်၏။ အရှင်ဘုရားတို့အား ဖူးမြော်ရခဲ့ပါ၏။

တပည့်တော်သည် အားနည်းလာပါပြီ။ တပည့်တော်အား သုတ်တစ်ခုခုကို ရွတ်ပေးကြပါဟု လျှောက်၏။ အဘယ်သုတ်ကို ရွတ်ရမည်နည်းဟု မေးကြ၏။ အလုံးစုံသော ဘုရားရှင်တို့ မစွန့်သော မဟာသတိပဋ္ဌာနသုတ်ကို ရွတ်ကြပါဟု လျှောက်၏။

ရဟန်းတို့သည် "ဧကာယနောယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ-" စသော သုတ်ကို ရွတ်ကြ၏။

ထိုခဏ၌ နတ်ပြည်ခြောက်ထပ် တန်ဆာဆင်ကုန်သော သိန္ဓောမြင်းကကုန်သော ယူဇနာ တစ်ရာ့ငါးဆယ်ရှိ ရထားခြောက်စီး လာကုန်၏။ မြေခွက်ကို ခွဲ၍ ရွှေခွက်ကို ယူသကဲ့သို့ ငါတို့နတ်ပြည် လိုက်ခဲ့ပါ။ ငါတို့နတ်ပြည် လိုက်ခဲ့ပါ ခေါ်ကြကုန်၏။

ဒါယကာကြီးသည် တရားနာနေခိုက် မလိုက်လို၍ 'သွားကြကုန်လော့၊ သွားကြကုန်လော့' ဟု တားမြစ်၏။ ရဟန်းတို့သည် သူ၌ကို တားသည်ထင်၍ ဆိတ်ဆိတ်နေကြ၏။

သားသမီးတို့က ငါတို့ဖခင်သည် ခါတိုင်း တရားနာ၍ ရောင့်ရဲသည် မရှိ။ ယခုကား ကိုယ်တိုင် တားမြစ်သည်။ လောကမှာ သေဖို့ကို မကြောက်သောသူ မရှိဟု မြည်တွန်တောက်တီး ပြုကြကုန်၏။

ရဟန်းတို့သည် ငါတို့ အခွင့်အခါ မရှိတော့ပေဟု ထ၍ ပြန်ကြကုန်၏။ ဒါယကာကြီးသည် သတိရလာ၍ သားတို့အား အဘယ်ကြောင့် ငိုကြသနည်းဟု မေး၏။ သားသမီးတို့က ဖခင်သည် ကိုယ်တိုင် တရားနာလို၍ ရဟန်းတို့ကို ပင့်ကာ တရားနာ၏။ ယခု ကိုယ်တိုင် တားမြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် သေခြင်းဘေးမှ မကြောက်သော သတ္တဝါ မရှိဟု ပြောကာ ငိုကြပါသည်ဟု ပြောကြ၏။ ရဟန်းတို့ကလည်း ငါတို့ အခွင့်အခါ မရှိတော့ပေဟု ပြန်ကြကြောင်း ပြော၏။

ဥပါသကာကြီးက ငါသည် ရဟန်းတို့နှင့် စကားပြောသည် မဟုတ်ဟု ဆို၏။ ဘယ်သူတို့နှင့် စကားပြောသလဲဟု မေးကြ၏။ နတ်ပြည်ခြောက်ထပ်မှ နတ်ရထားများ လာ၍ ငါတို့ရထား တက်ပါ၊ ငါတို့ရထား တက်ပါဟု လာပြောကြသည်ကို တရားနာနေ၍ တာမြစ်ခြင်းသာ ဖြစ်သည်ဟု ပြော၏။ ' ယခု ဘယ်ကို သွားသလဲ၊ ကျွန်ုပ်တို့လည်း မမြင်ပါတကား' ဟု ပြောကြ၏။

ထိုအခါ ဥပါသကာကြီးက " ငါကုံးထားသည့် ပန်းကုံးကို ပေးပါ " ဟု တောင်း၍ ပေး၏။ " အဘယ်နတ်ဘုံ ပျော်ဖွယ် ကောင်းသလဲ" ဟု မေး၏။ " ဘုရားလောင်း---ဘုရားလောင်း ဖခမည်းတော် ဘုရားလောင်း မယ်တော်တို့နေရာ တုသိတာနတ်ဘုံ သည် ပျော်ဖွယ်ကောင်းသည် " ဟု ပြောကြ၏။

ထိုအခါ ဥပါသကာကြီးသည် " ဤပန်းကုံးကား တုသိတာ နတ်ရထားမှာ ငြိကပ်တင်နေပါစေ"ဟု မြှောက်တင်စေ၏။ သားသမီးများ ပစ်တင်ကြသည်။ ပန်းကုံးသည် ရထားဦး၌ ငြိ၍ ကောင်းကင်မှာ တွဲလွဲဆွဲနေ၏။

ဥပါသကာကြီးက " မြင်ကြရဲ့လား" ဟု မေး၏။ " မြင်ကြ ပါသည်" ဟု ပြောကြ၏။ ၎င်းပန်းကုံးသည် တုသိတာမှ လာသော ရထားမှာ ငြိကပ်နေခြင်းဖြစ်သည်။ " ငါသည် တုသိတာနတ်ပြည်သို့ သွားမည်" ဟု ပြော၏။ " မင်းတို့ ဟိုဟိုသည်သည် မတွေးကြလင့်။ ငါနှင့်အတူ နေချင်လျှင် ကုသိုလ်ပြုကြ" ဟု မှာပြီး သေလတ်သော် ရထား၌ တည်၏။

ထိုခဏ၌ပင်လျှင် သုံးဂါဝုတ်မျှရှိသော လှည်းပေါင်း ခြောက် ဆယ် တင်လောက်သော တန်ဆာဆင်ထားသည့် ခန္ဓာကိုယ်သည် ဖြစ်ပြီး နတ်သမီးတစ်ထောင် ခြံရံသည်။ ဗိမာန်သည် နှစ်ဆယ့်ငါး ယူဇနာ ရှိသည်။ ရဟန်းတို့သည် ကျောင်းကို ပြန်လာ၍ ဘုရားရှင်က

မေးတော်မူ၏။ " သင်တို့သည် ဒါယကာကြီးကို တရားသွားဟောကြ သည် မဟုတ်လော" ဟု မေး၏။ "မှန်ပါ၏ဘုရား။ ဒါယကာကြီးက တပည့်တော်တို့အား တော်ပြီဟု တားမြစ်၏။ သားသမီးတို့ကလည်း ငိုကြ၏။ တပည့်တော်တို့က အခွင့်အခါ မရှိတော့"ဟု ပြန်လာကြ ကြောင်းကို လျှောက်၏။

ဘုရားရှင်က ရဟန်းတို့အား 'သင်တို့ကို တားမြစ်သည် မဟုတ်၊ နတ်ပြည်ခြောက်ထပ်မှ ရထားများ လာ၍ သူ့ရထား တက်ပါ၊ ငါ့ရထား တက်ပါဟု ခေါ်သည်ကို တားမြစ်ခြင်းသာ။ ယခု တုသိတာနတ်ပြည်မှာ ဖြစ်နေပြီ' ဟု မိန့်တော်မူ၏။

"အရှင်ဘုရား ဒါယကာကြီးသည် ဤလောက၌ ဆွေမျိုး အပေါင်းအလယ်၌ ဝမ်းမြောက်ဝမ်းသာ သွားလာနေရ၍ ယခုအခါ၌ သာလျှင် သွား၍ ဝမ်းမြောက်ဖွယ်ဌာန၌ နေရပါသည်ဘုရား" ဟု လျှောက်ကြ၍ ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏-

**ဣဓ မောဒတိ ပေစ္စ မောဒတိ၊**
**ကတပုညော ဥဘယတ္ထ မောဒတိ။**
**သော မောဒတိ သော ပမောဒတိ၊**
**ဒိသွာ ကမ္မဝိသုဒ္ဓိမတ္တနော။**

(ဓမ္မပဒပါဠိတော်၊ ၁၅)

ဣဓ-ဤပစ္စုပ္ပန်ဘဝ၌။ မောဒတိ-ဝမ်းမြောက်ရ၏။ ပေစ္စ-တမလွန်ဘဝ၌။ မောဒတိ-ဝမ်းမြောက်ရ၏။ ကတပုညော-ပြုပြီးသော ကုသိုလ်ရှိသော သူသည်။ ဥဘယတ္ထ-ပစ္စုပ္ပန် တမလွန်ဘဝ၌။ မောဒတိ-ဝမ်းမြောက်ရ၏။ အတ္တနော-မိမိ၏။ ကမ္မဝိသုဒ္ဓိံ-ကံ၏ စင်ကြယ်ခြင်းကို။ ဒိသွာ-မြင်၍။ သော-ထိုသူသည်။ မောဒတိ-

ဝမ်းမြောက်ရ၏။ သော-ထိုသူသည်။ ပမောဒတိ-အပြားအားဖြင့် ဝမ်းမြောက်ရတော့သည်သာတည်း။

---

## သုမနပန်းသည်

ဘုရားရှင်သည် ဝေဠုဝန်ကျောင်း၌ နေတော်မူစဉ် သုမနပန်းသည်သည် နေ့တိုင်းစောစော ဗိမ္ဗိသာရမင်းကို မြတ်လေးပန်း ရှစ်ကုံးတို့ကို ဆက်သရသည်။ ရှစ်အသပြာ ရသည်။

တစ်နေ့သ၌ သူသည် ပန်းတို့ကို ယူ၍ မြို့သို့ ဝင်သည်ရှိသော် ဘုရားရှင်သည် ရဟန်းအပေါင်း ခြံရံလျက် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ ဆွမ်းခံကြွတော်မူ၏။ ဘုရားရှင်သည် တစ်ခါတစ်ရံ ရောင်ခြည်တော်တို့ကို သင်္ကန်းဖြင့် ဖုံးလွှမ်း၍ မထင်ရှားသော ရဟန်းတစ်ပါးအသွင် ဆွမ်းခံကြွတော်မူသည်လည်း ရှိသည်။ တစ်ခါတလေ ကပိလဝတ် တိုင်းပြည်သို့ ကြွတော်မူသကဲ့သို့ ရောင်ခြည်တော်များ ကွန့်မြူးကာ ကြွတော်မူသည်လည်း ရှိသည်။

ယနေ့ကား ဘုရားရှင်၏ တင့်တယ်စံပယ်ခြင်းဖြင့် ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူသည်။

သုမနပန်းသည်သည် ဘုရားရှင်၏ အဖိုးများစွာ ထိုက်တန်သော ကိုယ်တော်ကို မြင်၍ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်ခြင်းကို မြင်၍ ကြည်ညိုသဖြင့် ဘုရားရှင် အဘယ်ဆုကို တောင်းရအံ့နည်းဟု စိတ်ကူး၍ တခြားတစ်ပါးကို မမြင်သောကြောင့် ဤပန်းတို့ဖြင့် ဘုရားရှင်ကို ပူဇော်အံ့ဟု ကြံ၍ တစ်ဖန် စဉ်းစား၏။

ဤပန်းကို ရှင်ဘုရင်သည် မရသည်ရှိသော် ငါ့အား သတ်ချင် သတ်ပါစေ။ ထောင်ချချင် ချပါစေ။ တိုင်းပြည်မှ နှင်ထုတ်လိုလျှင်လည်း နှင်ထုတ်ပါစေ၊ မင်းအား ဆက်သခြင်းသည် ဤဘဝ၌ အသက်ရှင်ရေးမျှသာ ဖြစ်၏။ ဘုရားရှင်အား ပူဇော်ပါမူ များစွာသော ကမ္ဘာတို့ပတ်လုံး အကျိုးစီးပွား ချမ်းသာခြင်း ဖြစ်မည်။ မိမိ၏ အသက်ကို ဘုရားရှင်အား စွန့်အံ့ဟု ကြံစည်၏။

ပန်းသည်သည် ငါ၏စိတ်မတွန့်မီ ဘုရားရှင်အား ပူဇော်အံ့ဟု စိတ်က တက်ကြွစွာ ပူဇော်၏။

ပထမ ပန်းနှစ်ဆုပ်တို့ကို ဘုရားရှင်၏အပေါ် သို့ ပစ်တင်၏။ ထိုပန်းတို့သည် မျက်နှာကျက်သဖွယ် နေ၏။

နောက် နှစ်ဆုပ် ပစ်တင်၏။ ထိုပန်းတို့သည် လက်ယာနံပါး၌ တည်၏။

နောက် နှစ်ဆုပ် ပစ်တင်၏။ ထိုပန်းတို့သည် လက်ဝဲနံပါး၌ တည်၏။

နောက် နှစ်ဆုပ် ပစ်တင်၏။ ထိုပန်းတို့သည် နောက်ကျောနံပါး၌ တည်၏။

ပန်းတို့သည် ဘုရားရှင် ကြွသွားရုံ တံခါးမှအပ ဝန်းရံ၍ တည်၏။

ပန်းတို့၏အညှာကား အတွင်းဘက်၊ အဖတ်ကား အပြင်ဘက်၌ တည်၏။

ဘုရားရှင်သည် ရွှေပြားပတ်ထားသည်နှင့် တူ၏။ ပန်းတို့သည် စိတ်မရှိသော်လည်း စိတ်ရှိသကဲ့သို့ မကွဲမပျက်ဘဲ ဘုရားရှင်နှင့် အတူတူ လိုက်၏။ ဘုရားရှင်ရပ်က ရပ်တည်၏။

ဘုရားရှင်၏ ခန္ဓာကိုယ်တော်မှ အထောင်မကသော လျှစ်စစ်နွယ်ပန်းကဲ့သို့ အရောင်ထွက်ကုန်၏။ အရှေ့အနောက် လက်ဝဲလက်ယာ နံဘေးမှ များစွာ ထူးထူးကဲကဲ အရောင် ထွက်ကုန်၏။ တစ်ခုသော အရောင်မျှလည်း ပြေးမသွားဘဲ အလုံးစုံသော အရောင်တို့သည် ဘုရားရှင်ကို သုံးကြိမ် လက်ယာရစ်လှည့်၍ နုပျိုသော ထန်းပင်ပင်စည်ကဲ့သို့ ရှေ့မှ တည်၏။ တစ်မြို့လုံး ချောက်ချား၏။ မြို့တွင်း ကိုးကုဋေ၊ မြို့ပ ကိုးကုဋေသော ယောကျ်ား မိန်းမတို့သည် ဆွမ်းပွဲများကို ကိုင်၍ မထွက်သူ မရှိ။ လူများအပေါင်းသည် ခြင်္သေ့သံကဲ့သို့ ပြုလျက် ပုဆိုးကို မြှောက်ခြင်း၊ ထောင်ပေါင်းများစွာတို့ကို ပြုလျက် ဘုရားရှင်၏ရှေ့မှ သွားကြကုန်၏။

ဘုရားရှင်သည် သုမနပန်းသည်၏ ဂုဏ်ကို ထင်ရှားစေရန် သုံးဂါဝုတ် အတိုင်းအရှည်ရှိသော မြို့၌ စည်လည်သော လမ်းမဖြင့်သာလျှင် သွား၏။ သုမနပန်းသည်၏ ခန္ဓာကိုယ်သည် ငါးပါးအဆင်းရှိသော ပီတိဖြင့် ပြည့်၏။ သုမနပန်းသည်သည် အနည်းငယ်မြတ်စွာဘုရားနှင့် အတူသွား၍ ဆေးဒါန်း မြင်းသီလာ၌ နစ်မြုပ်သကဲ့သို့ ဘုရားရှင်ရောင်ခြည်တော်တို့၏ အတွင်းသို့ ဝင်၍ ဘုရားရှင်ကို ချီးမွမ်းလျက် ရှိခိုးကာ ဗလာဖြစ်သော တောင်းကို ကိုင်၍ အိမ်သို့ သွား၏။

ထိုအခါ မယားက 'ဘယ်မှာလဲ ပန်း' ဟု မေး၏။ 'ဘုရားရှင်အား ပူဇော်ခဲ့၏' ဟု ပြော၏။ 'ယခု မင်းအတွက် ဘယ်လိုလုပ်မလဲ'ဟု မေး၏။ 'မင်းသည် ငါ့အား သတ်ချင်သတ်၊ တိုင်းနိုင်ငံမှ နှင်ထုတ်ချင် နှင်ထုတ်၊ ငါသည် အသက်ကို စွန့်၍ ပူဇော်ခဲ့၏။ ပန်းအားလုံးသည် ရှစ်ဆုပ်ဖြစ်၏။ လူများအပေါင်းသည် များစွာကြွေးကြော်လျက် ဘုရားရှင်နှင့်အတူ သွား၏။ ယခုကြားသော အသံသည် ၄င်းအသံ ဖြစ်သည်ဟု ပြော၏။

မယားသည်ကား ဤကဲ့သို့ အံ့ဖွယ်ရာကို မကြည်ညိုဘဲ ဆဲ၍ 'မင်းဟူသည် ရက်စက်သည်။ အမျက်ထွက်ကာ လက်ခြေဖြတ်ခြင်းစသည်ဖြင့် ဒုက္ခကို ပြုမည်။ ငါလည်း ဒုက္ခရောက်မည်' ဟုဆို၏။

မယားသည် သားတို့ကို ဆွဲလျက် မင်းအိမ်သို့ သွား၏။ မင်းက 'ဤလူတို့၏အသံကား အဘယ်နည်း' ဟု မေး၏။

မယားသည် 'ဤအသံကား ကျွန်ုပ်မ၏လင်သည် သင်မင်းကြီးတို့အား ပူဇော်သော ပန်းတို့ဖြင့် ဘုရားရှင်အား ပူဇော်လာ၍ လက်ချည်း အိမ်ကို လာ၏။ လူတို့ ဘုရားရှင်ကို ပူဇော်သော အသံတည်း။ ကျွန်ုပ်မသည် သူ့ကို ဆဲ၍ မင်းတို့မည်သည် ကြမ်းတမ်း၏။ လက်ခြေဖြတ်ခြင်း စသည် ခံရမှာပဲ။ ငါလည်း သင်နှင့်အတူ ဒုက္ခရောက်မှာပဲ။ ထိုသူ၏အလုပ်သည် ကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ သူ့တာဝန်၊ ကျွန်ုပ်မသည် သူ့ကို စွန့်ပစ်၍ လာ၏' ဟု လျှောက်၏။

မင်းသည် ရှေးဦးစွာ ဖူးမြော်ရ၍ပင်လျှင် သောတာပန် ဖြစ်ပြီး သဒ္ဓါတရားရှိသော အရိယာတပည့်သည် ကြံစည်အောက်မေ့၏။ အံ့ဖွယ်ရှိ၏။ မိုက်သော ဤမိန်းမသည် ဤသို့သော ဂုဏ်တော်၌ ကြည်ညိုခြင်း မဖြစ်ဟု ကြံစည်အောက်မေ့၏။

မင်းသည် အမျက်ထွက်သလို ငါ့ပန်းကို ဘုရားရှင်အား ပူဇော်ခဲ့သလားဟု မေး၏။ ဟုတ်ပါ၏ဟု လျှောက်၏။

သင်၏လင်သည် စွန့်လျက် ကောင်းသည်ကို ပြု၏။ ငါ၏ပန်းတို့ဖြင့် ပူဇော်သောသူအား ငါသည် ပြုသင့်သည်ကို ပြုမည် သိစေမည်ဟု သူ့ကို စေလွှတ်လိုက်၍ လျင်မြန်စွာ ဘုရားရှင်ထံသို့ သွား၍ ဘုရားရှင်နှင့်အတူ သွား၏။

ဘုရားရှင်သည် မင်း၏စိတ်ကို သိ၍ စည်လည်သော လမ်းမဖြင့် မင်းအိမ်တံခါးသို့ သွားပြီး မင်းသည် သပိတ်ကို ယူ၍ အိမ်သို့ ဝင်စေလို၏။ ဘုရားရှင်သည် မင်းရင်ပြင်မှာသာ နေလိုသော အခြင်းအရာကို ပြ၏။ မင်းသည် သိ၍ လျင်စွာ မဏ္ဍပ်ဆောက်စေ၏။ ဘုရားရှင်သည် ရဟန်းသံဃာ အပေါင်းနှင့် နေထိုင်တော်မူ၏။ ဘုရားရှင်သည် ရာဇဂြိုဟ်မြို့သို့ အဘယ်ကြောင့် မဝင်သနည်း။ ဘုရားရှင်သည် ရာဇဂြိုဟ်ပြည်သို့ ဝင်အံ့၊ ငါ့ကို လူများ မမြင်ရာ။ ပန်းသည်၏ ဂုဏ်သည်လည်း မထင်ရှားရာ။ မင်းရင်ပြင်၌ နေက ငါ့ကို လူများ မြင်လတ္တံ့။ ပန်းသည်၏ ဂုဏ်သည်လည်း ထင်ရှားလတ္တံ့။

ဂုဏ်ရှိသောသူတို့၏ ဂုဏ်ကို ဘုရားရှင်သည်သာလျှင် ထင်ရှားအောင် ပြုနိုင်သည်။ ကြွင်းသောသူသည် ဂုဏ်ရှိသောသူတို့၏ ဂုဏ်ကို ပြောဆိုသည်ရှိသော် ဝန်တိုတတ်သည်။

လေးခုသော ပန်းတံခွန်သည် အရပ်လေးမျက်နှာ၌ တည်၏။ လူများအပေါင်း ဘုရားရှင်ကို ခြံရံလျက် တည်၏။ မင်းသည် ဘုရားအမှူးရှိသော သံဃာတော်တို့အား မွန်မြတ်သော ဆွမ်းစသည်တို့ဖြင့် လုပ်ကျွေး၏။

ဘုရားရှင်သည် ဆွမ်းကိစ္စပြီး၍ အနုမောဒနာ တရားဟောပြီးလျှင် လေးပါးသော ပန်းတံခွန်တို့ဖြင့် ခြံရံ၏။ ခြသေ့်သံကဲ့သို့ မြည်ဟိန်းလျက် လူများအပေါင်း ခြံရံကာ ကျောင်းသို့ ကြွတော်မူ၏။ မင်းသည် လိုက်ပို့၍ လမ်းတစ်ဝက်မှ ပြန်လာ၏။ ပန်းသည်ကို ခေါ်စေ၍ ငါ့အတွက် ပန်းရှစ်ဆုပ်ကို အဘယ်ကြောင့် ပူဇော်သနည်းဟု မေး၏။ ပန်းသည်သည် ငါ့ကို မင်းကား သတ်ချင် သတ်ပါစေ၊ တိုင်းပြည်မှ နှင်ထုတ်ချင်လည်း နှင်ထုတ်ပါစေဟု အသက်စွန့်ကာ လှူခဲ့ပါ၏ဟု လျှောက်၏။

မင်းကား သင်သည် ယောက်ျားမြတ်တည်း။ ဆင်ရှစ်စီး၊ မြင်း၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား၊ မြတ်သောတန်ဆာ၊ အသပြာရှစ်ထောင်၊ မင်းမျိုးမှ တန်ဆာဆင်ထားသော မိန်းမရှစ်ယောက်၊ ရွာကြီးရှစ်ရွာတို့ကို ဆုပေး၏။

အရှင်အာနန္ဒာသည် ယနေ့နံနက်က များစွာသော ခြသေ့ မြည်သံကဲ့သို့ မြတ်သောအသံတို့ကိုလည်းကောင်း၊ များစွာသော ဦးရစ်မြှောက်ခြင်းတို့ကိုလည်းကောင်း ဖြစ်စေခြင်းသည် ပန်းသည်၏ အကျိုးကား အဘယ်ကဲ့သို့နည်းဟု ဘုရားရှင်ကို လျှောက်၏။

ဘုရားရှင်က ချစ်သားအာနန္ဒာ၊ ပန်းသည်၏အလှူကို နည်းသည်ဟု မအောက်မေ့လင့်၊ ဤပန်းသည်သည် ငါ့အား အသက်စွန့်၍ ပူဇော်၏။ ထိုကောင်းမှုကြောင့်--

**ကပ္ပါနံ သတသဟဿံ၊ ဒုဂ္ဂတိံ န ဂမိဿတိ။**
**ဌတွာ ဒေဝမနုဿေသု၊ ဖလံ တေဿ ကမ္မုနော။**
**ပစ္ဆာ ပစ္စေကသမ္ဗုဒ္ဓေါ၊ သုမနော နာမ ဘဝိဿတိ။**

(ဓမ္မပဒအဋ္ဌကထာပါဠိ၊ ဣစ္ဆာသယမူ၊ ၃၈၈)

ဤသို့ ဖြစ်လတ္တံ့ဟု ဟောတော်မူ၏။

ကပ္ပါနံ သတသဟဿံ-ကမ္ဘာတစ်သိန်း ကာလပတ်လုံး၊ ဒုဂ္ဂတိံ-အပါယ်လေးပါးကို။ န ဂမိဿတိ-မသွားလတ္တံ့။ ဒေဝမနုဿေသု-လူနတ်ဘဝတို့၌။ ဌတွာ-တည်၍။ တေဿ-ထိုပန်းလှူခြင်း တည်းဟူသော။ ကမ္မုနော-ကုသိုလ်ကောင်းမှု၏။ ဖလံ-အကျိုးသည်။ ပစ္ဆာ-နောက်၌။ ပစ္စေကသမ္ဗုဒ္ဓေါ-ပစ္စေကဗုဒ္ဓါသည်။ သုမနော နာမ-သုမနမည်သည်။ ဘဝိဿတိ-ဖြစ်လတ္တံ့သည်သာတည်း။

ဘုရားရှင်သည် ကျောင်းသို့ ဝင်စဉ် ထိုပန်းတို့သည် တံခါးမှုခ်၌ တည်၏။ ညချမ်းအခါ တရားသဘင်၌ စကားများ ဖြစ်လာသည်။

ပန်းသည်၏ ကုသိုလ်သည် သက်တော်ထင်ရှား ဘုရားရှင်အား အသက်စွန့်၍ ပန်းပူဇော်သောကြောင့် ထိုခဏပင်လျှင် သဗ္ဗဋ္ဌကခေါ် အကျိုးရှစ်မျိုးကို ရသည်ကား အံ့ဩဖွယ်ရှိ၏ဟု စကားများ ထွက်ပေါ်လာ၏။

ဘုရားရှင်သည် ဂန္ဓကုဋီမှ ထွက်လာ၍ သင်တို့သည် အဘယ်စကားဖြင့် ပြောဆိုနေကြသနည်းဟု မေးတော်မူရာ ပန်းသည်အကြောင်းပါ ဘုရားဟု လျှောက်ကြလေသော် ဘုရားရှင်က ချစ်သားတို့---- ကုသိုလ်ကံ ဟူသည် နောင် မပူပန်ရ။ သတိရတိုင်း သောမနဿ ဖြစ်သည်။ ထို့ကြောင့် ကုသိုလ်ပြုအပ်၏ဟု အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။

**တဉ္စ ကမ္မံ ကတံ သာဓု. ယံ ကတွာ နာနုတပ္ပတိ။**
**ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။**

(ဓမ္မပဒပါဠိတော်၊ ၂၃)

ယံ-အကြင်ကုသိုလ်ကံကို။ ကတွာ-ပြု၍။ နာနုတပ္ပတိ-မပူပန်ရ။ တဉ္စ ကမ္မံ-ထိုကံကိုလည်း။ ကတံ-ပြုခြင်းသည်။ သာဓု-ကောင်းပါ၏။ ယဿ-အကြင်နှစ်သက်ခြင်း ပီတိသို့။ ပတီတော-ရောက်သော။ သုမနော-သုမနပန်းသည်သည်။ ဝိပါကံ-အကျိုးကို။ ပဋိသေဝတိ-ခံစားရသည်သာတည်း။

တရားတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား တရားကို ထိုးထွင်း၍ သိသည်သာတည်း။

## မဟာသုဒဿနသုတ်

ဘုရားရှင်သည် ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုခါနီး အရှင်ဘုရား၊ အရှင်ဘုရားသည် ဤမြို့ငယ်၌ ပရိနိဗ္ဗာန် မပြုပါလင့်၊ စမ္ပာ၊ ရာဇဂြိုဟ် စသော မြို့ကြီးများ ရှိပါသည်။ ထိုမြို့တို့၌ ပရိနိဗ္ဗာန် ပြုတော်မူပါ။ ထိုမြို့တို့၌ မင်း ပုဏ္ဏား သူဌေး သူကြွယ်တို့သည် အရှင်ဘုရားကို ကြည်ညို ပါကုန်၏။ ထိုသူတို့သည် အရှင်ဘုရားကို ပူဇော်သဂြိုဟ်ပါကုန် လတ္တံ့ဟု လျှောက်၏။

ဘုရားရှင်က ချစ်သားအာနန္ဒာ၊ ဤကုသိနာရုံပြည်ကို မြို့ငယ်မြို့သိမ်ဟူ၍ မပြောပါနှင့်ဟု မိန့်တော်မူ၏။

ချစ်သားအာနန္ဒာ၊ ရှေးအခါက ဤမြို့၌ မဟာသုဒဿန မင်း ဖြစ်ဖူးသည်။ လေးကျွန်းလုံးကို အုပ်စိုးနိုင်၏။ ဤမြို့သည် ကုသာဝတီမည်သော မင်းနေပြည်တော်တည်း။ အရှေ့ အနောက် တစ်ဆယ့်နှစ်ယူဇနာ၊ တောင်နှင့်မြောက် ခုနစ်ယူဇနာ ရှိ၏။ တိုင်းပြည်ရွာ သာယာသည်။ လူဦးရေ များသည်။ နတ်တို့၏ အာဠကမန္ဒာမည်သော မင်းနေပြည်နှင့် တူသည်။ ဆင်သံ၊ မြင်းသံ စသော အသံတို့ဖြင့် ပြည့်နှက်နေ၏။ ရွှေ ငွေ ပတ္တမြားစသည်ဖြင့် ပြီးသောတံတိုင်း ခုနစ်ထပ် ရှိ၏။ ရွှေတံခါး ငွေတံခါးစသော တံခါး ကြီး လေးခု ရှိ၏။ ရွှေငွေဖြင့် ပြီးသော ထန်းပင်အစဉ် ခုနစ်ခု ရှိ၏။

မဟာသုဒဿန စကြာမင်းသည် တစ်ဆယ့်ငါးရက် လပြည့် ဥပုသ်နေ့၌ ရေမိုးချိုးကာ မြတ်သော ပြာသာဒ်ထက်၌ ဥပုသ် စောင့်နေစဉ် စကြာရတနာသည် ထင်ရှားဖြစ်လာသည်။ သူသည် စဉ်းစားသည်မှာ တစ်ဆယ်ငါးရက် လပြည့်နေ့၌ ဥပုသ်စောင့်နေစဉ်

စကြာမင်းအား စကြာရတနာ ပေါ်လာတတ် သည်။ ငါလည်း နည်းတူ စကြာမင်းလားဟု စဉ်းစားမိသည်။

ထိုအခါ မဟာသုဒဿနမင်းသည် နေရာမှ ထ၍ လက်ဝဲတစ်ဘက် ပခုံးထက်၌ ကိုယ်ဝတ်တစ်ခု တင်၍ လက်ဝဲလက်ဖြင့် ရွှေကရားကို ကိုင်ကာ လက်ယာလက်ဖြင့် စကြာရတနာကို ကိုင်ကာ-

**ပဝတ္တတု ဘဝံ စက္ကရတနံ။**

(သုတ်မဟာဝါ ပါဠိတော် မဟာသုဒဿနသုတ် ၁၄၁)

အရှင်သည် စကြာရတနာ ဖြစ်စေသတည်း။

**အဘိဝိဇိနာတု ဘဝံ စက္ကရတနံ။**

(သုတ်မဟာဝါ ပါဠိတော် မဟာသုဒဿနသုတ် ၁၄၁)

အရှင်စကြာရတနာသည် တိုင်းပြည်လူများကို အုပ်ချုပ်အောင်မြင်နိုင်ပါစေသတည်းဟု ဖြန့်ကြဲ၏။။

နောက် သုဒဿနစကြာမင်းသည် ၎င်းစကြာရတနာဖြင့် လေးကျွန်းလုံးကို စစ်အင်္ဂါလေးပါး ခင်းကျင်းလျက် လှည့်လည်၏။ လေးကျွန်း၌ နေသော မင်းတို့ကို ပါဏာတိပါတ စသည်ဖြင့် ဆုံးမ၍ သမုဒ္ဒရာသို့ သက်ဆင်းကာ ပြန်လာသည်။

ထို့နောက် ကောင်းကင်သို့ ပျံနိုင်သော ဥပေါသထမည်သော ဆင်ဖြူတော်ကြီး ပေါ်လာ၏။ စကြာမင်းသည် မနက်စောစော လေးကျွန်းလုံးကို လှည့်လည်ဆုံးမကာ ပြန်၍ နံနက်စာ စားနိုင်၏။

နည်းတူ မြင်းဖြူရတနာ ပေါ်လာ၏။

၎င်း၏အလင်းရောင်ဖြင့် အလိုရှိရာသို့ သွားလာနိုင်သော ပတ္တမြားရတနာ ဖြစ်ထွန်းလာ၏။

မိန်းမ၏အင်္ဂါ လိုလေသေး မရှိဘဲ မိန်းမရတနာ ပေါ်လာ၏။
အလိုရှိတိုင်း ပြီးစေနိုင်သော သူကြွယ်ရတနာ ပေါ်လာ၏။
အလိုရှိတိုင်း ပြီးစေနိုင်သော သားကြီးရတနာ ပေါ်လာ၏။

မဟာသုဒဿန စကြာမင်းသည်-

အဆင်းလှခြင်း၊
အသက်ရှည်ခြင်း၊
အနာကင်းခြင်း၊
ပုဏ္ဏား၊ သူကြွယ်တို့ ချစ်မြတ်နိုးခြင်း၊

စကြာမင်း၏ စိတ်နှလုံးအတိုင်း ရွှေငွေပတ္တမြားစသည်ဖြင့် ပြီးသော ရေကန်များ ဖြစ်ပေါ်လာသည်။ ရွှေစောင်းတန်း၊ ငွေစောင်တန်း၊ ပတ္တမြားစောင်းတန်း စသည်တို့ဖြင့် ပြီး၏။ ကြာပုဏ္ဍရိက် စသည်ဖြင့် ပြည့်နှက်နေ၏။

ငင်းရေကန်၌ အလှူကြီးပေး၏။

သိကြားမင်းက ခိုင်းစေ၍ ဝိသုကြံနတ်သားသည် မဟာသုဒဿနစကြာမင်းအတွက် လာ၍ အိမ်ဆောက်ပေးရသည်။ ၎င်းပြာသာဒ်သည် အရှေ့အနောက် တစ်ယူဇနာ၊ တောင်မြောက် ယူဇနာခွဲ ရှိ၏။ ရွှေငွေဖြင့် ပြီး၏။

ရွှေတိုင်၊ ငွေတိုင် စသည်ဖြင့် တိုင်ပေါင်း တစ်ထောင်။

ရွှေစောင်းတန်း၊ ငွေစောင်းတန်း စသည်ဖြင့် စောင်တန်း လှေခါး နှစ်ဆယ့်လေးခု။

ရွှေငွေစသည်ဖြင့် ပြီးသော ရှစ်သောင်းလေးထောင်သော အထွတ်ရှိ၏။

မဟာသုဒဿန စကြာမင်းသည် ငါကား ဤသို့ တန်ခိုးကြီးခြင်းသည် အဘယ်မည်သောကံ၊ အဘယ်မည်သော အကျိုးနည်းဟု စဉ်းစား၏။

**တိဏ္ဏံ ခေါ မေ ကမ္မာနံ ဖလံ တိဏ္ဏံ ကမ္မာနံ ဝိပါကော၊ ယေနာဟံ ဧတရဟိ ဧဝံ မဟိဒ္ဓိကော ဧဝံ မဟာနုဘာဝေါ၊ သေယျထိဒံ ဒါနဿ ဒမဿ သံယမဿာတိ။**

(မဟာဝါပါဠိတော် မဟာသုဒဿနသုတ် ၁၅၂)

မေ-ငါ မဟာသုဒဿန စကြာမင်း၏။ တိဏ္ဏံ ခေါ-သုံးပါးကုန်သော၊ ကမ္မာနံ-ကံတို့၏။ ဣဒံ ဖလံ-ဤအကျိုးတည်း။ တိဏ္ဏံ-သုံးပါးကုန်သော။ ကမ္မာနံ-ကံတို့၏။ ဝိပါကော-အကျိုးတည်း။ ယေန-အကြင်ကံကြောင့်။ အဟံ-ငါသည်။ ဧတရဟိ-ယခုအခါ၌။ ဧဝံ-ဤသို့။ မဟိဒ္ဓိကော-တန်ခိုးကြီး၏။ ဧဝံ-ဤသို့။ မဟာနုဘာဝေါ-ကြီးမားသော အာနုဘော်ရှိ၏။ ဣဒံ ကမ္မာနိ-ဤကံတို့သည်။ သေယျထာ ကတမာနိ-အဘယ်သည်တို့ နည်းဟူမူကား။ ဒါနဿ-အလှူပေးခြင်း၏လည်းကောင်း။ ဒမဿ-ဆုံးမခြင်း၏လည်းကောင်း။ သံယမဿ-စောင့်စည်းခြင်း၏လည်းကောင်း။ ကမ္မာနိ-ဤသည်တို့တည်း။

ထို့နောက် မဟာသုဒဿန စကြာမင်းသည် ပြာသာဒ်တံခါး ရှေ့ ရပ်လျက် အောက်ပါအတိုင်း ဥဒါန်းကျူးရင့်သည်။

**တိဋ္ဌ ကာမဝိတက္က၊ တိဋ္ဌ ဗျာပါဒဝိတက္က၊ တိဋ္ဌ ဝိဟိံသာဝိတက္က၊ ဧတ္တာဝတာ ကာမဝိတက္က၊ ဧတ္တာဝတာ ဗျာပါဒဝိတက္က၊ ဧတ္တာဝတာ ဝိဟိံသာဝိတက္ကာတိ။**

(မဟာဝါပါဠိတော် မဟာသုဒဿနသုတ် ၁၅၂)

ကာမဝိတက္က-ကာမဝိတက်။ တိဋ္ဌ-ရပ်ဦးလော့။ ဗျာပါဒဝိတက္က-ဗျာပါဒဝိတက်။ တိဋ္ဌ-ရပ်ဦးလော့။ ဝိဟိံသာဝိတက္က-ဝိဟိံသာဝိတက်။ တိဋ္ဌ-ရပ်ဦးလော့။ ကာမဝိတက္က-ကာမဝိတက်။ ဧတ္တာဝတာ-ဤမျှသာတည်း။ ဗျာပါဒဝိတက္က-ဗျာပါဒဝိတက်၊ ဧတ္တာဝတာ-ဤမျှသာတည်း။ ဝိဟိံသာဝိတက္က-ဝိဟိံသာဝိတက်။ ဧတ္တာဝတာ-ဤမျှသာတည်း။ ဣတိ-ဤသို့။ ဥဒါနေသိ-ဥဒါန်း ကျူးသည်သာတည်း။

ထို့နောက် ဝိတက္က၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာ တည်းဟူသော စျာန်တရားများကို ဖြစ်စေ၏။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားများကိုလည်း ပွား၏။

ရှစ်သောင်းလေးထောင်သော မြို့တို့မှ လာ၍ လုပ်ကျွေးရ၏။

သုဘဒ္ဒါမိဖုရားသည် ပြာသာဒ်ပေါ် လုပ်ကျွေးရန် တက်လာစဉ် သတိသမ္ပဇညထားကာ အိပ်နေသည်ကို မြင်၍ ယခုအခါ မဟာသုဒဿနမင်းကား မျက်စိ၊ မျက်နှာစသော ဣန္ဒြေတို့သည် အလွန်ကြည်လင်၏။ သေခြင်းတရား မဖြစ်နိုင်ရာဟု----

အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် ကုသာဝတီ မင်းနေပြည်တော် အမှူးရှိသော ရှစ်သောင်းလေးထောင်သော သူတို့ကို ငဲ့ညှာပါဟု လျှောက်၏။

ထိုအခါ မဟာသုဒဿန စကြာမင်းသည် ငါ့ကား ရှေးအခါက လောကီအာရုံ ကာမဂုဏ်တို့ဖြင့် ခံစားပြီးပြီ။ ယခုကား ငါသည် ဤကာမဂုဏ်တရားတို့ကို စွန့်ပြီးပြီဟု ပြော၏။

မကြာမြင့်မီ စကြာမင်းသည် သေ၍ ဗြဟ္မာပြည်သို့ ရောက်

၏။ နောက် စကြာမင်း၏ စည်းစိမ်များလည်း အားလုံး ပျောက်ကွယ်ကုန်၏။

ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူပေ၏။

**အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။**
**ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။**

(မဟာဝါပါဠိတော် မဟာသုဒဿနသုတ် ၁၆၁)

သင်္ခါရာ-သင်္ခါရတရားတို့သည်။ အနိစ္စာ ဝတ-မမြဲကုန်စွတကား။ ဥပ္ပါဒဝယဓမ္မိနော-ဖြစ်လျှင် ပျက်တတ်သော သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ-ဖြစ်ပြီး၍။ နိရုဇ္ဈန္တိ-ချုပ်ကုန်၏။ တေသံ-ထိုသင်္ခါရတရားတို့၏။ ဝူပသမော-ငြိမ်းရာနိဗ္ဗာန်သည်။ သုခေါ-ချမ်းသာလှပေသည်သာတည်း။

---

## ဇောတိကသူဌေး

ရှေးအခါက ဗာရာဏသီပြည်တွင် ညီအစ်ကို နှစ်ယောက်ကြံခင်း လုပ်ကြသည်။

တစ်နေ့သ၌ ညီသည် အစ်ကိုအတွက်ပါ ယူလာသော ကြံချောင်း နှစ်ချောင်းကို ပစ္စေကဗုဒ္ဓါတစ်ပါးအား လှူ၏။ ဤကုသိုလ်ကြောင့် ဘဝတိုင်း၌ တောင့်တတိုင်း ပြည့်စုံပါစေ၊ အရှင်ဘုရား သိအပ်သော တရားကိုလည်း သိရပါလို၏ဟု ဆုတောင်း၏။

သူတို့သည် တစ်နေ့ထက်တစ်နေ့ စည်းစိမ်ဥစ္စာ တိုးတက်၏။ သူတို့သည် သေလွန်၍ ဝိပဿီဘုရားရှင်လက်ထက် ဗန္ဓုမတီပြည်၌ သူကြွယ်ညီနောင် ဖြစ်၏။ အစ်ကိုကား သေန၊ ညီကား အပရာဇိတ မည်၏။ အစ်ကိုသေနသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရ၍ ရဟန်းပြုကာ ရဟန္တာ ဖြစ်သည်။

ညီအပရာဇိတသည် အတိုင်းမသိ အဖိုးထိုက်သော ဘုရားရှင်၏ ဂန္ဓကုဋီတိုက်ကို ဆောက်လုပ်လှူဒါန်း၏။ ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော အရုပ်ပေါင်းများစွာတို့ဖြင့် ဘုရားရှင်၏ ရောင်ခြည်တော် ပို၍ တောက်ပအောင် အဖိုးနှစ်သိန်း၊ သုံးသိန်းစသည် ထိုက်တန်သော မနောမယ ပတ္တမြားကိုလည်း ဘုရားရှင်၏အပါး၌ လှူထား၏။ ရွှေ၊ ငွေ၊ ကျောက်သံ၊ ပတ္တမြား ဖြန့်ကြဲထား၏။

မေဏ္ဍကသူဌေး ဖြစ်လတ္တံ့သော တူတော် သူဌေးအားလည်း အလှူ၌ ပါဝင်ရန် လာ၍ပြောရာ အသီးအသန့် လုပ်စေ၍ ရဟန်းသံဃာတို့ တည်းခိုရန် ဆိတ်ရုပ်ခံသော ဇရပ်တစ်ခုကို ရတနာ ခုနစ်ပါးဖြင့် ပြုလုပ်၏။

ကျောင်းဒကာ အပရာဇိတသည် အစောင့်အရှောက်တို့အား ရတနာများကို ကောက်ယူက မတားမြစ်ပါနှင့်။ လွယ်အိတ်စသည် တို့ဖြင့်ကား မယူစေနှင့်ဟု အစောင့်ထား၏။ နောက် လူတို့ ယူသွားက ပြန်၍ ဖြည့်ထား၏။

အဖိုးများစွာထိုက်သော ပတ္တမြားကို မိစ္ဆာဒိဋ္ဌိတစ်ယောက် ယူသွားခြင်းကြောင့် တပည့်တော်၏ပစ္စည်းကို ရန်သူတို့ မဖျက်ဆီး နိုင်ပါစေသတည်းဟုလည်း ဆုတောင်း၏။ ရဟန်းသံဃာတော် တို့အား များစွာ လှူဒါန်း၏။ အနည်းဆုံး သက်န်းတစ်စုံ၊ တစ်ထောင် ယိုက်တန်၏။

သူသည် ဂေါတမဘုရားရှင်လက်ထက်၌ ရာဇဂြိုဟ်ပြည် သူဌေးမျိုးဝယ် ဖြစ်၏။ ဖွားမြင်သောနေ့၌ တစ်မြို့လုံးလက် တစ်မြို့လုံး အဝတ်တန်ဆာများ တပြောင်ပြောင် ထွန်းတောက်သည်။ မင်းက နေ့တိုင်း တစ်ထောင်စီ နို့ဖိုးပေး၏။ ထို့ကြောင့် **ဇောတိက** ဟု တွင်၏။

အရွယ်သို့ ရောက်၍ အိမ်ဆောက်ခါနီး မြေကို ရှင်းရာ ဘုံခုနစ်ဆင့်ရှိ ပြာသာဒ်သည် သိကြားမင်းကြောင့် ပေါ်ပေါက်ရ၏။ ရွှေအိုးကြီးလေးလုံး ပေါ်ပေါက်၏။ တံခါး၌ နတ်ဘီလူးများ စောင့်၏။ ဗိမ္ဗိသာရမင်းက ထီးဖြူအပ်နှင်း၏။ မြောက်ကျွန်းသူ တုလကာရီနှင့် အိမ်ထောင်ဖက်ပြု၏။ ခုံလောက်ကား မြတည်း။ ထမင်းအိုးကား ခူးခပ်၍ မကုန်။ ပဒေသာပင်တို့လည်း ယူရာမထင်။

ဗိမ္ဗိသာရမင်းသည် ဇောတိကအိမ်ကို ကြည့်ရှုရန် လာသည်။ ဝင်ခါစ ကျွန်မကို သူဌေးကတော် ထင်မိ၏။ သူဌေးက မင်းအား ပတ္တမြားတိုက်ခန်းကို ပြ၍ အသူတစ်ရာနက်သော ချောက်ကြီး ထင်သဖြင့် မင်းက ငါ့ကို သူဌေးသည် သတ်ရန် ကြံရွယ်သည်ဟုပင် ထင်မိ၏။

နောက်က ပါသော ခုနစ်နှစ်အရွယ်ရှိ သားအဇာတသတ်သည် ငါကြီးလာက ဤသူဌေးကို သတ်၍ ဤပစ္စည်းများကို ယူမည်ဟု ကြံစည်မိ၏။

တုလကာရီသည် မင်းကို ဖူးစဉ် မျက်ရည်ကျ၏။ မင်းသည် သင်တို့၏ပစ္စည်းကို ယူမှာကြောက်၍ ငိုသလားဟု မေး၏။ သူဌေးကတော်က ကျွန်ုပ်မသည် ပတ္တမြားရောင် စသည်ဖြင့် နေရပါ၏။ မီးရောင်ကို မမြင်စဖူး။ အရှင်သခင်တို့၏ အဝတ်ကား မီးရောင်နှင့် ဆက်စပ်သည်ဖြစ်၍ ၎င်းအဝတ်ရောင်များ မျက်စိမှာ ထိုးသော ကြောင့် မျက်ရည်ကျရပါသည်ဟု လျှောက်၏။

ဇောတိကသူဌေးသည် ဘုရားရှင်၏ကျောင်း၌ ဥပုသ်စောင့်နေ၏။ အဇာတသတ် မင်းသားသည် အသက်နှစ်ဆယ်အရွယ်၌ ဖခင်ကို သတ်၍ မင်းလုပ်ပြီး စစ်တပ်များနှင့် ဇောတိကသူဌေး၏ ပစ္စည်းများကို ယူရန်သွား၏။ စစ်တပ်များ ပတ္တမြားတို့၌ အရိပ်ထင်ရာ အဇာတသတ်မင်းနှင့်တကွ စစ်တပ်မျာ အနားမကပ်ဝံ့ပေ။

နောက် တံခါးစောင့်ဘီလူး ခြိမ်းခြောက်၍ အဇာတသတ် မင်း၏ စစ်တပ်များ ထွက်ပြေးကြသည်။

အဇာတသတ်မင်းသားသည် သူဌေးကြီး၊ သင်ကား စစ်တပ်ကို အိမ်မှာထားခဲ့၍ ကျောင်းတော်၌ ဥပုသ်လာစောင့်သလို လုပ်နေပါလားဟု မေး၏။ မင်းကြီး၊ ကျွန်ုပ်သည် စစ်တပ် မထားခဲ့ပါ။ ကျွန်ုပ်၏ပစ္စည်းကို ကျွန်ုပ်မပေးပဲ သူတစ်ပါး ယူ၍မရပါ။ မယုံလျှင် လက်စွပ်ကို ချွတ်ကြည့်ပါဟု ပြော၍ ချွတ်ကြည့်၏။ မရပေ။

အဇာတသတ်မင်းသားကား ထိုင်လျက် အထက်သို့ ခုန်တက်သော် တစ်ဆယ့်ရှစ်တောင်၊ ရပ်လျက် ခုန်သော် အတောင်ရှစ်ဆယ်၊ အသွားခုန်သော် တစ်ဥသဘကို ရောက်နိုင်၏။ နောက် မင်းအား လက်စွက်ကို ချွတ်၍ ပေး၍ မယူဝံ့ပေ။

ဇောတိကသူဌေးသည် ရဟန်းပြု၍ ရဟန္တာဖြစ်သည်။ တုလကာရီကိုလည်း မြောက်ကျွန်းသို့ နတ်တို့ ပို့လေသည်။ စည်းစိမ်များလည်း ကွယ်ပျောက်လေသည်။ ဇောတိကထေရ်သည် ရဟန္တာဖြစ်၍ တဏှာမရှိကြောင်း ဘုရားရှင် ဟောတော်မူလေသည်။

**ယော စ တဏှံ ပဟန္တာန၊ အနာဂါရော ပရိဗ္ဗဇေ။**
**တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

(ဓမ္မပဒပါဠိတော်၊ ၇၃)

ယော-အကြှင်ရဟန်းသည်။ ဣမ-ဘုရားရှင် သာသနာတော်၌။ တဏှံ-တပ်မက်နှစ်သက်ခြင်းလောဘကို။ ပဟန္တာန-မဂ်ဉာဏ် အဆက်ဆက်ဖြင့် ပယ်ခွာသတ်၍။ အနာဂါရော-အိမ်ရာမထောင် လူ၏ဘောင်၌ မနေသည်ဖြစ်၍။ ပရိဗ္ဗဇေ-ကျင့်၏။ တဏှာဘဝပရိက္ခီဏံ-တဏှာတောင့်တခြင်းသည် ကုန်၏။ တံ-ထိုသူကို။ အဟံ-ငါဘုရားသည်။ ဗြာဟ္မဏံ-မကောင်းမှုမှအပ ပြုပြီးသော သူဟူ၍။ ဗြူမိ-ဟောတော်မူသည်သာတည်း။

---

## ဇဋ္ဌိလသူဌေး

ဗာရာဏသီပြည်၌ နှစ်ဆယ့်လေးကုဋေ ကြွယ်ဝသော သူဌေးသမီး တစ်ဦးရှိ၏။ အဆင်းလှ၍ မိဘတို့က ချစ်မြတ်နိုး၏။ မိန်းမတစ်ယောက်သာ အလုပ်အကျွေးရှိ၍ ပြာသာဒ်ပေါ် နေစေ၏။

တစ်နေ့သောအခါ ကောင်းကင်မှ လာသော ဝိဇ္ဇာဓိုရ်နှင့် ပျော်ပါးမိ၍ အဆင်းလှသော သတို့သားငယ် တစ်ယောက်ကို မွေးဖွား၏။ သူများမသိအောင် အိုးမှာ ထည့်၍ ဂင်္ဂါမြစ်မှာ မျှော၏။ ဥဇ္ဇေနီပြည်သို့ မျှောလာ၍ မိန်းမတစ်ယောက် ရ၏။ ကင်ပွန်းရေစင် ဆေးကြောခြင်း မရှိ၍ ဆံပင်များ တွန့်လိပ်ရကား ဇဋ္ဌိလဟု ခေါ်တွင်စေ၏။

သူမသည် အရှင်မဟာကစ္စည်းထေရ်အား အပ်လိုက်၍ အရှင်မဟာကစ္စည်းထေရ်သည် တက္ကသိုလ်ပြည်သို့ ယူသွားပြီး သူကြွယ်တစ်ဦးထံ၌ အပ်နှံထား၏။

သူကြွယ်သည် အရပ်တစ်ပါးသို့ သွားစရာရှိ၍ ဇဋိလအား အရောင်းအဝယ် အပ်ထားခဲ့ရာ တစ်ဆယ့်နှစ် နှစ်ကာလပတ်လုံး စုထားသော ပစ္စည်းများကို နတ်တို့၏အကူအညီဖြင့် တစ်နေ့ချင်း ရောင်း၍ကုန်၏။

သူကြွယ်သည် ပြန်လာ၍ ဝမ်းမြောက်ကာ သတို့သမီး တစ်ယောက်နှင့် မင်္ဂလာဆောင် အိမ်ဆောက်ရန် စီစဉ်ကြ၏။ အတောင်ရှစ်ဆယ်ရှိ ရွှေတောင်ကြီး ပေါက်၏။ မင်းက ထီးဖြူပေး၏။

ဇဋိလသည် ကာလအတော် ကြာလေသော် ရဟန်းပြုလိုစိတ်ရှိ၍ အချင်းယောက်ျားတို့အား လှည့်လည်၍ ကြည့်ကြပါ၊ ငါနှင့် ဥစ္စာပစ္စည်း တူသူရှိက ပြောကြပါဟု လွှတ်လိုက်၏။

ထိုယောက်ျားတို့သည် ဘဒ္ဒိယမြို့ မေဏ္ဍကသူဌေးအိမ်သို့ ရောက်၍ သူဌေးက ကြည့်စေရာ ဆင်ကြီး မြင်းကြီးပမာရှိသော ရွှေဆိတ်ရုပ်တို့ ကျောချင်းထိစပ်နေသည်ကို တွေ့ရ၏။ လိုချင်သလောက် ယူသွားဟုလည်း မေဏ္ဍကသူဌေးက ပေးလိုက်၏။

ယောကျ်ားတို့သည် ဇဋိလသူဌေးအား မေဏ္ဍကသူဌေး အကြောင်းကို ပြောကြ၏။

နောက်တစ်ခါ တူသောသူဌေး ရှိ/ မရှိ စူးစမ်းလို၍ အဖိုးတစ်သိန်းတန် ကမ္ဗလာကို ရောင်းရန် လွှတ်လိုက်၏။

ရာဇဂြိုဟ်ပြည်သို့ ရောက်၍ သစ်ရွက်များကို မီးရှို့ကာ နေကြ၏။ လူများတို့က မေးရာ ဤကမ္ဗလာကို ဝယ်မည့်သူ မတွေ့၍ သူခိုးဘေးမှ ကြောက်သောကြောင့် မီးရှို့မည်ဟု ပြောကြ၏။

လူများက ဇောတိကသူဌေးအိမ်သို့ သွား၍ ရောင်းချေ။ ကျေးကျွန်အလို့ငှါ ယူရာ၏ဟု လွှတ်လိုက်ကြ၏။

သွား၍ရောင်းရာ တစ်သိန်းပေး၍ ဝယ်ပြီး တံမြက်စည်း လှည်းနေသော ကျွန်မတစ်ယောက်အား ပေးစေ၏။ ကျွန်မသည် ငိုယိုကာ သူဌေးကြီး၊ ကျွန်မအပြစ်ရှိက ရိုက်၍ ဆုံးမနိုင်၏။ ဤမျှ ကြမ်းသော ကမ္ဗလာကို အဘယ်ကြောင့် ပေးရသနည်းဟု ပြော၏။ သူဌေးက သင့်အား ဝတ်ဖို့ ပေးသည်မဟုတ်၊ ခြေသုတ်ဖို့ ပေးသည် ဆိုမှ အငိုတိတ်သည်။

အချင်းယောကျ်ားတို့သည် ဇမ္ဗိလသူဌေးအား အကြောင်းကို ပြောကြ၍ ရဟန်းပြုမည်စိတ်ကူးကာ သားကြီး သားလတ်တို့အား ရွှေတောင်ကို ပေါက်တူးဖြင့် ပေါက်ယူစေ၏။ ပေါက်၍ မရပေ။ သားငယ်သာ ပေါက်ယူ၍ ရ၏။

ဇမ္ဗိလသူဌေးသည် ရဟန်းပြု၍ ရဟန္တာဖြစ်သည်။

ရဟန်းတို့အား တဏှာမရှိကြောင်း လျှောက်၏။ ဘုရားရှင်က အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏-

**ယောဓ တဏှံ ပဟန္တွာန၊ အနာဂါရော ပရိဗ္ဗဇေ။**
**တဏှာဘဝပရိက္ခီဏံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။**

(ဓမ္မပဒပါဠိတော် ၇၃)
(အနက် ရှေးအတိုင်း)

ဇမ္ဗိလသည် ရှေးအခါက ရွှေပန်းထိမ်သည် ဖြစ်ဖူး၏။ ကဿပ ဘုရားရှင်၏ ဓာတ်တော်တို့ကို စေတီတည်ကြရာ ရွှေ မလောက်၍ ရဟန်းတစ်ပါး လာပြီး အလှူခံစဉ် အရှင်ဘုရား---- ၎င်းဓာတ်တော်တို့ကို ဂင်္ဂါမြစ်၌ မျှောပစ်ပါလားဟု ပြောဖူး၍ ခုနစ်ဘဝတိုင် ရေမျှောခံရသည်။

နောက် ရွှေပန်းခိုင်တို့ဖြင့် ဥာပနာတိုက်ကို ပူဇော်ကန် တော့သည်။

သားကြီးနှင့်သားလတ်တို့သည် ယခင် ဇင်္ဂုလပူဇော်ရာ၌ အကူအညီ မပေး၍ ရွှေတောင်တို့ကို ပေါက်ယူ၍ မရ ရှိလေသည်။

(မေဏ္ဍကသူဌေး ဝတ္ထုကား " ဒါနအကြောင်း သိကောင်းစရာ" စာအုပ်၌ ပါပြီးပြီ။)

---

## လောသကတိဿ ရဟန္တာ

**ယာဒိသံ ဝပ္ပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။**
**ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။**

(သံယုတ်ပါဠိတော်၊ ၂၂၉)

ယာဒိသံ-အကြင်သို့ သဘောရှိသော။ ဗီဇံ-သရက်၊ ပိန္နဲ စသော မျိုးစေ့ကို။ ဝပ္ပတေ-စိုက်ပျိုး၏။ တာဒိသံ-ထိုသို့သဘော ရှိသော။ ဖလံ-အသီးကို။ ဟရတေ-ဆောင်နိုင်၏။ ကလျာဏကာရီ-ကောင်းမှုကို ပြုလေ့ရှိသောသူသည်။ ကလျာဏံ-ကောင်းကျိုးကို။ ဟရတေ-ဆောင်နိုင်၏။ ပါပကာရီ စ-မကောင်းမှုကို ပြုလေ့ရှိသော သူသည်လည်း။ ပါပကံ-မကောင်းကျိုးကို။ ဟရတေ-ဆောင်နိုင်သည် သာတည်း။

၎င်းလောသကတိဿ ရဟန္တာအလောင်းသည် တံငါရွာ တစ်ရွာမှာ ပဋိသန္ဓေ နေလေ၏။ တံငါများ ငါးရှာ၍ မရပေ။ ဆင်း ရဲကြ၏။ ရွာခုနစ်ကြိမ် မီးလောင်၏။ ခုနစ်ကြိမ် မင်းဒဏ်သင့်၏။

ထို့ကြောင့် လူတို့သည် သူယုတ်ပေါ်အောင် အိမ်ခြေ ငါးရာစီ ခွဲကြ၏။ သူပါသောအခြမ်း ဆင်းရဲ၏။ ဤနည်းအတိုင်း ခွဲယူရာ ၎င်းရဟန္တာအလောင်းအပေါ် ကျရောက်၏။

သူ့ကို မွေးဖွား၏။ စားစရာမရှိ၍ တောင်းစားရာ သူရောက်လာက အိမ်သူ အိမ်သားများ ထွက်ပြေးကြ၏။ မိခင်လည်း သူ့ကို စွန့်ပစ်လေသည်၏။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာ ကိုယ်တော်ကြီးသည် သူ့ကို ရှင်ရဟန်းပြုပေး၏။ ရဟန်းဘဝ၌လည်း ဆင်းရဲသည်။ သူ၏ သပိတ်ကို ဒါယကာများက ဆွမ်းလောင်းရန် ကြည့်ရာ သပိတ်ပြည့်နေပြီ ထင်ရ၏။ တစ်ချို့လူတို့အား ဆွမ်းလောင်းခါနီးတွင် ဆွမ်းဇလုံ ပျောက်နေသည်။ တရားအားထုတ်ရာ ရဟန္တာဖြစ်လေပြီ။

အရှင်သာရိပုတ္တရာသည် သနားလွန်း၍ ဆွမ်းခံ အတူကြွသည်။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးပင် ဆွမ်းတစ်ဇွန်းမျှ မရပေ။ နောက် အရှင်သာရိပုတ္တရာသည် တစ်ပါးတည်း ဆွမ်းခံကြွပြီး ၎င်းရဟန္တာသို့ အပို့ခိုင်းသည်။ လူများ ၎င်းရဟန္တာကို မမြင်၍ ပြန်လာ၏။

နောက် အရှင်သာရိပုတ္တရာသည် ကိုယ်တိုင် လက်နှင့်ပေး၍ ၎င်းရဟန္တာသည် တစ်သက်မှာ တစ်ခါ စတုမဓု ဝအောင် ဘုဉ်းပေးရသည်။ နောက် ပရိနိဗ္ဗာန် ပြုလေသည်။

ဘုရားရှင်သည် အတိတ်ကို ဆောင်တော်မူ၏။

ကဿပဘုရား ရှင်လက်ထက်၌ ၎င်းလောသကတိဿ အလောင်းရဟန်းကို လူတစ်ယောက်သည် ပစ္စည်းလေးပါးဖြင့် ကိုးကွယ်ထား၏။ ၎င်းဒါယကာအိမ်သို့ ရဟန်းတစ်ပါး ရောက်လာ၏။ ဆွမ်းစသည်ဖြင့် လှူဒါန်း၏။ သူကိုးကွယ်ထားသော လောသက

တိဿရဟန်းကျောင်းသို့ ပို့၏။ လောသကတိဿကား အာဝါသမစ္ဆရိယ၊ ကုလမစ္ဆရိယ၊ လာဘမစ္ဆရိယ စသည်ကြောင့် မနာလိုတော့ပေ။

တစ်နေ့သ၌ ဒါယကာသည် နှစ်ပါးလုံးအား ဆွမ်းစားပင့်ရာ လောသကတိဿသည် ဝတ်ကျေတန်းကျေ တံခါးကို လက်သည်းခွံဖြင့် ခေါက်၍ နိုးကာ လာခဲ့၏။

ဒါယကာသည် အာဂန္တုကရဟန်း မပါလာကြောင်းကို မေးရာ လောသကတိဿသည် အအိပ်ကြီးကြောင်း၊ ကျောက်စည် ခေါင်းလောင်းထိုးသည်ကိုပင် မနိုးကြောင်း ပြောလေ၏။

ဒါယကာသည် အာဂန္တုကရဟန်းအတွက် စတုမဓု တစ်သပိတ် လှူလိုက်၏။ လောသကတိဿသည် ဤရဟန်းအား ကျွေးအံ့၊ စားရ၍ ပြန်မှာ မဟုတ်တော့ပေ။ ရေမှာ သွန်ပစ်ကလည်း အဆီတက်လာ၍ လူများ မြင်မည်။ မြေမှာ သွန်ပစ်ကလည်း ကျီးငှက်စား၍ လူများ မြင်မည်စသည် အမျိုးမျိုးတွေးကာ မီးပုံထဲသို့ သွန်ပစ်သည်။

လောသကတိဿသည် သံသယကုက္ကုစ္စနှင့် သေ၍ ငရဲသို့ ရောက်သည်။ ငှင်းငရဲမှ လွန်လာ၍ ဘီလူးဘဝ ငါးရာဖြစ်သည်။ တစ်ခါမှ ဝအောင် မစားရပေ။ တစ်ခါသာ ကိုယ်ဝန်အညစ်အကြေးကို ဝအောင် စားရသည်။ နောက် ဘဝငါးရာ ခွေးဖြစ်သည်။ တစ်ခါသာ အံဖတ်ကို ဝအောင် စားရသည်။

နောက် လူ့ဘဝရောက်၍ မိတ္တဝိန္ဒက တွင်သည်။ သူ့ကြောင့် မိဘဆွေမျိုး ဒုက္ခရောက်ရသည်။ သူသည် ဗာရာဏသီပြည်၌ ဒိသာပါမောက္ခဆရာထံ ရောက်သွားသည်။ သူသည် တပည့်များနှင့် ရန်ဖြစ်ခြင်း စသည်ကြောင့် ဆရာသည် လာဘ်သပ္ပကာ နည်းလာ၏။

နောက် ဟိုရောက် သည်ရောက်နှင့် မိန်းမတစ်ဦးကို အိမ်ထောင်ဖက်ပြုရာ ကလေးနှစ်ယောက် ထွန်းကားသည်။ မိတ္တဝိန္ဒကကို ရွာသားများက တံခါးစောင့်ထားကြသည်။ ရွာကား ခုနစ်ကြိမ် မီးလောင်၏။ ခုနစ်ကြိမ် မင်းဒဏ်သင့်၏။ သောက်ရေကန်များ ကျိုးပေါက်သည်။ ထို့ကြောင့် လူများက ဤလူကြောင့် ဒုက္ခရောက်ကြသည်ဟု ရိုက်ပုတ်နှင်ထုတ်ကြသည်။ သားမယားကို ခေါ်သွားရာ တောအုပ်တစ်ခု၌ သားမယားများ ဘီလူးစားခံရ၏။

နောက် ဂမ္ဘီရ သင်္ဘောဆိပ်ရွာသို့ ရောက်၍ သင်္ဘောသား ဝင်၍ လုပ်ရသည်။ မိတ္တဝိန္ဒကတို့သင်္ဘောသည် သမုဒ္ဒရာ၌ ခုနစ်ရက် သွားပြီးနောက် ကျောက်ချထားသည့်ပမာ ရပ်နေသည်။ သူယုတ်စာရေးတံမဲ ချရာ မိတ္တဝိန္ဒကထံ ကျသည်။ လူများက သူ့ကို သင်္ဘောပေါ်မှ ဝါးတစ်စည်းနှင့် ပစ်ချကြသည်။

ကဿပ ဘုရားရှင်လက်ထက်က သီလစောင့်ဖူးသောကောင်းမှုကြောင့် နတ်သမီးလေးယောက်နေသော ဗိမာန်တစ်ခုသို့ ရောက်သွားသည်။ ခုနစ်ရက်ပတ်လုံး နတ်တို့၏ စည်းစိမ်ကို ခံစားရ၏။ ၎င်းနတ်သမီးတို့သည် ခုနစ်ရက်စံ၊ ခုနစ်ရက် ဒုက္ခခံတို့တည်း။

မိတ္တဝိန္ဒကသည် ထိုမှတစ်ခါ ထွက်ပြေးရာ ငွေဗိမာန်၌ ရှစ်ယောက်သော နတ်သမီး၊ ပတ္တမြားဗိမာန်၌ တစ်ကျိပ်နှစ်ယောက်သော နတ်သမီး၊ ရွှေဗိမာန်၌ တစ်ကျိပ်ခြောက်ယောက်သော နတ်သမီးတို့နှင့် တွေ့ပြန်၏။

ထိုမှတစ်ခါ သွားပြန်ရာ သင်တုံးစက် ခေါင်းပေါ်မှာ တင်ပြီး ဒုက္ခခံနေရသူ တစ်ဦးကို မြင်ပြန်လျှင် ပဒုမာကြာပန်း ထင်၍ တောင်းကာ ဒုက္ခခံရသေး၏။

နောက် ဝါးစည်းနှင့် သမုဒ္ဒရာထဲ၌ သွားလေရာ ကျွန်းတစ်ခု၌ ဘီလူးရွာတစ်ရွာသို့ ရောက်သွား၏။ ဘီလူးမသည် ဆိတ်အသွင်ဖြင့် နေသည်ကို မိတ္တဝိန္ဒကသည် သွား၍ ဖမ်းရာ ဘီလူးမသည် မိတ္တဝိန္ဒက ခြေထောက်ကို ကိုင်၍ လွှင့်ပစ်၏။

မိတ္တဝိန္ဒကသည် ဗာရာဏသီပြည်နား၌ ခြံတစ်ခုသို့ ရောက်သွား၏။ မိတ္တဝိန္ဒကသည် ငါကား ရှေးကကဲ့သို့ဆိတ်မကို သွား၍ ဖမ်းမူ ငါ၏ခြေထောက်ကို ကိုင်၍ လွှင့်ပစ်က သမုဒ္ဒရာထဲ၌ ရှိသော နတ်သမီးတို့နေရာ ကျွန်းသို့ ရောက်လိမ့်မည်ဟု စိတ်ကူးနှင့် သွား၍ ဖမ်းရာ မင်းချင်းတို့ ဖမ်းကြ၏။

ဒိသာပါမောက္ခ ဆရာသည် မင်းအား တောင်းပန်၍ မိတ္တဝိန္ဒကအား ကျွန်အဖြစ် ပြုဖူးသည်။

ဣတ္တရံ ဟိ ခနံ ဧည်၊ ဣတ္တရံ ဣဓ ဇီဝိတံ။
ဣတ္တရံ ဣတ္တရသော ဥတွာ၊ ဒီပံ ကယိရာထ ပဏ္ဍိတော။
(ပေတဝတ္ထုပါဠိတော်၊ ၁၃၆)

ဣဓ-ဤလောက၌။ ခနံဧည်-ဥစ္စာစပါးသည်။ ဣတ္တရံ ဟိ-ပျက်စီးသည်သာတည်း။ ဇီဝိတံ-အသက်သည်။ ဣတ္တရံ ဟိ-ပျက်စီးသည်သာတည်း။ ပဏ္ဍိတော-ပညာရှိသည်။ ဣတ္တရံ-ပျက်စီးသည်ကို။ ဣတ္တရတော-ပျက်စီးတတ်သောအားဖြင့်။ ဥတွာ-သိ၍။ ဒီပံ-ကျွန်းကြီးပမာ ကိုးကွယ်ရာကို။ ကယိရာထ-ပဲ့ကိုင်သဘော ကြိုးစား အားထုတ်ကုန်ရာသတည်း။

(လောသကတိဿ ရဟန္တာအကြောင်း ဇာတ်တော်တို့၌ လာ၏။)

## ဘုရားလောင်း ယုန်မင်း

ရှေးအခါက ဗာရဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြု သည်ရှိသော် ဂေါတမ ဘုရားအလောင်းတော်သည် ယုန်မင်းမျိုး၌ ဖြစ်သည်။ မျောက်၊ မြေခွေး၊ ဖျံ မိတ်ဆွေ သုံးယောက်ရှိသည်။ မိတ်ဆွေတို့အား ကုသိုလ်ပြုရန် တိုက်တွန်းသည်။ ဥပုသ်နေ့၌ ဥပုသ်သီတင်းသုံးရန် နှိုးဆော်သည်။

မနက် ဥပုသ်နေ့၌ ဥပုသ်စောင့်နေစဉ် ဖျံမှာ တံငါသည် ထားခဲ့သော ငါးကြင်းတစ်ကောင် ရသည်။ မြေခွေး၌ လယ်သမားများ ထားခဲ့သော မံသတံစို့ တစ်ခု၊ ဖွတ်ကင်တစ်ကောင် နို့ဓမ်းတစ်အိုးကို ရသည်။ မျောက်မှာလည်း သရက်သီး တစ်ခိုင်ရသည်။ ဘုရားလောင်း ယုန်မင်းကား ငါ၏အစာကား မြက်သစ်ရွက်သာ ဖြစ်သည်။ ဤ အရာဝတ္ထုများကို လှူ၍လည်း မဖြစ်နိုင်။ ခန္ဓာကိုယ်ကိုသာ လှူအံ့ဟု စောင့်ဆိုင်းနေကြ၏။

သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် သူတို့၏ သီလတန်ခိုးကြောင့် တင်းမာသည်ဖြစ်၍ စူးစမ်းရန် ပုဏ္ဏားပုံ ဖန်ဆင်း၍ လာသည်။ ဖျံ၊ မြေခွေး၊ မျောက်တို့သည် သူတို့မှာ ရထားသော အရာဝတ္ထုများကို လှူကြ၏။

ဘုရားလောင်း ယုန်မင်းထံသို့ ရောက်သော် ပုဏ္ဏား၊ အကျွန်ုပ်သည် မလှူဖူးသည်ကို လှူမည်။ မီးမွှေးပါဟု ပြော၍ သိကြားမင်းသည် မီးမွှေး၏။ ယုန်မင်းသည် ထကာ အမွေးတို့ကြား၌ ပိုးမွှားများ မသေစေရန် ခန္ဓာကိုယ်ကို ခါပြီး မီးဖိုထဲသို့ ခုန်ဆင်းသည်။ ပဒုမာအိုင်၌ ဟင်္သာငှက်နှင့် တူသည်။ အမွေးမျှလည်း ပူလောင်ခြင်း

မရှိ။ ဆီးနှင်းတောထဲသို့ ဝင်သည်နှင့်တူသည်။ နောက်မှ သိကြားမင်းဖြစ်ကြောင်းကို ပြောပြသည်။ ထိုအခါ ယုန်မင်းက သင် သိကြားမင်းလောက်ကို ထားဘိဦး၊ တစ်လောကလုံး လူများ အလှူလာ၍ ခံသော်လည်း မလှူလို ဝန်တိုခြင်း မရှိပါဟု ခြင်္သေ့မင်းသံကဲ့သို့ မြွက်ဆိုလေသည်။

သိကြားမင်းကလည်း အသင်ယုန်မင်း သင်၏ဂုဏ်သည် တစ်ကမ္ဘာပတ်လုံး ထင်ရှားပါစေသတည်းဟု တောင်ကို ညှစ်၍ ရသော အရည်ဖြင့် လဝန်း၌ ယုန်ရုပ်ရေးကာ ပြန်သွားလေသည်။

**န သသဿ တိလာ အတ္ထိ၊ န မုဂ္ဂါ နပိ တဏ္ဍုလာ။**
**ဣမိနာ အဂ္ဂိနာ ပက္ကံ၊ မမံ ဘုတွာ ဝနေ ဝသ။**

(စတုက္ကနိပါတ်ဇာတ်ပါဠိတော်၊ ၁၀၁)

သသဿ-ဘုရားလောင်း ယုန်မင်းအား။ တိလာ-နှမ်းတို့သည်။ န အတ္ထိ-မရှိကုန်။ မုဂ္ဂါ-ပဲနောက်တို့သည်။ န အတ္ထိ-မရှိကုန်။ တဏ္ဍုလာ-ဆန်တို့သည်။ န အတ္ထိ-မရှိကုန်။ ဣမိနာ အဂ္ဂိနာ-ဤမီးဖြင့်။ ပက္ကံ-ကျက်သော။ မမံ-ငါ့ကို။ ဘုတွာ-စား၍။ ဝနေ-တော၌။ ဝသ-အေးအေးဆေးဆေး နေပါလေလော့။

---

## ဥဂ္ဂသူကြွယ်

ဘုရားရှင်သည် ဝဇ္ဇီတိုင်း ဆင်ရွာ၌ နေတော်မူစဉ် အောက်ပါ ဒေသနာတော်ကို ဟောတော်မူလေသည်-

**အဋ္ဌဟိ ဘိက္ခဝေ အစ္ဆရိယေဟိ အဗ္ဘုတေဟိ ဓမ္မေဟိ သမန္နာဂတံ ဥဂ္ဂံ ဂဟပတိံ ဟတ္ထိဂါမကံ ဓာရေထာတိ**

(အင်္ဂုတ္တရပါဠိတော်၊ ၅၀)

ဘိက္ခဝေ-ရဟန်းတို့။ အဋ္ဌဟိ-ရှစ်ပါးကုန်သော။ အစ္ဆရိယေဟိ-အံ့ဖွယ်ရှိကုန်သော။ အဗ္ဘုတေဟိ-မဖြစ်ဖူးမြဲ ဖြစ်ကုန်သော။ ဓမ္မေဟိ-တရားတို့နှင့်။ သမန္နာဂတံ-ပြည့်စုံသော။ ဟတ္ထိဂါမကံ-ဆင်ရွာသားဖြစ်သော။ ဥဂ္ဂံ-ဥဂ္ဂမည်သော။ ဂဟပတိံ-သူကြွယ်ကို။ ဓာရေထ-သိမှတ်ကြကုန်လော့။

ဤသို့ ဘုရားရှင်သည် မိန့်တော်မူပြီး၍ နေရာမှ ထသွားလေသည်။ ရဟန်းတို့သည် ၎င်းသူကြွယ်အား သွားပြီး မေးကြ၍ အောက်ပါအတိုင်း လျှောက်လေ၏-

၁။ တပည့်တော်သည် မူးယစ်နေစဉ် ဘုရားရှင်ကြွလာက အမူးပျောက်၏။

၂။ ဘုရားရှင်၏ တရားတော်ကို နာသောအခါ သောတာပန်ဖြစ်၍ ဗြဟ္မစရိယသီလကို ဆောက်တည်၏။
(ကာမေသု မိစ္ဆာစာရကို နုတ်၍ အဗြဟ္မစရိယာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိဟု ဆောက်တည်ခြင်းတည်း။)

၃။ တပည့်တော်မှာ အိမ်ရှင်မလေးယောက်ကို အိမ်ထောင်ပြုချင်ပြု၊ အိမ်သို့ ပြန်ချင်ပြန်ဟု ပြောရာ ပထမအိမ်ရှင်မက လင်ယူမည်ပြော၍ ရေစက်ချကာ ထိမ်းမြားပေးလိုက်သည်။

၄။ ရှိသောပစ္စည်းကို သီလဝန္တပုဂ္ဂိုလ်တို့နှင့် အတူတူ သုံးစွဲရန် ဆုံးဖြတ်ပြီး ဖြစ်ပါ၏။

၅။ ရဟန်းသံဃာတော်တို့အား ချဉ်းကပ်လျှင် ရိုရိုသေသေ ချဉ်းကပ်ပါသည်။ မရိုမသေ မဆည်းကပ်ပါ။ တရားဟောကလည်း ရိုရိုသေသေ နာပါသည်။ ရဟန်းတော်က တရားမဟောလျှင် တပည့်တော်က ဟောပါသည်။

၆။ တပည့်တော်သည် လှူဒါန်းခါနီး နတ်များတင်ကြိုလာ၍ ဤသူကား ဒုဿီလ၊ ဤသူကား ရဟန္တာ၊ ဤသူကား ရဟန္တာ မဟုတ်ဟု လာ၍ ပြောပါသည်။ ဤသည်လည်း အံ့ဖွယ်မဟုတ်ပါ။ သို့သော် တပည့်တော်သည် ဒုဿီလ၊ သုဿီလ၊ ရဟန္တာ ဟုတ်/ မဟုတ် မခွဲပါ။ တူမျှသော စိတ်ဖြင့် လှူဒါန်းပါသည်။ (သံဃိက)

၇။ နတ်များ လာ၍ ဘုရားတရားတော်သည် သွာက္ခာတ စသော ဂုဏ်တို့နှင့် ပြည့်စုံပါသည်ဟု လာ၍ ပြောကြပါသည်။ ဤသည်လည်း အံ့ဖွယ်မဟုတ်ပါ။ သို့သော်လည်း သူတို့ပြော၍ မဟုတ်။ ကိုယ်တိုင် ယုံကြည်ခြင်း ဖြစ်ပါ၏။ နတ်တို့နှင့် စကားပြောရ၍ မာန မတက်ပါ။

၈။ တပည့်တော်အား ဘုရားရှင်က သေခါနီး သင်ကား အနာဂါမ်ဟု မိန့်တော်မူပါ၏။ ဤသည်လည်း အံ့ဖွယ်မဟုတ်ပါ။ သို့သော်လည်း တပည့်တော် သိပြီးသားပါ။

ဤသို့ ဥဂ္ဂသူကြွယ်သည် ရဟန်းတော်တို့အား မိမိ၏ အံ့ဖွယ်ရှစ်ပါးကို လျှောက်ထားလေသည်။

## ဝိသယှသူဌေး

ရှေးအခါ၌ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် ခင်းပြုသည်ရှိသော် ဘုရားအလောင်းတော် ဝိသယှသူဌေးသည် ကုဋေရှစ်ဆယ် ကြွယ်ဝသည်။ ဒါန၌ မွေ့လျော်သည်၊ ငါးပါး သီလရှိသည်။ မြို့၏ အရှေ့အနောက် တောင်မြောက် တံခါးပေါက် လေးပေါက် မြို့လယ်အိမ်၌ မဏ္ဍပ်ဆောက်ကာ အလှူကြီး ပေးသည်။ ဘစ်နေ့ ခြောက်သိန်း အကုန်ခံသည်။ သူဌေးနှင့် သူတောင်းစား ထမင်းပွဲ မခြားနားပေ။ ဇမ္ဗူဒီပါ တစ်ကျွန်းလုံး ထွန်တုံးပိတ်ထား၏။

သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ပူသော အခြင်းအရာကို ပြု၍ ဝိသယှသူဌေးသည် ငါ၏စည်းစိမ်ကို လုမည် လား မသိဟု သူ၏အလှူပျက်အောင် ဆင်းရဲစေအံ့ဟု ဆန်၊ စပါး၊ ထောပတ်၊ ဆီဦး အမှုလုပ်သူတို့အား အစပြု၍ ကွယ်ပျောက်စေ၏။

ထိုအခါ အမှုလုပ် အိမ်ရှင်မက လှူရန် နှစ်ပြားပင် မရှိ တော့ပေ။ ဆင်းရဲနေပြီဟု ပြောကြ၏။ သူဌေးသည် ရတနာတိုက် ခန်းကို ဖွင့်ကြည့်ရာ ဟုတ်မှန်ကြောင်း သိရ၏။ သူဌေးသည် အလှူဝတ် မပြတ်စေရန် စူးစမ်းကြည့်ရှုသည်ရှိသော် လူတစ် ယောက်သည် တံပိုး၊ ကြိုး၊ တံစဉ်တို့ကို လွှင့်ပစ်ထားခဲ့သည်ကိုသာ တွေ့မြင်ရသည်။ သူဌေးသည် အလှူဝတ် မပြတ်ရအောင် မြက် ရိတ်ကာ ရောင်း၍ရသော တစ်ပဲသော အသပြာကို မစားဘဲ လှူ၏။ ခြောက်ရက် ထမင်း အငတ်ခံသည်။

ခုနစ်ရက်မြောက် ထမင်း အစာအာဟာရကလည်း မရှိ။ နေကလည်း ပူ၍ မျက်စိကွယ်၏။ မြက်ထမ်းပေါ် လဲကျလေ၏။ သိကြားမင်းသည် အလိုကို စမ်းလို၍ သူဌေး၊ သင်သည် အလှူ မပေးက ငါကား သင်၏ဥစ္စာကို ပကတိအတိုင်း ရှိချေမည်၊ လှူက

မပေးဟု ဆို၏။ သူဌေးက သင်ကား မည်သူနည်းဟု မေးရာ ငါသည် သိကြားမင်းဟု ဆို၏။ ထိုအခါ သူဌေးမှာ သင်သည် ဒါန၊ သီလ စသည်ကို ပြု၍ သိကြားမင်း ဖြစ်၏။ သင်သည် မိမိ၏ အစိုးရခြင်းကို ပြုတတ်သော အကြောင်းဖြစ်သော အလှူကို တားမြစ်၏။ မသူတော် တရားကို ပြုဘိသည်တကားဟု ဆို၏။

သိကြားမင်းသည် သူ၏အလှူကို တားမြစ်ခြင်းငှါ မတတ် နိုင်၍ အဘယ်အကျိုးကို ရည်ရော်၍ အလှူပြုသနည်းဟု မေး၏။ သိကြားမင်း၊ ငါသည် သိကြားမင်းအဖြစ်ကိုလည်း မတောင့်တ၊ ဗြဟ္မာမင်းအဖြစ်ကိုလည်း မတောင့်တ၊ သဗ္ဗညုတဉာဏ်ကို ရလိုရန် အလှူပေးသည်ဟု ဆို၏။ သိကြားမင်းသည် သူဌေး၏စကားကို ကြား၍ နှစ်သက်ဝမ်းမြောက်ရကား သူဌေး၏ ကျောကုန်းကို ပွတ် သည်။ ထိုအခါ ချက်ချင်းသူဌေးသည် ခွန်အားပြည့်လာသည်။ သိကြားမင်း၏ တန်ခိုးကြောင့် သူဌေး ပြန်၍ဖြစ်သည်။ သိကြား မင်းက သူဌေး၊ သင်သည် ဤနေ့မှစ၍ နေ့တိုင်းနေ့တိုင်း တစ်ဆယ့် နှစ်သိန်းဖိုး အလှူပြုပါဟု ပစ္စည်းဥစ္စာများကို ပေး၍ ပြန်သွား လေသည်။

**ယဒိ ဟေဿတိ ဒဿာမ၊ အသန္တေ ကိံ ဒဒါမသေ။**
**ဧဝံ ဘူတာပိ ဒဿာမ၊ မာ ဒါနံ ပမာဒါမသေ။**

(စတုက္ကနိပါတ်ဇာတ်ပါဠိတော်၊ ၁၁၃)

ယဒိ ဟေဿတိ-အကယ်၍ ဆင်းရဲသည် ဖြစ်လတ္တံ့။ ဒဿာမ-ရသည့်နည်းဖြင့် ပေးလှူပါကုန်အံ့။ အသန္တေ-လှူစရာ ပစ္စည်း မရှိသည်ရှိသော်။ ကိံ ဒဒါမသေ-အဘယ်ကဲ့သို့ ပေးလှူ ကုန်ရာနည်း။ ဧဝံဘူတာပိ-ဤသို့ ဆင်းရဲကုန်ပြေားအံ့သော်လည်း။ ဒဿာမ-ပေးလှူပါကုန်အံ့။ ဒါနံ-အလှူကို။ မာ ပမာဒါမသေ-မမေ့ မဖလျာ့ကုန်ရာသည်သာတည်း။

# ကဆုန်ညောင်ရေသွန်း ပွဲတော်ကြီး

ကံဆိနသဒ္ဒါမှ ကဆုန်လ ဖြစ်လာသည်ဟု ယူဆကြသည်။ ကန်ချောင်း၊ ဆည်မြောင်း၊ ထုံး၊ အင်းအိုင်တို့၌ ရေပြတ်သောလ ဟု ဆိုလိုသည်။

ဂေါတမဘုရားရှင်သည် ဒီပင်္ကရဗုဒ္ဓအထံ၌ နိယတဗျာဒိတ် ခံသောနေ့၊ ဖွားတော်မူသောနေ့၊ အာ-ဗော-ကာ-ယ-ဆန်-ရွှေ-ကဏ်ဟူသော ဖွားဘက်တော် ခုနစ်ယောက် မွေးဖွားသောနေ့၊ ဘုရားအဖြစ်သို့ ရောက်သောနေ့၊ ကပိလဝတ်နေပြည်တော်၌ ဗုဒ္ဓဝင်တရားကို ဟောတော်မူသောနေ့၊ ပရိနိဗ္ဗာန်စံယူတော်မူသောနေ့၊ ဓာတုပရိနိဗ္ဗာန်စံယူတော်မူမည့်နေ့၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသော နေ့သည်လည်း ကဆုန်လပြည့်နေ့ ဖြစ်သည်။

ဂေါတမဘုရားရှင် ဝါတော်(၂၈)ဝါအရ မဟာသက္ကရာဇ်၊ ၁၃၀-ခုနှစ်၊ သာဝတ္ထိပြည် အာနန္ဒာဗောဓိ ညောင်ရေသွန်းပွဲတော်မှ စပြီး ပေါ်ပေါက်လာသည်ဟု ဆိုရပါမည်။ ၎င်းအာနန္ဒာဗောဓိ ပင်သည် ရှေးအခါက သာဝတ္ထိ၊ ယခုအခါ ဆဟာစ်မဟာစ်ဟု ခေါ်သော အရပ်တွင် ယခုထက်တိုင် ထင်ရှားရှိနေပေသေးသည်။

မဇ္ဈိမဒေသ မဟာဗောဓိ မူလအပင်ကြီးသည်ကား ၁၂၃၆-ခုနှစ်၊ မင်းတုန်းမင်းတရားကြီးလက်ထက်တွင် ဥတုဇရုပ် သင်္ခါရ အနိစ္စဖြစ်၍ သွေ့ခြောက်ပျက်စီးသွားသောကြောင့် ပင်စည်၊ အကိုင်း၊ အခက်တို့ကို စောင့်ရှောက်သော သူများက ဖြတ်ပိုင်း၍ မင်းတုန်းမင်းကြီးထံ ဆက်သဖြင့် ဗောဓိသား ရုပ်ပွားတော်များ ထုလုပ်ကာ နန်းတော်တွင် ကိုးကွယ်ထားလေသည်။ ကြွင်းသော ဗောဓိသားများ

ကိုလည်း ရုပ်ပွားတော်၊ စေတီတော်ထုလုပ်ပွတ်ခံပြီး နေပြည်တော်တွင် ရှိကြသော တံဆိပ်ရ ဆရာတော်၊ စာချဆရာတော်များကို ကိုးကွယ်ပူဇော်တော်မူစေသည်ဟု တစ်ဆင့်စကား ကြားရဖူးပေ၏။ မဟာဗောဓိပင်ကြီး သွေ့ခြောက်ပျက်စီးသော နေရာတွင် မင်းတုန်းမင်းတရားကြီးက စေတီတည်လိုကြောင်းဖြင့် အင်္ဂလိပ် အစိုးရများထံ ခွင့်တောင်းသည့်အခါ အင်္ဂလိပ်အစိုးရက သူတို့ပဲ စေတီတည်ပေးပါမည်ဟု ဝန်ခံ၍ ပုဂံမြို့ မဟာစေတီတော်နှင့် တူသော အတောင် ၁၂၀-ရှိ၊ စေတီတော်ကြီးကို တည်ပေးလိုက်လေ၏။ ၎င်းစေတီတော်၏ အနောက်မျက်နှာ ဖိနပ်တော်အပြင်တွင် ဗောဓိပင်ကြီး၏ အစေ့ကို စိုက်သဖြင့် ပေါက်လာသော သားတော် ဗောဓိပင်လေးသည် လုံးပတ် ခြောက်တောင်ခန့် ပမာဏဖြင့် အလွန် ကြည်ညိုစဖွယ် သပ္ပါယ်တော်မူပါပေ၏။

ဆိုခဲ့သော အကြောင်းအရာတို့ကို ထောက်ထား၍ ယခုပြုလုပ်နေသော ညောင်ရေသွန်းပွဲတော်မျိုးသည် ဘုရားလက်ထက် ၁၃၀-ခုနှစ်ကပင် ပေါ်ပေါက်လာ၏ဟု မှတ်သားရပါမည်ဟု စာရေးဆရာတစ်ဦးက ရေးသားထားသည်ကို တွေ့ရ၏။

---

## အရှင်အာနန္ဒာ ဗောဓိပင်

ဂေါတမဘုရားရှင် ဒေသစာရီ ကြွတော်မူစဉ် သာဝတ္ထိမြို့သူမြို့သားတို့သည် ဇေတဝန်ကျောင်းတော်သို့ လာကြရာ ဘုရားရှင် မရှိသည်ဖြစ်သောကြောင့် ပူဇော်ရာကို မရသည့်အတွက် ဂန္ဓကုဋီ တံခါးနား၌ ပန်းစသည်တို့ကို စွန့်ပစ်ပြီး သွားကြ၏။ စိတ်မချမ်းမသာ ဖြစ်ကြရ၏။

ထိုအကြောင်းကို အနာထပိဏ်သူဌေး သိ၍ အရှင်အာနန္ဒာအား ဘုရားသခင်မရှိစဉ် လူများလာက ပူဇော်ရာ ဌာနတစ်ခု စီစဉ်ပေးပါရန် ဘုရားရှင်အား လျှောက်ထားလိုကြောင်း လာ၍ လျှောက်ထားသည်။

ထို့နောက် အရှင်အာနန္ဒာသည် ဘုရားရှင်အား------ အရှင်ဘုရား၊ ကိုးကွယ်ပူဇော်ရာ စေတီသည် ဘယ်နှစ်မျိုးရှိပါသနည်းဟု လျှောက်ထားရာ ဘုရားရှင်က--- ချစ်သားအာနန္ဒာ၊ စေတီသည် ဘုရားရှင်၏ ကိုယ်ခန္ဓာနှင့် စပ်သည်ကို တည်ထားသော သရီရိကစေတီ၊ ဘုရားရှင်၏ သပိတ် တောင်ဝှေးစသည်ကို ဌာပနာ၍ တည်ထားကိုးကွယ်သော ပရိဘောဂစေတီ၊ ဘုရားရှင်ကို ရည်မှန်း၍ ရုပ်တုတော်စသည်ကို တည်ထားကိုးကွယ်သော ဥဒ္ဒိဿကစေတီဟူ၍ သုံးမျိုးရှိကြောင်း မိန့်တော်မူ၏။ ဘုရားရှင်တို့၏ အသုံးအဆောင်ဖြစ်သော မဟာဗောဓိပင်သည်လည်း ဘုရားရှင်သည် သက်တော် ထင်ရှားရှိပါငြားလည်း စေတီမည်၏ဟု ဟောတော်မူ၏။

**ဗုဒ္ဓေဟိ ပရိဘုတ္တော မဟာဗောဓိရုက္ခော ဗုဒ္ဓေသု ဓရန္တေသုပိ စေတိယမေဝါတိ။**

(ထေရသနိပါတ် ကာလိင်္ဂဗောဓိဇာတ် အဋ္ဌကထာပါဠိ၊ ၂၂၉)

ဗုဒ္ဓေဟိ-ဘုရားရှင်တို့သည်။ ပရိဘုတ္တော-အသုံးအဆောင်ဖြစ်သော။ မဟာဗောဓိရုက္ခော-မဟာဗောဓိပင်စသော သစ်ပင်သည်။ ဗုဒ္ဓေသု-ဘုရားရှင်တို့သည်။ ဓရန္တေသုပိ-သက်တော်ထင်ရှားရှိပါငြားသော်လည်း။ စေတိယမေဝ-ကိုးကွယ်ပူဇော်ရာ စေတီထိုက်သည်သာတည်း။ ဣတိ-ဤသို့။ အာဟ-မဟာကရုဏာ စိတ်တော်ကြံ၍ ဟောတော်မူသည်သာတည်း။

အရှင်ဘုရားသည် ဇေတဝန်ကျောင်းတော်၌ မရှိစဉ် လူများ ကိုးကွယ်ရာမရှိ ဖြစ်နေပါ၍ ကိုးကွယ်စရာအတွက် မဟာဗောဓိပင်မှ အစေ့ကို ယူ၍ ဇေတဝန်ကျောင်းနားမှာ စိုက်ပါဦးဟု လျှောက်ထားရာ ခွင့်ပြုတော်မူ၏။

ထို့ကြောင့် ကောသလမင်း၊ အနာထပိဏ်သူဌေး၊ ဝိသာခါ စသော သူတို့သည် အရှင်မောဂ္ဂလ္လာန် တန်ခိုးဖြင့် ယူပေးသော မဟာဗောဓိပင်မှ အစေ့ကို စိုက်ပျိုးကြ၏။ ချက်ချင်း အတောင် ငါးဆယ် ကြီးမြင့်လာ၏။ အတောင်ငါးဆယ် ရှိသော အခက်ကြီး ငါးခက် ထွက်လာ၏။ လူများတို့သည် ရွှေငွေပန်းမာလာတို့ဖြင့် ပူဇော်ကြသည်။

၎င်းဗောဓိပင်ကို အရှင်အာနန္ဒာ အကြီးအမှူးပြု၍ စိုက် ထားသောကြောင့် အာနန္ဒာဗောဓိပင်ဟု ခေါ်ကြ၏။ ၎င်း အကြောင်းနှင့် ပတ်သက်၍ ရဟန်းတို့ အရှင်အာနန္ဒာကို ချီးမွမ်း ကြသောကြောင့် ဘုရားရှင်ကို အရှင်အာနန္ဒာသည် ယခုအခါသာ မဟာဗောဓိပင်ကို ပူဇော်သည် မဟုတ်။ ရှေးအခါကလည်း ပူဇော်ဖူး သည်သာတည်းဟု အတိတ်ကို ဆောင်တော်မူ၏။

ရှေးအခါက ကလိင်္ဂတိုင်း၌ ဒန္တပူရမြို့မှ ကာလိင်္ဂမင်းသည် မင်းပြု၏။ မဟာကာလိင်္ဂ၊ စူဠကာလိင်္ဂ သားနှစ်ယောက်ရှိ၏။ ဗေဒင်ဟူးရားဆရာများက သားကြီးသည် ဖခင်နတ်ရွာစံက မင်းဖြစ် လိမ့်မည်။ သားငယ်ကား ရသေ့ရဟန်း ပြုလိမ့်မည်။ သူ၏သားကား စကြာမင်းဖြစ်လိမ့်မည်ဟု ဟောကြားကြ၏။ နောက် ဖခင် နတ်ရွာစံ၍ သားကြီးကား မင်း၊ သားငယ်ကား အိမ်ရှေ့မင်းဖြစ်၏။ သူသည် ငါ၏သားကား စကြာမင်းဖြစ်မှာပဲဟု မာနရှိ၏။ မင်းသည်လည်း မခံနိုင်၍ အမတ်တို့အား ဖမ်းစေ၏။ အမတ်တို့က မဖမ်းဘဲ

ထွက်ပြေးရန် လျှောက်ထား၍ တောထွက်ကာ ရသေ့ရဟန်းပြုနေ၏။ အဆင်သင့်ကလည်း အမတ်တို့ကို သားအား စကြာမင်းဖြစ်အောင် ကူညီကြရန် မှာထားခဲ့၏။

မဒ္ဒရာဇ်တိုင်း သာဂလပြည် မိဖုရားမှာလည်း မင်းသမီး တစ်ယောက် မွေးဖွား၏။ အရွယ်ရောက်လာက ဇမ္ဗူဒီပါတစ်ကျွန်းလုံး မင်းများ သမီးကို တောင်းရန် မြို့ကို ဝိုင်းထားကြ၏။ မင်းသည် တစ်ဦးဦးသော မင်းအား ပေးက ကျန်မင်းများ အမျက်ထွက်ကြမှာ စိုး၍ မဒ္ဒရာဇ်မင်း၊ မိဖုရား၊ မင်းသမီး သုံးယောက်တို့သည် မထင် မရှားသော အသွင်ဖြင့် ထွက်ပြေးလာကြ၍ စူဠကာလိင်္ဂမင်း၏ သခ်န်း ကျောင်းနားမှာ ရသေ့ရဟန်း ပြု၍နေကြ၏။

စူဠကာလိင်္ဂမင်းနှင့် မဒ္ဒရာဇ်မင်းသမီးသည် မိခင်ဖခင်များ မရှိစဉ် တွေ့ကြ၍ လွန်လွန်ကျူးကျူး ဖြစ်ကြသည်။ ဘုန်းလက္ခဏာနှင့် ပြည့်စုံသော သားကို မွေးဖွားကြသည်။ တိဿနာမည် မှည့်ကြ၏။ အရွယ်ရောက်လာ၍ အတတ်မျိုးစုံ တတ်၏။ နက္ခတ်ကို ကြည့်ရှု သည်ရှိသော် ကာလိင်္ဂတိုင်း၌ အဘိုးနတ်ရွာစံကြောင်းကို သိ၍ ဖခင် တိုင်းပြည်ပြန်၍ မင်းလုပ်မည်ဟု ပြောသည်။

စူဠကာလိင်္ဂမင်းက လည်း သွားပါ။ ငါသည် အမတ်တို့နှင့် အချိန်းအချက် ရှိသည်။ အမတ်တို့အား လက်စွပ်၊ ကမ္ဗလာ၊ သံလျက် အပ်ထားခဲ့သည်ကို တောင်းပါ။ ငါ၏သားဖြစ်ကြောင်းကိုလည်း ပြောပြပါဟု လွှတ် လိုက်၏။ ဘုန်းရှိသူဖြစ်၍ ကောင်းကင်ခရီးဖြင့် ရောက်သွားသည်။ အမတ်တို့အား အကြောင်းအကျိုးကို ပြောပြ၍ ထီးဖြူအုပ်ချုပ် မင်းလုပ်လေ၏။ စကြာမင်း၏အကျင့်ကို ဖြည့်ကျင့် သည်။ စကြာ ရတနာ၊ ဆင်ရတနာစသည် ရောက်လာသည်။ အလိုရှိတိုင်း ပြီးပြည့်စုံသည်။

တစ်နေ့သ၌ သုံးဆယ်ခြောက် ယူဇနာရှိ ပရိသတ်တို့ဖြင့် ဆင်ရတနာစီးကာ လှည့်လည်သွားလာရာ ဆင်ဖြူတော် ရတနာသည် အလုံးစုံသော ဘုရားရှင်တို့၏ ဗောဓိမဏ္ဍိုင်ရှိ ပလ္လင်ပေါ် ရောက်လာက သွားခြင်းငှါ မစွမ်းနိုင်တော့ပေ။ ထိုပလ္လင်၏အနီး ရှစ်ကရီသမျှ၌ ဆံပင် မုတ်ဆိတ်မျှလောက်သော မြက်ပင်လျှင် မရှိ။ ငွေပြားခင်းထားသည်နှင့် တူ၏။ နွယ်သစ်ပင်များ လက်ယာရစ်လှည့်ကာ ဗောဓိမဏ္ဍိုင်သို့ မျက်နှာပြုနေကြ၏။

၎င်းအခြင်းအရာတို့ကို စကြာရတနာမှ ဆင်း၍ ကြည့်သော် အမတ်သည် မြင်၍ ဤအရပ်ကား အလုံးစုံသော ဘုရားရှင်တို့၏ ပွင့်ပေါ်ရာတည်းဟု သိ၍ မင်းအား လျှောက်ကာ ဆင်းလာစေ၏။ ဆင်ရတနာကိုလည်း အတင်းသွားစေရန် ခိုင်းသော်လည်း မတတ်နိုင်၍ သေရရှာသည်။ ထို့နောက် စကြာမင်းသည် ဘုရားရှင်၏ တန်ခိုးတော်ကို သိလာ၏။ မင်းနှင့်တကွ အလုံးစုံသော စကြာဝဠာမှ လူများတို့သည် ခုနစ်ရက်ပတ်လုံး ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ကြသည်။ ဗောဓိမဏ္ဍိုင်၌ တစ်ဆယ့်ရှစ်တောင်ရှိသော ရွှေတိုင်ကို စိုက်ထူသည်။

ရတနာခုနစ်ပါးဖြင့် ပြီးသော ပန်းတင်ခုံစသည် ပြုသည်။ ရတနာနှင့် ရောသော သဲကို ကြဲသည်။ ရတနာတံတိုင်း ရံသည်။ ရတနာများဖြင့် ပြီးသော တံခါးမုခ် ပြုသည်။ နေ့တိုင်း ပန်းလှည်းခြောက်သောင်းတို့ဖြင့် ပူဇော်သည်။ နောက် မင်းသည် မိဘဆွေမျိုးများကို မိမိတိုင်းပြည်သို့ ခေါ်၍ ဒါနစသည် ပြုကာ နတ်ပြည်၌ ဖြစ်ကြသည်။

ဂေါတမ ဘုရားရှင် လက်ထက်၌ စကြာမင်းကား အရှင်အာနန္ဒာ၊ ကာလိင်္ဂဘာရဒွါဇ ပုဏ္ဏားကား ဂေါတမဘုရားရှင် အလောင်းတော်တည်း။

## ဗောဓိပင်ကို ညောင်ရေသွန်းလောင်းသူ ရဟန်းတစ်ပါး

ဝိပဿီ ဘုရားရှင်၏ ဗောဓိပင်သည် ပူဇော်ပွဲဖြစ်၏။ ရဟန်းတစ်ပါးသည် ၎င်းပူဇော်ပွဲသို့ ချဉ်းကပ်၏။ ဘုရားရှင်သည် ကိုယ်တော်တိုင် ဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီးသည်ဖြစ်၍ ငါတို့ကို လွတ်မြောက်စေလတ္တံ့၊ ကိုယ်တော်တိုင် ဒုက္ခငြိမ်းပြီးသည်ဖြစ်၍ ငါတို့ကို ငြိမ်းအေးစေလတ္တံ့ဟု နှလုံးသွင်း၍ ငါသည် ပန်းဖြင့် ထုံသောရေကို ယူ၍ ဗောဓိပင်၌ သွန်းလောင်းခဲ့သည်။

ဤကမ္ဘာမှ ကိုးဆယ်တစ်ကမ္ဘာအထက်၌ ဗောဓိပင်၌ ညောင်ရေသွန်းလောင်းသည့်အခါမှ စ၍ အပါယ်လေးပါး လားရသည်ကို မသိစဖူးပေ။ သုံးဆယ့်တစ်ကမ္ဘာအထက်၌ ဥဒကသေစန စကြာမင်း ရှစ်ကြိမ် ဖြစ်ဖူး၏။ ပဋိသမ္ဘိဒါလေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ အဘိညာဉ်ခြောက်ပါးတို့ကို မျက်မှောက် ပြုအပ်ပါကုန်ပြီ။ မြတ်စွာဘုရား၏ အဆုံးအမတော်ကို လိုက်နာကျင့်သုံးပြီးပါပြီ။ ဤသို့ ၎င်းထေရ်သည် ဟောတော်မူခဲ့လေသည်-

**ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ၊**
**ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။**

(ထေရအပဒါန် ပါဠိတော်၊ ပ၊ ၁၄၅)

စတဿော-လေးပါးကုန်သော။ ပဋိသမ္ဘိဒါ စ-ဓမ္မပဋိသမ္ဘိဒါ၊ အတ္ထပဋိသမ္ဘိဒါ၊ နိရုတ္တိပဋိသမ္ဘိဒါ၊ ပဋိဘာနပဋိသမ္ဘိဒါတို့ကိုလည်းကောင်း။ အဋ္ဌ-ရှစ်ပါးကုန်သော။ ဣမေ ဝိမောက္ခာ ပိစ-ဤဝိမောက္ခတရားတို့ကိုလည်းကောင်း။ ဆဠာဘိညာ စ-အဘိညာဉ်

ခြောက်ပါးတို့ကိုလည်းကောင်း။ သစ္စာကတော- မျက်မှောက်ပြုအပ်ပြီ။ ဗုဒ္ဓသဃ-ဘုရားရှင်၏။ သာသနံ-အဆုံးအမတော်ကို။ ကတံ-ပြု အပ်ပြီးသည်သာတည်း။

တိဿဘုရားရှင် ပိတောက်ပင်တို့ကို စိုက်ပျိုး၍ ရဟန်း တစ်ပါး နတ်ရွာသုဂတိသို့ ရောက်ကြောင်း စသည်ဖြင့် အပါဒါန် ပါဠိတော်တို့၌ များစွာလာပေ၏။

(ဒါနအကြောင်းနှင့် ပတ်သက်၍ အပါဒါန်ပါဠိတော်၊ ဝိမာန ဝတ္ထုပါဠိတော်၊ ပေတဝတ္ထုပါဠိတော် စသည်ရှု။)

---

## နန္ဒိယသူကြွယ်နှင့် ဇနီးရေဝတီ

အလှူအတန်း ပြုလေ့မရှိသော ရေဝတီ၊ သင့်အတွက် အပါယ်တံခါး ဟင်းလင်းကြီး ပွင့်နေ၏။ မကောင်းမှု ပြုသော သူတို့သည် နှိပ်စက်ခြင်းခံရ၏။ ထလော့---- သင့်ကို ထိုငရဲသို့ ပို့ ဆောင်ကြပါကုန်အံ့ဟု အစွယ်ပြူးတူးရှိသော ယမမင်း၏ ဘီလူး နှစ်ယောက်တို့သည် ရေဝတီ၏ လက်မောင်းကို ကိုင်ကာ တာဝတိံသာ နတ်ပြည်သို့ ခေါ်သွားလေသည်။

နတ်ပြည်သို့ ရောက်သွားလျှင် ညီးညီးပြောင်ပြောင် ထွန်း လင်းတောက်ပနေသော ဘုံဗိမာန်တစ်ခုကို တွေ့၍ ဤဗိမာန်ကား အဘယ်သူ၏ ဗိမာန်ပါနည်းဟု မေး၏။ ဘီလူးတို့က ဤဗိမာန်ကား ဗာရာဏသီပြည်၌ ဝန်တိုမစ္ဆရိယကင်းသော နန္ဒိယသူကြွယ်၏ ဗိမာန်တည်းဟု ဆိုကြကုန်၏။

ထိုအခါ ရေဝတီက ကျွန်ုပ်မသည် နန္ဒိယသူကြွယ်၏ မယားပါ။ ကျွန်ုပ်မသည် သူကြွယ်နှင့်အတူ နေလိုပါ၏။ ငရဲသို့ ကြည့်ရန်ပင် မသွားလိုတော့ပါဟု ဆို၏။

ဘီလူးတို့က အလွန်ယုတ်မာသော ရေဝတီ၊ ဤငရဲကား သင်၏ငရဲတည်း။ သင်ကား ကုသိုလ်ကောင်းမှု မပြုခဲ့၍ အလှူအတန်း ပြုသောသူတို့နှင့် အတူနေ၍ မဖြစ်။ ဤငရဲသည် ကျင်ကြီး ကျင်ငယ်တို့ဖြင့် ပြွမ်းသော သံသဝကငရဲတည်း။ သင်ကား အလှူအတန်းလည်း မပြုခဲ့။ အလှူခံတို့အားလည်း ဆဲရေး၏။ ထို့ကြောင့် မရေတွက်နိုင်သော နှစ်တို့ပတ်လုံး ခံစားရလတ္တံ့ဟု ဆို၏။ ၄င်းငရဲ၌ သင်၏လက်၊ ခြေ၊ မျက်စိ၊ နား၊ နှာခေါင်းစသည်တို့ကို ဖြတ်လတ္တံ့၊ ငရဲ၌ ဖြစ်သော ကျီး၊ လင်းတတို့သည် ထိုးဆွလတ္တံ့ဟု ဆို၏။

ရေဝတီက တောင်းပန်ပါ၏။ ကျွန်ုပ်မကို လူ့ပြည်သို့ ပို့ပေးကြပါ။ ကောင်းမှုများကို ပြုအံ့ဟု ဆို၏။ ဘီလူးတို့က သင်ကား ယခင်အခါ၌ ကုသိုလ်မပြု၊ အကုသိုလ်ပြုခဲ့၍ ငရဲမှ မလွတ်တော့ပေဟု ဆိုကြ၏။

နတ်ပြည်မှ လူ့ပြည်သို့ ပြန်လာပြီးလျှင် ကုသိုလ်ကို ပြုအံ့။ နတ်ပြည်သို့ မရောက်နိုင်ဟု အဘယ်နတ်က ပြောဆိုနိုင်မည်နည်း။ ကျွန်ုပ်မသည် ငရဲမှ လွတ်လာလျှင် အလှူခံတို့အား အလှူပေးမည်၊ သီတင်း၊ သီလဆောက်တည်မည်၊ ကြွေးကြို စောင်စည်းမည်၊ ဥယျာဉ် ပန်းမာလ် စိုက်ပျိုးမည်၊ တံတားဆောက်၊ ရေတွင်း၊ ရေကန်၊ ရေအိုး ဇရပ် တည်ထားမည်ဟု မြည်တမ်းနေသော ရေဝတီကို ငရဲထိန်းတို့သည် ငရဲ၌ ဦးခေါင်းစောက်ထိုး ပစ်ချကြကုန်၏။ ငါသည် ရှေးအခါက ဝန်တိုခြင်းရှိခဲ့၏။ ရဟန်းပုဏ္ဏားတို့အား ဆဲရေး ကြိမ်းမောင်းခဲ့၏။ လင်ကိုလည်း မဟုတ်မမှန်သော စကားတို့ဖြင့်

လှည့်ပတ်ခြင်းကြောင့် ကြောက်မက်ဖွယ်ကောင်းသော ငရဲ၌ ခံစားရသည်ဟု မြည်တမ်းလေသတည်း။

**က္လစ္စေဝံ ဝိပ္ပလပန္တိ၊ ဖန္ဒမာနံ တတော တတော။**
**ခိပ်သု နိရယေ ဃောရေ၊ ဥဒ္ဓံပါဒံ အဝံသိရံ။**

(ပေတဝတ္ထုပါဠိတော်၊ ၂၀၉)

ကွစ္စေဝံ-ကွတိ ဝေံ-ဤသို့သာလျှင်။ တတော တတော-ထိုထို သို့သော ခန္ဓာကိုယ်အရပ်မှ။ ဖန္ဒမာနံ-တုန်လှုပ်လျက်။ ဝိပ္ပလပိန္တိ- ယောင်ယမ်းမြည်တမ်း ပြောဆိုလျက်။ ဃောရေ-ငရဲပြည်၌ ဖြစ်သော ကျီး၊ ငှက်၊ လင်းတတို့ဖြင့် ကြမ်းတမ်းသော။ နိရယေ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကင်းသော ငရဲ၌။ ဥဒ္ဓံပါဒံ-ခြေထောက် မိုးမျှော်။ အဝံသိရံ- ဦးခေါင်းစောက်ထိုး။ ခိပ်သု-သနားငဲ့ညှာ မရှိပါဘဲ ပစ်ချကြကုန်သည် သာတည်း။

---

## သိဝိဇာတ်

ရှေးအခါက သိဝိတိုင်း အရိဋ္ဌပုရပြည်ကြီးသခင် သိဝိမင်း၏ သားသည် ဘုရားအလောင်းတည်း။ ဘုရားအလောင်းအားလည်း သိဝိမင်းအမည် မှည့်ကြ၏။ တက္ကသိုလ်ပြည်မှ ပညာသင်၍ တတ် လာ၏။ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ မင်းပြု၏။ တံခါးလေးခု၊ မြို့လယ်၌ တစ်ခု၊ နန်းတော်၌ တစ်ခု၊ အလှူမဏ္ဍပ်ကြီး ပြုကာ တစ်နေ့လျှင် ခြောက်သိန်း အကုန်ခံ၍ အလှူပေး၏။

တစ်နေ့သ၌ သိဝိမင်းသည် ငါကား အပဝတ္တုကို မလှူသည် မရှိ။ အကယ်၍ ခန္ဓာကိုယ် အသွေးအသား မျက်စိတို့ကို တောင်းက လှူအံ့၊ ပေးအံ့ဟု စဉ်းစား၏။

သိကြားမင်းသည် မင်းကြီးအလှူမဏ္ဍပ်သို့ လာစဉ် မျက်စိ တစ်ဖက်မရှိသော ပုဏ္ဏားအိုပမာ မျက်စိကို အလှူခံ၏။ မင်းကြီးသည် နန်းတော်သို့ ပြန်လာ၍ သိဝိက ဆေးသမားကို ခေါ်ကာ မျက်စိကို ထုတ်စေသည်။ ထိုအခါ တိုင်းသူပြည်သား လူအများတို့က သင် မင်းကြီးသည် ရွှေငွေစသည် လှူချင်သလောက် လှူပါ။ မျက်စိကို မလှူပါနှင့်ဟု တားမြစ်ကြသည်။

သိဝိမင်းက ပရိသတ်တို့၊ အကြင်သူသည် လှူမည်ပြောပြီးမှ မလှူသောသူသည် မြေ၌ ထောင်ထားသော ကျော့ကွင်းကို လည်၌ စွပ်သည်နှင့် တူ၏။ အလွန်ယုတ်မာသော သူပေတည်းဟု ဆို၏။ မင်းကို လူများက အဘယ်ကို တောင့်တ၍ လှူသနည်းဟု မေးကြ၍ ငါသည် ရွှေငွေရတနာ သားသမီးစသည်ကို တောင့်တ၍ လှူသည် မဟုတ်၊ သူတော်ကောင်းတရားကို ကျင့်လို၍ ဒါန၌ မွေ့လျော်လို၏ဟု ဆို၏။ ထိုထက် သဗ္ဗညုတဉာဏ်ကို ရည်ရွယ်သည်ဟု ဆို၏။

သိဝိမင်းကြီးသည် ပုဏ္ဏားအား မျက်စိနှစ်ဘက်ကို လက်ဝါး ပြင် တင်၍ သဗ္ဗညုတဉာဏ်အတွက် ဖြစ်ပါစေသတည်းဟု လှူ၏။ မကြာမီ ငါသည် မျက်စိကင်းလျက် မင်းလုပ်နေခြင်းအား မသင့်ဟု ဥယျာဉ်သို့ သွား၍ ရဟန်းပြုနေ၏။

နောက် သိကြားမင်းသည် သစ္စာဆိုခိုင်း၍ မျက်စိနှစ်လုံး တို့ကို ပြန်ရကုန်၏။ ထိုအခါ မင်းကြီးသည် ကိုယ်တိုင်လည်း ဒါနစသည် ပြု၏။ သူတကာတို့အားလည်း ပြုစေကာ တိုင်းပြည် အုပ်ချုပ် မင်းလုပ်တော်မူလေသည်။

## သခ်ဇာတ်

ဘုရားရှင်သည် ဇေတဝန်ကျောင်း၌ နေတော်မူစဉ် ဒါယကာတစ်ယောက်သည် ဘုရားအမှူးရှိသော သံဃာတော်တို့အား အလှူကြီးပေး၏။ ဘုရားရှင်အတွက် ဖိနပ်သည် အသပြာတစ်ထောင်ထိုက်၏။ အဂ္ဂသာဝက နှစ်ပါးတို့အား ငါးရာစီ တန်၏။ ကျန်ငါးရာသော ရဟန်းတို့အား တစ်ရာစီ တန်၏။

ထိုအခါ ဘုရားရှင်သည် ရှေးအခါက ဒါယကာတစ်ယောက်သည် ပစ္စေကဗုဒ္ဓါအား ဖိနပ်လှူဖူး၍ သမုဒ္ဒရာ၌ သင်္ဘောပျက်စဉ် တည်ရာကို ရ၏။ သင်၏ အလှူကား အဘယ်ကြောင့် တည်ရာကို မရဘဲ ရှိအံ့နည်းဟု အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။

ရှေးအခါက ဗာရာဏသီပြည်၌ မောလိနီပြည်ဝယ် ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်း သခ်ပုဏ္ဏားသည် မြို့တံခါး လေးမျက်နှာ၊ မြို့လယ်၊ မိမိအိမ်- ဤခြောက်ဌာန၌ အလှူမဏ္ဍပ်ခြောက်ခု တည်ဆောက်ကာ တစ်နေ့၌ ခြောက်သိန်းကုန်လှူ၏။ ကြေးငွေကုန်သွားက ဆက်လက်လှူနိုင်ရန် သွား၏။ မိမိရှိသကဲ့သို့ အလှူမပျက်အောင် မယားအား မှာထားခဲ့၏။ သူသည် ပဋ္ဋနသင်္ဘောဆိပ်သို့ ဖိနပ်စီး ထီးဆောင်းပြီး သွား၏။ ပစ္စေကဗုဒ္ဓါတစ်ပါးသည် ဤပုဏ္ဏားကား ငါ့ကို ထီး၊ ဖိနပ်လှူလျှင် သင်္ဘောပျက်သော်လည်း ထောက်တည်ရာ ရလတ္တံ့ဟု ပူလောင်သော သဲပြင်ကို နင်းလျက် ကြွလာ၏။ ဘုရားလောင်းသည် ထီး ဖိနပ်ကို လှူ၏။

ဘုရားလောင်း၏ သင်္ဘောသည် ခုနစ်ရက်မြောက်၌ ကွဲပျက်၏။ သူများတို့သည် မိမိကိုးကွယ်ရာ နတ်တို့ကို တိုင်တန်းကုန်၏။ ဘုရားလောင်းသည် အလုပ်အကျွေးတစ်ယောက်နှင့် ကိုယ်ကို

ထောပတ်ဖြင့် သုတ်၍ ထောပတ်သကာ စားပြီးလျှင် လင်းယဉ်တိုင်ကို တက်၍ ခုန်ချရာ ငါးတို့အန္တရာယ်မှ လွတ်ရာ တစ်ဥသဘမျှသော အရပ်၌ ကျ၏။ ကျန်လူများ သေကြ၏။ ဘုရားလောင်းသည် ခံတွင်းကို ဆေး၍ ဥပုသ်စောင့်၏။

ထိုအခါ လောကပါလ နတ်မင်းကြီး လေးယောက်တို့သည် သူတော်ကောင်းတို့ သမုဒ္ဒရာ၌ ဒုက္ခရောက်နေက ကယ်မ, ရန်ထား သော မဏိမေခလာ နတ်သမီး ခုနစ်ရက်စေ့မှ သတိရ၍ သူများ ကဲ့ရဲ့မှာ စိုးရိမ်စွာဖြင့် အလျင်အမြန် လာလတ်၍ နတ်သုဒ္ဓါဘုတ်ကို ကျွေး၏။

ဘုရားအလောင်းသည် ငါကား ဥပုသ်စောင့်နေ၏။ သင်၏ ထမင်းပွဲကို ဖယ်ထားပါဦးဟု ဆို၏။ နောက်ပါ တပည့်က ဤပုဏ္ဏား နူညံ့၏။ အစာပြတ်နေသည်မှာ ခုနစ်ရက်ရှိပြီ။ ယောင်ယမ်းနေသည် ထင်၍ ပုဏ္ဏားကြီး၊ သင်ကား ပစ္စေကဗုဒ္ဓါမှ သင်ပြီးသော တရားရှိ၏။ အဘယ်ကြောင့် ယောင်ယမ်းနေသနည်းဟု ဆို၏။

ထိုအခါ ဘုရားလောင်းက ငါသည် ယောင်ယမ်းနေသည် မဟုတ်။ သေဖို့ကို ကြောက်၍ ပြောဆိုနေသည် မဟုတ်။ နတ်သမီးကို ပြောနေသည်ဟု ဆို၏။ ထိုအခါ နတ်သမီးက ငါကား နတ်သမီး တည်း။ သမုဒ္ဒရာမှာ ရှိသော ပစ္စည်းကို ပေးရန် လာသည်ဟု ဆို၏။ ဘုရားလောင်းက သင်၏အစွမ်းကြောင့် ပေးမည်လော၊ ငါ၏ကုသိုလ် ကြောင့် ပေးမည်လောဟု မေး၏။ နတ်သမီးက သင်သည် ပစ္စေက ဗုဒ္ဓါအား ထီး၊ ဖိနပ်လှူဖူးသော ကောင်းမှုကြောင့် ပေးအံ့ဟု ဆို၏။

နတ်သမီးသည် ဘုရာလောင်းအား ကုသိုလ်ပြုဖက် နောက် ပါနှင့်တကွ သူ၏နေရာသို့ ပို့လေသည်။

**သာ တုဋ္ဌစိတ္တာ သုမနာ ပတီတာ၊**
**နာဝံ သုစိတ္တံ အဘိနိမ္မိနိတွာ။**
**အာဒါယ သင်္ဃ ပုရိသေန သဒ္ဓိံ၊**
**ဥပါနယိ နဂရံ သာဓုရမ္မံ။**

(ဒသနိပါတ်၊ သင်္ခဇာတ်ပါဠိတော်)

ဘိက္ခဝေ-ရဟန်းတို့။ သာ ဒေဝတာ-ထိုမဏိမေခလာ နတ်သမီးသည်။ တုဋ္ဌစိတ္တာ-နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ သုမနာ-ကောင်းသော စိတ်ရှိသည်ဖြစ်၍။ ပတီတာ-နူးသော ပီတိရှိသည်ဖြစ်၍။ သုစိတ္တံ-အလွန်ဆန်းကြယ်သော။ နာဝံ-သင်္ဘော လှေကို။ အဘိနိမ္မိနိတွာ-တန်ခိုးဖြင့် ပြီးစေ၍။ သင်္ခံ-သင်္ခပုဏ္ဏားကို။ ပုရိသေန-အလုပ်အကျွေး ယောကျာ်းနှင့်။ သဒ္ဓိံ-တကွ။ အာဒါယ-ယူ၍။ သာဓုရမ္မံ-သူတော်ကောင်းတို့၏ မွေ့လျော် ပျော်ဖွယ်ရာ ဖြစ်သော။ နဂရံ-မေ႒ိနီမည်သော ဗာရာဏသီပြည်ကြီးသို့။ ဥပါနယိ-ရောက်အောင် ပို့ဆောင်ပြီးသည်သာတည်း။

ဘုရားလောင်းတို့သည် နောက် ကုသိုလ်ပြု၍ နတ်ပြည်သို့ ရောက်ကြလေသည်။

---

## ဆွမ်းအလှူ အကျိုး

ကုမ္မာသဒါယကထေရ် အလောင်းတော်သည် ဝိပဿီဘုရားရှင်အား မုယောဆွမ်း လှူဖူး၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

ကုသဋ္ဌက ဒါယကထေရ် အလောင်းသည် ကဿပဘုရား ရှင်အား စာရေးတံဆွမ်း ရှစ်ဝတ်ကို ပေးလှူဖူး၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

ကေသညကထေရ် အလောင်းသည် ဝိပဿီဘုရားရှင်၏ လက်ယာရံ ခဏ္ဍထေရ်၌ တစ်ထပ်စာ ဆွမ်းကို လှူဖူး၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ ဝရုဏမည်သော စကြဝတေးမင်း ဖြစ်ဖူး၏။

ဘိက္ခဒါယကထေရ် အလောင်းသည် သိဒ္ဓတ္ထဘုရားရှင်အား တစ်ယောက်မ, မျှသော ဆွမ်းကို ပေးလှူဖူး၏။ ဤကောင်းမှု ကြောင့် အပါယ်သို့ သွားရသည်ကို မသိစဖူးပေ။ မဟာရေဏု မည်သော စကြာမင်း ခုနစ်ကြိမ် ဖြစ်ဖူး၏။

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်၌ ရဟန်းတို့သည် တော၌ မျက်စိလည် လမ်းမှားကုန်၏။ မဂ္ဂသညကထေရ် အလောင်း သည် နတ်သားဖြစ်စဉ် သိ၍ ခရီးလမ်းလည်း ညွှန်၏။ ဆွမ်းလည်း လှူ၏။ ထိုကောင်းမှုကြောင့် ခုနစ်နှစ်သား၌ ရဟန္တာ ဖြစ်သည်။ သစက္ခုမည်သော စကြာမင်း တစ်ဆယ့်ခုနစ်ကြိမ် ဖြစ်ဖူးသည်။

ကောသနဒါယကထေရ် အလောင်းသည် နတ်၏အသွင်ကို စွန့်၍ မယားနှင့်တကွ လူ့ပြည်သို့ လာခဲ့၏။ ဒေဝလမည်သော ပဒုမုတ္တရ ဘုရားရှင်အား ဆွမ်းလှူဖူး၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

ပရမန္နဒါယကထေရ် အလောင်းသည် ဝိပဿီဘုရားရှင်အား ဆွမ်းလှူဖူး၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွား၎တော့ပေ။

ဘာဇနဒါယကထေရ် အလောင်းသည် ဝေဿဘူဘုရား ရှင်အား ဆွမ်းကို ပေးလှူခဲ့၏။ ထိုအခါမှ စ၍ အပါယ်လေးပါးသို့ မသွားရတော့ပေ။

အန္ဒသံသာဝကထေရ် အလောင်းသည် သိဒ္ဓတ္ထဘုရားရှင်အား ဆွမ်းလှူဖူး၏။ ထို့ကြောင့် တစ်ကမ္ဘာပတ်လုံး နတ်ပြည်၌ ကျင်လည်ရ၏။ ထိုအခါမှ စ၍ အပါယ်လေးပါးသို့ မသွားရတော့ပေ။

ပိဏ္ဍပါတိကထေရ် အလောင်းသည် တိဿဘုရားရှင်အား တုသိတာနတ်ပြည်မှ လာ၍ ဆွမ်းလှူဒါန်း၏။ နောက်ပြန်သွား၏။ ထိုအခါမှ စ၍ သူသည် အပါယ်သို့ မသွားရတော့ပေ။

ယာဂုဒါယကထေရ် အလောင်းသည် ရဟန်းသံဃာတို့အား ယာဂုဆွမ်း ပေးလှူဖူး၍ တာဝတိံသာနတ်ပြည် ရောက်ရ၏။ ပတ္တမြားဗိမာန်၌ နတ်သမီးတို့နှင့် ခံစား စံစားရ၏။ သုံးဆယ့်သုံးကြိမ်တိုင် နတ်မင်း၊ သိကြားမင်း၊ စကြာမင်း ဖြစ်ဖူး၏။ ပဒေသရာဇ်မင်းဘဝကား မရေတွက်နိုင်။ လူ့ပြည်၊ နတ်ပြည်တို့၌သာ ကျင်လည်ရ၏။ ရဟန်းပြု၍ ဆံချစဉ်ပင်လျှင် ရဟန္တာဖြစ်သည်။ ကိုယ်စိတ်ပူပန်ခြင်း မဖြစ်ရတော့ပေ။ ထိုသို့ ယာဂုလှူရသောကောင်းမှုကြောင့် အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ရောဂါကင်းခြင်း၊ ဉာဏ်ပညာကြီးခြင်း၊ ထမင်းအဖျော်ရလွယ်ခြင်း၊ အကျိုးထူးများကို ရသည်။

ပတ္တောဒနထေရ်အလောင်းသည် တောအမှုလုပ် ဘဝဖြင့် တောထဲ၌ ပစ္စေကဗုဒ္ဓါတစ်ပါးအား ပါလာသော တစ်စလယ်ချက်ထမင်းကို မိမိသည် မစားဘဲ လှူဒါန်း၏။ ထို့ကြောင့် တာဝတိံသာနတ်ပြည်၌ ဖြစ်သည်။ သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် သိကြားမင်း၊ စကြာမင်း ဖြစ်ဖူး၏။ ပဒေသရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်။ လှူပြီးသည့်နောက် ဘဝတိုင်း၌ ပစ္စည်းသည် ယုတ်လျော့သည် မရှိ။ မြစ်ရေပမာ တိုး၍သာ လာ၏။ အဝတ် အစား နေရာ စသည်တို့

ဖြင့် လူများ အမြဲတမ်း ဖိတ်ခေါ်နေကြ၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရစဖူးပေ။

(ဤဝတ္ထုတို့ကား အပဒါန်ပါဠိတော်မှ လာသည်။)

အစေခံမ တစ်ယောက်သည် အရှင်ဘုရားအား ထမင်းချိုကို ပေးလှူဖူးပြီ။ ထိုသူကား ဘယ်နေရာသို့ ရောက်နေသနည်းဟု လျှောက်၏။

အရှင်မဟာကဿပ ကိုယ်တော်ကြီးက ၎င်း သူငယ်မသည် နိမ္မာနရတိနတ်ဘုံသို့ ရောက်နေ၏။ စကြာမင်း၏ မိဖုရားသည် ထိုသူငယ်မအလှူ၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်မှ တန်ဖိုး မရှိပေ။

ရွှေစင်နိက္ခတစ်သိန်း၊ ဆင်တစ်သိန်း၊ မြင်းတစ်သိန်း၊ အဿတိုရ်မြင်းကသော ရထားတစ်သိန်း၊ ပတ္တမြား ပုတီး နားတောင်း ဝတ်ဆင်ကုန်သော သတို့သမီး တစ်သိန်းတို့သည် ထိုသူငယ်မ ထမင်းချိုးအလှူ၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုး မရှိ။

ဟိမဝန္တာ၌ တန်ဆာဆင်ထားသော မာတင်္ဂဆင်မျိုး တစ်ရာတို့သည် ထိုသူငယ်မ ထမင်းချိုးအလှူ၏ တစ်ဆယ့်ခြောက် စိတ် စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုး မရှိ။ စကြာမင်း၏ စည်းစိမ် သည် ထိုသူငယ်မ ထမင်းချိုးအလှူ၏ တစ်ဆယ့်ခြောက်စိတ် စိတ်၍ တစ်စိတ်လောက်မျှ တန်ဖိုး မရှိပေဟု ဟောတော်မူ၏။

ပတ္တမြားတိုင်ရှိသော ဤဗိမာန်သည် မြင့်မားလှ၏။ တစ်ဆယ့်နှစ်ယူဇနာ ရှိ၏။ ကြောင်မျက်ရွဲတိုင် ရှိကုန်သော စုလစ်မွန်းချွန်တပ်သော ပြာသာဒ်အဆောင် ခုနစ်ရာတို့သည် ရွှေပျဉ်ချပ် ခင်းသည်ဖြစ်၍ တင့်တယ်ကုန်၏။ နတ်တို့၏ ကာမဂုဏ်ငါးပါး

ပြည့်စုံ၏။ အဘယ်ကောင်းမှုနည်းဟု အရှင်မောဂ္ဂလ္လာန်က မေး၏။

နတ်သားက တပည့်တော်သည် ပုစွန်လုံးဟင်းလျာကို လှူဖူး၍ ဤသို့ အကျိုးများပါ၏။ အခြေဆယ်ချောင်းရှိ ရွှေပုစွန်လုံးတို့ဖြင့် တင့်တယ်ပါကုန်၏ဟု လျှောက်လေသည်။

(ဤဝတ္ထုတို့ကား ဝိမာနဝတ္ထုပါဠိတော်မှ လာသည်။)

---

## သက်န်းအလှူ အကျိုး

ဝတ္ထဒါယကထေရ်အလောင်းသည် ဂဠုန်မင်း ဖြစ်ခဲ့၏။ လူအသွင်ဖြင့် ဘုရားရှင်အား တစ်ထည်သော အဝတ်ကို ပေးလှူခဲ့၏။ ဘုရားရှင်က အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။ သင်သည် နတ်ပြည်သို့ ရောက်ရလတ္တံ့။ ထိုသို့ အတ္ထဒဿီဘုရားရှင်အား ပေးလှူဖူး၍ အဝတ်ပြည့်စုံ၏။ အမိုးအကာ ပြည့်စုံ၏။ အရဟာဝမည်သော စကြာမင်း ခုနစ်ကြိမ် ဖြစ်ဖူး၏။

ဝိပဿီဘုရားရှင်သည် ခြောက်သောင်းရှစ်ထောင်သော ရဟန်းတော်တို့နှင့်တကွ ဗန္ဓုမပြည်သို့ ဝင်တော်မူ၏။ မြို့မှ ထွက်၍ ကျွန်းစေတီကျောင်းသို့ ကြွတော်မူစဉ် မဟာပရိဝါရကထေရ်အလောင်းသည် ဘီလူးမင်း စစ်သူကြီး ဖြစ်၏။ သိကြားမင်းကို နတ်အပေါင်း ဆည်းကပ်ခညောင်းသကဲ့သို့ ရှစ်သောင်းလေးထောင်ကုန်သော ဘီလူးတို့သည် ဆည်းကပ်ကုန်၏။ ထိုအခါ ဘုရားရှင်အား အပေါ်ရုံပုဆိုးကို ပေးလှူ၏။ ထိုအခါ မြေကြီးသည် အိုးထိန်းစက်ပမာ

တုန်လှုပ်လာ၏။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာ အထက်၌ ထိုအလှူကို ပြုလုပ်သည်မှ စ၍ အပါယ်သို့ မသွားရတော့ပေ။ သုဝါဟနမည်သော စကြဝတေးမင်း တစ်ဆယ့်ခြောက်ကြိမ် ဖြစ်ဖူးသည်။

ပေါတ္ထကဒါယကထေရ် အလောင်းသည် လျှော်တေအဝတ်ကို ပေးလှူဖူးသည်။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

သဗ္ဗဂန္ဓိယထေရ် အလောင်းသည် ဝိပဿီဘုရားရှင်အား ပန်းနံ့သာကိုလည်းကောင်း၊ ပိုးချည်အဝတ်ကိုလည်းကောင်း ပေးလှူခဲ့၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ သုစေဋ္ဌမည်သော စကြာမင်း ဖြစ်ဖူး၏။

(ဝတ္ထုတို့ကား အပဒါန်ပါဠိတော်မှ လာသည်။)

---

## ကျောင်းအလှူ အကျိုး

တိကာကုဋိဒါယကထေရ် အလောင်းသည် ဗန္ဓုမတီမြို့၌ အစေအပါး ဖြစ်ခဲ့၏။ မိမိ၌ ကုသိုလ်ကောင်းမှု မရှိပုံ၊ နဝမက္ခဏာ၌ ကြုံကြိုက်ပုံ၊ ငရဲဒုက္ခ ဆင်းရဲလှပုံတို့ကို စဉ်းစားပြီး အလုပ်ပိုင်ရှင်အား တစ်ရက်မျှ ခွင့်ပန်ခဲ့၍ တောသို့ ဝင်၏။ သစ်ရွက်မိုးသော ကျောင်းကို ဆောက်၍ သံဃာတော်တို့အား ပေးလှူခဲ့ဖူး၏။

သေ၍ တာဝတိံသာနတ်ပြည်သို့ ရောက်၏။ လှူဖူးသော ကျောင်းပမာ ဗိမာန်ကို ရ၏။ လူ့ပြည် နတ်ပြည်တို့၌ ပြာသာဒ်သည်

တည်လာ၏။ သားရဲ တိရစ္ဆာန် စသည်တို့ ရှောင်ကွင်းကုန်၏။ မကောင်းသော အိပ်မက်ကို မမြင်မက်ချေ။ ဂေါတမဘုရားရှင် လက်ထက် တရားတော်ကို မျက်မှောက်ပြုရ၏။ ကျောင်းလှူသည်မှ စ၍ အပါယ်သို့ မသွားရတော့ပေ။ ဤကား ကျောင်းလှူခြင်း၏ အကျိုးတည်း။

(ထေရအပဒါန်ပါဠိတော်မှ လာသည်။)

---

## ထီးအလှူအကျိုး

ကေသတ္တိယထေရ် အလောင်းတော်သည် ပဒုမုတ္တရဘုရားရှင်အား ထီးဖြူလှူဖူး၏။ ထိုကောင်းမှုကြောင့် ထိုမထေရ်သည် သိကြားမင်းအဖြစ် ကမ္ဘာသုံးဆယ်၊ အကြိမ်ငါးရာတိုင်တိုင် စကြာမင်း၊ ပဒေသရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်။ နောက်ဆုံးဘဝ၌ ထီးဖြူ အမြဲတမ်း မိုးလျက်နေ၏။ ထီးဖြူလှူဖူးသည်မှ စ၍ အပါယ်သို့ မသွားရတော့ပေ။

အတိဆတ္တိယထေရ်လည်း အတ္ထဒဿီဘုရားရှင် ပရိနိဗ္ဗာန်ပြုရာ၌ ထီးတော်များ ပေးလှူဖူး၍ နတ်မင်းဘဝ၊ လူ့ဘဝတို့ဖြင့်သာ သံသရာ၌ ကျင်လည်ရ၏။

ပါပနိဝါရိယထေရ် အလောင်းသည် တိဿဘုရားရှင်အား ထီးတစ်လက်ကို ပေးလှူဖူး၏။ ထို့ကြောင့် သူသည် သွားလာတိုင်း ကောင်းကင်မှ ထီးမိုးနေ၏။

ထိုအခါမှ စ၍ အပါယ်လေးပါးသို့ မသွားရစဖူးပေ။ မဟာနိဒါနအမည်ဖြင့် စကြဝတေးမင်း ရှစ်ကြိမ်တိုင်တိုင် ဖြစ်ဖူးလေသည်။

သပရိဝါရဆတ္တ ဒါယကထေရ် အလောင်းသည် ပဒုမုတ္တရဘုရားရှင်၏ ကောင်းကင်၌ ထီးကို မြှောက်တင်၏။ ထိုအခါဘုရားရှင်က ထီးလှူသော သူသည် ဒုဂ္ဂတိသို့ မရောက်ရလတ္တံ့။ နတ်မင်းအဖြစ် ခုနစ်ကြိမ်၊ စကြာမင်းအဖြစ် သုံးဆယ့်နှစ်ကြိမ်ဖြစ်လတ္တံ့။ ဂေါတမဘုရားရှင် လက်ထက်၌ ပရိနိဗ္ဗာန်ပြုလတ္တံ့။

နောက် နတ်ပြည်ရောက်၏။ ဗိမာန်သည် အထက်သို့ စွင့်စွင့်တက်၏။ နှလုံးမွေ့လျော်ဖွယ် ရှိ၏။ သွားလာက ထီးဖြူ မိုးနေ၏။ နောက် လူ့ပြည်သို့ ရောက်လာ၍ စကြာမင်း သုံးဆယ့်ခြောက်ကြိမ်ဖြစ်ဖူး၏။ နောက် တာဝတိံသာနတ်ပြည်၊ နောက် လူ့ပြည်သို့ရောက်ရ၏။ လူတို့သည် အမိဝမ်းသို့ သက်သော ငါ့အား ထီးဖြူမိုးကြ၏။ ခုနစ်နှစ်သား ရဟန်းပြု၏။ ဗေဒင်ပါရဂူ သုနန္ဒပုဏ္ဏားသည် အရှင်သာရိပုတ္တရာအား ဖလ်ထီးကို ပေးလှူ၏။ အရှင်သာရိပုတ္တရာကား အနုမောဒနာတရား ဟော၏။ ၎င်းထေရ် အလောင်းသည် မိမိထီးလှူဖူးသည်ကို သတိရ၏။ ရဟန္တာဖြစ်၏။ မိမိ၏ အကြောင်းကို သူများအား ပြောကြားနိုင်၏။

(ဤဝတ္ထုတို့ကား အပါဒါန်ပါဠိတော်မှ လာသည်။)

**မာနုဿိကာ စ သမ္ပတ္တိ၊ ဒေဝလောကေ စ ယာ ရတိ။**
**ယာ စ နိဗ္ဗာနသမ္ပတ္တိ၊ သဗ္ဗမေတေန လဗ္ဘတိ။**

(ခုဒ္ဒကပါဌပါဠိတော်)

မာနုဿိကာ-တစ်ယောက်နှင့်တစ်ယောက်မတူ တစ်မူထူးခြား ပြောမကုန်နိုင်လောက်အောင် အကြောင်းအကျိုး၊ အကောင်းအဆိုး များပြားလှသည့် အယုတ်အလတ် အမြတ်သုံးပါး နေကြ

ထိုင်ကြွ လှူရှာ၊ လှူဌာနဖြစ်သော။ ယာ စ သမ္ပတ္တိ-ဇောတိက၊ ဇဋိလ၊ သူဌေးအစ အကြွင်စကြွဝတေး၊ ပဒေသရာဇ်၊ ကေရာဇ်၊ မန္ဓာတ်မင်းတို့၏ စည်းစိမ်ချမ်းသာသည်လည်းကောင်း။ ဒေဝလောကေ-စာတုမဟာရာဇ်၊ တာဝတိံသာစသော နတ်တို့ ပျော်မြန်း နတ်ဘုံ နတ်နန်း နတ်ကြွင့်ါန်း၌။ ယာ စ ရတိ-နန္ဒဝန်နှင့် စိတ္တလတာ ဥယျာဉ်သာ၌ နေကာပျော်ငြား အကြွင်သိကြား၊ သုရာ၊ သန္တုသိတ၊ သုနိမ္မိတစသော နတ်မင်း နတ်မိဖုရားတို့၏ စည်းစိမ်ချမ်းသာသည် လည်းကောင်း၊ ယာ စနိဗ္ဗာသမ္ပတ္တိ-အကြွင်လောဘ၊ ဒေါသ၊ မောဟ စပြီး တစ်ဆယ့်တစ်သီး ဒုက္ခမီးတို့၏ ကုန်ရာခန်းရာ ချုပ်ပျောက်ကင်းရာ ငြိမ်းရာ အမှန်နိဗ္ဗာန်တည်းဟူသော စည်းစိမ်ချမ်းသာသည် လည်းကောင်း။ အတ္ထိ-အကြောင်းရှိက အကျိုးပေါ်လာရစမြဲဖြစ်၍ မုချမသွေ တကယ်ပင် ရှိနိုင်ပါပေ၏။ သဗ္ဗံ-ဆိုခဲ့ပြီးသော ၄၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို။ စေတန-ပုဗ္ဗ၊ မုဉ္စ၊ ပရဝေဖြာ သုံးတန်စေတနာ ပြဋ္ဌာန်းပြီးတော့ လှူဒါန်းအပ်သော ထိုဒါန၊ သီလ၊ သမထနှင့် ဝိပဿနာဉာဏ် အဟန်တန်ဖြင့်။ လဗ္ဘတိ-မုချပိုင်ပိုင် နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်၊ ကုသိုလ်ဖန် ဗိမာန်အသင့် ဘုံအသင့် တကယ်ပင် ရနိုင်တော့သည်သာတည်း။

---

## ဖိနပ်အလှူ အကျိုး

'အင္ကမနဒါယကထေရ်သည် ကက္ကုသန် ဘုရားရှင်အား ဖိနပ်လှူဖူး၍ အပါယ်သို့ သွားရသည်ကိုလည်း မသိစဖူးပေ။

အနမိဒါယကထေရ်သည် အနောမဒဿီဘုရားရှင်အား ဖိနပ်လှူဖူး၏။ ဘုရားရှင်က ထိုပုဂ္ဂိုလ်အား ချမ်းသာသူ ဖြစ်လတ္တံ့။

ငါးဆယ့်ငါးကြိမ်တိုင် နတ်မင်း ဖြစ်လတ္တံ့။ အကြိမ်တစ်ထောင် စကြာမင်း ဖြစ်လတ္တံ့။ ပဒေသရာဇ်မင်းအဖြစ်ကား မရေတွက်နိုင်။ ဂေါတမဘုရားရှင်လက်ထက်၌ ရဟန္တာ ဖြစ်လတ္တံ့။ နတ်ယာဉ်နှင့် တူသော ယာဉ်ကို ရလတ္တံ့။ ပြာသာဒ် ထမ်းစင် အာဇာနည်မြင်း ကသော ရထား ဖြစ်လတ္တံ့။ ဖိနပ်လှူဖူးသည်မှ စ၍ အပါယ်သို့ မသွားရတော့ပေဟု ဟောတော်မူသည့်အတိုင်း အကျိုးများကို ခံစားရ လေသည်။

ပါနဓိဒါယကထေရ် အလောင်းသည် ရသေ့အား ဖိနပ်ကို ပေးလှူဖူး၏။ ဘုရားရှင်အားလည်း ဆင်လှူဖူး၏။ ထို့ကြောင့် နိဗ္ဗာန်ကို ရောက်စေနိုင်၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရ တော့ပေ။ သမန္တပါသာဒိက မည်သော စကြာမင်း တစ်ဆယ့်ခြောက် ကြိမ်တိုင်တိုင် ဖြစ်ဖူး၏။

ဥပါဟနဒါယကထေရ် အလောင်းသည် စန္ဒနမည်သော ပစ္စေကဗုဒ္ဓါ၏ သားဖြစ်ခဲ့၏။ ထိုအခါ ဖိနပ်တစ်ရံ ပေးလှူခဲ့၏။ သာဝကဗောဓိဉာဏ်နှင့် ပြည့်စုံရပါလို၏ဟု ဆုတောင်း၏။ ထိုအခါမှစ၍ အပါယ်သို့ မသွားရတော့ပေ။

(အလှူမျိုးစုံ လှူဖူးသော ပိလိန္ဒဝစ္ဆထေရ်ဝတ္ထုကို ထေရာပါဒါန် ပါဠိတော်၌ ရှု။)

---

## အပ်အလှူအကျိုး

သူစိဒါယကထေရ် အလောင်းသည် သုမေဓာဘုရားရှင်အား သင်္ကန်းချုပ်ရန် အပ်ငါးချောင်း လှူဖူး၏။ ထိုကောင်းမှုကြောင့် ဉာဏ်ထက်မြက်၏။ စကြာမင်း လေးကြိမ် ဖြစ်ဖူး၏။

သုစိဒါယကထေရ် အလောင်းသည် ဗန္ဓုမာပြည်၌ ပန်းပဲသမား ဖြစ်ခဲ့ဖူး၏။ ထိုအခါ ဝိပဿီဘုရားရှင်အား အပ်အလှူ ပေးခဲ့ဖူး၏။ ထိုကောင်းမှုကြောင့် အပ်အဖျားပမာ ဝရဇိန် လက်နက်နှင့်တူသော ဉာဏ်ရှိ၏။ အာသဝေါတရားကုန်ရာ နိဗ္ဗာန်သို့ ရောက်၏။ အလုံးစုံသော ဘဝတို့ကို ဆင်ခြင်နိုင်၏။ ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာအထက်၌ ဝဇီရမည်သော စကြာမင်း ခုနစ်ကြိမ် ဖြစ်ခဲ့ဖူး၏။

(ဤဝတ္ထုတို့ကား အပါဒါန်ပါဠိတော်မှ လာ၏။)

အရှင်သာရိပုတ္တရာအား ရာဇဂြိုဟ်ပြည်သား ပန်းပဲသမားတစ်ယောက်သည် သက်န်းချုပ်ရန် အပ်နှစ်ချောင်း လှူ၏။ သေ၍ နတ်ပြည်ရောက်သည်။

ရာဇဂြိုဟ်ပြည်သား အပ်ချုပ်သမား တစ်ယောက်သည် ဝေဠုဝန်ကျောင်း၌ သင်္ကန်းချုပ်နေသော ရဟန်းတစ်ပါးကို အပ်ဘူး၊ အပ် လှူ၍ နတ်ပြည်ရောက်သည်။

(ဤဝတ္ထုကား ဝိမာနဝတ္ထု ပါဠိတော်မှ လာသည်။)

---

## ယပ်အလှူအကျိုး

သုမနတာလဝဏ္ဋိယထေရ် အလောင်းသည် သိဒ္ဓတ္ထဘုရားရှင်အား မုလေးပန်းတို့အား ဖုံးလွှမ်းအပ်သော ထန်းရွက်ယပ်ဝန်းကို ပေးလှူခဲ့၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

နဠမာလိယထေရ် အလောင်းသည် ပဒုမုတ္တရ ဘုရားရှင်အား ကျူပန်းယပ်ကို ပေးလှူဖူး၏။ ဘုရားရှင်သည် အောက်ပါ ဒေသနာတော်ကို ဟောတော်မူ၏။ ငါ၏ ကိုယ်သည် ငြိမ်းအေးရသကဲ့သို့

သင်သည် မီးသုံးပါးတို့မှ လွတ်မြောက်စေသတည်း။ တော၌ နေသော နတ်သားအားလုံးတို့သည် ယပ်လှူသူအား စောင့်ရှောက်ပါစေသတည်း။

နတ်တို့ ရောက်လာ၍ ဘုရားရှင်သည် တရားဟောတော်မူလေသည်။ သုဗ္ဗတစကြာမင်း ဖြစ်လတ္တံ့။ မာလုတစကြာမင်း ဖြစ်လတ္တံ့။ ကမ္ဘာတစ်သိန်းပတ်လုံး အပါယ်သို့ မသွားရလတ္တံ့။ ကမ္ဘာသုံးသောင်းထက်၌ သုဗ္ဗတမည်သော မင်းတို့သည် သုံးဆယ့်ရှစ်ကြိမ် ဖြစ်ဖူးကုန်၏။ ကမ္ဘာတစ်ခုယုတ် သုံးသောင်းထက်၌ မာလုတမည်သော မင်းတို့သည် ရှစ်ကြိမ် ဖြစ်ဖူးကုန်၏။

တာလဝဏ္ဋဒါယကထေရ် အလောင်းသည် ဘုရားရှင်အား ထန်းရွက်ယပ်ဝန်းကို ပေးလှူဖူး၏။ ထို့ကြောင့် ရာဂမီး၊ ဒေါသမီး၊ မောဟမီးကို ငြိမ်းစေနိုင်၏ ထိုအခါမှ စ၍ အပါယ်လေးပါးသို့ မသွားရစဖူးပေ။ မဟာနာမ်မည်သော စကြာမင်း ဖြစ်ဖူး၏။

သုမနတာလဝဏ္ဋိယထေရ် အလောင်းသည် သိဒ္ဓတ္ထဘုရားရှင်အား မုလေးပန်း ဖုံးလွှမ်းသော ထန်းရွက်ယပ်ဝန်းကို ပေးလှူခဲ့၏။ ထိုအခါမှ စ၍ အပါယ်သို့ သွားရသည်ကို မသိစဖူးပေ။

(စုပေါင်းလှူပုံကို သေလတ္တေရာပါဒါန်ကို ရှု။)
(ဤဝတ္ထုတို့ကား အပါဒါန်ပါဠိတော်မှ လာသည်။)

---

## သပိတ်အလှူအကျိုး

ကေပတ္တဒါယကထေရ် အလောင်းသည် ဟံသာဝတီမြို့၌ အိုးထိန်းသည် ဖြစ်ခဲ့၏။ ဘုရားရှင်အား မြေသပိတ် ပေးလှူဖူး၏။

ထိုကောင်းမှုကြောင့် ရွှေခွက်တို့ကို ရ၏။ ရွှေ ငွေ ပတ္တမြား ခွက် ဖျာ သင်ဖြူးတို့ကို ရ၏။ စည်းစိမ် ဥစ္စာ အခြံအရံ များ၏။ မိုးရွာစဉ် လယ်ယာမြေကောင်း၌ မျိုးစေ့စိုက်ပျိုးသည်နှင့် တူ၏။ သပိတ်လှူဖူးသည်မှ စ၍ အပါယ်သို့ မသွားရပေ။

အာဓာရဒါယကထေရ် အလောင်းသည် သိခီမြတ်စွာ ဘုရားရှင်အား သပိတ်ခြေကို ပေးလှူဖူး၏။ ထို့ကြောင့် မြေအပြင် အားလုံးကို အစိုးရ၏။ သမန္တဝရဏမည်သော စကြာမင်း လေးကြိမ် ဖြစ်ဖူး၏။

အာဇနပါလကထေရ် အလောင်းသည် ဗန္ဓုမတီမြို့၌ အိုး ထိန်းသည် ဖြစ်ခဲ့၏။ ရဟန်းသံဃာတော်တို့အား သပိတ်လှူ၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ အနန္တဇာလီမည်သော စကြာမင်း ဖြစ်ဖူး၏။

ပတ္တဒါယကထေရ် အလောင်းသည် သိဒ္ဓတ္ထဘုရားရှင်အား သပိတ်ကို ပေးလှူဖူး၏။ ထိုအခါမှ စ၍ အပါယ်လေးပါးသို့ မသွား ဖူးပေ။

(ဤဝတ္ထုတို့ကား အပါဒါန်ပါဠိတော်မှ လာသည်။)

---

## ဘုရား တရား သံဃာ ကိုးကွယ်ရာ

ဓာတုပူဇကထေရ် အလောင်းသည် သိဒ္ဓတ္ထဘုရားရှင် ပရိ နိဗ္ဗာန်ပြုပြီးသည်ရှိသော် ဆွေမျိုးတို့နှင့် ဓာတ်တော်တို့ကို ပူဇော်၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

ပုလိနပုပ္ဖိဒကထေရ် အလောင်းသည် ဟိမဝန္တာတော၌ ဒေဝလမည်သော ရသေ့ ဖြစ်ဖူး၏။ တပည့်ပေါင်း ရှစ်သောင်း လေးထောင် ရှိ၏။ သဲပုံစေတီကို ပြု၍ ပူဇော်၏။ လူများက မေး၍ ဘုရားရှင်၏ လက္ခဏာတော်ကြီး၊ လက္ခဏာတော်ငယ်များကို ဟောပြောပြ၏။

သူသည် ထိုကောင်းမှုကြောင့် သေလွန်သော် နတ်ပြည်သို့ ရောက်၏။ တစ်ဆယ့်ရှစ်ကမ္ဘာပတ်လုံး စံရ၏။ အကြိမ် ငါးရာတိုင် စကြာမင်း ဖြစ်ခဲ့၏။ အကြိမ်အရာမက နတ်မင်း ဖြစ်ဖူး၏။ လူ့ပြည် နတ်ပြည် ကျင်လည်ရ၍ အပါယ်သို့ မသွားရတော့ပေ။

ဌိတဉ္ဇလိထေရ် အလောင်းသည် မုဆိုးဖြစ်စဉ် တိဿဘုရား ရှင်အား လက်အုပ်ချီမိုး ရှိခိုး၍ မိုးကြိုးခကာ သေရလေသည်။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ မိဂကေတုမည်သော စကြာမင်း ဖြစ်ဖူး၏။

နည်းတူ ဌိတဉ္ဇလိထေရ် အကောင်းသည် တိဿဘုရား ရှင်အား ရှိခိုးဖူး၍ အကျိုးများ ပြည့်စုံသည်။

ဉာဏသညိကထေရ် အလောင်းသည် သိဒ္ဓတ္ထမြတ်စွာ ဘုရား အား ရှိခိုးဖူး၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ နုဂ္ဂတ္တမမည်သော စကြာမင်း တစ်ဆယ့်ခြောက်ကြိမ် ဖြစ်ဖူး၏။

သုမင်္ဂလထေရ် အလောင်းသည် အတ္ထဒဿီ ဘုရားရှင်အား ရုက္ခစိုးနတ် ဖြစ်စဉ် တူရိယာတို့ဖြင့် ပူဇော်ဖူး၏။ ထိုကောင်းမှုကြောင့် တုသိတာဘုံသို့ ရောက်ရ၏။ ကေစိန္တိတမည်သော စကြာမင်း နှစ်ကြိမ် ဖြစ်ဖူးသည်။

ပလ္လင်္ကဒါယကထေရ် အလောင်းသည် သုမေဓာမြတ်စွာ ဘုရားအား ဝိတာန်မျက်နှာကြက် အိပ်ရာလွှမ်းနှင့်တကွ ပလ္လင်ကို

ပေးလှူဖူး၏။ ထိုသူအား အခါခပ်သိမ်း ရတနာခုနစ်ပါးဖြင့် ပြီးသော ပလ္လင်သည် ဖြစ်၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရစဖူးပေ။ သုဝဏ္ဏမည်သော စကြာမင်း သုံးကြိမ် ဖြစ်ခဲ့၏။

ဗောဓိဥပဋ္ဌာကထေရ် အလောင်းသည် ဗောဓိပင်သို့ အမြဲ ဆည်းကပ်၏။ ကမ္ဘာတစ်သိန်းလုံး ထောင့်ရှစ်ရာတို့ ပတ်လုံး အပါယ်သို့ မသွားရစဖူးပေ။ မုရဇမည်သော စကြာမင်း ဖြစ်ဖူး၏။

စိတကပူဇကထေရ် အလောင်းသည် နတ်ပြည်မှ လူ့ပြည်သို့ လာလတ်၍ အာနန္ဒာမည်သော ပစ္စေကဗုဒ္ဓါသည် တောထဲ၌ ပရိနိဗ္ဗာန်ပြုသည်ကို ထင်းပုံ၍ မီးသင်္ဂြိုဟ် ပူဇော်၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

ကုဋိဒါယကထေရ် အလောင်းသည် ဘုရားရှင်အား သစ်ရွက်မိုးသော ကျောင်းကို ဆောက်လုပ်လှူဒါန်း၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ စကြဝတေးမင်း တစ်ဆယ့်ခြောက်ကြိမ် ဖြစ်ခဲ့၏။

အမုစန္ဒိယထေရ် အလောင်းသည် ဘုရားပွင့်တော်မူရာ ပိတောက်ပင်၌ ပန်းတို့ကို လခြမ်းသဏ္ဌာန် ပူဇော်ခဲ့၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ ဒေဝလမည်သော စကြာမင်းလည်း ဖြစ်ခဲ့၏။

ပဒီပဒါယကထေရ် အလောင်းသည် နတ်သားဘဝဖြင့် လူ့ပြည်သို့ လာ၍ ဆီမီးငါးတိုင် ပေးလှူခဲ့၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ သမန္တစက္ခုမည်သော စကြာမင်း တစ်ကြိမ် ဖြစ်ခဲ့၏။

သတ္တာဟပဗ္ဗဇိတထေရ် အလောင်းသည် ဝိပဿီဘုရားရှင် လက်ထက်တော်၌ စည်းစိမ်ဥစ္စာ၊ ဆွေမျိုးဉာတိများ ပျက်စီးခဲ့၏။

ထိုအခါ ခုနစ်ရက် ရဟန်းပြုခဲ့၏။ မွေ့လျော်၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ သုနိက္ခမမည်သော စကြာမင်း ခုနစ်ကြိမ် ဖြစ်ခဲ့၏။

ဆတ္တဒါယကထေရ် အလောင်းသည် သားရဟန်းကား ရဟန္တာဘဝဖြင့် ပရိနိဗ္ဗာန်ပြု၏။ သားကို မီးသင်္ဂြိုဟ်ရာ၌ ထင်းပုံကို ရှိခိုး၏။ ထီးဖြူကိုလည်း လှူ၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။ မဟာရသမည်သော စကြာမင်း ခုနစ်ကြိမ် ဖြစ်ခဲ့၏။

ဓမ္မသညကထေရ် အလောင်းသည် ဝိပဿီဘုရားရှင်၏ တရားတော်ကို ကြားနာရသောကြောင့် ထိုအခါမှ စ၍ အပါယ်သို့ မလားရတော့ပေ။

အနုလေပဒါယကထေရ် အလောင်းသည် သိမ်ပြုနေသော ရဟန်းသို့ ကပ်၍ အင်္ဂတေလိမ်းကျံခြင်းကို ပေးလှူခဲ့၏။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

ဗောဓိ●န္ဒကထေရ် အလောင်းသည် သခွပ်ဗောဓိပင်ကို ရှိခိုးခဲ့၍ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

ပစ္စေကဗုဒ္ဓါတစ်ပါးသည် တောကြား၌ နေ၏။ ပရိနိဗ္ဗာန် စံတော်မူစဉ် ပဲ့တင်သံဖြစ်၏။ အလင်းရောင် ပေါ်လာ၏။ တော သတ္တဝါအားလုံး မြည်တွန်ကြကုန်၏။ သေလထေရ်အလောင်းသည် မီးသင်္ဂြိုဟ်၏။ နံ့သာရေ ဖျန်းခဲ့၏။ နတ်သားတစ်ဦးသည် လာလတ်၍ ငှင်းသေလထေရ် အလောင်းရသေ့ကို သင်သည် အခါခပ်သိမ်း ပုဏ္ဏကအမည်သည် ဖြစ်လတ္တံ့ဟု ဆို၏။ သေ၍ နတ်ပြည်၌ ဖြစ်၏။ နံ့သာမိုး ရွာ၏။ ပုဏ္ဏက မည်၏။ နတ်ဘဝ၊ လူ့ဘဝ၌ ကြံတိုင်းအောင်

ဆောင်တိုင်း မြောက်၏။ နောက် ရဟန္တာ ဖြစ်သည်။ ထိုအခါမှ စ၍ အပါယ်သို့ မသွားရတော့ပေ။

(ဤဝတ္ထုတို့ကား အပါဒါန်ပါဠိတော်မှ လာသည်။)

အရှင်မောဂ္ဂလ္လာန်သည် နတ်ပြည်သို့ ရောက်၍ နတ်သမီး တစ်ယောက်အား သာယာသော ငှက်သံတို့ဖြင့် ပြွမ်း၏။ ပန်း အမျိုးမျိုးတို့ဖြင့် မွှေ့လျော်ဖွယ်ရှိ၏။ သင်နတ်သမီး၏ ဗိမာန်၌ နတ်သမီးတို့သည် ကခုန်တီးမှုတ် ဖျော်ဖြေနေကြ၏။ အဘယ်ကောင်း မှုနည်းဟု မေး၏။

နတ်သမီးက--- အရှင်ဘုရား၊ တပည့်တော်မသည် လူဖြစ် စဉ် လင့်ဝတ္တရားနှင့် ပြည့်စုံ၏။ ယောကျ်ားတစ်ပါး၌ ဖောက်ပြန်စိတ် မရှိ၊ အမိသည် သားကို စောင့်ရှောက်သကဲ့သို့ စောင့်ရှောက်၏။ အမျက်ထွက်သော်လည်း ကြမ်းကြုတ်သော စကားကို မပြောမဆိုပါ။ မုသာဝါဒ ကင်းပါ၏။ အလှူရေစက် လက်နှင့်မကွာ ရှိပါ၏။ သူ တစ်ပါးကို ချီးမြှောက်သော အလေ့ရှိပါ၏။ ထို့ကြောင့် ဤကဲ့သို့ ဖြစ်ရပါသည်ဟု လျှောက်၏။

လူတစ်ယောက်သည် ကဿပဘုရားရှင်၏ ပုထိုးတော်၌ သူများ ထင်ထားသော ပန်းများ ဖရိုဖရဲ ဖြစ်နေသည်ကို မြင်၍ သပ်သပ်ယပ်ယပ် ပြုပြင်ပေးခဲ့၍ နတ်ပြည်ရောက်သည်။

(ဤကား ဝိမာနဝတ္ထုပါဠိတော်မှ လာ၏။)

အပါဒါန်မှ လာသော အလှူရှင်တို့ကား စတုပဋိသမ္ဘိဒါပတ္တ အဋ္ဌဝိမောက္ခ ဆဠာဘိညာ ရဟန္တာများ နောက်ဆုံး ဖြစ်ကြသည်။

**ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။**
**ဆဠာဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။**

(ထေရအပါဒါန်ပါဠိတော်)

စတသော-လေးပါးကုန်သော။ ပဋိသမ္ဘိဒါ စ-ပဋိသမ္ဘိဒါ တရားတို့ကိုလည်းကောင်း။ အဋ္ဌ-ရှစ်ပါးကုန်သော။ ဣမေ ဝိမောက္ခာ ပိစ-ဤဝိမောက္ခတရားတို့ကိုလည်းကောင်း။ ဆဠာဘိညာ စ-အဘိညာဉ် ခြောက်ပါးတို့ကိုလည်းကောင်း။ သစ္ဆိကတာ-မျက်မှောက်ပြုအပ်ပြီ။ ဗုဒ္ဓဿ-ဘုရားရှင်၏။ သာသနံ-ဆုံးမပေရာ သာသနာကို။ ကတံ-ကျင့်ပြီးသည်သာတည်း။

---

**ရှင်မြမင်္ဂလာ သဘင် ပွဲကြီးယင်လျက်**

**သန့်စင်သူတို့ ထူထိယောသာ ဖတ်ကြားရာသော**

# ဩဘာမင်္ဂလာ ဆုတောင်းစာ

❀ ❀ ❀ ❀ ❀

အောင်သူတကာတို့၏ အခေါင်အမှူး အောင်ပွဲမှူးတို့၏ အထွဋ်မကိုဋ်မို့ အောင်ပန်းစိုက်တကာတို့၏ အဓိပတိ အသဒိသအစစ် အမိတမမြရာဇ် တစ်ဝိသေသ ကေပုဂ္ဂလ ဥက္ကဋ္ဌ အနုတ္တရ ဗုဒ္ဓမှန်ကူ သယမ္ဘူ ရှင်တော်မြတ်ဘုရားသည် ငါးစွန်းလေးဆွယ် ဝါခေတ်နယ် တွင် ပြန့်ကျယ်လှစွာ သံသရာမှ များစွာဗိုလ်လူ ဟိန္ဒူတို့အား ကယ်ယူ ထောက်မ၊ သီလ သမာဓိ ပညာဟု သိက္ခာသုံးဝ ပဋ္ဌနိကာယ် ခြယ်လှယ်သီရုံး စိန်သွယ်ကုံးသို့ သုံးပါးယာဉ်သာ လက္ခဏာဖြင့်

ခေမာအမတ နိဗ္ဗာနဘောင် ပို့ဆောင်တော်မူပြီးမှ အမတရွှေဘုံ ဇာတ်သိမ်းခြုံလျက် ခိုလှုံဝင်စံတော်မူသတည်း။

ယင်းကဲ့သို့ ဇာတိမြုံချေ ဘုံပရမေဝယ် လှုံခြွေတော်မူပြီး နောက် ပန့်ထောက်ဝသီ ပါရမီဒဗ္ဗ သမ္ဘာရ၏ ဉာဏလျှံလူ ခံယူ မင်္ဂဖိုလ် မြတ်ကုသိုလ်နှင့် ပုဂ္ဂိုလ်အလျောက် ရောက်စေ ရစေ နိုင်အောင် ငါးထောင်သာသနာ တည်ထွန်းကားတော်မူခဲ့ရာ မဟာ သမ္မတ အသမ္ဘိန္န ရာဇရာဇာ စဉ်ဆက်လာသဖြင့် လက်ယာသပြေ မြေမျှားဝယ်၌ မြေဇဟိုရ်ပုဟု နဂိုရ်မဏ္ဍေ သိရီဇွေမှ ဝက်ရွှေကွန့်ကာ- --------- မြို့-------------------ရွာ၌ ဇာင့်ဆန်းကြုံလာ ဒုလ္လဘာမနုဿ ရယူတည်ရှိ ဟိရီကျောင့်ေ ဩတပ်ရွှေနှင့် နံ့မွေးကြာငုံ ခတ်ရုံသုတိ ကြည်ဘိရတနာ သဒ္ဓါမြတ်မြဲ သီလပုလဲ စွန့်ကြဲဒါန သီလမဏိ ဗုဒ္ဓိဝရဇိန် တောက်ထိန်ခုနစ်ပါး ဥစ္စာများနှင့် တရားကြည်ဖြူ ရည်တူတင့်တယ် (အမိ အဖ)တို့ကို အမှူးထား၍ အများရှင်လူ တိုင်းသူပြည်သား အပါးပါးတို့သည် ဟိုမှာဘက်ကမ်း သံသရာ ထွက်လမ်း နိဗ္ဗာန်နန်းသို့ ရည်မှန်းအာရုံ ပြုခဲ့လေရကား--

ထိုကဲ့သို့ အောင်မြေအောင်ရပ် အလုံးစုံလွတ်လပ်သည့် ပရမတ်ဌာနီ အမြတ်ဆုံး ရွှေပြည်ကို အတည်တကျ ဟတ္ထမုဋ္ဌိ ပြဋ္ဌာန်း ဘိ၍ လောကီ လောကုတ္တရာ ဥစ္စာစားစား အပါးပါးကို မြက်ဖျားနှင်း ပေါက် နေရှိန်ကြောက်က ပျောက်ပျက်မည့်ကိစ္စ လက္ခဏာသုံးအင် ဝိပဿနာဉာဏ်ယာဉ်ဝယ် ကြံဆင်ညှိပွား သမ္ပဇဉ် သတိထားဖြင့် သားအရင်းဖြစ်ကြသော (        )တို့ကို လေးလီကျွန်းကြီး ရံသီး ကျွန်းငယ် နှစ်ထောင်နယ်ကို အကယ်ခဲ့ခိုင်စိုး တစ်ပြိုင်နှင့်ဖြိုး လှိုင် လျှံပတ် မန္ဓာတ်စကြာ ဘုရင်တကာတို့၏ မင်းတရားတို့သော်မှ ဆံဖျားမြေခ ဦးညွတ်ရသော သာမဏေရပဗ္ဗဇ္ဇ ဤဘဝဝယ် ကာသာဝ အမွှမ်း အရဟတ္တဓဇ အောင်တံခွန်ကို ပြောင်ဝှန်ဝဲ့ချီး ပွဲကြီးတင်မွှမ်း

ဆင်မြန်းဝတ်ရုံခြင်းသဘင် ဆင်ယင်ကျင်းပ ကြပါသတည်း။

ပဗ္ဗဇ္ဇသဘင် ဆယ်ယင်သမယာ ချိန်ကောဇာကား

(          )ခု၊ (          )လ၊ (          )ရက်၊ (          )နေ့၌ အံ့မခန်းခေတ် ဆန်းခုနှစ်ဝယ် သစ်သစ်မင်္ဂလာ ကောင်းကျိုးဖြာသည့် မဟာသီရိ သိဒ္ဓိဝရ ဝိဇယဟု သာစွမြင့်ထိန် တင့်အချိန်ဝယ် ဒေဝိန် မာယ ဝါသဝ၏ ဝိသုကနတ် ဖန်ဆင်းလတ်သို့ ပြာသာဒ်ဆန်းတကြယ် မဏ္ဍာပ်လယ်တွင် လဝယ်ပတ်ခြံ ကြယ်ပေါင်းရံသို့ ပုံဟန်နေတင့် သမီး (          )ကို ခါသင့်ချိန်ညီ သိင်္ဂီအပ်မြ ကဏ္ဍဝိဓ္ဓနမင်္ဂလာ ချီးမြှင့်ရာတစ်သွယ် ဆွေနွယ်မျိုးရင်း မိတ်သင်းပင်းနှင့် မင်းပရိသတ် အရပ်ရပ်တို့ သပ္ပါယဘောဇဉ် ချိုချဉ်သီးသီး မှုတ်တီးစုံလင် ပွဲ သဘင်ဖြင့် နွဲ့ယင်ညှော့ဝတ် မချွတ်မစောင့် မိတ်ကောင်းမင်္ဂလာ ညီညွတ်ရာအောင် ကောင်းစွာ ပြုကြပါသတည်း။

ဤသို့ သဲောကုတ်လောကီ နှစ်လီမင်္ဂလာ ကြိုးကုတ်ရာဝယ် မြတ်စွာသမ္ဗုဒ် နတ်ဝိသုဒ်၏ ပုတ္တာရင်နှစ် သားချစ်ဂိုဏ်းဝင် သမုတိ ထေရ် အရှင်တို့အားလည်း ကြည်လင်သော မနသ်ဇောတစ်ရပ်သို့ စောမှတ်နှိုင်းညှိ အသင်္ခါရိက ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ဇော မနောပဏိဓိ ပြဋ္ဌာန်းခြင်းရှိသည်အရ ဒေယျဓမ္မ ဒါတဗ္ဗဝတ္ထု အစုစု တို့ကို ကျွတ်ဆုရှွေမြွက် ရေစက်သွန်းချ ဒါနရှွေအိုး စိုက်ပျိုး မြှုပ်နှံ ပြုကြပါသတည်း။

ဤကုသလ မြတ်ပုည၏ နိသံသစက် အကျိုးဆက်ကြောင့် ဆိုးကွက် အနိဋ္ဌ မြူမခဘဲ ကမ္ဘာ့အမြတ် ဘဒ္ဒကပ်ဝယ် ငါးရပ်အကြိမ် နိဗ္ဗာန်အိမ်သို့ မတိမ်မဝှက် ငြိမ်သက်ယောဉ် ဖောင်မဂ္ဂင်ဖြင့် ဆောင် တင်ကယ်ပို့တော်မူမည့် မိတ်ဆွေရန်သူ ထပ်တူမခြား ဇာတ်မပြားဘဲ စီးပွားဆောင်ဟိတ် ဂုဏ်ဝိသိသ်ကြောင့် အရိမေတ္တေယျ သမ္ဗုဒ္ဓဟု

ပါကဋ္ဌပျံ့ကျော် နန်းကုံကော်ဝယ် စံတော်ခေတ်ခါ လေးသစ္စာကို ပိုင်စွာထိုးထွင်း သိညာဏ်ရှင်းသည်--------အောင်ခြင်းမင်္ဂလာ အောင်စေသောဝ်။

(ရှေးဆရာတစ်ဦး ရေးသားသည်။)

---

## ဂိုဏ်းအုပ် ဂိုဏ်းထောက် တိုက်အုပ် တိုက်ကြပ် တင်မြှောက်သော စာတမ်း

လောကသုံးပါး၌ အတုမရှိ မနှိုင်းယှဉ်အပ် မြင့်မြတ်ကဲလွန် ဘုန်းတော် ဂုဏ်တော် တန်ခိုးတော် အပေါင်းတို့နှင့် ပြည့်စုံတော်မူသော သဗ္ဗညု မြတ်စွာဘုရား၏ သာသနာတော်မြတ်၌ ဂန္ထဓုရ ဝိပဿနာဓုရ နှစ်ပါးကို ပွားများအားထုတ်ကြလျက် (          )မြို့၊ (                    )ကျောင်းတိုက်အတွင်း၌ အမြဲမှီတင်း သီတင်းသုံးတော်မူကြကုန်သော သံဃာတော်အရှင်မြတ်တို့သည် (          ) ကျောင်းတိုက် တိုက်အုပ်ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက် မိမိတို့၏ တိုက်တာ သံဃာတော်တို့၏အပေါ်၌ ဝိနည်းတရားတော်နှင့်အညီ စီရင်ထိန်းအုပ် အကြီးအချုပ်ဖြစ်သော တိုက်အုပ်ဆရာတော်ကင်းမဲ့ လစ်လပ်လေရကား ပန်းသီတန် ပန်းသီခြေတို့ဖြင့် မသီကုံးအပ်လေကြမ်းခတ်သော ပန်းတို့သည် ဖရိုဖရဲ တကွဲတပြား ကွဲပြားလေကုန်သကဲ့သို့လည်းကောင်း၊ ဆင် မျောက် ခါ တိရစ္ဆာန် သတ္တဝါတို့သည်ပင်လျှင် တစ်ဦးကိုတစ်ဦး ငယ်သူက ကြီးသူအပေါ်၌ ရိုသေ [illegible]ညွတ်မှု ပြုကြသည်ကို ထောက်ရှု၍လည်းကောင်း၊ သာသနာနှင့်

အတ္တပစ္စတ် ချဉ်းလာကပ်၍ ပစ္စတ်လေဆိုး တိုက်ဖျက်တိုးလည်း တိုက်တာသံဃာပေါင်း များစွာတို့ကို ဖရိုဖရဲ တကွဲတခြား အကွပ်မဲ့ကြမ်း ပရမ်းပတာ မကွဲပြားစေကုန်လျက် တစ်တိုက်တည်း၌ တစ်ဖွဲ့တစ်စည်း တစ်ဂိုဏ်းတည်းဖြစ်သဖြင့် သံဃသုဋ္ဌု သံဃဖာသု အကျိုးငှါလည်းကောင်း၊ မိမိတို့၏တိုက်တာ သံဃာတို့၏ အပေါ်၌ ဝိနည်းတရားတော်နှင့်အညီ စီရင်ထိန်းအုပ် အကြီးအချုပ်ဖြစ်သော တိုက်အုပ်ဆရာတော် ကင်းမဲ့ လစ်လပ်ခဲ့က ရဋ္ဌသုည အရာဇကံ ကျမ်းဂန်နှင့်အညီ မင်းမဲ့ပြည်မှန် တိုင်းနိုင်ငံသည် ရန်သူမလေး ဂုဏ်သိမ်မှေး၍ တဖြည်းဖြည်း ကွယ်ပျောက် သုဉ်းဆိတ်ခြင်းသို့ ရောက်သကဲ့သို့ တိုက်နေသံဃာပေါင်း များစွာတို့သည်လည်း ရှင်လူမလေး ဂုဏ်သိမ်မှေး၍ တဖြည်းဖြည်း ကွယ်ပျောက် သုဉ်းဆိတ်ခြင်းသို့ ရောက်ကြမည်။

ထို့နောက်တစ်ဖန် ကိုးကွယ်ဆည်းကပ် အလေးပြုအပ်သော ပုဂ္ဂလဝိသေသ ဌာနမဲ့လျင်း အနာထာဝါသ နေထိုင်ကြခြင်းလည်း ဖြစ်သဖြင့် ရှေးသူတော်ကောင်းတို့၏ လမ်းကောင်းကျင့်ထုံး ဓလေ့ထုံးတို့လည်း မဟုတ်ချေ။ သို့ဖြစ်လေ၍ မိမိတို့၏ တိုက်နေ သံဃာပေါင်း များစွာတို့အား အဘိဝါဒန ပူဇာစနှင့် ဂါရဝမင်္ဂလာ အခါခါ ဖြစ်ပွား ထူးမြတ်သော ကုသိုလ်တရားဖြင့် အာယုဝဏ္ဏ သုခဗလ လေးဝအကျိုး ပွားတိုးစေခြင်းငှါလည်းကောင်း၊ ( ) ဤကျောင်းတိုက်ကြီး၏အတွင်း သီတင်းသုံး နေထိုင်တော်မူကြကုန်သော သံဃာတော် အရှင်မြတ်တို့၏ ဂန္ထဓုရ ဝိပဿနာဓုရ တရားနှစ်ပါးကို ချမ်းသာစွာ ပွားများနေထိုင်ရခြင်း အကျိုးငှါလည်းကောင်း၊ လဇ္ဇီပေသလ သိက္ခာကာမ ခမာဇာဂရိယ စသည်ဥသုံ ဂုဏ်ပေါင်းစုံသော ( )မြို့၊ ( )တိုက်၊ ( )ကျောင်း၊ (ဦး )ဆရာတော် ဘုရားကြီးကို

မိမိတို့၏ တိုက်တာသံဃာတော်တို့၏ အပေါ်၌ ဝိနည်းကံနှင့် အညီ စီရင်ဆုံးဖြတ် ပြုပြင်အပ်သည့် အရပ်ရပ်သော အမှုအခင်းကိစ္စ ဟူသမျှတို့၌ တိုက်အုပ် ဆရာတော်၏အဖြစ် ၄င်းတိုက်အုပ် ဆရာတော်၏ အတိုင်ပင်ခံ အောက်လက်ရုံက စီမံဆောင်ရွက် ဓမ္မစက်ကို မဖျက်မသိ ရှေးထုံးမှီအောင် ကူညီအားပေး ထောက်ပံ့ပေးလျက် တိုက်ရေးရာမှု တာဝန်ပြုစေခြင်းငှါ( )ကျောင်း ဆရာတော် (ဦး )နှင့်( )ကျောင်း တိုက် ဆရာတော်(ဦး )တို့ကို တိုက်ကြပ်ဆရာတော်၏ အဖြစ်ကို ( )ခု၊ ( )လ၊ ( )ရက်၊ ( )နေ့၊ ( )နာရီအချိန်၌ ( )တိုက်၊ ( ) ကျောင်း၌ သံဃာ့အစည်းအဝေးတွင် တိုက်တာသံဃာအပေါင်းတို့၏ သဘောတူ ရွေးကောက်သမုတ် တင်မြှောက်တော်မူကြသည်။

(ရှေးဆရာတစ်ဦး ရေးသားသည်)

---

# မင်္ဂလာ ဩဘာစာတမ်း

ဇယတ္တာယံ အောင်သူတကာတို့၏ အဂ္ဂါဓိပတိ အောင်ဘိ သေက ပဝရာဓိပဝရ မဟာဇေယျသဝဂုဏ်ထူး အောင်ပွဲမျှ အစစ် ဖြစ်တော်မူသော ဂေါတမနွယ်ဖွား ဘုံသုံးပါး၌ ပြိုင်ရှားကင်းဘိ ဝိသုဒ္ဓိဖြဟွာ မဟာရာဇိန္ဒ ဓမ္မသနင်း မင်းမင်းသရဖူ မှန်ကူအာသရေ ပရမေဖျော့ ဘုရားသယမ္ဘူ ဓမ္မရာဇာသည် စက္ကဝါဠဟိုရ် မြင့်မိုရ်

ဟောင်လုံးတမျှ သုဝဏ္ဏသိင်္ဂါ ထိန်ဝါစေကြား ရွှေသားဇာတိ ဘိသိက်လျှံဘိ မဏိကဏ္ဍနှာ ဝဇီရာဇာတ် နဝရတ်ဖြိုးထု ထီးရိုးဖြူ လျက် စကြဝဠာ သင်္ချာတွက်ကိန်း ကုဋေတစ်သိန်း ပိတ်လိမ်းငွေစက် ထီးရွက်ထင်းပန်း နှုန်းနှန်းမက ဝိမုတ္တိရသ အတိမဟန္တအချက် စိန်ဝန်းစက်ဖြင့် ဖြန့်ကြက်သွန်းသွန်း ကြယ်ရှင်ထွန်းလျက် ကနက္က ဒါန် စိန်လျှံထီးထီး ထီးဖြူကြီးကို ညီးညီးတင့်တင့် ဖွင့်လှစ်စိုက်ထူ ဖြန့်မိုးတော်မူပြီးလျှင် မရုနရာ ဗြဟ္မာအတိ တြိဘဝန ဩကာသ ခေတ်အတွင်း၌ မှီတင်းခိုခ ဇောတပ ပူလှညီထွေ များဗိုလ်ခြေ တို့အား ခိုစေရကား ရိရှားကိုယ်တွင်း ပူပန်ခြင်းတို့မှ လွတ်ကင်းဝေးပ ဘေးမခဘဲ အေးမြချမ်းသာခြင်းသို့ ရောက်ကြရသတည်း။

ယင်းသို့ညွှန်ဘိ အတိဝိသုဒ္ဓိ ဗြဟ္မာ ဘုရားရတနာ၏ ကောင်း စွာစိုက်ထူ လောကုတ္တရာသရဖူ ထီးဖြူတော်ကြီး ဘိတ်ဆီးလျှံကြွား ငွားငွားစွင့်စွင့် မကိုဋ်ဆင့်ဆင့် ဖြူဝန်းတင့်၍ ဖွင့်တော်မူဆဲအခါ မဟာဆတ္တ ပရမတမွတ် အထွဋ်အထိပ် ထီးရိပ်ခိုလှုံ ယုံကျုံဆန္ဒ ခာတုင္ဂအမွေခံ ဆက်ခံရင်းဦး သားကြီးရတနာ မဟာထေရ်အပေါင်း ဘို့တွင် ဘစ်ပါးအပါအဝင် မဟာအာဂထေရ် ရာဇဗြိုဟ်ဟု နဂိုရ် သမိုင်း ဗဟိုရ်တိုင်း၌ ခက်ကြိုင်းညွှန့်ရှင် စရည်းပင်ရောက်ရာ လိုဏ် ဝေဘာဝယ် ပဋ္ဌမာဒိက လက်မွန်စ၍ မဆွသင်္ဂါယနာ တင်သော အခါ၌ မဟာနာ နာဂိန္ဒ တတိယ အဂ္ဂသာဝက မဟာကဿပသခင် ထေရ်အရှင်မှ အစဉ်မပျက် အနွယ်ဆက်သော (ဆရာစဉ်ဆက်)တို့မှ ဂေါတ္တနွယ်စက် ဆက်ကာဆက်ကာ သန့်ရှင်းစွာလာခဲ့သော မဟာ အဘိဓဇဝံသ ဂုဏ်ဥပသမ္ပဒ သမဏညွှန့်လန်း ဘိသိက်ဖြန်းသော ရဟန်းမြတ်ဖြစ်သည့်နေ့က စ၍ ဖဝါးကတ္တား ကြွသွားနတ်ထံ ပျံလွန်ထက်သွား လျှံအိုင်ကြွားကြွား ပတ္တမြားတမွတ် ငွေဝတ်ပွင့်ဝါ စန်းစန္ဒာကဲ့သို့ ကောင်းစွာစင်ကြယ် စမွါယ်စကား ခြသားမိုးစွေ

သင်းခွေဖက်ဆွတ် ဂေါ်ဝတ်အိမ်ဒန်း အနန်းရင်ခတ် ဆတ်သွားဖူး အငုံ ဂန္ဓာရုံတို့ထက် ဆတက်ပျံ့သင်း မွှေးကြိုင်ခြင်း ရှိတော်မူသော သီလဝန္တဂုဏ်၊ တိုက်စက္ကဝါ ရိုက်လျက်ကာသား မဟာအဏ္ဏဝ သမုဒ္ဒလယ်ချက် စိုက်လျက်မတ်ရတ် အထပ်အထပ် ခွေဝန်းချပ်လျက် ပဗ္ဗတုတ္တမ ကနကမယေ မိုယ်းညွှန့်ဖွေဝယ် ခုနစ်ခွေမြုံ တောင်ရေ ရုံလျက် အောင်ဘုံကေတု သိနေရုကို ဝါယုမုသုံ တိုက်လှွင့်တုံလည်း မတုံမယိုင်ဘိသကဲ့သို့ ခိုင်တည်ခြင်းရှိတော်မူသော သမာဓိဂုဏ်၊ တစ်ခွန်းလှိုင်က ကြားတိုင်းသူတို့ နှစ်လိုအေးကြည် ခိုင်တည်ယဉ်ကျေး နက်လေးသားနား မင်္ဂလာရှိသော စကားတို့ကိုသာ ပြောဟော တော်မူလေ့ရှိသော ဝါစာသိလိဌ သုဘာသိတဂုဏ်၊ လာဘာလာဘ စသည်ရှစ်တန် လောကဓံတို့ကြောင့် ဖောက်ပြန်မရှိ သည်းခံဘိသော ခန္တိသောရစ္စဂုဏ် စရှိပြောဟုံ ဂုဏ်အပြည့်အနက် အမြတ်ရတနာ မဟာသေတ္တု လူ့အမြုတေအစစ် ဖြစ်ကြီးဖြစ်တော်မူသည့် သက္ကရာဇ် (                )ခု၊ (          )လ၊ (          )ရက်၊ (          )နေ့ ဘဝနတ်ထံ ပျံလွန်တော်မူသော ( ဦး                    )ဆရာတော် ဘုရားကြီးသည် ညီးညီးထိန်ဝါ ဝတီံသာမှ က္ကန္ဒာသိကြား နတ် ရထားဖြင့် ပင့်ငြားအဖြစ် ထိုသနစ်ကြောင့် နတ်ခေတ်စံခန်း ဝတီံနန်းသို့ ကြွမြန်းစံဝင်တော်မူသတည်း။

ယင်းသို့နတ်ထံ စံဝင်တော်မူရာ သေသာကြွင်းလတ် ဥတုဇ ဇာတ် ရုပ်တော်ဓာတ်ကို ကြာကလပ် ကြွားကြွား ရွှေသား ငွေသား စိန်သားလျှံရဲ ပုလဲခေါင်မြတ် နဂါးခွေပတ် နဝရတ်ပြိုးပြုံး မိုးလုံး လျှံညီး ဥသုံပြီး၍ ထီးဖြူတော်ဖွင့် အခွင့်ထုံးတမ်း အခမ်းအနား သို့ ရောက်ရကား----။

**ခဂ္ဂေါ စ ဆတ္တမုဏှီသံ၊ ပါဒုကာ ဝါလဗီဇနီ။**
**က္ကမေ ကကုဓဘဏ္ဍာနိ၊ ဘဝန္တိ ပဥ္စရာဇူနံ။**

ဟူသော ကျမ်းဂန်အလာ မင်းမြှောက်တန်ဆာ ငါးပါးတို့တွင် အပါအဝင် မဟာဥကင် သီဟာသနပလ္လင်တော်၏ လက်ဝဲဘက်၌ ကနက္ကဒါန်ထီး၊ သူရိယထီး၊ ပဒုမထီး၊ သမုတိထီး၊ လက်ယာဘက်၌ ကမ္ဗုထီး၊ ကုမုဒထီး၊ ဝိသုကြုံထီး၊ ထိန်ညီးလင်းလင်း ရှစ်စင်းသော ထီးဖြူတော်တို့နှင့် သက္ကရာဇ်(      )ခု၊(      )ဥတု၊

(      )လ၊ (            )ရက်၊ (            )နေ့တွင် နာရီစဉ်တီး၌ သဘင်ရှိန်ရှိန် ညီးညီးညံညံ ပွဲပေါင်းစုံရှုပြီးလျှင် တီးမှုတ်ဟန် အမျိုးမျိုး ကကြိုးက အထွေထွေ ပထဝီမြေကြီး ပွဲတင်စီးလျက် ဟည်းဟည်းသံဝါ အညာကြီးညာစေလျက် ဖြူဟွာသိကြား နတ်လူအများတို့က မားမားကိုယ်တိုင် ကိုင်ကာအသင့် ကြည်ရွှင်သမ်းမျှင် ဖြူဝန်းတင့်ရဲ ထွန်းဖွင့်ပူဇော်ရာ ထုတိထောပနာ ဤအခါဝယ် မင်္ဂလာဩဘာ စာတမ်းကို တခမ်းတနား ဖတ်ဆို ပူဇော်ပါသတည်း။

ဖြူဟွာလူနတ် အရပ်ရပ်ဝေနေ များဗိုလ်ခြေတို့က အထွေထွေသော သဘင်ပွဲ တစ်နည်းနည်းသော တီးကွက်အချက်ချက်သော ကကြိုးများနှင့် သားနားစွာသော အောင်သံအရေးကို နတ်လေးသံဟုန် ဝသုန်ရိုက်ချောင်း ပွဲတင်ညောင်းအောင် ကောင်းမွန်သည့် ဩဘာ မင်္ဂလာ ပေးကြစေကုန်သတည်း။

(ရှေးဆရာတစ်ဦး ရေးသားသည်။)

**ကျေးဇူးတော်ရှင် ဆရာတော် (                    )၏**

**အန္တိမဗျာပန သာရဏီယနသဘင်**

# ပင့်လျှောက်လွှာပါဘုရား

ရိုသေလေးမြတ်စွာ ပင့်လျှောက်အပ်ပါသည် အရှင်သူမြတ်ဘုရား၊ အမြတ်တကာ့အမြတ် အထွဋ်တကာ့ဘုရင် တုဖက်ကင်းစင်တော်မူ၍ သယမ္ဘူဓိပတိ မုနိအစစ် ဖြစ်တော်မူသော သုံးလောကစက္ခု သဗ္ဗညုဘုရားရှင်၏ ပရိယတ် ပဋိပတ် ပဋိဝေဓခေါ် သာသနာတော်သုံးရပ် စည်ပင်ပြန့်ပွား အကျိုးများပါစေရန် သီတင်းသုံးနေလေ့ရှိသော ဆရာတော် အရှင်သူမြတ်တို့ဘုရား---။

ဂါမဝါသီ လဇ္ဇီပေသလ သိက္ခာကာမ ဘာဝနာရာမ သဒ္ဓမ္မမာမက ယုတ္တအာဏာက သီလသမာဓိ ပြည့်စုံခြင်း ရှိတော်မူသော (                    )မြို့၊ (                    )ရွာ၊ (                    )ကျောင်း၌ မျှညီရွှင်ပြုံး သီတင်းသုံးတော် မူလေ့ရှိသော ကျေးဇူးတော်ရှင် (ဦး                    )ဆရာတော်ဘုရားသည်-----

**ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေတံ မဟေသိနော။**
**န ဘယေန န လဇ္ဇာယ၊ မရဏံ ဝသမာဂတံ။**

ဟူသော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကျမ်းဂန်လာသည်နှင့်အ
၃၁-ခွင် ဘုံအပြင်ဝယ် သီလ သမာဓိ ပညာ နှိုင်းယှဉ်၍ မရပါသေ
အစိန္တေယျ သုံးလောကသခင် ဘုရားမြတ်စွာသည်ပင် ရှော

သော်လည်း မရဘဲ မရဏာမင်း သေမင်းခံတွင်းသို့ သက်ဆင်းရသည့် နည်းတူ သက္ကရာဇ်(　　)ခု၊ (　　)လ၊ (　　)ရက်၊ (　　)နေ့၊ (　　)နာရီ၊ (　　) မိနစ် အချိန်တွင် သဇီဝမှ နိဇ္ဇီဝသဘောသို့ ပြောင်းကြွသွားပါ၍ ကျန်ရစ်သော ဥတုဇရုပ်ကလာပ်အလောင်းကို သက္ကရာဇ်(　　)ခု၊ (　　)လ၊ (　　)ရက်၊ (　　)နေ့၊ (　　)နာရီ၊ (　　)မိနစ်အချိန်တွင် ခေါင်းသွင်းပြီး ပန်းကြာကလာပ်ခေါ် စံကျောင်းပေါ်သို့ ပင့်ဆောင်လျက် ထားရှိခဲ့ပါသည်။

ယခုတစ်ဖန် ကြွင်းကျန်သော ရုပ်ကလာပ်အလောင်းကို သက္ကရာဇ်(　　)ခု၊ (　　)လ၊ (　　)ရက်၊ (　　)နေ့၊ (　　)နာရီ၊ (　　)မိနစ်အချိန်တွင် စုပေါင်းညီညာ ထူပါရဟ ပုဂ္ဂလဝိသိသ် ရည်ညိတ်စိတ်ထား သဒ္ဓါတရားဖြင့် လောင်တိုက်တလား၊ စံကျောင်းဆွဲတလား၊ စံချိန်ကာက လား၊ ပြာသာဒ်မဏ္ဍပ် ညဇာတ်ပွဲအရပ်ရပ်တို့ဖြင့် ပူဇော်ချီးမြှောက်လို ပါသည်ဖြစ်၍ ကြွရောက်တော်မူပြီးလျှင် အနိစ္စ ဒုက္ခ အနတ္တတရား ပွားများပြီးကာ ဘဝနတ်ထံ ပျံလွန်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော်(ဦး　　)အား ဖြစ်လေရာ ဘုံဘဝတို့၌ လူ၌ဖြစ်သော စည်းစိမ်ချမ်းသာ၊ နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာတို့ကို ခံစားစံစား ပါရစေခြင်းအကျိုးငှါ လှူဒါန်း ဖွယ်ဝတ္ထု အစုစုတို့ကို လက်ခံတော်မူ ပါရန် အဆိုပါ နေရပ်ဌာနသို့ ကြွရောက်တော်မူပါမည့် အကြောင်းကို ပင့်လျှောက်အပ်ပါသည် အရှင်သူမြတ်ဘုရား။

**တာဝန်ခံဆရာတော်များ　　ဈာပနတာဝန်ခံလူကြီးများ**

| | |
|---|---|
| ၁။ _ _ _ _ | ၁။ _ _ _ _ |
| ၂။ _ _ _ _ | ၂။ _ _ _ _ |

## ထုတိထောမနာ ဂါထာများ

သီလဝါ သုတသမ္ပန္နော၊ ပညဝါ သုသမာဟိတော။
မရဏာသ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ။
(ယ-၉-ယ-၉)

ယောပိ-ပစ္စုပ်သံသာ နှစ်ဖြာအကျိုး ပွားတိုးစေတတ် အကြင်(ဦး )အရှင်မြတ်သည်လည်း။ သီလဝါ-ပါတိမောက္ခ သံဝရ သီလစသည်တို့၌ အသက်ကို ပဓာနမထား သီလကိုသာ ဦးစားပေးတတ်ပါ၏။ သုတသမ္ပန္နော-သက္ကဋ ဘင်္ဂလီ နာဂရိ အင်္ဂလိပ် အူရဒူစသော လောကီအကြားအမြင် ပိဋကစာပေစသော လောကုတ္တရာ အကြားအမြင်သည် ပါရမီအလျောက် ထွန်းထွန်းပေါက်ပေါက် ရှိပါပေ၏။ ပညဝါ-ဤကား သံသရာ ရှည်စေတတ်သော လောကီပညာ၊ ဤကား သံသရာတစ်ဖက်ကမ်း တက်လှမ်းစေနိုင်သော လောကုတ္တရာပညာ အသိဉာဏ် အဖြာဖြာတို့ဖြင့် အံ့သြလောက်အောင် စွမ်းဆောင်နိုင်ပါ၏။ သုသမာဟိတော-ပုထုဇဉ်မှာ ရှာမှရှား ဆန့်ကျင်ဘက်တရားတို့နှင့် တွေ့ဆုံကြုံကြိုက်က မယိမ်းမယိုင် ကျောက်စာကိုင်တမျှ တည်ကြည်ခန့်ညားလှပါ၏။ သောပိ ထေရော-ပစ္စုပ်သံသာ နှစ်ဖြာအကျိုး ပွားတိုးစေတတ် ထို(ဦး )အရှင်မြတ်သည်လည်း။ မရဏာသ-ရုပ်နာမ်ဇီဝိတ အဆက်ပြတ်ခြင်းမျှကြောင့် သမုတိမရဏာ သေခြင်း မမွှ၏။ ဝသံ-ပိုင်ပြီနိုင်ပြီ သူ့နိုင်ငံဆီသို့။ ပတ္တော-ပြေးလွှားပုန်းနေ မလွတ်လေဘဲ ရောက်ရရှာလေ၏။ မာဒိသေသု-အဆိုပါတရား၊ သူ့လောက်ပင် မရှိငြားလေသည့် ငါတို့၌ကား။ ကထာဝ-ပိုင်အောင်

နိုင်အောင် ကြံဆောင် ပြောဆိုခြင်းသည်သာလျှင်။ ကာ-ဆန့်ကျင် ဘက်ပြု တုဖက်မှုကြောင့် တကယ်မရနိုင်သည်ဖြစ်၍ အဘယ် ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း။

**အနုကမ္ပါယ သမ္ပန္နော၊ ဣန္ဒြိယေသု စ သံဝုတော။**
**သောပိ မစ္စုဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ။**

(ယ-၉-ယ-၉)

ယောပိ ထေရော-နိဗ္ဗူကြွင့်န်း အောင်စခန်းသို့ တက်လှမ်း လိုငြား အကြင်(ဦး )ဆရာတော်ဘုရားသည်။ အနုကမ္ပါယ-သနားချီးမြှောက် ဝါသနာအလျောက် သူ့တပည့် ငါ့တပည့် ငါ့ဂိုဏ်း စိတ်ထင်တိုင်း မခွဲခြားသည် သနားမေတ္တာ ကရုဏာတရား လက်ဆုပ်လက်ကိုင် ထားခြင်းနှင့်။ သမ္ပန္နော- အထက်အထက် ဘဝါဘဝက ပါရမီအဆက်ဆက် ပြည့်ဝလာသဖြင့် ပစ္စည်းပစ္စယတို့၌ ငဲ့ကွက်ခြင်းမရှိ သူတော်ကောင်းစိတ် အရောင် တဖိတ်ဖိတ်တို့ဖြင့် စုံညီပြည့်ဝလှပါပေ၏။ ဣန္ဒြိယေသု-စောင့်စည်း နိုင်ခဲ ထိန်းသိမ်းနိုင်ခဲ သံသရာ၌ တဝဲလည်လည် ကျင်လည်စေတတ် သော စက္ခုစငြား ဣန္ဒြေတရားတို့၌။ သံဝုတော-သတိတမံ ဉာဏ်မြေ ကတုတ် ပညာဉာဏ်စွမ်း ချွန်းကဲ့သို့ အုပ်ခြင်းလည်း ရှိတော်မူပါ ပေ၏။ သောပိ ထေရော-နိဗ္ဗူကြွင့်န်း အောင်စခန်းသို့ တက်လှမ်း လိုငြား ထို(ဦး )ဆရာတော် အရှင်ဘုရားသည်။ မစ္စုဝသံ- ရွံ့ရှာဖွယ်ကင်း ကြောက်ဖွယ်ရှင်းသည့် ရှင်သေမင်း၏ အလိုသို့။ ပတ္တော-ပြေးလွှားပုန်းနေ မလွတ်လေဘဲ ရောက်ရရှာလေ၏။ မာဒိသေသု-အဆိုပ္ပါတရား သူ့လောက်ပင် မရှိငြားလေသည့် ငါတို့၌

ကား။ ကထာဝ-ပိုင်အောင် နိုင်အောင် ကြံဆောင် ပြောဆိုခြင်းသည် သာလျှင်။ ကာ-ဆန့်ကျင်ဘက်ပြု တုဖက်မှုကြောင့် တကယ်မရနိုင်သည်ဖြစ်၍ အဘယ်မှာ ဆိုဖွယ်ရာ မရနိုင်အံ့နည်း။

**ဂမ္ဘီရော ဓမ္မစာရိတ္တော၊ သန္တော စေဝ အနုတ္တရော။**
**မရဏာဘိမုခေါ သောပိ၊ မာဒိသေသု ကထာဝ ကာ။**

(ယ-၄-ယ-၄)

ယောပိ ထေရော-တာဝတိံသာ နတ်တို့ရွာဝယ် အာသာဝတီ နွယ်နီပန်းပမာ သာသနာ၌ စံတင်ထိုက်သော အကြင်(ဦး ) ဆရာတော် ဘုရားသည်လည်း။ ဂမ္ဘီရော-အကျိုးအတ္ထ အကြောင်းဓမ္မ ဟောပုံဒေသနာကို ထိုးထွင်း၍သိခြင်း၊ ပဋိဝေဓ၌ ဝရဇိန် စက်ပမာ နက်နဲခြင်းလည်း ရှိတော်မူပါပေ၏။ ဓမ္မစာရိတ္တော-စာသင်စာချ တရားနှင့် ပတ်သက်သမျှတို့၌ စူးရှထက်မြက်ခြင်းလည်း ရှိတော်မူပါပေ၏။ သန္တောစေဝ-အကုသလဓမ္မ ဟူသမျှတို့၌ ပယ်ရှားစွန့်လျက် ငြိမ်သက်တည်ကြည် ကြေနွှေခန့်ညားခြင်းလည်း ရှိတော်မူပါပေ၏။ အနုတ္တရော စ-(ပဏီတော စ)-သီလ သဒ္ဓါ သူတော်ကောင်းဥစ္စာ ရတနာဟူသမျှတို့၌ ခရုသင်းပွတ်သစ် ပုလဲနှစ်ပမာ ဖြူစင်သန့်ရှင်း ကင်းစင်ခြင်းဖြင့် မွန်လည်း မွန်မြတ်ပါ၏။ သောပိ ထေရော-တာဝတိံသာ နတ်တို့ရွာဝယ် အာသာဝတီ နွယ်နီပန်းပမာ သာသနာတော်၌ စံတင်ထိုက်သော ထို(ဦး )ဆရာတော် ဘုရားသည်လည်း။ မရဏာဘိမုခေါ-မြွေအား ပါးစပ် ဖားများဝင်၍ကပ်ရသကဲ့သို့ ပဋိသန္ဓေ ရေကြည်ကလလ တည်နေသည်က အစ မရဏခံတွင်း ဆင်းသက်ဖို့ရန် ရှေးရှုနေကြရသဖြင့် ဘဝနတ်ထံ ကြွတော်မူရသည်သာတည်း။ မာဒိသေသု-အဆိုပါတရား သူ့ ... လာက်ပင် မရှိငြားလေသည့် ငါတို့၌ကား။ ကထာဝ-ပိုင်အောင်

နိုင်အောင် ကြံဆောင် ပြောဆိုခြင်းသည်သာလျှင်။ ကာ-ဆန့်ကျင် ဘက်ပြု တုဖက်မှုကြောင့် တကယ်မရနိုင်သည်ဖြစ်၍ အဘယ်မှာ ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း။

**နီဝရဏံ ဝိရာဇေတွာ၊ အာတာပီ စ ဝိနိစ္ဆယော။**
**သောပိ မစ္စုဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ။**

(ယ-၉-ယ-၉)

ယောပိ ထေရော-ရဟန်းတရား အစားစား၌ ဝင့်များ လွတ် ရေး စိတ်မှာတွေးပြီး သမာဓိလက်ကိုင် ပိုင်ပိုင်ရရှိတော်မူသော အကြွင်(ဦး )ဆရာတော်ဘုရားသည်။ နီဝရဏံ-ကာမစ္ဆန္ဒ ဗျာပါဒနှင့် ထိနမိဒ္ဓ ဥဒ္ဓစ္စကုက္ကုစ္စ ဝိစိကိစ္ဆာတရား ဈာန်မဂ်ဖိုလ်များကို တားမြစ်တတ်သော ငရဲပန်းသဖွယ် နီဝရဏတရား အသွယ်သွယ်ကို။ ဝိရာဇေတွာ-အသုဘတရား ဆင်ခြင်စဉ်းစားခြင်း စသည်ဖြင့် ကင်း ပျောက်စေပြီး၍။ အာတာပီ စ-ပူပန်စေတတ် နှစ်သက်စေတတ်သည့် ကိလေသာများ ကင်းပျောက်ရာ ကင်းပျောက်ကြောင်း သမထ ဝိပဿနာ တရားကောင်းများကို မနေမနား ကြိုးစား အားထုတ်ခြင်း လည်း ရှိတော်မူပါပေ၏။ ဝိနိစ္ဆယော-ဉာဏတဏ်ာ တစ်ဖြာဒိဋ္ဌိ ဝိတက်ရှိသဖြင့် သံသရာတရား တောမြိုင်ကြား၌ ရွေးချယ်ဆုံးဖြတ် ခြင်းလည်း ရှိတော်မူ၏။ သောပိ ထေရော-ရဟန်းတရား အစားစား၌ ဝင့်များလွတ်ရေး စိတ်မှာတွေးပြီး သမာဓိလက်ကိုင် ပိုင်ပိုင်ရရှိတော် မူသော (ဦး )ဆရာတော် ဘုရာကြီးသည်။ မစ္စုဝသံ-ရွံရှာဖွယ်ကင်း ကြောက်ဖွယ်ရှင်းသည့် ရှင်သေမင်း၏ အလိုသို့။ ပတ္တော-ပြေးလွှားပုန်းနေ မလွတ်လေဘဲ ရောက်ရရှာလေ၏။ မာဒိသေသု-အဆိုပါတရား သူ့လောက်ပင် မရှိငြားလေသည့် ငါတို့၌ကား။ ကထာဝ-ပိုင်အောင် နိုင်အောင် ကြံဆောင် ပြောဆိုခြင်း

သည်သာလျှင်။ ကာ-ဆန့်ကျင်ဘက်ပြု တုဖက်မှုကြောင့် တကယ် မရနိုင်သည်ဖြစ်၍ အဘယ်မှာ ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း။

(ဩဘာမင်္ဂလာ ဆုတောင်း၊ တင်မြှောက်သော စာတမ်း၊ မင်္ဂလာ ဩဘာစာတမ်း၊ သာဓုကီဠနသဘင် ပင့်လျှောက်လွှာ၊ ထုတိထောမနာ ဂါထာများတို့ကား အလိုရှိသူများ နည်းမှီရန် ထည့်ထားသည်။ ကိစ္စတစ်ခုခု ပေါ်လာက လက်တွေ့အလုပ်ကား မလွယ်ကူ)

---

## ရေဝတီအမျိုးသမီး

အရှင်သာရိပုတ္တရာ၏ တပည့်မ ရေဝတီအမျိုးသမီးသည် အရှင်သာရိပုတ္တရာ ဈာပနအား ပူဇော်အံ့ဟု ရွှေပန်းအိုးသုံးလုံး ပြု၍ လာ၏။ ထိုအခါ ထိုမထေရ်အား ပူဇော်ရန် သိကြားမင်းသည် ကချေ သည်ပေါင်း နှစ်ကုဋေငါးသန်း ခြံရံလျက် လူ့ပြည်သို့ ဆင်းလာ၏။ နတ်တို့လာ၍ လူများ ဖယ်သွားကြသဖြင့် သူမကား လူတို့ကြား၌ ကိုယ်ဝန်အရင့်အမာနှင့် လဲ၍ လူများနင်းကာ သေ၏။ ချက်ချင်း တာဝတိံသာဝယ် ရွှေဗိမာန်၌ ဖြစ်၏။ ခန္ဓာကိုယ်ကား သုံးဂါဝုတ် ရှိ၏။ အဆင်တန်ဆာမှာ လှည်းအစီး ခြောက်ဆယ်တိုက်ခန့် ရှိ၏။ နတ်သမီးအခြံအရံ တစ်ထောင်ရှိ၏။

ရေဝတီကို အဖော်နတ်သမီးများ မှန်ကို ထောင်ပြ၍ နတ်၏ စည်းစိမ်ကို မြင်ရကာ မိမိ၏ အရှင်သာရိပုတ္တရာ ဈာပန၌ ရွှေပန်းအိုး သုံးလုံးကို လှူဖူးကြောင်းကို သိ၏။ ရွှေဗိမာန်နှင့်တကွ လူ့ပြည်သို့ ဆင်းလာ၍ လူတို့အား မိမိအကြောင်းကို ပြော၏။

အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကိုလည်းကောင်း၊ လူတို့အား ဒါနစသည်ပြုရန်လည်းကောင်း ပြောပြီး ပြန်သွားလေသည်။

ထို့ကြောင့် သတိထားကာ ကုသိုလ်များကို ပြုအပ်၏။

**သုခံ အကတပုညာနံ၊ ဣဓ နတ္ထိ ပရတ္ထ စ။**
**သုခဉ္စ ကတပုညာနံ၊ ဣဓ စေဝ ပရတ္ထ စ။**

(ပေတဝတ္ထုပါဠိတော်၊ ၁၆၈)

အကတပုညာနံ-မပြုအပ်သော ကုသိုလ်ရှိကုန်သော သူတို့အား။ သုခံ-ချမ်းသာသည်။ ဣဓ စ-ဤလောက၌လည်းကောင်း။ ပရတ္ထ စ-တမလွန်ဘဝ၌လည်းကောင်း။ နတ္ထိ-မရှိ။ ကတပုညာနံ-ပြုအပ်သော ကုသိုလ်ရှိကုန်သော သူတို့အား။ သုခဉ္စ-ချမ်းသာသည်လည်း။ ဣဓ စေဝ-ဤဘဝ၌လည်းကောင်း။ ပရတ္ထ စ-တမလွန်ဘဝ၌လည်းကောင်း။ အတ္ထိ-ရှိသည်သာတည်း။

အမှတ် ၂၈၅၅၇
ရက်စွဲ ၂၃-၉-၂၀၁၃
စာကြည့်တိုက်

# ကျမ်းပြီးနိဂုံး

ဣမိနာ ပုညကမ္မေန၊ ပညာဝိကော ဘဝါမဟံ။
ဣစ္ဆိတတ္ထော စ ပါဏီနံ၊ သုခေနေဝ သမိဇ္ဈတု။

(ယ-ဧ-ယ-ဧ)

အဟံ-ဦးဝရသာမိဘိဝံသ ခေါ်ကြသမုတ် အကျွန်ုပ်သည်။ ဣမိနာ ပုညကမ္မေန-အလှူရှင်များအကြောင်း သိကောင်းစရာ သညာတင့်ဆန်း ဤသည့်ကျမ်းကို ကြိုးစားအားထုတ် ပြုလုပ်ရသော ကောင်းမှုရှိန်စော် အာနုဘော်ကြောင့်။ ပညာဓိကော-နန်းဗိမာန် မရမချင်း ဘဝတိုင်း ဘဝတိုင်း အတွင်း၌ ဝရဇိန်စက်ပမာ ပညာဉာဏ်ရောင် လက်လက်ဝေ၍ ထိန်ထိန်ပြောင်သော အမျိုးကောင်းသားသည်။ ဘဝါမိ-ကြံတိုင်းလည်းအောင် ဆောင်တိုင်းလည်း မြောက်စိတ်ထင်တိုင်း ပေါက်ရောက်ရပါလို၏။ ပါဏီနံ-ကြွင်းကျန်များစွာ သတ္တဝါအနန္တ ဝေနေယျတို့၏။ ဣစ္ဆိတတ္ထော စ-ကြံစည်တောင့်တ လုံးဝအကျိုး ပြည့်ဖြိုးကြွယ်စုံ ကုံလုံခြင်းသည်လည်း။ သုခေနေဝ-စိတ်ချလက်ချ ကိုယ်စိတ်ချမ်းသာ သုခဖြင့်သာလျှင်။ သမိဇ္ဈတု-ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အကြံဖြင့် အလိုရှိတိုင်း မဆုတ်ဆိုင်းဘဲ ပြီးပြည့်စုံပါစေသတည်း။

(အလှူရှင်များအကြောင်း သိကောင်းစရာ)

**ပြီး၏**

အရှင်ဓမ္မဇောတိ

(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

## ရေးသားပြုစု၍ ထုတ်ဝေပြီးသည့်စာအုပ်များ

**၁။ အာဂုံဆောင်ဒွေမာတိကာ**

ကွန်ပျူတာအနက်တေးများ၊ အစိုးရပါဠိပထမပြန်စာမေးပွဲ နှစ်ပေါင်း (၃၀) ကျော်ပါဠိ, အနက်ပုစ္ဆာအညွှန်းများနှင့် သိက္ခာပုဒ် အစဉ်, ဝဂ်အစဉ်ကို ထိန်းသိမ်းပေးမည့် ဂါထာများပါဝင်ကြပါသည်။

**၂။ အာဂုံဆောင် ကစ္စည်းသဒ္ဒါ (ပထမတွဲ)**

**၃။ အာဂုံဆောင် ကစ္စည်းသဒ္ဒါ (ဒုတိယတွဲ)**

ကွန်ပျူတာအနက်တေးများ၊ အစိုးရပါဠိပထမပြန်စာမေးပွဲ နှစ်ပေါင်း (၃၀) ကျော် ပုစ္ဆာအဖြေများ၊ ဓာတ်,ပစ္စည်းခွဲပုံများနှင့် ပုဒ်စပ်, ပုဒ်ဖြတ်များ ပါဝင်ကြပါသည်။

**၄။ အာဂုံဆောင် အဘိဓမ္မာ**

ကွန်ပျူတာအနက်တေးများ၊ အစိုးရပါဠိပထမပြန်စာမေးပွဲ နှစ်ပေါင်း (၃၀) ကျော် ပါဠိ, အနက်ပုစ္ဆာအညွှန်းများ ပါဝင်ကြပါသည်။

**၅။ အာဂုံဆောင် ဇာတ်အဋ္ဌကထာ (ပထမငယ်တန်း)**

**၆။ အာဂုံဆောင် ဇာတ်အဋ္ဌကထာ (ပထမလတ်တန်း)**

ကွန်ပျူတာအနက်တေးများ, သင်ခန်းစာများနှင့် နမူနာပုစ္ဆာများ ပါဝင်ကြပါသည်။

၇။ ဉာဏ်ထူးဆောင်ခိုင်ခိုင်ယဉ်မှု (ပါဠိဘာသာအခြေခံ)

အစိုးရနိကာယ စာပေးပွဲအတွက် အထူးစီစဉ်ရေးသားထားသည့် ကျမ်းစာဖြစ်သည်။

ဖြန့်ချိရေး - ကုသိုလ်ယပိဋကတ်စာအုပ်ဆိုင်
ရွှေတိဂုံဘုရားဟောင်းဘက်ဈေးရုံတော်။

၈။ မင်းကွန်းဘုရားဖူးလမ်းညွှန်

ကမ္ဘာကျော်မင်းကွန်းဒေသရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို သမိုင်းကြောင်းများ, ကာလာဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

ဖြန့်ချိရေး - ၁။ ဟောင်တော်သီကျောင်းတိုက်
ခေါင်းလောင်းတော်ကြီးအနီး
၂။ အာရှမြန်မာပန်းချီအနုပညာပြခန်း

၉။ စစ်ကိုင်းဘုရားဖူးလမ်းညွှန်

စစ်ကိုင်းတောင်ရိုးရှိ တန်ခိုးကြီးဘုရား (၂၇) ဆူကို သမိုင်းကြောင်းများ, ကာလာဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

ဖြန့်ချိရေး - ဆွမ်းဦးပုညရှင် ဂေါပကအဖွဲ့
ကောင်းမှုတော် ဂေါပကအဖွဲ့

၁၀။ ရွှေမန္တလေးဘုရားဖူးလမ်းညွှန်

ရတနာပုံ မန္တလေးရွှေမြို့တော်ရှိ တန်ခိုးကြီးဘုရားများကို သမိုင်းကြောင်းများ, ကာလာဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြ ထားသည်။

ဖြန့်ချိရေး - မဟာမုနိ,မန္တလေးတောင်ဆုတောင်းပြည့်ဘုရား
ဂေါပကအဖွဲ့ရုံးများ

၁၁။ မင်းကွန်းမြေမှ ကမ္ဘာကျော်ကြီးပါးကြီး

အရှင်ဇနကာဘိဝံသ
(ပါဠိပါရဂူ၊ မဟာဂန္ဓာရုံကျောင်းဆရာတော်)
ရေးသားပြုစု၍

# မကြာမီထွက်ရှိတော့မည့် ကျမ်းစာအုပ်များ

## ၁။ ရှုက်ဆေးဆောင် ဒွေမာတိကာ

အာဂုံဆောင် ဒွေမာတိကာနှင့်တွဲဖက်၍ ကျမ်းရင်းအဓိပ္ပာယ်များကို ကိုယ်တိုင်ရောက်ရောက် လေ့လာနိုင်ရန် အထူးစီစဉ်ရေးသားထားသည်။

## ၂။ အာဂုံဆောင် ပေဒါကျမ်းများ

အစိုးရပါဠိ ပထမပြန်စာမေးပွဲ တန်းပေါင်းစုံအတွက် ဒွေမာတိကာ အဖွင့်ကဝိအဋ္ဌကထာကို ဆရာဖြစ်လေ့လာနိုင်ရန်နှင့် အမှတ်ပြည့်ရရှိစေရန် အထူးစီစဉ်ရေးသားထားပြီး ငယ်, လတ်, ကြီးတန်းများတွင် တစ်တန်းစီ သီးသန့် ထုတ်ဝေပါမည်။

## ၃။ အာဂုံဆောင် ရူပသိဒ္ဓိကျမ်းများ

အစိုးရပါဠိပထမပြန်စာမေးပွဲများ တန်းပေါင်းစုံအတွက် ရူပသိဒ္ဓိ ဘာသာကို ဆရာဖြစ်လေ့လာနိုင်ရန်နှင့် အမှတ်ပြည့်ရရှိစေရန် အထူးစီစဉ် ရေးသားထားပြီး ငယ်, လတ်, ကြီးတန်းများတွင် တစ်တန်းစီ သီးသန့် ထုတ်ဝေပါမည်။

## ၄။ အာဂုံဆောင် ဋီကာကျော်ကျမ်းများ

အစိုးရပါဠိပထမပြန်စာမေးပွဲ တန်းပေါင်းစုံအတွက် အဘိဓမ္မတ္ထသင်္ဂဟ အဖွင့်ဋီကာကျော်ကို ဆရာဖြစ်လေ့လာနိုင်ရန်နှင့် အမှတ်ပြည့်ရရှိစေရန် အထူးစီစဉ်ရေးသားထားပြီး ငယ်, လတ်, ကြီးတန်းများတွင် တစ်တန်းစီ သီးသန့် ထုတ်ဝေပါမည်။

## ၅။ ဂုဏ်ထူးဆောင်ဝိနယဝိဒူ (ပါရာဇိကအဖွင့်)

## ၆။ ဂုဏ်ထူးဆောင် ဝိနယဝိဒူ (မဟာဝါ အဖွင့်)

အစိုးရ နိကာယ်စာမေးပွဲအတွက် အထူးစီစဉ်ရေးသားထားသည်။

## ၇။ ပြင်ဦးလွင် ဘုရားဖူးလမ်းညွှန်

တောင်လေ့ကား, ပန်းမြို့တော်, မေမြို့, ပြင်ဦးလွင် အားဖြင့် လေးမည်ရ အပန်းဖြေနားနေရာမြို့တော်ရှိ တန်ခိုးကြီးဘုရားများကို သမိုင်းကြောင်းများ, ကာလာဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

## ၈။ မဟာရန်ကုန် ဘုရားဖူးလမ်းညွှန်

မြို့တော်ရန်ကုန်ရှိ တန်ခိုးကြီးဘုရားများကို သမိုင်းကြောင်းများ, ကာလာဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

## ၉။ ပုဂံ ဘုရားဖူးလမ်းညွှန်

မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ပုဂံရှိ တန်ခိုးကြီး ဘုရားများကို သမိုင်းကြောင်းများ, ကာလာဓာတ်ပုံများဖြင့် ပြည့်ပြည့်စုံစုံ ဖော်ပြထားသည်။

# အလှူရှင်များ အကြောင်း သိကောင်းစရာ

ဤကျမ်းပြုဆရာတော်ကား “ **ဒါနအကြောင်း သိကောင်းစရာ** ” ကျမ်းပြုဆရာတော်ပင်။ ဤစာအုပ်တွင် အလှူရှင်များနှင့် ပက်သက်သည့် ဝတ္ထုတို့ကို တိုတိုရှင်းရှင်းနှင့် တင်ပြထား၏။ ခုခေတ် ခုကာလကား ရှေးကကဲ့သို့ ဝတ္ထုကြောင်းတစ်ခုကို အစအဆုံး မဟောကြတော့ပေ။ ထိုးဇာတ်သဘော ထားကြ၏။ လေ့လာကြည့်ရှုက အကျိုး များပါလိမ့်မည်။ ဆွမ်းကျွေးစသည်တို့၌ တိုတိုဟောနိုင်၏။

ဤစာအုပ်၌ကား ဒါနနှင့်ပက်သက်၍ ဆွမ်းလှူအကျိုး၊ သင်္ကန်းလှူ အကျိုး၊ ကျောင်းလှူ အကျိုး၊ ထီးလှူ အကျိုး၊ ဖိနပ်လှူ အကျိုး၊ အပ်လှူ အကျိုး၊ယပ်လှူ အကျိုး၊ သပိတ်လှူ အကျိုး အလှူအကြောင်း အမျိုးမျိုးတို့ကို ဝတ္ထုကြောင်းများ၊ ကျမ်းကြီး ကျမ်းခိုင် တို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ဖော်ပြထားသဖြင့် ရဟန်းရှင်လူ တရားဟော တရားနာ ပရိသတ်အတွက် လွန်စွာ အကျိုးများပေမည်။

ထို့ကြောင့် ဤစာအုပ်သည် ဟောပြောလိုသူတို့အတွက်ကော လေ့လာကြည့်ရှု မှတ်သားလိုသူအတွက်ပါ လက်မလွှတ်သင့်သော ကျမ်းတစ်ဆူဖြစ်ပါသည်။ ။